မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

ကုသိုလ်ကောင်းမှု လျင်မြန်စွာပြု

စိတ်သည် မကောင်းမှုတွင် မွေ့လျော်တတ်သဖြင့် ကောင်းမှု ပြုသောအခါ နှံ့နှေးတတ်ရကား မကောင်းမှုမှ စိတ်ကို တားမြစ်၍ ကုသိုလ်ကောင်းမှုတို့ကို အချိန်မဆိုင်းဘဲ ဆောလျင်စွာ ပြုလုပ်ရာ၏။ ကောင်းမှုပြုလိုသော စိတ်ဆန္ဒပေါ်လာလျှင် အဆောတလျင် ပြုလုပ်နိုင်ရန် ကြိုးစားရာ၏။

ပါဠိပဝဏ်(ဓမ္မပဒ-၁၁၆)

၁၃၈၀ ပြည့်နှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၂ ရက် ၂၀၁၈ ခုနှစ်၊ အောက်တိုဘာ ၂၆ ရက်၊ သောကြာနေ့ အတွဲ (၅၈)၊ အမှတ် (၀၂၆)

ရွှေကျင် သီတင်းကျွတ်မီးမျှော ပူဇော်ပွဲတော် ရိုးရာမပျက်နွေပျော်

ရွှေကျင် အောက်တိုဘာ ၂၅

ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ်တွင် ရိုးရာအစဉ်အလာမပျက် ကျင်းပမြဲဖြစ်သည့်(၁၆၇)ကြိမ်မြောက် သီတင်းကျွတ် မီးမျှောပူဇော်ပွဲနှင့် ရေပွဲအခမ်းအနားကို အောက်တိုဘာ ၂၅ ရက် (သီတင်းကျွတ်လပြည့်ကျော် ၁ ရက်) နံနက်ပိုင်းက ရွှေကျင်မြို့ ပျဉ်းမပင်ရပ်ချောင်းနံဘေးရှိ ဗဟိုမဏ္ဍပ်တွင် ကျင်းပခဲ့သည်။

ကမ်းလုံးပြည့် လာရောက်အားပေး

အဆိုပါမီးမျှောပူဇော်ပွဲ၏ ရေပွဲအခမ်းအနားသို့ ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး/ခရိုင်/ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကမ္ဘာလှည့် ခရီးသွားဧည့်သည် များ၊ ဖိတ်ကြားထားသူများ၊ ယိမ်းပြိုင်ပွဲဝင် အသင်းသားများ၊ ဒေသခံပြည်သူများ၊ လူမှုရေးအဖွဲ့အစည်းများ၊ အနယ်နယ်အရပ်ရပ်မှ လာရောက်သူများက ကမ်းလုံးပြည့်လာရောက်အားပေးကြသည်။

ထို့နောက် တက်ခုတ်တက်ပျံ့ ယိမ်းအဖွဲ့များ၏ ပြိုင်ပွဲဝင် ကပြဖျော်ဖြေမှုအစီအစဉ်ကို ဆက်လက်ကျင်းပရာ ရွှေကျင်မြို့နယ်အတွင်းရှိ တက်ခုတ်တက်ပျံ့ယိမ်းအဖွဲ့ ရှစ်ဖွဲ့၊ တိုင်းရင်းသားရိုးရာယိမ်းအဖွဲ့ နှစ်ဖွဲ့နှင့် ယိမ်းအကအဖွဲ့ ငါးဖွဲ့တို့က တစ်နေ့တာလုံး ရွှေကျင်ချောင်းအတွင်း ကပြဖျော်ဖြေခဲ့ကြသည်။

စာမျက်နှာ ၅ ကော်လံ ၁ ✤

(၁၆၇)ကြိမ်မြောက် ရွှေကျင်သီတင်းကျွတ်မီးမျှောပူဇော်ပွဲတွင် ရွှေကျင်ချောင်းအတွင်း မိန်းမပျိုလေးများက ရောင်စုံမီးကြာခွက်များမျှော၍ ပူဇော်နေကြသည်ကို တွေ့ရစဉ်။ ဓာတ်ပုံ - ပိန်းဇလုပ်သိန်းညွန့်

ပုဂံညောင်ဦး ရေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ ဘုရားစေတီပုထိုးများ၌ ပြည်တွင်း၊ ပြည်ပ ဘုရားဖူးဧည့်သည်များဖြင့် စည်ကားလျက်ရှိ

ညောင်ဦး အောက်တိုဘာ ၂၅

သီတင်းကျွတ် ရုံးပိတ်ရက်နှင့် တိုက်ဆိုင်နေသည့်အပြင် ခရီးသွားရာသီချိန်လည်းဖြစ်သည့်အတွက် ယနေ့ နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး ပုဂံညောင်ဦး ရေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ သမိုင်းဝင်တန်ခိုးကြီးဘုရားများနှင့် နေရာအနှံ့ရှိ ဘုရားစေတီပုထိုးများ၌ ပြည်တွင်း၊ ပြည်ပ ဘုရားဖူးလည်ပတ်ကြသည့် ဧည့်သည်များဖြင့် စည်ကားလျက်ရှိနေကြောင်း ညောင်ဦးမြို့ပေါ်ရှိ ဒေသခံပြည်သူများထံမှ သိရသည်။

ပုဂံညောင်ဦးမြို့ ရေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ ဘုရားစေတီပုထိုးများစွာရှိသည့်အနက် ပြည်တွင်း ဘုရားဖူးဧည့်သည်များ စိတ်ဝင်တစားဖူးမြော်ကြသည့် သမိုင်းဝင် တန်ခိုးကြီးဘုရားများမှာ အနော်ရထာမင်းကြီး၏ ကောင်းမှုတော်ဖြင့် တည်ထားကိုးကွယ်တော်မူထားသည့် စွယ်တော်လေးဆူဖြစ်သော တုရင်တောင် စွယ်တော်မြတ်စေတီ၊ ရွှေစည်းခုံစွယ်တော်မြတ်စေတီ၊ လောကနန္ဒာစွယ်တော်မြတ်စေတီနှင့် တန့်ကြည့်တောင် စွယ်တော်မြတ်စေတီတော်တို့ကို အဓိဋ္ဌာန်ဖြင့် လာရောက်ဖူးမြော်သူ ပိုမိုများလျက်ရှိကြောင်း သိရသည်။

စာမျက်နှာ ၄ ကော်လံ ၁ ❒

ကျွန်ုပ်တို့၏ ကမ္ဘာကြီးအား ကုလသမဂ္ဂလုပ်ငန်းစဉ် ၂၀၃၀ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး ပန်းတိုင်များဖြင့် ပြောင်းလဲကြစို့ ဆောင်းပါး - စာမျက်နှာ- ၆

"ရဟန်းစောင့်ရှောက်ရသော ပိဋ္ဌကတ်" ဗီဒီယိုဇာတ်ကားရိုက်ကူးပြသမည် စာမျက်နှာ - ၇

အမေရိကန်အထင်ကရ ပုဂ္ဂိုလ်များထံလိပ်မူသည့် သံသယဖြစ်ဖွယ် အထုပ်များကို အထူးလုံခြုံရေးအဖွဲ့ ဟန့်တားနိုင်ခဲ့ စာမျက်နှာ - ၁၄

KBZ BANK
STRENGTH OF MYANMAR

BEST BANK IN MYANMAR

Awarded by World Finance | Awarded by Euromoney | Awarded by The FinanceAsia

မြန်မာ့အလင်း

ငလျင်၊ သဘာဝဘေးအန္တရာယ်...

ကမ္ဘာကြီးကို ဖွဲ့စည်းထားသည့် မြေလွှာချပ်ကြီးများရှိပါသည်။ အပေါ်ဆုံးမြေပြင်က အလွှာပါးလေးဖြစ်ပြီး အစိတ်အပိုင်းငယ်များနှင့် ဖွဲ့စည်းထား၏။ ထိုအစိတ်အပိုင်းငယ်များက တည်ငြိမ်နေခြင်း မဟုတ်။ တစ်ချိန်လုံး ရွှေ့လျားနေကြတာဖြစ်၏။ ယင်းသို့ရွှေ့လျားသည့်အခါ အစိတ်အပိုင်းများ တစ်ခုနှင့် ထပ်မိခြင်း၊ တွန်းတိုက်မိခြင်း စသည်ဖြင့် ဖြစ်ပျက်နေလေ့ရှိ၏။ ထိုအစိတ်အပိုင်းများကို ကမ္ဘာ့မြေလွှာချပ် တက်တိုးနစ်ပလိတ်များဟု ခေါ်၏။

ယင်းအစိတ်အပိုင်းတို့ တွန်းထိုးရွှေ့လျားနေခြင်းက သာမန်အားဖြင့် မသိသာလောက်အောင် ညင်သာနေးကွေးပါသည်။ အဆိုပါ ပလိတ်များ၏ အစွန်းပိုင်းများတွင် ငလျင်လှုပ်ခါခြင်း ဖြစ်ပေါ်လေ့ရှိ၏။ ယင်းအစွန်းပိုင်းချင်းထိတွေ့ကြသည့်အခါ ဆက်မရွှေ့နိုင်တော့ဘဲ မြေလွှာချပ်ကြီးများ တစ်ခုနှင့် တစ်ခု တွန်းတိုက်ထားမိကြသည်။ ထိုမြေလွှာချပ်ကြီးများ ဆက်မရွှေ့တော့ဘဲ အချိန်ကြာ ဖိတွန်းနေမှု ကြာလာသောအခါ ကြီးမားသည့်အင်အားတစ်ခုဖြစ်လာပြီး ဘေးပတ်ဝန်းကျင်သို့ လှိုင်းများသဖွယ် ပျံ့နှံ့သွားခြင်းသည် ငလျင်လှုပ်ခြင်းဖြစ်၏။

အလွယ်သဘောပြောရလျှင် အတွင်းမြေလွှာနှစ်ခု ပွတ်တိုက်မိကြသည့်အခါ ကမ္ဘာ့မြေမျက်နှာပြင် တုန်ခါမှု ဖြစ်ပေါ်လာခြင်းကို ငလျင်လှုပ်သည်ဟု ခေါ်ခြင်းဖြစ်ပါ၏။ ငလျင်၏ အရွယ်အစားကို ရစ်ချ်တာစကေးဖြင့် ဖော်ပြပါသည်။ ရစ်ချ်တာစကေး ၃ အောက်ဆိုလျှင် လှုပ်ခါမှုကို မသိသာလှ။ စကေး ၄ ဆိုလျှင် လှုပ်ခါမှုကို သတိထားမိနိုင်သော်လည်း သာမန်အားဖြင့်ဆိုလျှင် မြေပေါ်အပျက်အစီး သိပ်ဖြစ်လေ့မရှိသေး။ ရစ်ချ်တာစကေး ၄၊ ၅ ဆိုလျှင်မူ လှုပ်ရှားမှုကို သိနိုင်လာ၏။ ၆၊ ၇ ဆိုလျှင်မူ မြေပေါ်လှုပ်ရှားမှုကို သိသိသာသာ ခံစားနိုင်ပြီး အပျက်အစီးများလည်း ဖြစ်နိုင်လာပြီ။ ရစ်ချ်တာစကေး တစ်ဆင့်တက်တိုင်း ငလျင်၏စွမ်းအင်ပမာဏက ဆယ်ဆ ပိုတက်လာ၏။

သမိုင်းတစ်လျှောက် ဖြစ်ဖူးခဲ့သမျှထဲမှာ ၁၉၆၀ ပြည့်နှစ် မေလ ၂၂ ရက်နေ့တုန်းက ချီလီနိုင်ငံမှာ လှုပ်ခါခဲ့သည့် ငလျင်က အကြီးဆုံးဖြစ်ပါသည်။ လှုပ်ခါသည့်မြို့ကိုစွဲ၍ ဗာလ်ဒီဗီယာငလျင်ဟု လည်းကောင်း၊ ချီလီ မဟာငလျင်ကြီးဟု လည်းကောင်း အမည်တပ်ကြ၏။ ရစ်ချ်တာစကေး ၉ ဒသမ ၄ မှ ၉ ဒသမ ၆ ရှိပြီး လှုပ်ခါချိန် ဆယ်မိနစ်ခန့် ကြာ၏။ ငလျင်လှုပ်ပြီးနောက် ချီလီနိုင်ငံတောင်ပိုင်း၊ ဟာဝိုင်ယီ၊ ဂျပန်၊ ဖိလစ်ပိုင်၊ နယူးဇီလန်အရှေ့ပိုင်း၊ ဩစတြေးလျ အရှေ့တောင်ပိုင်းတို့မှာ ဆူနာမီလှိုင်းကြီးများ ဖြစ်ပေါ်ခဲ့၏။ ချီလီကမ်းရိုးတန်းဘက်တွင် ၈၂ ပေ ခန့်မြင့်ပြီး ဟာဝိုင်ယီဘက်၌ ၃၅ ပေခန့် မြင့်သည့် လှိုင်းလုံးကြီးများ ကြွလာခဲ့သည်ဟု သုတေသနတိုင်းထွာမှုများက ဆိုသည်။ ယနေ့ကာလတန်ဖိုးနှင့်တွက်လျှင် အမေရိကန်ဒေါ်လာဘီလီယံနှင့်ချီသည့် ပျက်စီးဆုံးရှုံးမှုများစွာကို ရင်ဆိုင်ခဲ့ရပြီး လူ ၁၀၀၀ မှ ၇၀၀၀ ခန့်ထိ ဆုံးပါးခဲ့သည်။

ငလျင်လှုပ်ခါရာမှာ ငလျင်၏ အတိမ်အနက်ကိုလိုက်၍ ဘေးအန္တရာယ်အနည်းအများဖြစ်လေ့ရှိပါသည်။ မြေအောက် အနက်ပိုင်းမှာ ဖြစ်သည်ထက် မြေတိမ်မှာဖြစ်သည့် ငလျင်က မြေမျက်နှာပြင်ပေါ်ကို လွန်စွာလှုပ်ရှားစေသည့်အတွက် အပျက်အစီးများ ပိုမိုဖြစ်ပေါ်လေ့ရှိသည်။

ငလျင်များ၏ အရွယ်အစားအကြီးအငယ်မှာ ငလျင်ဖြစ်ပေါ်သည့် မြေလွှာချပ် ပြတ်ရွှေ့ကြောင့်၏ အရွယ်အစားနှင့် ရွှေ့လျားမှု အနည်းအများပေါ်တွင် မူတည်၍ ဖြစ်ပေါ်ပါသည်။ ယင်းပြတ်ရွှေ့ကြောတို့တည်နေသည်က ကမ္ဘာ့မြေပြင်အောက် နက်ရှိုင်းလှသည့် နေရာမှာဖြစ်သည့်အတွက် ထိုပြတ်ရွှေ့ကြောကို တိုက်ရိုက်တိုင်းတာ၍ မရနိုင်ပါ။ ကမ္ဘာ့မြေမျက်နှာပြင်ပေါ် လှုပ်ရှားသွားသည့်နှုန်းကိုသာ ငလျင်တိုင်းတာရေးစက်များနှင့် တိုင်းတာသိရှိနိုင်ပါ၏။

မြန်မာနိုင်ငံ၏ အလယ်မှ ဖြတ်ပြီး တည်ရှိနေသည့် စစ်ကိုင်းငလျင်ကြောက ထင်ရှားသောပြတ်ရွှေ့ကြောဖြစ်ပါသည်။ မြန်မာနိုင်ငံတွင်း အပြင်းထန်ဆုံး လှုပ်ခါခဲ့သော ၁၉၄၆ မော်လိုက်ငလျင်သည် စစ်ကိုင်းပြတ်ရွှေ့ကြော လှုပ်ရှားမှုကြောင့် ဖြစ်ပါသည်။

တစ်ဖန် ၁၉၇၅ ခုနှစ် ဇူလိုင်လ ၈ ရက်နေ့တွင် လှုပ်ခဲ့သော ပုဂံငလျင်မှာ ပျက်စီးဆုံးရှုံးမှု များပြားခဲ့သော သမိုင်းရှိခဲ့ပါသည်။ လွန်ခဲ့သော ၂ နှစ်ကျော် ၂၀၁၆ ခုနှစ် သြဂုတ်လ ၂၄ ရက်နေ့က ချောက်မြို့အနောက်ဘက် ၂၅ ကီလိုမီတာကို ဝဟိုပြုကာ လှုပ်ခါခဲ့သည့် ငလျင်သည် ၆ ဒသမ ၈ ရှိခဲ့ပြီး မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များဖြစ်သည့် ပုဂံသာသနိက အဆောက်အအုံများစွာကို ဒုတိယအကြိမ် ထိခိုက်ပျက်စီးမှုများ ဖြစ်စေခဲ့ပါသည်။

ယနေ့ချိန်ထိ သိပ္ပံပညာက ငလျင်ကို ကြိုတင်တိုင်းတာ တွက်ချက်နိုင်စွမ်းမရှိသေးပါ။ ငလျင်လှုပ်တော့မည်ဆိုလျှင် သိုးများ၏ အရေပြားက တစ်ဆင့်မိနစ်အနည်းငယ်စောပြီး သိသည်ဟု လွန်ခဲ့သော နှစ်အနည်းငယ်က ရေးသားမှုများရှိသော်လည်း ခိုင်လုံသည့် အတည်ပြုချက်မရှိပါ။ ထို့အတူ ငလျင်မလှုပ်မီ မိနစ်အနည်းငယ်အလိုတွင် ငှက်များပြိုခြင်း၊ ပုရွက်ဆိတ်အစရှိသည့် ပိုးမွှားများ မြေတွင်းမှ ထွက်လာသည်ဟူသော အဆိုများရှိသော်လည်း တိကျသည့် အထောက်အထားမရှိသေးပါ။

ထို့ကြောင့် ငလျင်လှုပ်ခတ်မှုကို ကြိုတင်ပြောဆိုနိုင်ခြင်းမရှိပါ။ သို့သော်လည်း သိရှိပြီးဖြစ်သည့် ငလျင်ကြောများနှင့် တက်တိုးနစ်ပလိတ်များကို အခြေခံပြီး ငလျင်လှုပ်ခါနိုင်သည့် ဧရိယာများကို ခန့်မှန်းပြောဆိုနိုင်ပါသည်။ အချိန်ကာလကိုမူ မည်သို့မှ ကြိုတင်ပြောဆိုနိုင်ခြင်းမရှိပါ။

အချုပ်ဆိုရလျှင် ထိခိုက်မှုအန္တရာယ်များနိုင်သည့် ငလျင်ဘေးဒဏ်မှာ မည်သည့်အချိန် မည်သို့လာမည်ဟု မသိရှိနိုင်သည့်အတွက် အဆောက်အအုံများ ဆောက်လုပ်ရာတွင် ငလျင်ဒဏ်ကို တွက်ချက်ကာကွယ်ခြင်း၊ ငလျင်လှုပ်ခါပါက အများပြည်သူ စုဝေးနေနိုင်သည့် နေရာများကို ပြင်ဆင်စီမံထားခြင်း၊ တစ်ဦးချင်းအနေဖြင့် စိုးရိမ်မှုအလွန်အမင်းဖြင့် ကစဉ့်ကလျားဖြစ်ခြင်းမျိုးကို ရှောင်ကြဉ်ကာ စနစ်ကျနသည့် တိမ်းရှောင်မှု စသည့် ကြိုတင်ပြင်ဆင်မှုမျိုးကိုသာ စီစဉ်ဆောင်ရွက်မှုများကို သက်ဆိုင်ရာဌာနများနှင့် အများပြည်သူတို့ ပူးပေါင်းဆောင်ရွက်ကြရန်လိုမည်ဟု တင်ပြလိုက်ရပါသည်။ ။

မှတ်သားဖွယ်ရာ မိုးရေချိန်

နေပြည်တော် အောက်တိုဘာ ၂၅

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ နမ့်စန်မြို့တွင် ၃ ဒသမ ၂၇ လက်မ၊ မင်းကင်းမြို့တွင် ၂ ဒသမ ၂၄ လက်မ၊ တောင်ငူမြို့တွင် ၂ ဒသမ ၀၁ လက်မ၊ ကန့်ဘလူမြို့တွင် ၁ ဒသမ ၇၈ လက်မ၊ ငါးသိုင်းချောင်းမြို့တွင် ၁ ဒသမ ၃၈ လက်မ၊ မြဝတီမြို့တွင် ၁ ဒသမ ၃၄ လက်မ၊ ဂန့်ဂေါမြို့တွင် ၁ ဒသမ ၁၀ လက်မနှင့် လွိုင်ကော်မြို့တွင် ၁ ဒသမ ၀၇လက်မတို့ ဖြစ်ကြသည်။

မိုး/ဇလ

ပြန်ကြားရေးဝန်ကြီးဌာန ၊ ပညာရေးဝန်ကြီးဌာနနှင့် ရုပ်ရှင်ပြည်နယ်အစိုးရအမှုတို့
ပူးပေါင်းကျင်းပသော

ကငယ်စာပေပွဲတော်

ကငယ်စာပေပြိုင်ပွဲ နှင့် စာအုပ်ဈေးရောင်းပွဲ
(သံတွဲမြို့)
၂၀၁၈-ခုနှစ် ၊ အောက်တိုဘာလ (၂၇ ၊ ၂၈) ရက် စနေနေ့ ၊ တနင်္ဂနွေနေ့ များတွင်
နံနက် (၈) နာရီမှ ညနေ (၅) နာရီအထိ မည်သူမဆိုပါဝင်ဆင်နွှဲနိုင်ပါသည်။
ဒွါရာဝတီမြို့နယ်ခန်းမ ၊ သံတွဲမြို့၊ ရခိုင်ပြည်နယ်

ရုပ်ရှင်ဇာတ်ကားကောင်းများ ရိုက်ကူးထုတ်လုပ်ခြင်းဆိုင်ရာ ဆွေးနွေးပွဲနှင့် ရုပ်ရှင်ဇာတ်ကား ခွဲခြမ်းစိတ်ဖြာလေ့လာခြင်းအစီအစဉ် ကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၂၅

ရုပ်ရှင်ဇာတ်ကားကောင်းများ ရိုက်ကူးထုတ်လုပ်ခြင်းဆိုင်ရာ စကားဝိုင်းဆွေးနွေးပွဲနှင့် ရုပ်ရှင်ဇာတ်ကား ခွဲခြားစိတ်ဖြာလေ့လာခြင်း အစီအစဉ်တို့ကို အောက်တိုဘာ ၂၇ ရက်နှင့် ၂၈ ရက်တို့တွင် ရန်ကုန်မြို့၊ ပဟန်းမြို့နယ် အမှတ် (၅၀) ရွှေတောင်ကြားလမ်းရှိ ရုပ်ရှင်အနုပညာရပ်ဝန်း၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အောက်တိုဘာ ၁၄ ရက်က ပြုလုပ်သော ရုပ်ရှင်ဇာတ်ကားအပေါ် ခွဲခြမ်းစိတ်ဖြာလေ့လာခြင်းအစီအစဉ် တတိယအကြိမ်တွင် ရုပ်ရှင်မြှင့်တင်ရေးကော်မတီအဖွဲ့ဝင် ဒေါက်တာအောင်မင်းက လုပ်ငန်းစဉ်များ ရှင်းလင်းဆွေးနွေးစဉ်။
ဓာတ်ပုံ-ဖေဖော်

ရုပ်ရှင် ဇာတ်ကားကောင်းများ ရိုက်ကူးထုတ်လုပ်ခြင်းဆိုင်ရာ စကားဝိုင်းဆွေးနွေးပွဲ (Panel Discussion on Making Good Movie: Production on Set) ကို အောက်တိုဘာ ၂၇ ရက် မွန်းလွဲ ၁ နာရီတွင် ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးစင်တာ (Film Development Centre)၌ ကျင်းပမည်ဖြစ်ရာ ဒါရိုက်တာများဖြစ်ကြသော ဦးအောင်မြတ်တို့က လည်းကောင်း၊ ထုတ်လုပ်သူများ ဖြစ်ကြသော ဦးဝင်းကြည်၊ ဦးမင်းသီဟစိုးတို့က လည်းကောင်း ဦးဆောင်ဆွေးနွေးကြမည်ဖြစ်သည်။

ရုပ်ရှင်ဇာတ်ကားများ ပြသပြီး ယင်းဇာတ်ကားအပေါ် ခွဲခြားစိတ်ဖြာလေ့လာခြင်းအစီအစဉ် (Film Analysis) ကို အောက်တိုဘာ ၂၈ ရက် မွန်းတည့် ၁၂ နာရီတွင် ရုပ်ရှင်ပြခန်းမ၌ ဇာတ်ညွှန်းရေးဆရာ ဒေါက်တာအောင်မင်းက ဦးဆောင်ပြုလုပ်မည်ဖြစ်ရာ ဒါရိုက်တာ Cristian Mungiu ၏ 4 Months 3 Weeks & 2 Days ဇာတ်လမ်းကို ကြည့်ရှုလေ့လာကြမည် ဖြစ်ကြောင်း၊ ယင်းဇာတ်ကားသည် Romania New Wave Film အမျိုးအစားဖြစ်ပြီး ကိန်းရုပ်ရှင်ပွဲတော်တွင် Palme d'or Winner ဆုရရှိခဲ့ကြောင်း သိရသည်။ အဆိုပါ စကားဝိုင်းဆွေးနွေးပွဲနှင့် Film Analysis အစီအစဉ်များကို မြန်မာ့ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ချက်ဖြင့် ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးစင်တာ၊ စီမံခန့်ခွဲရေးအဖွဲ့တို့ ပူးပေါင်း၍ စီစဉ်ကျင်းပခြင်းဖြစ်ပြီး ယင်းအစီအစဉ်များသို့ စိတ်ပါဝင်စားသူများ တက်ရောက်နိုင်ကြောင်း သိရသည်။

သတင်းစဉ်

ရန်ကုန်-မန္တလေး ကားလမ်းတစ်လျှောက် ဈေးဆိုင်များကျူးကျော်ရောင်းချမှုများကြောင့် ယာဉ်အန္တရာယ် စိုးရိမ်နေရ

ရေတာရှည် အောက်တိုဘာ ၂၅

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်ကို မြောက်မှတောင်သို့ ဖောက်လုပ်ထားသော ရန်ကုန်-မန္တလေးကားလမ်းမကြီးအား နိုင်ငံတကာအဆင့်မီ လေးလမ်းသွား နိုင်လွန်ကတ္တရာလမ်းအဖြစ် ချဲ့ထွင်ဆောင်ရွက်လျက်ရှိရာ ဆွာမြို့ သာဂရ၊ မြို့လှ၊ ရေနီမြို့များတွင် ဈေးဆိုင်များက ကားလမ်းဘေးအထိတိုးချဲ့ရောင်းချမှုများရှိနေရာ ယာဉ်အသွားအလာနှင့် ယာဉ်ရပ်တန့်ရန်အခက်အခဲများကြောင့် ယာဉ်အန္တရာယ် စိုးရိမ်နေကြရသည်ကို မြင်တွေ့ခဲ့ရသည်။ "ကားလမ်းချဲ့ထွင်လမ်းဇရိယာမလွတ်တဲ့ အိမ်တွေ၊ ဈေးဆိုင်တွေ အားလုံးကို သက်ဆိုင်ရာဌာနက စာတွေပို့ပြီး အသိပေးပြီးသား၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ကလည်း ဈေးသတ်မှတ်ဇရိယာအတွင်းမှာ ရောင်းချဖို့ ညွှန်ကြားထားပြီးသား၊ ဒါပေမဲ့ ကွင်းဆင်းပြီး ထိထိရောက်ရောက် ဆောင်ရွက်နိုင်ခြင်းမရှိတော့ ဈေးသည်တွေက သူတိုးရင် ကိုယ်လည်းတိုးမယ်ဆိုပြီး ကားလမ်းဘေးတစ်လျှောက်မှာ ကျူးကျော်လာတဲ့ ဈေးဆိုင်တွေ အလွန်များလာပြီး ယာဉ်အန္တရာယ်က နေ့တိုင်းကို ဖြစ်မှာစိုးရိမ်နေရတယ်"ဟု ဆွာမြို့ခံတစ်ဦးက ပြောသည်။ ကားလမ်းဘေးကပ်လျက်ဈေးဆိုင်

များကြောင့် ကားလမ်းပေါ်တွင် ယာဉ်များရပ်တန့်ရခြင်း၊ ဈေးရောင်းဈေးဝယ်ဆိုင်ကယ်များကားလမ်းပေါ်ရပ်တန့်ခြင်းများကြောင့် ယာဉ်မတော်တဆမှုမှာအချိန်မရွေးဖြစ်ပေါ်နိုင်သည့်အတွက် သက်ဆိုင်ရာတာဝန်ရှိသူများအနေဖြင့် စည်းကမ်းတကျဖြစ်ရန် ဆောင်ရွက်ပေးရန် လိုလားနေကြသည်။

သန်းလွင်

ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ် သံအမတ်ကြီး ဦးဟောက်ဒိုဆွမ်းက ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် မြန်မာနိုင်ငံဆိုင်ရာ လွတ်လပ်သောအချက်အလက်ရှာဖွေရေးအဖွဲ့ (FFM) ၏ ပြောကြားမှုအပေါ် တုံ့ပြန်ပြောကြား

နေပြည်တော် အောက်တိုဘာ ၂၆

ကုလသမဂ္ဂလုံခြုံရေးကောင်စီအဖွဲ့ဝင် (၉)နိုင်ငံ (ကုတ်ဒီဗွာ၊ ပြင်သစ်၊ ကူဝိတ်၊ နယ်သာလန်၊ ပီရူး၊ ပိုလန်၊ ဆွီဒင်၊ အမေရိကန်နှင့် ပြိတိန်နိုင်ငံ)၏ မေတ္တာရပ်ခံချက်အရ၊ ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံတကာအချက်အလက် ရှာဖွေရေးအဖွဲ့ (FFM) ဥက္ကဋ္ဌ မစ္စတာ မာဇူကီး ဒါရုစ်မန်၏ ရှင်းလင်းပြောကြားစေရန် အစည်းအဝေးတစ်ရပ်ကို ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၂၄ ရက်တွင် အမေရိကန်ပြည်ထောင်စု၊ နယူးယောက်မြို့ရှိ ကုလသမဂ္ဂဌာနချုပ်၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ အဆိုပါရှင်းလင်းပွဲကျင်းပမည့်ကိစ္စအပေါ် ဘိုလီဗီးယား၊ တရုတ်၊ အီကွေတိုရီရယ်ဂီနီနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့က လုံခြုံရေးကောင်စီဥက္ကဋ္ဌထံသို့ ကန့်ကွက်စာပေးပို့ခဲ့ခြင်းကြောင့်၊ လုပ်ထုံးလုပ်နည်းဆိုင်ရာ မဲခွဲဆုံးဖြတ်မှုပြုလုပ်ခဲ့ရာ ထောက်ခံမဲ (၉)မဲ၊ ကန့်ကွက်မဲ(၃)မဲနှင့် ကြားနေမဲ (၃)မဲတို့ဖြင့် ဆက်လက်ကျင်းပရန် ဆုံးဖြတ်ခဲ့ပါသည်။ ယင်းသို့ကျင်းပရာတွင် သက်ဆိုင်ရာနိုင်ငံများဖြစ်သော မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့လည်း တက်ရောက်ခဲ့ကြပြီး မြန်မာအမြဲတမ်းကိုယ်စားလှယ် သံအမတ်ကြီး ဦးဟောက်ဒိုဆွမ်းက တက်ရောက်၍ တုံ့ပြန်မိန့်ခွန်း ပြောကြားခဲ့သည်။

မြန်မာအမြဲတမ်းကိုယ်စားလှယ် သံအမတ်ကြီးဦးဟောက်ဒိုဆွမ်း ပြောကြားသည့် မိန့်ခွန်းအပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်သည်-

သဘာပတိကြီးခင်ဗျား

ယနေ့ အောက်တိုဘာလ ၂၄ ရက်သည် ကုလသမဂ္ဂအဖွဲ့ကြီးကို စတင်တည်ထောင်သည့် (၇၃) နှစ်မြောက် နှစ်ပတ်လည်နေ့ဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် နှစ်စဉ်နှစ်တိုင်း အခမ်းအနားတစ်ရပ် ကျင်းပခြင်း၊ ကုလသမဂ္ဂ၏လုပ်ငန်းကို အများပြည်သူက ပိုမိုသိနားလည်စေရန် လှုပ်ရှားမှုများပြုလုပ်ခြင်းတို့ဖြင့် ကုလသမဂ္ဂနေ့ကို ဂုဏ်ပြုကျင်းပလျက်ရှိကြောင်း၊ ကုလသမဂ္ဂနေ့သည် ဂုဏ်ယူတန်ဖိုးထားရန်နှင့် အတိတ်ကို အမှတ်ရစေရန် ဆင်နွှဲကျင်းပသည့် နေ့ရက်တစ်ရက်ဖြစ်သကဲ့သို့ ကုလသမဂ္ဂအဖွဲ့ကြီးကို စတင်တည်ထောင်သူများက ကျွန်ုပ်တို့အပေါ် ယုံကြည်အပ်နှံခဲ့သည့် ကမ္ဘာ့ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူ့အခွင့်အရေးတို့ကို တည်ဆောက်ရန် တာဝန်ဝတ္တရားများကို မြင့်မြတ်စွာ ထမ်းလောင်းသန္ဓိဋ္ဌာန်ပြုကြရန် နေ့ရက်တစ်ရက်လည်း ဖြစ်ကြောင်း။

သို့ရာတွင် ယနေ့အစည်းအဝေး၌ ကုလသမဂ္ဂပဋိညာဉ်၏ ရည်ရွယ်ချက်နှင့် အခြေခံမူများ၊ လုံခြုံရေးကောင်စီ၏ စည်းမျဉ်းနှင့် လုပ်ထုံးလုပ်နည်းများနှင့် လူသားအသိတရား၏ ကြောင်းကျိုးဆီလျော်မှုနှင့် မျှတမှုတို့ကို ပေါ်ပေါ်တင်တင် ဖီဆန်နေကြသည်ကို တွေ့ရှသည်မှာ အလွန်စိတ်မချမ်းမြေ့ဖွယ်ဖြစ်ကြောင်း။

ဂုဏ်သိက္ခာနှင့် တည်ကြည်ခိုင်မာမှု လျော့ပါးလာ

လုံခြုံရေးကောင်စီအဖွဲ့ဝင်နိုင်ငံအချို့က ကိုယ်ပိုင်နိုင်ငံရေးရည်ရွယ်ချက်အတွက် လူ့အခွင့်အရေးကိစ္စကို အပိုင်စီးရန် ပြောင်းပြောင်တင်းတင်း ကြိုးပမ်းမှုများကြောင့် ကုလသမဂ္ဂအဖွဲ့ကြီး၏ ဂုဏ်သိက္ခာနှင့် တည်ကြည်ခိုင်မာမှု လျော့ပါးလာသည်ကို တွေ့မြင်နေရကြောင်း။

လုံခြုံရေးကောင်စီ၏ အစဉ်အလာလုပ်ထုံးလုပ်နည်းများကို အလွဲသုံးစားပြုသည့် ဤမတရားသောလုပ်ဆောင်မှုကို ကောင်စီ၏ အခြားအဖွဲ့ဝင်များနည်းတူ မြန်မာကိုယ်စားလှယ်အဖွဲ့က ပြင်းထန်စွာ ကန့်ကွက်ကြောင်း။

သဘာပတိကြီးခင်ဗျား

လူ့အခွင့်အရေးကောင်စီက မြန်မာနိုင်ငံဆိုင်ရာ လွတ်လပ်သော နိုင်ငံတကာအချက်အလက်ရှာဖွေရေးအဖွဲ့(FFM)ကို ၂၀၁၇ ခုနှစ်၊ မတ်လတွင် တည်ထောင်စဉ်ကတည်းက အထူးသဖြင့် ယင်းထူထောင်မှုနှင့် လုပ်ပိုင်ခွင့်တို့အပေါ် အထူးစိုးရိမ်မှုများကြောင့် ကန့်ကွက်ခဲ့ပါကြောင်း၊ လူ့အခွင့်အရေးကောင်စီ၏ဆုံးဖြတ်ချက်အမှတ်၊ ၃၄/၂၂ အရ၊ မြန်မာနိုင်ငံ အထူးသဖြင့် ရခိုင်ပြည်နယ်တွင် တပ်မတော်နှင့်လုံခြုံရေးအဖွဲ့များ၏ မကြာသေးမီက လူ့အခွင့်အရေးချိုးဖောက်မှုနှင့် ကျူးလွန်မှုများ စွပ်စွဲချက်များနှင့်ပတ်သက်၍၊ ကျူးလွန်သူများကို အပြည့်အဝ တာဝန်ယူမှုရှိစေရန်နှင့် ကျူးလွန်ခံရသူများအတွက် တရားနည်းလမ်းတကျ ဖြစ်စေရန် အခြေအနေနှင့် အချက်အလက်များကို စုဆောင်းရေးအတွက် ဖွဲ့စည်းထူထောင်ရန်ဟု လုပ်ပိုင်ခွင့် ပေးထားကြောင်း။

အဆိုပါလုပ်ပိုင်ခွင့်တွင် မည်သူက ကျူးလွန်သူ မည်သူက ဒုက္ခရောက်သူများဟု ထင်ရှားစွာ သတ်မှတ်ထားပြီးသကဲ့သို့ ဖြစ်ကြောင်း၊ FFM တည်ထောင်မှုတွင် အားနည်းချက်များ၊ ဘက်လိုက်မှုများ ပါဝင်နေပြီး မူလကတည်းကပင် နိုင်ငံရေးအရ တွန်းအားပေးမှုရှိနေကြောင်း။

လက်ရှိတင်းမာမှုများကို ဆက်လက်တိုးပွားစေမည်

ခိုင်လုံမှုမရှိသော ပြောဆိုဖြေကြားချက်များအပေါ်တွင်သာ အခြေခံထားသည့် အစီရင်ခံစာသည် လက်ရှိတင်းမာမှုများကို ဆက်လက်တိုးပွားစေမည်သာမက၊ လူမှုအသိုက်အဝန်းအကြား သဟဇာတဖြစ်စေရေးအတွက် အစိုးရ၏ ကြိုးပမ်းဆောင်ရွက်ချက်များကိုလည်း နောင့်နှေးစေမည်ဖြစ်ကြောင်း၊ ဤမစ်ရှင်၏ တစ်ဖက်သတ်အစီရင်ခံစာက မိမိတို့ကို စိုးရိမ်မှုကို အတည်ပြုခဲ့ကြောင်း။

ပြီးခဲ့သည့် သြဂုတ်လ(၂၈)ရက်တွင် ကျင်းပသော လုံခြုံရေးကောင်စီ အစည်းအဝေး၌ FFM၏ ရိုးသားဖြူစင်မှုအပေါ် မိမိတို့ သံသယဖြစ်ကြောင်းကို ပြောကြားခဲ့ကြောင်း၊ FFM သည် ၎င်း၏ အစီရင်ခံစာကို လူ့အခွင့်အရေးကောင်စီ၌ စက်တင်ဘာလ (၁၈)ရက်တွင် တင်ပြရန်သာဖြစ်သော်လည်း၊ လုံခြုံရေးကောင်စီ၏ မြန်မာနိုင်ငံနှင့်ပတ်သက်သည့် တံခါးဖွင့် ဆွေးနွေးပွဲကျင်းပမည့်ရက်မတိုင်မီ တစ်ရက်အလိုဖြစ်သော သြဂုတ်လ(၂၇) ရက်တွင် ယင်း၏ မတည်းဖြတ်ရသေးသည့် အစီရင်ခံစာကို ကတိုက်ကရိုက်ထုတ်ပြန်ခဲ့ကြောင်း၊ ယင်းလုပ်ရပ်မှာ FFM ၏ မမှမိဌာန်ကျမှု၊ ဘက်မလိုက်မှုနှင့် သိက္ခာရှိမှုတို့အပေါ် စိုးရိမ်ရမည့်အခြေအနေကို ဖြစ်စေခဲ့ကြောင်း။

မြန်မာအမြဲတမ်းကိုယ်စားလှယ် သံအမတ်ကြီး ဦးဟောက်ဒိုဆွမ်း။

FFM ၏ စုံစမ်းစစ်ဆေးမှု နည်းလမ်းသည်လည်း အားနည်းချက်များစွာရှိကြောင်း၊ ကော့ဇ်ဘာဇားရှိ နေရပ်စွန့်ခွာသူများကို ရွေးချယ်၍ မေးမြန်းခြင်း၊ ယင်းအရေးကိစ္စပေါ်တွင် ရည်ရွယ်ချက်ရှိရှိဖြင့် ဆောင်ရွက်လျက်ရှိသည့် NGO များ၊ INGO များနှင့် လူ့အခွင့်အရေးအုပ်စုများထံမှ အချက်အလက်များကိုရယူခြင်းဖြင့် အစီရင်ခံစာကို ပြုစုထားသည့်အတွက် တာဝန်ခံမှုမရှိသည့် လူ့အခွင့်အရေးအုပ်စုအချို့၏ အစီရင်ခံစာပါ အချက်များနှင့် ထပ်တူကျနေသည်ကို တွေ့ရှကြောင်း။

သဘာပတိကြီးခင်ဗျား

ရခိုင်ပြည်နယ်၏ လက်ရှိ လူသားချင်းစာနာမှုအရေးကိစ္စသည် ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလနှင့် ၂၀၁၇ ခုနှစ်၊ သြဂုတ်လတွင် အာဆာအကြမ်းဖက်အုပ်စုက ရဲကင်းစခန်း (၃၀)နှင့် နယ်မြေခံတပ်ရင်းဌာနချုပ်တို့ကို ကြိုတင်အကွက်ချ စီစဉ်တိုက်ခိုက်ခဲ့ခြင်းကြောင့် ဖြစ်ပွားရခြင်းဖြစ်ကြောင်းကို အစိုးရက အကြိမ်ကြိမ်ရှင်းလင်းပြောကြားခဲ့ပြီးဖြစ်သော်လည်း FFM အနေဖြင့် အာဆာ၏ ရက်စက်ကြမ်းကြုတ်မှုများကို ပေါ်ပေါ်တင်တင် ထည့်သွင်းမစဉ်းစားသည်ကို အံ့သြမိကြောင်းနှင့် မှတ်စလင် အကြမ်းဖက်များကို အကာအကွယ်ပေးသည့် သဘောပင်ဆောင်နေကြောင်း။

လူ့အခွင့်အရေးကို ကြည့်ရန်လိုအပ်

အာဆာအကြမ်းဖက်သမားများက လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ ဟိန္ဒူရွာသားတစ်ရာခန့်အပါအဝင် ရာပေါင်းများစွာသော အပြစ်မဲ့ပြည်သူများ၊ အခြားလူမျိုးစုများနှင့် အစိုးရကို ထောက်ခံသည့် မှတ်စလင်များကို သတ်ဖြတ်ခဲ့သည့်အတွက် ထောင်နှင့် ချီသော အပြစ်မဲ့ပြည်သူများမှာ ရခိုင်ပြည်နယ်ရှိ အခြားဒေသများသို့ ထွက်ပြေးခဲ့ရကြောင်း၊ အလားတူ မှတ်စလင်ထောင်ပေါင်းများစွာသည်လည်း တစ်ဖက်အိမ်နီးချင်းနိုင်ငံသို့ ထွက်ပြေးခဲ့ရကြောင်း၊ ယင်းပဋိပက္ခသည် မှတ်စလင် အသိုက်အဝန်းတစ်ခုတည်းကိုသာ ထိခိုက်ခြင်းမဟုတ်သည်ကို သဘောပေါက်ကြရန်လိုအပ်ကြောင်း၊ လူ့အခွင့်အရေးကိစ္စဆိုပါက အသိုက်အဝန်းနှစ်ခုလုံး၏ လူ့အခွင့်အရေးကို ကြည့်ရန်လိုအပ်ကြောင်း။

ထို့ပြင် FFM အနေဖြင့် အာဆာ၏ ရက်စက်ကြမ်းကြုတ်မှုများကို သိသာထင်ရှားစွာ တမင်လျော့လျော့ပေါ့ပေါ့ဖော်ပြထားသည့်အတွက် စိတ်ပျက်မိကြောင်း၊ ဤလုပ်ရပ်မှာ အများအမြင်တွင် မှတ်စလင် အစွန်းရောက်အကြမ်းဖက်သမားများ၏ လုပ်ရပ်ကို အကာအကွယ်ပေး အသိအမှတ်ပြုသည့် သဘောပင်ဆောင်နေကြောင်း။

အစီရင်ခံစာ၏ စာမျက်နှာ ၁၁ တွင် အာဆာအကြမ်းဖက်အဖွဲ့၏ ရက်စက်ကြမ်းကြုတ်မှုများကို တွန့်ဆုတ်စွာဖြင့် ထည့်သွင်းထားသည်ကို တွေ့ရှကြောင်း၊ စာပိုဒ် ၅၄ တွင် ခမောင်းဆိပ်၌ ဟိန္ဒူဘာသာဝင် ၁၀၀ ဦးခန့်ကို သတ်ဖြတ်ခြင်းအပါအဝင် အာဆာအဖွဲ့၏ ရက်စက်ကြမ်းကြုတ်မှုများနှင့်ပတ်သက်၍ 'FFM အဖွဲ့၏ ကနဦးရရှိသည့် အချက်အလက်များအရ ဒုတိယအဖြစ်အပျက် (ဟိန္ဒူများ သတ်ဖြတ်ခံရမှုကို ဆိုလိုသည်)ကို အတည်ပြုကြောင်း၊ သို့သော် ကျူးလွန်သူ အဖြေမပေါ်ကြောင်းနှင့် ယင်းဒေသ၌ အခြားရန်လိုသူများ သို့မဟုတ် ပြစ်မှုကျူးလွန်သူ အုပ်စုများလည်း ရှိခဲ့သည့်အတွက် ၎င်းတို့ကျူးလွန်ခြင်းလည်း ဖြစ်နိုင်သည်'ဟု ဖော်ပြထားသည်မှာ လွန်စွာအံ့အားသင့်ဖွယ်ဖြစ်ကြောင်း။

သဘာပတိကြီးခင်ဗျား

တာဝန်ခံမှုနှင့်ပတ်သက်၍ မျှားစွာပြောကြားခဲ့ပြီးဖြစ်ကြောင်း၊ အားလုံးသိရှိကြပြီးဖြစ်သည့်အတိုင်း မြန်မာအစိုးရက လွတ်လပ်သော စုံစမ်းရေးကော်မရှင်တစ်ရပ်ကို ဖွဲ့စည်းခဲ့ကြောင်း၊ ကော်မရှင်သည် ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလနှင့် ၂၀၁၇ ခုနှစ်၊ သြဂုတ်လတို့တွင် ရခိုင်ပြည်နယ်၌ အာဆာအဖွဲ့၏ အကြမ်းဖက်တိုက်ခိုက်မှုများ ဖြစ်ပွားပြီးနောက် တာဝန်ခံမှုနှင့် ပြန်လည်သင့်မြတ်မှုတို့ရှိစေရေးအတွက် လူ့အခွင့်အရေးချိုးဖောက်ကြောင်း စွပ်စွဲချက်များနှင့် ယင်းနှင့်ဆက်နွယ်သည့် ကိစ္စရပ်များကို စုံစမ်းစစ်ဆေးမည်ဖြစ်ပြီး အစီရင်ခံစာကို တစ်နှစ်အတွင်း တင်သွင်းမည်ဖြစ်ကြောင်း။

မြန်မာအစိုးရအနေဖြင့် လုံလောက်သည့် သက်သေအထောက်အထားရှိပါက မည်သည့် လူ့အခွင့်အရေးချိုးဖောက်ကြောင်း စွပ်စွဲချက်ကိုမဆို တာဝန်ခံမှုရှိစေရန် ဆန္ဒရှိသလို ဆောင်ရွက်နိုင်သည့်အနေအထားလည်း ဖြစ်ပါကြောင်း။

မစ္စတာ မာဇူကီးက မြန်မာနိုင်ငံသည် လူ့အခွင့်အရေးချိုးဖောက်ကြောင်း စွပ်စွဲချက်များပေါ် အရေးယူဆောင်ရွက်ခြင်းမရှိဟု ပြောကြားခဲ့ကြောင်း၊ အမှန်အားဖြင့် အင်းဒင်ဖြစ်စဉ်အပြီးတွင် လုပ်ထုံးလုပ်နည်းနှင့် စည်းကမ်းများကို ဖောက်ဖျက်ကျူးလွန်ခဲ့သည့် တပ်မတော်နှင့် ရဲဝန်ထမ်းများ၊ အရပ်သားများကို ဥပဒေကြောင်းအရ အရေးယူထားပြီးဖြစ်ကြောင်း။

သဘာပတိကြီးခင်ဗျား

ရခိုင်ပြည်နယ်ရှိ လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ အကြမ်းဖက်တိုက်ဖျက်မှု လုပ်ငန်းများမှာ 'လူမျိုးတုံး သတ်ဖြတ်ရန်ရည်ရွယ်သည်'ဟု ကောက်ချက်ချသည့်အပေါ် မြန်မာကိုယ်စားလှယ်အဖွဲ့အနေဖြင့် ပြတ်သားစွာ ငြင်းဆိုကြောင်း၊ ဥပဒေကြောင်းအရ ခိုင်မာစွာ သက်သေမပြနိုင်သည့် စိစစ်အတည်ပြုနိုင်ခြင်းမရှိသော အခြေအနေများ အပေါ်မူတည်၍ ကောက်ချက်ချထားခြင်းသာဖြစ်ကြောင်း။

မြန်မာနိုင်ငံအပေါ် မည်သို့မျှ တရားစီရင်ပိုင်ခွင့်မရှိ

အပြည်ပြည်ဆိုင်ရာပြစ်မှုဆိုင်ရာတရားရုံး (ICC)၏ ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၆ ရက်တွင် ချမှတ်ခဲ့သော ရခိုင်ပြည်နယ်အရေးကိစ္စနှင့်ပတ်သက်သည့် စီရင်ချက်ကို မြန်မာအစိုးရက ပြတ်သားစွာပယ်ချခဲ့ကြောင်း၊ မြန်မာနိုင်ငံသည် ရောမသဘောတူစာချုပ်တွင် ပါဝင်လက်မှတ်ရေးထိုးထားခြင်းမရှိသည့်အတွက် ယင်းတရားရုံးအနေနှင့် မြန်မာနိုင်ငံအပေါ် မည်သို့မျှ တရားစီရင်ပိုင်ခွင့်မရှိကြောင်း။

ICC သို့ လွှဲပြောင်းရန် မည်သည့်တောင်းဆိုမှုကိုမဆို မြန်မာနိုင်ငံအနေဖြင့် လက်ခံမည်မဟုတ်ကြောင်းကို ပြတ်သားစွာ ပြောကြားလိုကြောင်း။

မြန်မာနိုင်ငံအနေဖြင့်လည်း တာဝန်ခံမှုနှင့်ပတ်သက်၍ စိတ်အားထက်သန်မှုနှင့် စွမ်းဆောင်နိုင်မှုကို ပြသခဲ့ပြီးဖြစ်ကြောင်း။

ပူးပေါင်းဆောင်ရွက်မှုကို ထိခိုက်စေ

အခြားအပြုသဘောဆောင်သည့် ဖြစ်ပေါ်တိုးတက်မှုများကို ထည့်သွင်းမစဉ်းစားဘဲ တာဝန်ခံမှုကိုသာ ရှေ့တန်းတင်နေခြင်းသည် ဆိုးရွားသည့် အကျိုးဆက်များကို ဖြစ်ပေါ်စေလိမ့်မည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ အခြေအနေမှန်ကို မသိကျိုးကျွန်ပြုကာ တစ်ဖက်သတ် အတင်းအကျပ် အရေးယူဆောင်ရွက်မှုများနှင့် နိုင်ငံရေးအရ ပြင်ပဖိအားပေးမှုများသည် မြန်မာနိုင်ငံနှင့် နိုင်ငံတကာအသိုက်အဝန်းအကြား တည်ရှိသည့် ကောင်းမွန်သော စိတ်ဆန္ဒနှင့် ပူးပေါင်းဆောင်ရွက်မှုကို ထိခိုက်စေလိမ့်မည်ဖြစ်ကြောင်း။

ရခိုင်ပြည်နယ်၏ အခြေအနေမှာ နိုင်ငံတကာငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို မည်သည့်နည်းနှင့်မျှ ခြိမ်းခြောက်ခြင်းမရှိပါကြောင်း၊ ယင်းစွပ်စွဲချက်မှာ ယထာဘူတ မကျသလို၊ အခြေအမြစ်လည်း မရှိကြောင်း၊ ယခုအစီရင်ခံစာမှာ ကြိုတင်စီမံဆုံးဖြတ်ထားသည့် အပြုသဘောမဆောင်သည့် အစီရင်ခံစာ ဖြစ်ကြောင်း။

သဘာပတိကြီးခင်ဗျား

နိုင်ငံတော်သမ္မတကြီး ဦးဝင်းမြင့်က ကုလသမဂ္ဂနေ့သို့ ပေးပို့သည့် သဝဏ်လွှာတွင် ကုလသမဂ္ဂအဖွဲ့ကြီး၏ တန်ဖိုးသည် ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် သဟဇာတဖြစ်ရေးတို့ကို မြှင့်တင်ရန်နှင့် ထိခိုက်နစ်နာမှုများနှင့် ရန်လိုမှုများကို လျှော့ချရန်အတွက် အဖွဲ့ကြီးနှင့် အဖွဲ့ဝင်နိုင်ငံများအနေဖြင့် မိမိတို့ရရှိထားသည့် လုပ်ပိုင်ခွင့်များကို မည်သို့အသုံးပြုသွားကြမည့်အပေါ် မူတည်ကြောင်းကို သတိပေးခဲ့ကြောင်း၊ ဓမ္မမိဌာန်ကျခြင်း၊ သမာသမတ်ကျခြင်း၊ ပညာရှင်ဝီသခြင်း၊ အချုပ်အခြာအာဏာကို လေးစားလိုက်နာခြင်းတို့သည် ကုလသမဂ္ဂအဖွဲ့ကြီး လုပ်ငန်းအောင်မြင်ရေးအတွက် အဓိကသော့ချက်များဖြစ်ကြောင်း။

စိတ်ရှည်မှုနှင့် နိုင်ငံရေးအမြော်အမြင်လိုအပ်

မြန်မာနိုင်ငံသည် ခိုင်မာသောဒီမိုကရေစီစနစ်သို့ အသွင်ကူးပြောင်းရာတွင် အလွန်အရေးကြီးသည့် အခြေအနေ၌သာ ရှိနေသေးသည်ကိုသတိပေးလိုကြောင်း၊ 'မြန်မာနိုင်ငံ၏ ဒီမိုကရေစီစနစ်ပြုပြင်ပြောင်းလဲရေးတွင် အထောက်အကူပြုနိုင်လိမ့်မည်မဟုတ်' ဟု မစ္စတာ မာဇူကီးက ပြောကြားခဲ့ကြောင်း၊ စိတ်ရှည်သည်းခံမှုထားခြင်းသည် မြန်မာနိုင်ငံ၏ ဒီမိုကရေစီ ပြောင်းလဲမှုကို အထောက်အကူပြုနိုင်လိမ့်မည်မဟုတ်ဟု မစ္စတာ မာဇူကီးက ပြောကြားခဲ့ကြောင်း၊ ယင်းအချက်၏ ဆန့်ကျင်ဘက်သည်သာ မိမိတို့အတွက် မှန်ကန်ကြောင်း၊ ဒီမိုကရေစီကိုတော်လှန်ရေးတစ်ရပ်ဖြင့် တည်ဆောက်နေခြင်း မဟုတ်ကြောင်း၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် သဘောတူညီမှုရရှိရေးမှတစ်ဆင့် ငြိမ်းချမ်းသည့် နည်းလမ်းကို ရွေးချယ်ခဲ့ရာ ကြီးမားသည့် စိတ်ရှည်မှုနှင့် နိုင်ငံရေးအမြော်အမြင်လိုအပ်ကြောင်း။

အတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ်က အောက်တိုဘာလ ၂၀ ရက်နေ့တွင် ထုတ်ပြန်ခဲ့သော ၎င်း၏မြန်မာနိုင်ငံ ခရီးစဉ်အပြီး သတင်းထုတ်ပြန်ချက်၌ ပြည်တွင်းအဖြေရှာနိုင်ရေးအတွက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တိုးတက်ဖြစ်ပေါ်ရန်မှာ စိတ်ရှည်မှုနှင့် ယုံကြည်မှု ပိုမိုတည်ဆောက်ရေး လိုအပ်ကြောင်းကို ဖော်ပြခဲ့ကြောင်း။

မိမိတို့အနေဖြင့် ၎င်း၏ ပြောကြားမှုကို အပြည့်အဝ သဘောတူညီကြောင်း၊ စိတ်ရှည်မှုနှင့် ယုံကြည်မှုတည်ဆောက်ခြင်းသည် လက်ရှိ လူသားချင်းစာနာမှုဆိုင်ရာ အကျပ်အတည်းနှင့် ရခိုင်ပြည်နယ်မြောက်ပိုင်းပြဿနာတစ်ခုလုံးအတွက် ရေရှည်တည်တံ့မည့်အဖြေကို စုပေါင်းရှာဖွေရာတွင် အဓိကသော့ချက်ဖြစ်ကြောင်း၊ ဤနည်းလမ်းသည် မိမိတို့တစ်မျိုးသားလုံး၏ အန္တိမရည်မှန်းချက်ဖြစ်သော စစ်မှန်သော ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးကို ဦးတည်ကြောင်း။

စာမျက်နှာ ၅ သို့

❒ *ရှေ့ဖုံးမှ*

ၛင်းအပြင် သမိုင်းဝင် တန်ခိုးကြီးဘုရားများဖြစ်သော အလိုတော်ပြည့်၊ ထီးလိုမင်းလို၊ သဗ္ဗညု၊ ဓမ္မရံကြီး၊ အာနန္ဒာ၊ ဓမ္မရာဇာ၊ ဗူးဘုရား၊ ကန်တော့ပလ္လင်၊ စူဠာမဏိ၊ မနူဟာ၊ မြစေတီဘုရားကြီးနှင့် ညောင်ဦးမြို့ အမှတ်(၃)ရပ်ကွက်ရှိ ၄ာ်ပစ်တောင် ဂေါတမဘုရားကြီးတို့တွင်လည်း ဘုရားဖူးဧည့်သည်များ ကားကြီး ကားငယ်များနှင့် ဝင်ရောက်ဖူးမြော်ကြသဖြင့် ကြိတ်ကြိတ်တိုး စည်ကားလျက်ရှိကြောင်း ညောင်ဦးမြို့ ရှေ့စည်းခုံဘုရားအနီး အမှတ်တရပစ္စည်းအရောင်းဆိုင်ရှင် အမျိုးသမီးတစ်ဦးထံမှ သိရသည်။

ပိုမိုများပြား

"ယခုရက်ပိုင်းမှာ သီတင်းကျွတ်ရုံးပိတ်ရက်လည်းဖြစ်၊ ခရီးသွားရာသီချိန်နဲ့လည်း တိုက်ဆိုင်နေတော့ ပြည်တွင်းဘုရားဖူးဧည့်သည်ရော၊ ပြည်ပနိုင်ငံက နိုင်ငံခြားသားခရီးသွားဧည့်သည်တွေနဲ့ ကျွန်မတို့ ပုဂံညောင်ဦး ရှေးဟောင်းယဉ်ကျေးမှုနယ်မြေမှာရှိတဲ့ သမိုင်းဝင် တန်ခိုးကြီးဘုရားများနဲ့ နေရာအနှံ့ရှိ ဘုရားစေတီပုထိုးတွေမှာ ဘုရားဖူးခရီးသွားဧည့်သည်တွေနဲ့ အလွန်စည်ကားလျက် ရှိနေပါတယ်။ ပြည်တွင်း ဘုရားဖူး

ဧည့်သည်အများစုကတော့ ပုဂံညောင်ဦးမြို့က အနော်ရထာမင်းကြီး၏ ကောင်းမှုတော်နဲ့ တည်ထားကိုးကွယ်တဲ့ စွယ်တော်လေးဆူကို အဓိဋ္ဌာန်နဲ့ ဆုတောင်းဖူးမြော်ကြသူတွေ ပိုမိုများပြားပါတယ်။

လုပ်ငန်းလုပ်ရတာအဆင်ပြေ

"တချို့ ပြည်တွင်းဘုရားဖူးဧည့်သည်တွေကတော့ သမိုင်းဝင် တန်ခိုးကြီးဘုရားများဖြစ်တဲ့ အလိုတော်ပြည့်၊ ထီးလိုမင်းလို၊ သဗ္ဗညု၊ ဓမ္မရံကြီး၊ အာနန္ဒာ၊ ဓမ္မရာဇာ၊ ဗူးဘုရား၊ ကန်တော့ပလ္လင်၊ စူဠာမဏိ၊ မနူဟာ၊ မြစေတီဘုရားကြီးနဲ့ ညောင်ဦးမြို့ အမှတ်(၃)ရပ်ကွက်ရှိ ၄ာ်ပစ်တောင် ဂေါတမဘုရားကြီးတို့ကို သွားရောက်ဖူးမြော်ပါတယ်။ ဒါ့အပြင် ပုဂံမြို့ဟောင်းက ပုဂံပြတိုက်ကြီးမှာလည်း ရှေးဟောင်းအမွေအနှစ်လက်ရာပစ္စည်းတွေကို ဝင်ရောက်လေ့လာကြပါတယ်။ ပြည်ပကနိုင်ငံခြားသားခရီးသွား ဧည့်သည်တွေကျတော့ ပုဂံညောင်ဦးရှေးဟောင်းယဉ်ကျေးမှု ဒေသမှာရှိတဲ့ ရှုမောဖွယ်ရာ အလှအပတွေနဲ့ ဒေသခံတွေရဲ့ လူနေမှုဘဝတွေကို မှတ်တမ်းဓာတ်ပုံရိုက်ကူးရတာ ပိုပြီးနှစ်ခြိုက်သဘောကျတာ ဖြစ်ပါတယ်။ အခုလိုကျွန်မတို့ ပုဂံညောင်ဦးကို ပြည်တွင်း၊ ပြည်ပ ဘုရားဖူးဧည့်သည်တွေဝင်ရောက်လည်ပတ်တာများတော့ ကျွန်မတို့ဒေသကဟိုတယ်၊ မိုတယ်တွေ၊ စားသောက်ဆိုင်လုပ်ငန်းရှင်တွေ၊ အမှတ်တရပစ္စည်းအရောင်းဆိုင်တွေ၊ လျှပ်စစ်စက်ဘီး အငှားဝန်ဆောင်မှုလုပ်ငန်းရှင်တွေအတွက် လုပ်ငန်းလုပ်ရတာအဆင်ပြေကြတာပေါ့" ဟု ညောင်ဦးမြို့ အမှတ်(၃) အောင်သပြေရပ်ကွက်ရှိ ၄ာ်ပစ်တောင်ဂေါတမဘုရားကြီးအနီး အမှတ်တရလက်ဆောင်ပစ္စည်း ရောင်းချသော အမျိုးသမီးတစ်ဦးက ပြောသည်။

ရဲဝင်းနိုင် (ညောင်ဦး)

အလင်းရောင်ခရီးစဉ်လှုပ်ရှားမှုအဖြစ် မျက်စိအခမဲ့ခွဲစိတ် အလင်းဒါနပြုလှူဒါန်း

ရန်ကုန် အောက်တိုဘာ ၂၅

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် မျက်စိအတွင်းတိမ်ကုသရေးအဖွဲ့နှင့် ဝိသာခါဖောင်ဒေးရှင်းတို့ ပူးပေါင်း၍ အလင်းရောင်ခရီးစဉ်လှုပ်ရှားမှုအဖြစ် မျက်စိအခမဲ့ခွဲစိတ် အလင်းဒါနပြုလှူဒါန်းသည့် အခမ်းအနားကို ယနေ့ နံနက်ပိုင်းက ရန်ကုန်မြို့ ရန်ကင်းမြို့နယ် သီတဂူရွှေပြည်ဟိန်း စက္ခုဒါနဆေးရုံ၌ ကျင်းပခဲ့သည်။ (ယာပုံ)

အဆိုပါအခမ်းအနားတွင် မြန်မာနိုင်ငံ ဆေးကောင်စီဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာ အက်စ်ကျော်လှနှင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးမှ သံအမတ်ကြီး၏ ဇနီး Madam Wang Xue Hong တို့က နှုတ်ခွန်းဆက်စကားပြောကြားခဲ့သည်။ ထိုသို့ပြောကြားရာတွင် သံအမတ်ကြီး၏ ဇနီးက "တရုတ်နိုင်ငံ ယူနန်ပြည်နယ် အလင်းရောင်ခရီးစဉ်လှုပ်ရှားမှုကို ၂၀၁၃ ခုနှစ်ကစပြီး အခုအချိန်ထိ မြန်မာနိုင်ငံ ဒေသအသီးသီးမှာ မျက်စိအတွင်းတိမ်ရောဂါ၀ေဒနာရှင်ပေါင်း ၁၂၀၀ ကျော်ကို အလင်းရောင်ပြန်လည်ရရှိအောင် ကုသပေးနိုင်ခဲ့ပါတယ်။ ဒါက ကျွန်မတို့ ပြည်သူ့ကို အကျိုးပြုတဲ့ အရေးကြီးတဲ့အချက်ပဲဖြစ်ပါတယ်"ဟု ပြောကြားသည်။

ထို့နောက် ဝိသာခါဖောင်ဒေးရှင်းမှ ဦးဆောင်နာယက ပါမောက္ခ ဒေါက်တာ ဝင်းမင်းသင်းက ပူးပေါင်းပါ၀င်လုပ်ဆောင်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကာ တရုတ်နိုင်ငံ ယူနန်လူမှုရေးအဖွဲ့အစည်း နိုင်ငံတကာ ကူးလူးဆက်ဆံမှုချစ်ကြည်ရေးဖောင်ဒေးရှင်းမှ အထွေထွေအတွင်းရေးမှူးနှင့် ဆေးကုသရေးအဖွဲ့ခေါင်းဆောင် Mr. Peng Shao Yun က မျက်စိအခမဲ့ ခွဲစိတ်ကုသရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တရုတ်နိုင်ငံ ယူနန်ပြည်နယ် လူမှုအဖွဲ့အစည်း နိုင်ငံတကာ ကူးလူးဖလှယ်ရေး တိုးမြှင့်ရေးအသင်းနှင့် နိုင်ငံတကာကူးလူးဆက်ဆံမှုချစ်ကြည်ရေးဖောင်ဒေးရှင်းတို့က မျက်စိအတွင်းတိမ်ဝေဒနာရှင် ၂၀၀ အားခွဲစိတ်ကုသရာတွင် လိုအပ်သည့် ဆေးဝါးပစ္စည်းများအတွက် တန်ဖိုးငွေကျပ်သိန်း ၄၅၀ တန်ဖိုးရှိ ဆေးဝါးပစ္စည်း အစုံအလင်အပါအ၀င် စုစုပေါင်း လှုဒါန်းငွေကျပ်သိန်း ၅၃၀ ကို ပေးအပ်လှုဒါန်းရာ သီတဂူရွှေပြည်ဟိန်းစက္ခု၊ ဒါနဆေးရုံမှ ဦးဆောင်ဆရာတော် အရှင်ခေမာသီရိ လက်ဘရက ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ပြီး ကျေးဇူးတင်စကားပြောကြားခဲ့သည်။

ထင်ပေါ်ဝင်း (ကမာရွတ်)
ဓာတ်ပုံ -အာကာစိုး

အာရှပစိဖိတ်ဒေသဆိုင်ရာ ကင်းထောက်အဖွဲ့ညီလာခံနှင့် လူငယ်ကင်းထောက်များ ဖိုရမ်သို့ မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့ချုပ်ကိုယ်စားလှယ်များ တက်ရောက်

ရန်ကုန် အောက်တိုဘာ ၂၅

(၂၆)ကြိမ်မြောက် အာရှပစိဖိတ် ဒေသဆိုင်ရာ ကင်းထောက်အဖွဲ့ ညီလာခံ (Asia Pacific Regional Scout Conference)ကို အောက်တိုဘာ ၁၅ ရက်မှ ၂၀ ရက်အထိ ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့တွင် လည်းကောင်း၊ (၉)ကြိမ်မြောက် အာရှပစိဖိတ်ဒေသဆိုင်ရာ ကင်းထောက်လူငယ်များ ဖိုရမ်ကို အောက်တိုဘာ ၉ ရက်မှ ၁၂ ရက်အထိ ဖိလစ်ပိုင်နိုင်ငံ တာဂါတေးမြို့တွင် လည်းကောင်း ကျင်းပရာ မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့ အမျိုးသား ကင်းထောက်ချုပ် ဒေါက်တာတင်ညိုခေါင်းဆောင်သော ကိုယ်စားလှယ်လေးဦးနှင့် လူငယ်ကင်းထောက်ခေါင်းဆောင် ငါးဦးတို့ တက်ရောက်ခဲ့ကြသည်။

လုပ်ငန်းဆိုင်ရာများ ဆွေးနွေး

အဆိုပါ ညီလာခံတွင် ကမ္ဘာ့ကင်းထောက်အဖွဲ့ချုပ်မှ ကိုယ်စားလှယ်များနှင့် အာရှပစိဖိတ်ဒေသဆိုင်ရာ ကင်းထောက်အဖွဲ့ဝင် ၂၇ နိုင်ငံမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံ သံအမတ်ကြီးအပါအ၀င် အာရှပစိဖိတ်ဒေသဆိုင်ရာ နိုင်ငံအသီးသီးမှ သံအမတ်ကြီးများ၊ အင်အား ၆၄၆ ဦး တက်ရောက်ပြီး ကမ္ဘာ့ကင်းထောက်အဖွဲ့နှင့် အာရှပစိဖိတ်ဒေသဆိုင်ရာ ကင်းထောက်အဖွဲ့တို့ ပူးပေါင်းပြီး နိုင်ငံအလိုက် ကင်းထောက်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်မည့် လုပ်ငန်းဆိုင်ရာများ ဆွေးနွေးခဲ့ကြသည်။

ပါ၀င်ရွေးချယ်ခွင့်ရ

၂၀၁၆ ခုနှစ်၌ မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့သည် ကမ္ဘာ့ကင်းထောက်အဖွဲ့ဝင်နိုင်ငံအဖြစ် အသိအမှတ်ပြုခံရပြီးနောက် ယခုကျင်းပသည့် (၂၆)ကြိမ်မြောက် အာရှပစိဖိတ်ဒေသဆိုင်ရာ ကင်းထောက်အဖွဲ့ညီလာခံတွင် ပထမဆုံးအကြိမ်အဖြစ် တရားဝင်မဲပေးခွင့်ရခဲ့ကာ တက်ရောက်လာကြသည့် နိုင်ငံပေါင်း ၂၇ နိုင်ငံမှ ကင်းထောက်ခေါင်းဆောင်များကို ရွေးချယ်ရာတွင် မြန်မာနိုင်ငံ ကိုယ်စားလှယ်အနေဖြင့် ပါ၀င်ရွေးချယ်ခွင့်ရခဲ့သည်။

ထို့အပြင် အဆိုပါ ညီလာခံတွင် မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့ချုပ်ရှင်သန်ဖွံ့ဖြိုး တိုးတက်ရေးအတွက် အဓိက မတည်လှုံ့ဆော်ပေးသော စေတနာရှင် မြန်မာကင်းထောက်အဖွဲ့ ဘဏ္ဍာရေးကော်မတီ အကြံပေးပုဂ္ဂိုလ် ဦးကိုကိုထွေး(တော်ဝင်ဖောင်ဒေးရှင်း ဥက္ကဋ္ဌ)အား အာရှပစိဖိတ်ဒေသဆိုင်ရာ ကင်းထောက်အဖွဲ့၏ လူမှုရေးဆိုင်ရာ အမြင့်ဆုံးဆုဖြစ်သည့် Medel of Meritorious Contribution to Scouting ဆုကို အာရှပစိဖိတ်ဒေသဆိုင်ရာ ကင်းထောက်ကော်မတီ (APR Scout Comittee) ဥက္ကဋ္ဌက ချီးမြှင့်ခဲ့သည်။

ဦးစားပေးဆောင်ရွက်မည်

(၉)ကြိမ်မြောက် အာရှပစိဖိတ်ဒေသဆိုင်ရာ လူငယ်ကင်းထောက်များ ဖိုရမ်(Asia Pacific Regional Scout Youth Forum)ကို အောက်တိုဘာ ၉ ရက်မှ ၁၂ ရက်အထိ ဖိလစ်ပိုင်နိုင်ငံ တာဂါတေးမြို့တွင် ကျင်းပရာ အာရှပစိဖိတ်ဒေသရှိ ၂၉ နိုင်ငံမှ ကင်းထောက်လူငယ် ခေါင်းဆောင် ၁၂၀ တက်ရောက်ပြီး မြန်မာနိုင်ငံမှ ကင်းထောက်ကိုယ်စားလှယ် မောင်ဖြိုးသူရဝင်းသည် ဒေသခွဲ (၄)ခု၏ ကိုယ်စားလှယ်အဖြစ် အရွေးချယ်ခံရသည်။ နိုင်ငံအသီးသီးမှ လူငယ်ကင်းထောက်ခေါင်းဆောင်များအနေဖြင့် အာရှပစိဖိတ်ဒေသ၏ ကင်းထောက်လုပ်ငန်းများတွင် လူငယ်များ၏ ပါ၀င်နိုင်မှုနှင့် ဦးဆောင်နိုင်မှု လုပ်ငန်းများ၊ နိုင်ငံအသီးသီးက လူငယ်အစီအစဉ်များ ဖွံ့ဖြိုးတိုးတက်မှုကို ဦးစားပေးဆောင်ရွက်မည်ဖြစ်ပြီး ၂၀၁၈-၂၀၂၁ ခုနှစ်တွင် (၁၀)ကြိမ်မြောက် အာရှပစိဖိတ်ဒေသဆိုင်ရာ လူငယ်ကင်းထောက်များ ဖိုရမ်ကို တရုတ်-တိုင်ပေတွင် ကျင်းပရန် စီစဉ်ထားကြောင်း သိရသည်။

ပေးအပ်လှုံ့ဆော်

ညီလာခံ ကျင်းပနေစဉ်အတွင်း မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့ချုပ်၏ သင်ကြားလေ့ကျင့်ရေးနှင့် တောတွင်းစခန်းချရာတွင် အသုံးပြုနိုင်ရန် တဲ ၁၀ လုံးအား ကိုရီးယားနိုင်ငံ ကင်းထောက်အဖွဲ့ချုပ်က ပေးအပ်လှုံ့ဆော်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

အာရှပစိဖိတ်ဒေသဆိုင်ရာ ကင်းထောက်အဖွဲ့ညီလာခံနှင့် လူငယ်ကင်းထောက်များဖိုရမ်သို့ တက်ရောက်ကြသည့် မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့ချုပ် အမျိုးသားကင်းထောက်ချုပ် ဒေါက်တာတင်ညိုနှင့် ကိုယ်စားလှယ်များ ဖိုရမ်အပြီး မှတ်တမ်းဓာတ်ပုံရိုက်ကြစဉ်။

ကလေးစာပေပွဲတော်တွေ ကျင်းပလို့ စာအုပ်စာပေကနေ ရနိုင်တာတွေကိုလည်း ကလေးတွေ သိသွားမယ်

ဦးလှဟန် (မြိုမှိ/မြိုဖ)

သံတွဲမြို့၊ ကလေးစာပေပွဲတော်ကို အောက်တိုဘာ လ ၂၇ ရက်မှ ၂၈ ရက်အထိ နေ့စဉ် နံနက် ၈ နာရီမှ ည ၅ နာရီအထိ သံတွဲမြို့၊ ဒွါရာဝတီခန်းမ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။ အဆိုပါကလေးစာပေပွဲတော်နှင့် စပ်လျဉ်း၍ ဒေသခံများ၏ စကားသံများကို စုစည်းဖော်ပြအပ်ပါသည်-

ဒေါ်ချိုချို (အလယ်တန်းပြ)
အ.ထ.က(ခွဲ) မြို့မ

ဦးသန်းထွန်း
သံတွဲစည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ

မဖြူစင်ကြယ် (သတ္တမတန်း)
အ.ထ.က (ခွဲ) မြို့မ

ဦးလှဟန်
(မြိုမှိ/မြိုဖ)

ဒေါ်သီတာ
(ကျောင်းသားမိဘ)

ဒေါ်ချိုချို (အလယ်တန်းပြ)
အ.ထ.က(ခွဲ) မြို့မ

အခုကျင်းပမယ့် ကလေးစာပေပွဲတော်က ပထမဆုံးအကြိမ် ကျင်းပတာမို့ ကလေးတွေအတွက် အသစ်အဆန်းလည်းဖြစ်တယ်။ သူတို့အတွက် ဗဟုသုတလည်းရမယ်။ ကလေးစာပေပွဲတော်တွေ လုပ်တဲ့အတွက် ကလေးတွေက စာဖတ်ဖို့ ဝါသနာပါလာမယ်။ ဒီလိုလုပ်ပေးလိုက်တဲ့အတွက် ကလေးတွေအတွက် စာဖတ်ဖို့ အခွင့်အလမ်းတွေ အများကြီးရသွားမယ်။ ကလေးစာပေပွဲတော်တွေကို တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာ ကျင်းပပေးနေတဲ့အတွက် ကောင်းပါတယ်။

ဦးသန်းထွန်း
သံတွဲစည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ

သံတွဲမြို့မှာ ဒီကလေးစာပေပွဲတော် ကျင်းပတာ ပထမဦးဆုံးအကြိမ် ကျင်းပတာ ဖြစ်တော့ ဝမ်းသာတယ်။ ဒီပွဲမျိုးကို ကျွန်တော့်အသက် အခု ၄၆ နှစ်ထဲမှာ ပထမဦးဆုံးအကြိမ် တွေ့ကြုံရတာဖြစ်တဲ့အတွက် ဝမ်းသာမိပါတယ်။ ပွဲဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ တာဝန်ကိုလည်း ပါဝင်ထမ်းဆောင်နေတာဖြစ်တဲ့အတွက် ဒီပွဲလေး အောင်မြင်စွာ ဖြစ်မြောက်ဖို့ အတတ်နိုင်ဆုံး ပူးပေါင်းဆောင်ရွက်နေပါတယ်။ ကလေးတွေအတွက် ဒီလိုပွဲမျိုးတွေ ခဏခဏကျင်းပပေးရပါမယ်။ ဒီလိုပွဲတွေနဲ့ အတူ ကလေးတွေ စာဖတ်ဖြစ်အောင် အသိပညာပေးပြောပွဲလေးတွေ များများလုပ်ပေးစေချင်ပါတယ်။

ဒီလိုပွဲမျိုး တစ်နှစ်တစ်ကြိမ်လောက်ပဲဖြစ်ဖြစ်၊ ဖြစ်နိုင်ရင် တစ်နှစ် နှစ်ကြိမ်လောက်ပဲ ဖြစ်ဖြစ် လုပ်ပေးရင်တော့ အများကြီး စာပေအသိပညာတွေတိုးပွား လာမယ်လို့ထင်ပါတယ်။ ဒီလိုဖြစ်မြောက်ဖို့လည်း တတ်နိုင်သလောက် ကျွန်တော်တို့ ဒေသခံတွေအနေနဲ့ ပိုင်းဝန်းထမ်းဆောင်သွားမှာဖြစ်ပါတယ်။

မဖြူစင်ကြယ် (သတ္တမတန်း)၊ အ.ထ.က (ခွဲ) မြို့မ

သမီးတို့အနေနဲ့ ဒီလိုကလေးစာပေပွဲတော် မျိုးမကြုံဖူးပါဘူး။ စာပေဆိုတာ သမီးတို့ ကျောင်းသား ကျောင်းသူတွေအတွက် ကောင်းတဲ့သူငယ်ချင်းတွေပါ။ ပြီးတော့ စာပေပွဲတော်တင်မဟုတ်ဘဲ ဖျော်ဖြေပွဲတွေ ပါတယ်ဆိုတော့ ပိုကောင်းပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကလေးတွေကို ပိုပြီး စိတ်ဝင်စားစေမယ်လို့ ထင်ပါတယ်။ ဒီလိုမျိုး စာပေပွဲတော်တွေကတစ်ဆင့် စာအုပ်၊ စာပေအပေါ် မြတ်နိုးလာမယ်။ ပြီးတော့ စာအုပ်၊ စာပေတွေက ဘယ်လိုကောင်းတယ်ဆိုတာကို မိဘတွေကလည်း ပြောပြကြမယ်။ သမီးတို့လို ကျောင်းသား ကျောင်းသူတွေအတွက် တန်ဖိုးရှိတဲ့ ဗဟုသုတတွေ အများကြီးရပါမယ်။ ဒါကြောင့် သူငယ်ချင်းတွေကိုလည်း လာစေချင်တယ်။ တခြား ကျောင်းသား ကျောင်းသူတွေလည်း အကုန်လုံးလာခဲ့ကြပါလို့ ဖိတ်ခေါ်ချင်ပါတယ်။

ဦးလှဟန် (မြိုမှိ/မြိုဖ)

ဒီကလေးစာပေပွဲတော်နေရာကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ရွေးပေးခဲ့တယ်။ ရွေးပေးခဲ့ပြီးတော့ ကလေးစာပေပွဲတော် အောင်မြင်စွာ ကျင်းပနိုင်ဖို့ ကျွန်တော်တို့ မြိုမှိမြိုဖတွေကိုလည်း တိုင်ပင်တယ်။ တိုင်ပင်ပြီးတော့ ဒီမှာရှိတဲ့ အုပ်ချုပ်ရေး အဖွဲ့အစည်းတွေနဲ့ လူမှုရေးအဖွဲ့အစည်းတွေနဲ့ ပူးပေါင်းပြီး ပြင်ဆင်ကြတယ်။ အနာဂတ်ရဲ့ရင်သွေးငယ် ကလေးတွေကို စာဖတ်စေချင်တယ်။

အခုက အင်တာနက်တွေ ပေါ်လာပြီး သိချင်တာတွေကို အင်တာနက်ကနေ ရှာနိုင်တဲ့ ခေတ်ဖြစ်နေတယ်။ ဒီအင်တာနက်ပေါ်မှာ သတင်းတွေက တချို့အချက်အလက်တွေက အားလုံးမပြည့်စုံနိုင်ပါဘူး။ တချို့သော အကြောင်းအရာတွေက စာကြည့်တိုက်ထဲမှာ ရှိတဲ့ စာအုပ်ကြီးတွေထဲမှာမှ ရှာဖွေနိုင်မယ်။ ကလေးတွေက ဒီလိုစာအုပ်ကြီးတွေကို ရှာဖွေပြီးတော့ ဖတ်ဖို့အတွက် အချိန်မပေးချင်ကြတော့ဘူး။ မလေ့လာချင်ဘူး။ ဒီလိုဆိုရင် ကလေးတွေရဲ့နက်နဲတဲ့ အသိပညာ၊ အတတ်ပညာတွေဟာ အားနည်းသွားနိုင်တယ်။ အင်တာနက်မှာ ရှာဖွေဖတ်နိုင်တယ် ဆိုပေမယ့် တချို့သော အရာတွေကတော့ ဒီစာပေနဲ့မှ စေ့ဆော်နိုင်ပါတယ်။

ဒါကြောင့် အခုလို ကလေးစာပေပွဲတော်တွေ ကျင်းပလို့ စာအုပ်စာပေကနေ ရနိုင်တာတွေကိုလည်း ကလေးတွေ သိသွားမယ်၊ ပြီးတော့ စာအုပ်တွေရဲ့ အကျိုးကျေးဇူးတွေကိုလည်း ပိုပြီးတော့ သိလာပြီး စာဖတ်ချင်စိတ်လည်း ပိုပြီးတော့ တိုးတက်လာနိုင်မယ်လို့ မျှော်လင့်ပါတယ်။

ဒီကလေးစာပေပွဲတော်ကတော့ ကျွန်တော်တို့ မြိုမှာ ပထမဦးဆုံးအကြိမ် ကျင်းပတာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ နိုင်ငံတော်အစိုးရကိုလည်း ကျေးဇူးတင်ပါတယ်။ ဒီလိုလုပ်ပေးခြင်းအားဖြင့် ကလေးတွေက စာပေဗဟုသုတတွေ တိုးလာမှာ ဖြစ်တဲ့အတွက် ဒီလိုမျိုးစာပေပွဲတော်တွေကို ကျွန်တဲ့ဒေသတွေမှာလည်း ဆက်လက်ကျင်းပပေးစေချင်ပါတယ်။

ဒေါ်သီတာ (ကျောင်းသားမိဘ)

ကျွန်မတို့ ပြည်နယ်မှာ အခုလို စာပေပွဲတော်လုပ်တဲ့အတွက် ဝမ်းသာတယ်။ ဒီလိုလုပ်ပေးမှ ကလေးတွေအနေနဲ့ စာပေမျိုးစုံကို သိမြင်မယ်။ စာအုပ်စာပေမျိုးစုံ လာရောက်ရောင်းချပေးတဲ့အတွက်ကြောင့် ကျွန်မတို့အများကြီး ကျေးဇူးတင်တယ်။ စာအုပ်စာအုပ်ပေတွေဟာ တန်ဖိုးရှိတယ်ဆိုတာ သိကြတယ်။ ဒါကြောင့် ကလေးတွေကို ပညာဗဟုသုတတိုးအောင် စာဖတ်စေချင်တယ်။ ဒီလိုစာဖတ်ဖို့၊ စာဖတ်တဲ့အကျင့်ဖြစ်ဖို့ ဒီလိုပွဲတွေ လိုအပ်ပါတယ်။ ဒါမှ နောင်တစ်ချိန် ဒီကလေးတွေ တိုင်းပြည်အတွက် အလုပ်လုပ်တဲ့နေရာမှာ စာအုပ်ထဲက ပညာဗဟုသုတတွေကို ပညာယူပြီးတော့ ပိုပြီးကောင်းအောင် လုပ်နိုင်မှာ ဖြစ်ပါတယ်။ စာအုပ်စာပေတွေက ယဉ်ကျေးလိမ္မာတဲ့ ကလေးတစ်ယောက်ဖြစ်လာအောင် လမ်းညွှန်နိုင်တယ်လို့ မိဘတစ်ယောက်အနေနဲ့ ထင်မိပါတယ်။

အောင်မင်းဟန်၊ တင်ထွန်းဦး
ဓာတ်ပုံ-အောင်မင်းဟန်

စာမျက်နှာ ၃ မှ

သဘာဝတိကြီးခင်ပျား

နိုဂုံးမချုပ်မီ ကုလသမဂ္ဂအဆောက်အဦ၌ ကျင့်ဝတ်သိက္ခာကို အလေးမထားသည့် လုပ်ရပ်တစ်ခုကို အသိပေးပြောကြားလိုကြောင်း၊ ပြီးခဲ့သည့်နေ့က လူ့အခွင့်အရေးဆိုင်ရာ အထူး အစီရင်ခံစာတင်သွင်းသူနှင့် မြန်မာနိုင်ငံဆိုင်ရာလွတ်လပ်သောနိုင်ငံတကာ အချက်အလက်ရှာဖွေရေးအဖွဲ့ (FFM) တို့၏ အစီရင်ခံစာများကို တင်သွင်းသည့် တတိယကော်မတီ မျက်နှာစုံညီအစည်းအဝေးကျင်းပစဉ် မြန်မာနိုင်ငံနှင့် ပတ်သက်သည့် လက်ကမ်းစာစောင်များကို အစည်းအဝေးခန်းမ(၁)၌ ဖြန့်ဝေသည်ကို တွေ့ရှိရကြောင်း။

ယင်းလုပ်ရပ်ကို လုပ်ဆောင်သူမှာ စည်းမျဉ်း၊ ဥပဒေကို အလေးမထားသည့် အစိုးရအပေါ် မကျေနပ်သူမဟုတ်သကဲ့သို့ လူ့အခွင့်အရေးလှုပ်ရှားသူလည်း မဟုတ်ကြောင်း၊ ကုလသမဂ္ဂ၏ လက်အောက်ခံအဖွဲ့အစည်းတစ်ခုဖြစ်သည့် လူ့အခွင့်အရေးကောင်စီက ခန့်အပ်တာဝန်ပေးထားသော နိုင်ငံတကာ အချက်အလက်ရှာဖွေရေးအဖွဲ့ (FFM) ၏ဥက္ကဋ္ဌကြီးသာဖြစ်ကြောင်း၊ ယင်းသို့ သူတော်ကောင်းယောင်ဆောင်မှုများ ကုလသမဂ္ဂအဖွဲ့ကြီးတွင် နေရာရရှိနိုင်သည်မှာ နားမလည်နိုင်အောင် ဖြစ်ရကြောင်း၊ ယင်းလုပ်ရပ်သည် ကုလသမဂ္ဂအပေါ် အရှက်ရစေကြောင်း။

ယင်းလက်ကမ်းစာစောင်များမှာ ကုလသမဂ္ဂအဖွဲ့ဝင်တစ်နိုင်ငံနှင့် ယင်း၏ ခေါင်းဆောင်များကို လုံးဝစော်ကားခြင်းသာဖြစ်ကြောင်း၊ ကုလသမဂ္ဂဝန်ထမ်းများ၏ ကျင့်ဝတ်ကို ကြီးမားစွာဖောက်ဖျက်ကျူးလွန်ခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံအစိုးရ အနေဖြင့် ယခုလုပ်ရပ်ကို အပြင်းထန်ဆုံးအတိုင်းအတာဖြင့် ပြစ်တင်ရှုတ်ချပါကြောင်း။

ငြိမ်းချမ်းရေး၊ သဟဇာတဖြစ်ရေးနှင့် ခွင့်လွှတ်သည်းခံရေးတို့အတွက် လုပ်ဆောင်နေကြသည့် ကုလသမဂ္ဂ၏အစည်းအဝေး ခန်းမများအတွင်းသို့ အမုန်းစကားများနှင့် ရန်စမှုများ ချင်းနင်း ဝင်ရောက်လာနေပြီဖြစ်ကြောင်း။

လူတိုင်းသည် မိမိတို့၏ လုပ်ဆောင်မှုများအတွက် တာဝန်ခံရမည်ဖြစ်ပြီး ကုလသမဂ္ဂ၌ သင်တို့ပြောကြား ဆောင်ရွက်ခဲ့မှုများကို သမိုင်းက အဆုံးအဖြတ်ပေးလိမ့်မည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံပြည်သူများသာလျှင် မိမိတို့၏ကံကြမ္မာကို ဆုံးဖြတ်ကြရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်ဟု နိုင်ငံခြားရေးဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်အရ သိရှိရသည်။

သတင်းစဉ်

✤ ရှေ့ဖုံးမှ

တက်ခုတ်ယိမ်းပြိုင်ပွဲတွင် ပထမဆုကို ရွှေကျင်မြို့ ညောင်ဝိုင်းတရုတ္တန်းရပ်ကွက်မှ လှယဉ်ကျေးယိမ်းအဖွဲ့က လည်းကောင်း၊ တက်ပျံယိမ်းပြိုင်ပွဲတွင် ပထမဆုကို ပွဲကုန်းရပ်ကွက်မှ ရွှေပွဲတင့်တယ် ယိမ်းအဖွဲ့က လည်းကောင်း၊ ယိမ်းပြိုင်ပွဲ ပထမဆုကို ပျဉ်းမပင်ရပ်ကွက်မှ ရွှေပင့်လွှာယိမ်းအဖွဲ့က လည်းကောင်း၊ တိုင်းရင်းသားရိုးရာအက အထူးဆုကို သရက်ချောင်း၊ သံဆိပ်ကျေးရွာနှင့် ကျွဲတဲ။ဂန့်ဂေါ်ဝိုင်းရပ်ကွက် ကရင်ဒုံးယိမ်းအဖွဲ့တို့က လည်းကောင်း ရရှိခဲ့ကြသည်။

ယင်းနောက် ညနေပိုင်းတွင် ဗုဒ္ဓမြတ်စွာဘုရားကို အမှူးထား၍ ရှင်ဥပဂုတ္တမထေရ်မြတ်ကြီးအား မီးကြာခွက်ရောင်စုံဖြင့် မီးမျှော ပူဇော်ကြပြီး အနယ်နယ်အရပ်ရပ်မှ လာရောက်သူများကလည်း ရွှေကျင်ချောင်းအတွင်းသို့ မီးကြာခွက်များမျှောခြင်း၊ မီးရှူးမီးပန်းများ ပစ်ဖောက်ခြင်းတို့ဖြင့် ပူဇော်ခဲ့ကြသည်။

ဆက်လက်၍ ကရဝိက်ဖောင်တော်ပေါ်ရှိ ကျောင်းဆောင်တွင် စံမြန်းတော်မူနေသည့် ရှင်ဥပဂုတ္တ မထေရ်မြတ်ကို ကျောင်းဆောင်နှင့်တကွ ဝါးဖောင်တော်ပေါ်သို့ ရွှေ့ပြောင်းပင့်ဆောင်၍ ရွှေကျင်ချောင်းရိုးမှ တစ်ဆင့် စစ်တောင်းမြစ်အတွင်းသို့ ရေမျှောပူဇော်ခဲ့ကြသည်။

ယခုနှစ် ရွှေကျင်မီးမျှောပူဇော်ပွဲတော်တွင် ထူးခြားချက်အနေဖြင့် ထာဝစဉ်မီးမျှောပွဲ ကျင်းပနိုင်ရေးအတွက် ရေပွဲဗဟိုမဏ္ဍပ်ကြီးအား ပိုမိုခိုင်ခံ့မှုရှိစေရန် ကွန်ကရစ်ဖြင့် တည်ဆောက်နိုင်ခဲ့သလို ပွဲတော်လာ ပြည်သူများ အဆင်ပြေချောမွေစွာ နားနေကြည့်ရှုနိုင်စေရန်အတွက် ရေပွဲဗဟိုမဏ္ဍပ် ၀ဲ/ယာ အနီးရှိ ရွှေကျင်ချောင်းကမ်းနားတစ်လျှောက်တွင် ပေ ၇၀၀ ခန့် မြေဖို့ခြင်းတို့ ပြုလုပ်နိုင်ခဲ့သည်။

ထို့ပြင် ပွဲတော်ကျင်းပရာ ချောင်းရေပြင်နှင့် ကမ်းနားလမ်းတစ်လျှောက်တွင် လျှပ်စစ်မီးများထွန်း၍ အလှဆင်နိုင်ခဲ့သလို မြို့တွင်းလှည့်ကရဝိက်အား သံထည်ဖြင့်လည်းကောင်း၊ ရေပြင်သွားကရဝိက်နှင့် စည်တော်ကြီးဖောင်တို့၏ ကြမ်းခင်းများအား သံထည်ဖြင့်လည်းကောင်း မွမ်းမံပြုလုပ်နိုင်ခဲ့ကာ မီးကြာခွက်များ စနစ်တကျမျှောချပူဇော်နိုင်ရေးနှင့် မီးပုံးပျံလွှတ်တင်နိုင်ရေးတို့အတွက်ပါ စီမံဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မီးမျှောပွဲကျင်းပသည့် ရွှေကျင်ချောင်းအတွင်း မီးကြာခွက်များကို တွေ့ရစဉ်။

သတင်းနှင့်ဓာတ်ပုံ-ပိန်းဇလုပ်သိန်းညွန့်

ကျွန်ုပ်တို့၏ ကမ္ဘာကြီးအား ကုလသမဂ္ဂလုပ်ငန်းစဉ် ၂၀၃၀ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး ပန်းတိုင်များဖြင့် ပြောင်းလဲကြစို့

သန်းထွန်း (မြန်မာနိုင်ငံ ဘူမိသိပ္ပံအသင်း)

လွန်ခဲ့သည့် နှစ် ၇၀ က မျိုးဆက်ဟောင်း ကမ္ဘာ့ခေါင်းဆောင်များ ကုလသမဂ္ဂဖွဲ့စည်းတည်ထောင်ရန် အတူစုရုံးခဲ့ကြသည်။ စစ်ပြီးခေတ်ပြာပုံအတွင်းမှ ထူထောင်ခဲ့ကြသည့် ငြိမ်းချမ်းခြင်း တိုင်ပင်ဆွေးနွေးခြင်းနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ခြင်းစသည့် တန်ဖိုးများကို ကျောထောက်နောက်ခံပြုခဲ့ကြသည်။ ကုလသမဂ္ဂ၏ ပဋိညာဉ်စာတမ်းသည် ယင်းတန်ဖိုးတို့၏ အမြင့်မားဆုံးပြယုဂ်ပင်ဖြစ်သည်။

ကျွန်ုပ်တို့အရေးကြီး သမိုင်းဝင်ဆုံးဖြတ်ချက်များ ချမှတ်နိုင်ခဲ့သည်။ ကျွန်ုပ်တို့သည် လူသား အားလုံးအတွက် ပိုမိုကောင်းမွန်သော အနာဂတ်ကို ဂုဏ်ကျက်သရေရှိပြီး အကျိုးခံစားခွင့်ရှိသော အခွင့်အရေးများနှင့် သန်းပေါင်းများစွာသောလူများ၊ အနာဂတ်ကောင်းများကို ငြင်းပယ်ခံခဲ့ရသည့် သူများနှင့်အတူ တည်ဆောက်ရန် ဆုံးဖြတ်ထားပြီးဖြစ်သည်။ ကျွန်ုပ်တို့သည် ဆင်းရဲနွမ်းပါးမှု ချုပ်ငြိမ်းရေးကို အောင်အောင်မြင်မြင် ဆောင်ရွက်နိုင်သည့် ပထမဆုံးလူသားမျိုးဆက် ဖြစ်နိုင်ပေသည်။ ထို့အတူ ကျွန်ုပ်တို့သည် ကမ္ဘာကြီး အား ကယ်တင်ခွင့်ရသည့် နောက်ဆုံးမျိုးဆက်လည်း ဖြစ်နိုင်ပေသည်။ ကျွန်ုပ်တို့၏ ရည်မှန်းချက်များ အောင်မြင်ပါက ၂၀၃၀ ခုနှစ်တွင် ကမ္ဘာကြီးသည် ပိုမိုကောင်းမွန်သော နေရာတစ်ခုဖြစ်လာပါမည်။

ယနေ့ကျွန်ုပ်တို့၏ ကြေညာချက် လာမည့်၁၅ နှစ်အတွက် တစ်ကမ္ဘာလုံးဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များသည် (၂၁) ရာစုနှစ် လူနှင့်ကမ္ဘာဂြိုဟ်တို့၏ ပဋိညာဉ်စာတမ်းပင်ဖြစ်သည်။ ကလေးများ၊ အမျိုးသမီးငယ်များနှင့် အမျိုးသားငယ်များသည် အဓိကကျဆုံး ပြောင်းလဲမှုကို တာဝန်ယူဆောင်ရွက်ရမည့် သူများဖြစ်ပြီး ပိုမိုကောင်းမွန်သည့် ကမ္ဘာကြီး တည်ဆောက်ရေးအတွက် ယင်းတို့၏ အကန့်အသတ်မဲ့ စွမ်းအားမြင့် ဆောင်ရွက်ခြင်းဖြင့် ပန်းတိုင်သစ်များ တွေ့ရှိနိုင်မည်ဖြစ်သည်။

စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး

၂၀၁၅ ခုနှစ် စက်တင်ဘာလ ၂၅ ရက်နေ့တွင် ကျင်းပသည့် ကုလသမဂ္ဂ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး ထိပ်သီးဆွေးနွေးပွဲမှ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ် ၂၀၃၀ အား ပြဋ္ဌာန်းခဲ့သည်။ ယခုလုပ်ငန်းစဉ်သည် လူထု၊ ကမ္ဘာဂြိုဟ်နှင့် ကြီးပွားချမ်းသာမှုတို့ကို စီမံကိန်းချမှတ်ဆောင်ရွက်ရန်ဖြစ်သည်။ ကမ္ဘာတစ်ဝန်းပြိမ်းချမ်းခြင်းနှင့် ထာဝရလွတ်လပ်ခြင်းအလို့ငှာ ကြိုးပမ်းကြခြင်းဖြစ်သည်။ ဆင်းရဲမွဲတေမှုပုံစံမျိုးစုံ၊ ဘက်မျိုးစုံ ချို့ယွင်းနေမှုနှင့်အတူ အလွန်အမင်း ဆင်းရဲချို့တဲ့ခြင်းတို့သည် ကမ္ဘာလုံးဆိုင်ရာ အကြီးမားဆုံးစိန်ခေါ်မှုဖြစ်နေသည့်အတွက် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ မရှိမဖြစ်လိုအပ်လှပေသည်။ နိုင်ငံအားလုံးရှိ လုပ်ငန်းရှင်အားလုံးမှ ပူးပေါင်းအကောင်အထည်ဖော်ကြမည်ဖြစ်သည်။ ကျွန်ုပ်တို့သည် လူသားမျိုးနွယ်များ ဆင်းရဲနွမ်းပါးခြင်း ချို့တဲ့ခြင်းတို့၏ မတရားအနိုင်ယူညှဉ်းပန်းမှုမှ လွတ်မြောက်ရန်နှင့် ကျွန်ုပ်တို့၏ ကမ္ဘာဂြိုဟ်ကြီး လုံခြုံမှုရှိစေရန်အတွက် ကြိုးပမ်းရန် သန္ဓိဋ္ဌာန်ချမှတ်ထားပြီး ဖြစ်သည်။

ကျွန်ုပ်တို့၏ ဒုပေနာပေခံနိုင်သော နည်းလမ်းဖြင့် ရဲရင့်ခိုင်မာစွာ တက်လှမ်းကြမည်ဖြစ်၍ မည်သူတစ်ဦးတစ်ယောက်မျှ ကျန်ရစ်ခဲ့မည်မဟုတ်ဟု ကတိပြုသည်။ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး (၁၇)ချက်နှင့် ပစ်မှတ် (၁၆၉)ခုကို လေ့လာခြင်းဖြင့် ယခုအပြည်ပြည်ဆိုင်ရာ လုပ်ငန်းစဉ်၏ ပမာဏနှင့် ရည်ရွယ်ချက်ကြီးမြင့်မှုကို သိရှိနိုင်သည်။ ယင်းတို့သည် လူသားအားလုံး၏ လူ့အခွင့်အရေးနှင့် ကျား၊ မ ခွဲခြားမှု မျှတရေးအပြင် အမျိုးသမီးကြီးများနှင့် မိန်းကလေးငယ်များ၏ လုပ်ပိုင်ခွင့်ရရှိရေးများကိုပါ ကြိုးပမ်းပေးမည်ဖြစ်သည်။ လုပ်ငန်းစဉ်များသည် စုစည်းညီညာ၍ ခွဲခြားမရသော စီးပွားရေး၊ လူမှုရေးနှင့် ပတ်ဝန်းကျင် သုံးဖက်မြင် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးပင်ဖြစ်သည်။ ယင်းရည်မှန်းချက်ပန်းတိုင်နှင့် ပစ်မှတ်တို့ကို သိရှိနားလည်ပြီး နောင် ၁၅ နှစ်အတွင်း လူသားချင်းစာနာမှုဖြင့် အဓိကမ္ဘာအတွက် စိတ်အားထက်သန်စွာ ဆောင်ရွက်လာကြပါလိမ့်မည်။

အဓိကမ္ဘာစခန်းသာညီလာခံ

(၁)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ ယူနက်စကို ကမ္ဘာလုံးဆိုင်ရာ အဓိကမ္ဘာစခန်းသာညီလာခံကို ၂၀၁၈ ခုနှစ် စက်တင်ဘာလ ၈ ရက်နေ့မှ ၁၄ ရက်နေ့ထိ အီတလီနိုင်ငံ Madonna di Campilio မြို့၊ Adamello Brenta Geopark အဓိကမ္ဘာစခန်းသာတွင် ကျင်းပခဲ့သည်။ ကမ္ဘာဒေသပေါင်းစုံမှ နိုင်ငံပေါင်း ၆၅ နိုင်ငံ၏ ကိုယ်စားလှယ်ပေါင်း ၁၀၀၀ ခန့် တက်ရောက်ပြီး နိုင်ငံအသီးသီး၏ သုတေသန စာတမ်းပေါင်း ၂၅၀ ကျော် ဖတ်ကြားတင်ပြ ဆွေးနွေးကြပါသည်။ အဆိုပါ ညီလာခံသို့ မြန်မာနိုင်ငံ ဘူမိသိပ္ပံအသင်း၊ ပုပ္ပားတောင် အဓိကမ္ဘာစခန်းသာ ဖွံ့ဖြိုးရေးကော်မတီဥက္ကဋ္ဌ ဦးသန်းထွန်း တက်ရောက်ပြီး "မြန်မာနိုင်ငံ၏ ပုပ္ပားတောင် အဓိကမ္ဘာစခန်းသာနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး"ခေါင်းစဉ်ဖြင့် စာတမ်းဖတ်ကြားခဲ့ပါသည်။

Geopark အဓိကမ္ဘာစခန်းသာသည် ကုလသမဂ္ဂ၏ အပြည်ပြည်ဆိုင်ရာ ဘူမိသိပ္ပံနှင့် အဓိကမ္ဘာစခန်းသာ အစီအစဉ် (International Geoscience and Geoparks Programme) IGGP ၏ လုပ်ငန်းစဉ်တစ်ခုဖြစ်သည်။ ဘူမိသိပ္ပံပညာရပ်များသည် ကျွန်ုပ်တို့အား အဖိုးမဖြတ်နိုင်သော ကမ္ဘာမြေကြီး၏ ဖြစ်စဉ်စနစ်နှင့် ယင်း၏ ၄ ဒသမ ၆ ဘီလီယံ သက်တမ်းရှိ သမိုင်းကြောင်းဆိုင်ရာ အသိပညာများစွာ မျှဝေပေးလျက်ရှိသည်။ ယင်းအသိပညာတို့သည် ယနေ့ခေတ် လူ့အဖွဲ့အစည်းတွင် ရင်ဆိုင်နေရသည့် အနာဂတ်မျိုးဆက်သစ်များ အတွက် ကမ္ဘာ့သယံဇာတများ ထိန်းသိမ်းစောင့်ရှောက်ပေးခြင်း၊ ကမ္ဘာကြီးပူနွေးလာမှုနှင့်ဆိုင်သည့် အန္တရာယ်များ၊ စိန်ခေါ်မှုများအား ဖြေလျှော့ရေးအတွက် တုံ့ပြန်ရာတွင် အရေးပါလှပေသည်။

IGGP (အပြည်ပြည်ဆိုင်ရာ ဘူမိသိပ္ပံနှင့် အဓိကမ္ဘာစခန်းသာ အစီအစဉ်)တွင် နှစ်ပေါင်း ၄၀ ကျော်က ကမ္ဘာအရပ်ရပ်မှ ဘူမိသိပ္ပံပညာရှင်များ စုပေါင်းပြီး လူမှုဘဝတွင် တိုးတက်ဖြစ်ပေါ်နေသည့် ကမ္ဘာမြေနှင့် ဘူမိဖြစ်စဉ်တို့ကို လေ့လာရန် ဖွဲ့စည်းထားသည့် (International Geoscience Programme) IGCP အပြည်ပြည်ဆိုင်ရာ ဘူမိသိပ္ပံအစီအစဉ်နှင့် အရေးပါသည့် ဘူမိဒေသများအား မြှင့်တင်ပေးရန်နှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်နေသည့် UNESCO Global Geoparks ယူနက်စကို ကမ္ဘာလုံးဆိုင်ရာ အဓိကမ္ဘာစခန်းသာများ ပါဝင်ပါသည်။

ဘူမိအမွေအနှစ်

ညီလာခံတွင် အပြည်ပြည်ဆိုင်ရာ ဘူမိသိပ္ပံနှင့် အဓိကမ္ဘာစခန်းသာ အစီအစဉ် အတွင်းရေးမှူး ပါမောက္ခ Patrick Mc Keever မှ ကြိုဆိုနှုတ်ခွန်းဆက်မိန့်ခွန်း ပြောကြားရာတွင် မြန်မာနိုင်ငံအလယ်ပိုင်းရှိ ပုပ္ပားတောင် အဓိကမ္ဘာစခန်းသာ၏ ရှေးဟောင်း ဆင်များနှင့် ကျောရိုးသတ္တဝါတို့၏ ကျောက်ဖြစ်ရုပ်ကြွင်းများနှင့် ကျောက်ဖြစ်ရုပ်ကြွင်းသစ်တောကြီးမှာ တန်ဖိုးရှိလှသည့် ဘူမိအမွေအနှစ်ဖြစ်ကြောင်း ထည့်သွင်းပြောကြားသွားပါသည်။ ထို့ပြင် ကုလသမဂ္ဂ၏အစီအစဉ် ၂၀၃၀ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးပန်းတိုင် ၁၇ ခုအား အကျဉ်းချုပ်ဆွေးနွေးတင်ပြပါသည်။ ယင်းပန်းတိုင် ၁၇ ခုအား အောက်ပါအတိုင်း အကျဉ်းချုပ်တင်ပြပါသည်။

စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးပန်းတိုင်များ

(Sustainable Development Goals)

ပန်းတိုင် (၁)။ ။ နေရာတိုင်းတွင် ဆင်းရဲမွဲတေမှု သဏ္ဌာန်စုံအား အဆုံးသတ်ရန်။ ၂၀၃၀ ပြည့်နှစ်တွင် နိုင်ငံများ၏ အဓိပ္ပာယ်ဖွင့်ဆိုမှုအပေါ် အခြေခံ၍ ဆင်းရဲနွမ်းပါးမှု အခြေအနေ မျိုးစုံတွင် ကျရောက်နေကြသည့် ယောက်ျား၊ မိန်းမနှင့် အသက်ရွယ်စုံ ကလေးငယ်များ၏ ပမာဏအချိုး ထက်ဝက်ခန့်လျှော့ချရန်။

ပန်းတိုင် (၂)။ ။ အစာရေစာငတ်မွတ်မှု အဆုံးသတ်ရန်။ စားနပ်ရိက္ခာလုံခြုံစိတ်ချရမှု၊ အာဟာရဖွံ့ဖြိုးတိုးတက်မှုနှင့် စိုက်ပျိုးရေးအား စဉ်ဆက်မပြတ် မြှင့်တင်အားပေးရေး။ ၂၀၃၀ ပြည့်နှစ်တွင် အစာရေစာငတ်မွတ်မှု အဆုံးသတ်ရန်နှင့် မွေးကင်းစကလေးများ အပါအဝင် ဆင်းရဲချိုတဲ့သူများနှင့် ညှိုးနွမ်းစွာနေထိုင်နေကြသူများ အားလုံးနှင့် ဆက်သွယ်မှုရရှိနေရန်၊ ဘေးကင်းလုံခြုံမှုရှိစေရန်နှင့် တစ်နှစ်ပတ်လုံး စားနပ်ရိက္ခာ လုံလောက်စေရေး၊

ပန်းတိုင် (၃)။ ။ ကျန်းမာသန်စွမ်းသည့် ဘဝများရရှိစေရေးနှင့် အသက်အရွယ်မရွေး လူသားအားလုံး၏ လူမှုဘဝမြှင့်တင်ပေးရေး ၂၀၃၀ ပြည့်နှစ်တွင် ကမ္ဘာလုံးဆိုင်ရာ သားဖွားမိခင်သေဆုံးမှုအချိုး အနည်းဆုံး ၁၀၀၀၀၀ လျှင် ၇၀ နှုန်းအောက် ကျဆင်းစေရန်။

ပန်းတိုင် (၄)။ ။ မျှတပြီး အရည်အသွေးရှိသည့် ပညာရေးစနစ်တွင် ပါဝင်သင်ကြားနိုင်ခွင့်နှင့် အားလုံးအတွက် အသက်ထက်ဆုံး သင်ယူနိုင်သည့် အခွင့်အရေးရရှိရေး။ ၂၀၃၀ ပြည့်နှစ်တွင် ယောက်ျားလေးနှင့် မိန်းကလေးအားလုံးမျှတပြီး အရည်အသွေးမီသည့် သင့်တင့်လျောက်ပတ်သည့် အကျိုးရလဒ်ရှိသော အခမဲ့ပညာရေးကို သင်ကြားနိုင်ခွင့်ရှိစေရေး။

ပန်းတိုင် (၅)။ ။ ကျား၊ မ အရည်အသွေးပြည့်မီ၍ အမျိုးသမီးအားလုံးနှင့် မိန်းကလေးငယ်များ အတွက် လုပ်ပိုင်ခွင့်ရရှိစေရေး။ မည်သည့်နေရာမဆို အမျိုးသမီးများနှင့် မိန်းကလေးငယ်များအား ခွဲခြားဆက်ဆံပုံအားလုံး ရပ်တန့်စေရေး။

ပန်းတိုင် (၆)။ ။ အားလုံးအတွက် စဉ်ဆက်မပြတ်ရေး စီမံခန့်ခွဲမှုဖြင့် ရေရရှိရေးနှင့် သန့်ရှင်းမှုရှိစေရေး။ ၂၀၃၀ ပြည့်နှစ်တွင် ကမ္ဘာလုံးဆိုင်ရာ သာတူညီမျှသော အဆက်အသွယ်ရလျက် ကျွန်ုပ်တို့အားလုံးအတွက် ဘေးကင်း၍ တတ်နိုင်လောက်သောဈေးဖြင့် ရေရရှိစေရေး။

ပန်းတိုင် (၇)။ ။ ကျွန်ုပ်တို့အားလုံးအတွက် တတ်နိုင်လောက်သော စျေးနှုန်းဖြင့် စိတ်ချယုံကြည်ရသော ခေတ်မီစွမ်းအင်များ အသေအချာရရှိရေး။
၂၀၃၀ ပြည့်နှစ်တွင် အပြည်ပြည်ဆိုင်ရာ စံနှုန်းရှိ တတ်နိုင်လောက်သောဈေးနှုန်းဖြင့် စိတ်ချရသော ခေတ်မီစွမ်းအင် ဝန်ဆောင်မှုရရှိရေး။

ပန်းတိုင် (၈)။ ။ ပူးပေါင်းပါဝင်ခွင့်ရှိသည့် စဉ်ဆက်မပြတ် စီးပွားရေးတိုးတက်မှု၊ ထုတ်ကုန်အားပြည့်အလုပ်သမားများနှင့် အဆင့်အတန်းရှိ အလုပ်အကိုင်များကို ကျွန်ုပ်တို့အားလုံးမှ မြှင့်တင်ပေးရေး။ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများ၏ တစ်ဦးချင်း ဝင်ငွေအခြေအနေပေါ် မူတည်၍ တစ်နှစ်လျှင် ပြည်တွင်းထုတ်လုပ်မှု ၇ ရာခိုင်နှုန်း အနည်းဆုံးထိန်းသိမ်းထားရေး။

စာမျက်နှာ ၇ သို့

ဆင်းရဲမွဲတေမှုပုံစံမျိုးစုံ၊ ဘက်မျိုးစုံ ချို့ယွင်းနေမှုနှင့်အတူ အလွန်အမင်း ဆင်းရဲချို့တဲ့ခြင်းတို့သည် ကမ္ဘာလုံးဆိုင်ရာ အကြီးမားဆုံးစိန်ခေါ်မှု ဖြစ်နေသည့်အတွက် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ မရှိမဖြစ် လိုအပ်လှပေသည်။ နိုင်ငံအားလုံးရှိ လုပ်ငန်းရှင်အားလုံးမှ ပူးပေါင်း အကောင်အထည်ဖော်ကြမည်ဖြစ်

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်

- ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ဗဟိုပြုပြီး အမျိုးသားပြန်လည်သင့်မြတ်ရေးကို ရယူနိုင်မည်ဆိုလျှင် မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းရေးနှင့် ပြည်ထောင်စုတည်ဆောက်ရေးတို့ကို တည်တည်ငြိမ်ငြိမ် ခိုင်ခိုင်မာမာ အောင်အောင်မြင်မြင်ဖြင့် ဖော်ဆောင်နိုင်မည် ဖြစ်သည်။
- နိုင်ငံတော်အစိုးရ လက်ရှိကြိုးပမ်းနေသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၏ အဓိကရည်မှန်းချက်ပန်းတိုင်မှာ အနာဂတ် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရန်အတွက် နိုင်ငံရေးသဘောတူညီချက်များရရှိရေး၊ ၎င်းနောက် ပြည်ထောင်စုသဘောတူစာချုပ် ခိုင်ခိုင်မာမာချုပ်ဆိုပြီး အစဉ်အဆက် ဆက်လက်အကောင်အထည် ဖော်နိုင်ရေးပင်ဖြစ်သည်။
- ထိုသို့ ကြိုးပမ်းရာတွင် နိုင်ငံရေးဆွေးနွေးပွဲများမှတစ်ဆင့် ဘုံသဘောတူလက်ခံသည့်အခြေခံမူများ ထွက်ပေါ်လာရန် ဆောင်ရွက်နေခြင်းဖြစ်သည်။ လက်ရှိ ကြိုးပမ်းဖော်ဆောင်နေသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အောင်မြင်ရန် တပ်မတော်၏ အခန်းကဏ္ဍကလည်း အရေးပါနေသည်။

(၁၉-၉-၂၀၁၈ ရက်နေ့ ပြည်ထောင်စုလွှတ်တော်တွင် နိုင်ငံတော်၏ အခြေအနေအရပ်ရပ်နှင့် စပ်လျဉ်းသည့် ရှင်းလင်းတင်ပြချက်မှ ကောက်နုတ်ချက်)

"ရဟန်းစောင့်ရှောက်ရသော ပိဋ္ဌကတ်" ဗီဒီယိုဇာတ်ကား ရိုက်ကူးပြသမည်

ရန်ကုန် အောက်တိုဘာ ၂၅

ပုညနိမ္မိတာရာမ ရွှေသုဝဏ်ကျောင်းတိုက် ပဓာနနာယကအဂ္ဂ မဟာပဏ္ဍိတ အဂ္ဂ မဟာသဒ္ဓမ္မ ဇောတိကဓဇ ရွှေသုဝဏ်ဆရာတော် ဒေါက်တာဘဒ္ဒန္တသဒ္ဓိယ၏ လောကမမ္မအမွေအနှစ်များကို စုစည်းလျက် ဗုဒ္ဓစာပေအဖွဲ့ကကြီးကြပ်၍ စာရေးဆရာ ဒါရိုက်တာဦးသုခ၏ တပည့်ဇာတ်ညွှန်းဒါရိုက်တာမျိုးဟိန်း ရိုက်ကူးမည့် "ရဟန်းစောင့်ရှောက်ရသော ပိဋ္ဌကတ်" ဗီဒီယိုဇာတ်ကားကန်တော့ပွဲပေးခြင်း အခမ်းအနားကို ယနေ့ နံနက် ၉ နာရီက ရန်ကုန်မြို့သယံနိုးကျွန်းမြို့နယ် ကြီးပွားရေးရုပ်ကွက်ရှိ အဆိုပါကျောင်းတိုက်၌ ကျင်းပသည်။

ရှေးဦးစွာဇာတ်ကားတွင်ပါဝင်သရုပ်ဆောင်မည့် အနုပညာရှင်၊ အတတ်ပညာရှင်၊ အသိပညာရှင်များကို ဖိတ်ခေါ်၍ အနန္တောအနန္တငါးပါး အမျှားထား၍ သာသနာပွဲဖြင့် ကန်တော့ကြသည်။ **(အပေါ်ပုံ)**

ထို့နောက် ဗုဒ္ဓစာပေအဖွဲ့ဝင်အတွင်းရေးမှူး ဦးညွန့်မောင်၊ ဇာတ်ညွှန်း ဒါရိုက်တာမျိုးဟိန်း၊ ဓမ္မဒါနထုတ်လုပ်သူ အလှူရှင် သိရောမဏိ ကျောက်မျက်ရတနာကုမ္ပဏီနှင့် မဟာရွှေဇမ္ဗူကုမ္ပဏီ ဥက္ကဋ္ဌ အဂ္ဂမဟာသီရိသုဓမ္မ မဏိဇောတ ဓရ ဦးထွန်းထွန်းနှင့် ဝဏ္ဏကျော်ထင် Artist လှမြင့်ဆွေတို့က "ရဟန်းစောင့်ရှောက်ရသောပိဋ္ဌကတ်" ဗီဒီယိုဇာတ်ကား အောင်မြင်ဖြစ်တည်ရေး၊ ဇာတ်အိမ်၊ ဇာတ်ကား တည်ဆောက်ပုံ၊ ယင်းဇာတ်ကား ထူးခြားစွာထွက်ပေါ်လာခြင်းတို့နှင့် စပ်လျဉ်း၍ အသီးသီးပြောကြားကြသည်။

ယင်းဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်မည့် အကယ်ဒမီချိုပြုံးက "ကျွန်မ ကမ္ဘာအရပ်ရပ်ကို ရောက်ခဲ့ပါတယ်။ အဲဒီ နိုင်ငံတွေရဲ့ သံရုံးတွေမှာ ရဟန်းမစားရသော ဆွမ်းတစ်နပ်ဇာတ်ကားကို သိမ်းထားတယ်။ ဝမ်းသာဂုဏ်ယူရပါတယ်။ ဒီ "ရဟန်းစောင့်ရှောက်ရသော ပိဋ္ဌကတ်" ဇာတ်ကားကိုလည်း နိုင်ငံတိုင်းမှာ နောင်လာ နောက်သားတွေကို ပြသနိုင်မယ့်၊ သိမ်းထားရမယ့် ဗီဒီယိုကားဖြစ်ပါစေလို့ ဆုမွန်ကောင်း တောင်းပါတယ်။ ရုပ်ရှင်ကားကြီးအဖြစ်လည်း ရိုက်နိုင်ပါစေလို့ ဆုတောင်းပါတယ်" ဟု ပြောသည်။

"ရဟန်း စောင့်ရှောက်ရသော ပိဋ္ဌကတ်" ဗီဒီယိုဇာတ်ကားကို ရွှေသုဝဏ်ဆရာတော်ဘုရားကြီးက ၁၉၅၆ ခုနှစ် ဆဋ္ဌသင်္ဂါယနာတင် ခဲစာလုံးပုံနှိပ် ပိဋ္ဌကတ်သုံးပုံကို ကွန်ပျူတာစနစ်ဖြင့် သာသနာတော်အခွန်ရှည်ရေးအတွက် ငါးနှစ်ကျော်ကြာ ကြိုးစားအားထုတ်ခဲ့သည်ကို ပါရမီဖြည့်သောအနေဖြင့် ရိုက်ကူးခြင်းဖြစ်ပြီး အကယ်ဒမီ ချိုပြုံး၊ အကယ်ဒမီ အောင်ခိုင်၊ အကယ်ဒမီဝါဝါ အောင်နှင့် သရုပ်ဆောင်များစွာ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။ **ရီရီမြင့်**

ကလေးစာပေပွဲတော်(သံတွဲ)တွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတီးဝိုင်းအဖွဲ့ ဖျော်ဖြေမည်

သံတွဲ အောက်တိုဘာ ၂၅

သံတွဲမြို့၌ အောက်တိုဘာ ၂၇ ရက်မှ ၂၈ ရက်အထိ ကျင်းပမည့် ကလေးစာပေပွဲတော်တွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား တီးဝိုင်းအဖွဲ့မှ ပါဝင်ဖျော်ဖြေ တင်ဆက်သွားမည်ဖြစ်ကြောင်း သိရသည်။

ထိုကဲ့သို့ ဖျော်ဖြေတင်ဆက်ရာတွင် မြန်မာ့အသံနှင့် ရုပ်မြင်

သံကြားတီးဝိုင်းအဖွဲ့မှ တေးသံရှင်များအပြင် ငြိမ်းချမ်းရေး ဂီတပွဲတော်ဆုရ တေးသံရှင်များ၊ ကျောက်ဆည် ဆင်အက၊ Myanmar Idol မှ သားငယ်၊ မယ်မဒီ၊ ပြည့်ဖြိုးတို့ကလည်း ပွဲတော်လာ ပရိသတ်များအား ပါဝင်ဖျော်ဖြေတင်ဆက်သွားမည် ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဖျော်ဖြေရေးအစီအစဉ် များကို အောက်တိုဘာ ၂၇ ရက်နှင့် ၂၈ ရက် ညနေ ၅ နာရီမှ စတင်ဖျော်ဖြေသွားမည် ဖြစ်ကြောင်း သိရသည်။ **အောင်မင်းဟန်**

စာမျက်နှာ ၆ မှ

ပန်းတိုင် (၉)။ ။ ခိုင်မာတောင့်တင်းသော အခြေခံ အဆောက်အအုံများ တည်ဆောက်ခြင်းနှင့် အများ ပါဝင်နိုင်ခွင့်ရှိသော စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်နေမည့် စက်မှုလုပ်ငန်းများနှင့် တီထွင်ဖန်တီးမှုများကို အားပေးရေး။ ဒေသန္တရနှင့် နယ်စပ်ဒေသများအပါအဝင် လူအားလုံးအတွက် သင့်တင့်မျှတသော အခြေခံမှုဖြင့် အရည်အသွေးမြင့် စိတ်ချယုံကြည်ရသော အခြေခံအဆောက်အအုံတို့ဖြင့် စီးပွားဖွံ့ဖြိုးမှုနှင့် တင့်တင့်တယ်တယ် နေထိုင်နိုင်ရေး။

ပန်းတိုင် (၁၀)။ ။ တိုင်းပြည်များအကြား မည်သို့မျှမှုများ လျှော့ချရေး။ ၂၀၃၀ ခုနှစ်တွင် အခြေခံလူထု၏ ၄၀ ရာခိုင်နှုန်းသော ဝင်ငွေသည် အမျိုးသားပျမ်းမျှဝင်ငွေထက်မြင့်သည့် စဉ်ဆက်မပြတ် တိုးတက်သည့် ဝင်ငွေများရရှိရေး။

ပန်းတိုင် (၁၁)။ ။ မြို့ပြနှင့် လူနေမှုအခြေခံအဆောက်အအုံများတွင် လုံခြုံရေးတောင့်တင်း ခိုင်မာမှုနှင့် စဉ်ဆက်မပြတ်တိုးတက်မှုတို့ဖြင့် နေထိုင်ရေး။ ၂၀၃၀ ခုနှစ်တွင် လူအားလုံးအတွက် သင့်တင့်သော စျေးနှုန်းဖြင့် လုံခြုံစိတ်ချရမှုနှင့် အခြေခံဝန်ဆောင်မှုများစွာ ရရှိသော အိမ်ရာများရရှိစေရေးနှင့် ဆင်းရဲသားရပ်ကွက်များအား အဆင့်မြှင့်တင်ပေးရေး။

ပန်းတိုင် (၁၂)။ ။ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်သည့်စားသုံးပုံနှင့် ထုတ်လုပ်ပုံစနစ်များ ဖွံ့ဖြိုးပြီးနိုင်ငံများ ဦးဆောင်လျက် ဖွံ့ဖြိုးဆဲနိုင်ငံများ ပါဝင်တာဝန်ယူမှုဖြင့် (၁၀)နှစ်အတွက် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်သည့် စားသုံးပုံနှင့် ထုတ်လုပ်ပုံစီမံချက် ရေးဆွဲရေး။

ပန်းတိုင် (၁၃)။ ။ ရာသီဥတုပြောင်းလဲမှုနှင့် ယင်း၏ဆိုးကျိုးများအား ရင်ဆိုင်တွန်းလှန်ရေးနှင့် အရေးပေါ်ဆောင်ရွက်ရေး။ နိုင်ငံအားလုံး၏ သဘာဝကပ်ဘေးများ ရာသီဥတုနှင့် ဆက်နွယ်သည့် အန္တရာယ်များအား ကြံ့ကြံ့ခံနိုင်ရန်နှင့် နေသားတကျနေထိုင်နိုင်ရေး အားပေးမြှင့်တင်ရေး။

ပန်းတိုင်(၁၄)။ ။ ပင်လယ်သမုဒ္ဒရာတို့ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရန် ထိန်းသိမ်း၍ စဉ်ဆက်မပြတ်နည်းဖြင့် အသုံးပြုရေး။ ၂၀၂၅ ခုနှစ်တွင် ပင်လယ်ပြင် ညစ်ညမ်းမှုမျိုးစုံအား ကာကွယ်ခြင်း၊ ထိရောက်စွာ လျှော့ချခြင်း၊ အထူးသဖြင့် ကုန်းတွင်းဖြစ်စဉ်များနှင့် ပင်လယ်ကမ်းပြိုမှုနှင့် သြဇာဓာတ် ပျက်ယွင်းမှုမရှိစေရေး။

ပန်းတိုင်(၁၅)။ ။ ကုန်းတွင်းဂေဟစနစ် စဉ်ဆက်မပြတ်နည်းဖြင့် သုံးစွဲခြင်း၊ မြှင့်တင်ပေးခြင်း၊ ထိန်းသိမ်းခြင်းနှင့် ကာကွယ်ခြင်း။ စဉ်ဆက်မပြတ်နည်းဖြင့် သစ်တောများအား စီမံခန့်ခွဲခြင်း၊ သဲကန္တာရဖြစ်ထွန်းမှု တိုက်ဖျက်ခြင်း၊ ကုန်းမြေနှင့် ဇီဝမျိုးကွဲများ ဆုံးရှုံးမှုမရှိစေရန် ထိန်းသိမ်းခြင်း။ ၂၀၂၀ ခုနှစ်တွင် ကုန်းတွင်းရေချိုဂေဟစနစ်နှင့် ဝန်ဆောင်မှုများ၊ အထူးသဖြင့် သစ်တောများ၊ ရေနက်ကွင်းများ၊ တောင်တန်းများနှင့် အပူပိုင်းလွင်ပြင်များအား အပြည်ပြည်ဆိုင်ရာ သဘောတူညီထားပြီး တာဝန်များအရ ထိန်းသိမ်းခြင်း၊ ကာကွယ်ခြင်းနှင့်၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုးရေးစနစ်ဖြင့် အသုံးပြုရေး။

ပန်းတိုင်(၁၆)။ ။ ငြိမ်းချမ်း၍ အားလုံးပါဝင်နိုင်ခွင့်ရှိသော စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး၊ အဖွဲ့အစည်းတို့အား မြှင့်တင်ပေးခြင်း၊ အလ္လာပေါင်းစုံအတွက် သာတူညီမျှ၍ တာဝန်ယူ တာဝန်ခံမှုရှိသော အဖွဲ့အစည်းများနှင့် ဆက်သွယ်မှုရရှိစေရေး။ နေရာတိုင်းတွင် အကြမ်းဖက်မှုမျိုးစုံနှင့် ယင်း၏ ဆက်နွယ်နေသည့် သေပျောက်မှုနှုန်းအား ထိရောက်စွာလျှော့ကျစေရေး။

ပန်းတိုင်(၁၇)။ ။ ပန်းတိုင်များ သတ်မှတ်ရခြင်း ရည်ရွယ်ချက်အား ပိုမိုသဘောပေါက်စေပြီး ကမ္ဘာလုံးနှင့်ဆိုင်ရာ အပေါင်းပါအဖွဲ့အစည်းများမှ စဉ်ဆက်မပြတ် ဖွံ့ဖြိုးရေး ပန်းတိုင်များအပေါ် စိတ်အားထက်သန်လာစေရေး။

ဖွံ့ဖြိုးဆဲနိုင်ငံများသို့ အပြည်ပြည်ဆိုင်ရာ ထောက်ပံ့မှုများ အပါအဝင် ပြည်တွင်းရင်းမြစ်များ လှုပ်ရှားပါဝင်လာစေရေးနှင့် ပြည်တွင်းစွမ်းဆောင်ရည် မြင့်မားလာစေရန် အခွန်နှင့် အခကြေးငွေများ ကောက်ခံရေး။

ယင်းတို့သည် တစ်ကမ္ဘာလုံး၏ ရည်မှန်းချက်၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်ဖြစ်သည်။ ယူနက်စကိုမှ တက်ကြွစွာ ပါဝင်ဖန်တီးထားသည်။ "လူထု၏ လူထုက၊ လူထုအတွက်" "of the people, by the people and for the people" အစည်းအဝေးအစီအစဉ်ဖြစ်သည်။ ယူနစ်စကိုမှ ပညာရေး၊ သဘာဝသိပ္ပံ၊ လူနှင့် လူမှုရေးသိပ္ပံ၊ ယဉ်ကျေးမှု၊ သတင်းနှင့် ဆက်သွယ်ရေး၊ ပင်လယ်သမုဒ္ဒရာ ဆိုင်ရာ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး ပန်းတိုင်တို့ဖြင့် အကျိုးပြုဆောင်ရွက်မှုအား ကျွန်ုပ်တို့လည်း ပူးပေါင်းဆောင်ရွက်ကြပါစို့ဟု တိုက်တွန်းလိုက်ပါသည်။

ပုသိမ်မြို့၌ (၁၂၆)ကြိမ်မြောက် တာဝတီသာဘုရားဆင်း ပုဒ္ဓဝင်ပွဲတော်ကို သီတင်းကျွတ်လဆန်း ၉ ရက်မှ အစပြု၍ သီတင်းကျွတ်လပြည့်ကျော် ၁ ရက်အထိ ကျင်းပလျက်ရှိရာ အောက်တိုဘာ ၂၅ ရက် ညနေပိုင်းက ပွဲတော်လာဘုရားဖူးများ လွန်စွာစည်ကားနေသည်ကို တွေ့ရစဉ်။ ပုသိမ်လုံကြည်

ထိန်ကန်အရှေ့ကျောင်း ဓမ္မစကူးလ်၏ ပထမအကြိမ် နိဗ္ဗာန်ဈေးပွဲတော် စည်ကားစွာကျင်းပ

ကျောက်ပန်းတောင်း အောက်တိုဘာ ၂၅

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့၊ မြို့မရပ်ကွက်ရှိ ထိန်ကန်အရှေ့ကျောင်း ဓမ္မစကူးလ်မှ ဦးဆောင်ပြုလုပ်သည့် ပထမအကြိမ် နိဗ္ဗာန်ဈေးပွဲတော်ကို ယမန်နေ့က အဆိုပါကျောင်းဝင်းရှိ စိန်ဘုန်းပွင့်စေတီတော် ပရဝဏ်၌ ကျင်းပခဲ့ကြောင်း သိရသည်။

"ဒီနှစ်က အစပထမဆုံးနှစ်ဆိုတော့ စမ်းတဝါးဝါးနဲ့ လုပ်ရတာပဲ။ အတွေ့အကြုံက မရှိသေးဘူးလေ။ အလှူခံရရှိငွေတွေနဲ့ အတန်းလိုက်ခွဲပြီး မြန်မာ့ရိုးရာ စားစရာလေးတွေချည်းပဲ လုပ်ခိုင်းလိုက်တာပါ။ သီးခြားကုသိုလ်ယူရောင်းချင်တဲ့သူတွေလည်း ရောင်းကြတာပေါ့"ဟု နိဗ္ဗာန်ဈေးဖြစ်မြောက်ရေး ကူညီဆောင်ရွက်နေသူ မုဒိတာအဖွဲ့မှ ဦးဇော်တိုးက ပြောသည်။

ထိန်ကန်အရှေ့ကျောင်း ဓမ္မစကူးလ်တွင် ကျောင်းသား ကျောင်းသူ ၄၀၀ ကျော်ရှိပြီး ထိန်ကန်အရှေ့ကျောင်းမှ ဆရာတော်ဘဒ္ဒန္တနန္ဒိယကနှင့် ထိန်ကန်အနောက်ကျောင်းမှ ဆရာတော်ဘဒ္ဒန္တနန္ဒိယတို့က ဦးဆောင်ကြီးကြပ်ဖွင့်လှစ်ထားခြင်းဖြစ်ကြောင်း သိရပြီး မြို့မရပ်ကွက်၊ သီရိမင်္ဂလာရပ်ကွက်နှင့် တောင်နောက်ကျေးရွာတို့မှ ကျောင်းသား ကျောင်းသူ ကလေးငယ်များ တက်ရောက်သင်ကြားနေကြခြင်း ဖြစ်သည်။

နိဗ္ဗာန်ဈေးပွဲတော်ကို ဆရာတော်ကြီးများ ဦးဆောင်ကာ လွတ်လပ်ရေးရပ်ကွက် မုဒိတာလူမှုကူညီရေး အသင်း၏ ပံ့ပိုးကူညီမှုဖြင့် ပထမဆုံးအကြိမ် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

နေအောင်(ပြန်/ဆက်)

မဟာစေတီလှဘုရားကြီးပွဲတော်တွင် ကပြသည့် မြန်မာ့ရိုးရာနဂါးအကကို ကြည့်ရှုအားပေးသူများပြား

မုံရွာ အောက်တိုဘာ ၂၅

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နှင့် ၁၀ မိုင်ခန့်အကွာ သာစည်ကျေးရွာရှိ မဟာစေတီလှ စေတီတော်ကြီးသည် နှစ်စဉ် သီတင်းကျွတ်လပြည့်နေ့တွင် ဘုရားပွဲအဖြစ်ကျင်းပရာ ရှေးအခါက သတ်မှတ်ခဲ့သော သာစည်နယ်ပိုင် ကျေးရွာ ၆၄ ရွာမှ ကျေးရွာသူ ကျေးရွာသားများက မိမိတို့ဒေသထွက်သော သီးနှံများ နှစ်စဉ်ပေါ်ကြွယ်ဝစေရေးအတွက် စေတီတော်ကြီးတွင် ကြဲပက်၍ လှူဒါန်းကြပြီး အချို့ကျေးရွာများမှ မြန်မာ့ရိုးရာ နဂါးအကဖြင့် စေတီတော်ကြီးအား လာရောက်ပြီး ပူဇော်ကြသည်။

"မဟာစေတီလှ ဘုရားကြီးက သက်တမ်းအားဖြင့် နှစ် ၈၀၀ ကျော်ပြီလို့ ကျွန်တော်တို့ အတိုးက ပြောတယ်။ နဂါးအကဟာ စုပေါင်းပြီး ညီညွတ်မှုနဲ့ ကရတဲ့အကပါ။ လူငယ်တွေ ကျွန်းမာသန်စွမ်းမယ်။ စည်းလုံးမှုရှိမယ်။ ရပ်ရေးရွာရေးတွေကို စည်းလုံးမှုနှင့် ဝိုင်းဝန်းလုပ်ဆောင်ကြနိုင်မယ်ဆိုတဲ့ အချက်တွေလည်း ပါတယ်။ အဲဒီရည်ရွယ်ချက်တွေကို အစဉ်အဆက် လက်ဆင့်ကမ်းပြီး ကျွန်တော်တို့က အကောင်အထည်ဖော်တာပါ။နဂါးအကတစ်ခါကရင် ရှစ်ယောက် ကရတယ်။ ဒီနဂါးအကဟာလည်း နှစ်စဉ် မပျက် ဘုရားပွဲရောက်တိုင်း ကပြပြီး ပူဇော်ကြတာ။ ဝါတွင်းကာလမှာ နဂါးအကကို လေ့ကျင့်တဲ့အနေနဲ့ လူငယ်တွေက ကျေးရွာအတွင်းမှာလှည့်ပြီး ကရင်းနဲ့ အလှူခံကြတယ်။ အဲဒီကရတဲ့ အလှူငွေတွေစုပေါင်းပြီး သီတင်းကျွတ်လပြည့်နေ့ မဟာစေတီလှဘုရားပွဲတော်မှာ ပွဲတက်သွားပြီး နဂါးအက ကရင်းနဲ့ ရွှေဖိုးငွေတွေ လှူကြတယ်။ ဘုရားပွဲတော်နေ့မှာ နဂါးအကနဲ့စေတီတော်ကို တစ်ပတ်လှည့်လည်ပြီး ကကြတယ်။ ပြီးတာနဲ့ နဂါးရဲ့ ကိုယ်ထည်ကို ဘုရားမှာ လှူခဲ့တယ်။ ဒါက နှစ်စဉ်လုပ်နေကျအတိုင်းပါပဲ"ဟု သစ်ကျင်းကြီးနဂါးအကအဖွဲ့ ကြီးကြပ်သူ ဦးဇော်မျိုးလွင်က ပြောသည်။

မြန်မာ့ရိုးရာနဂါးအကကို ယခင်က သာစည်နယ်ပိုင် ၆၄ ရွာရှိသည့်အထဲမှ ကျေးရွာ ၂၀ ခန့် ပါဝင်ကပြခဲ့ကြသော်လည်း ယခုအခါတွင် ညောင်ထူးကြီး ကျေးရွာနှင့် သစ်ကျင်းကြီးကျေးရွာ နှစ်ရွာသာ ကပြလျက်ရှိရာ ဘုရားပွဲသို့လာရောက်ကြသည့် ပရိသတ်များ စိတ်ဝင်တစားကြည့်ရှုကြကြောင်း သိရသည်။

ဝင်းဦး(ဇေယျာတိုင်း)

သီတင်းကျွတ်ရုံးပိတ်ရက်တွင် ပျော်ရွှင်ကြသူတို့၏ ဝမ်းသာပီတိစကားသံများ

၂၀၁၈ ခုနှစ် အောက်တိုဘာ ၂၃ ရက်၊ ၂၄ ရက်နှင့် ၂၅ ရက် (မြန်မာသက္ကရာဇ် ၁၃၈၀ ပြည့်နှစ် သီတင်းကျွတ်အဖိတ်နေ့၊ သီတင်းကျွတ်လပြည်နေ့နှင့် သီတင်းကျွတ်လပြည့်ကျော် ၁ ရက်)တို့သည် တရားဝင်ရုံးပိတ်ရက်များဖြစ်သည့်အားလျော်စွာ အဆိုပါရုံးပိတ်ရက်များအတွင်း မိဘဆွေမျိုးများထံပြန်၍ သွားရောက်ကန်တော့ခြင်း၊ ဘုရားဖူးခရီးစဉ်များ သွားရောက်ခြင်းပြုလုပ်ခဲ့ကြသူများ၏ ဝမ်းသာ ပီတိ စကားသံများကို ရေးသားတင်ပြလိုက်ရပါသည်။

မမေသူ

မမြမြဝင်း

မနီလာသိန်း

ကိုကျော်သူမြင့်

မမြသီတာဝင်း

ကိုအောင်စိုးမိုး

မမေသူ

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

ကျွန်မဇာတိက ရန်ကုန်မြို့ဖြစ်ပါတယ်။ နေပြည်တော်မှာ တာဝန်ထမ်းဆောင်နေတဲ့ ဝန်ထမ်းတစ်ဦးဖြစ်ပါတယ်။ အခုလို သီတင်းကျွတ်ရုံးပိတ်ရက်တွေမှာ စိတ်ချမ်းသာ ကိုယ်ချမ်းသာနဲ့ ရန်ကုန်ပြန်ပြီး မိဘတွေကို ကန်တော့ခွင့်ရလို့ ဝမ်းသာတယ်။ ရန်ကုန်က ရေကျော်ဈေး သီတင်းကျွတ်ပွဲတော်ကို သွားရောက်လည်ပတ်ရတဲ့အတွက်လည်း ပျော်တယ်။ အခုလို ရုံးပိတ်ရက်တွေမှာ ပျော်ရွှင်ရတဲ့အတွက် နိုင်ငံ့တာဝန်၊ ပြည်သူ့တာဝန်တွေကို လန်းဆန်းတက်ကြွတဲ့စိတ်တွေနဲ့ ပြန်လည်ထမ်းဆောင်နိုင်မှာ ဖြစ်ပါတယ်။

မမြမြဝင်း(စက်မှုဝန်ကြီးဌာန)

အခုလို သီတင်းကျွတ်ရုံးပိတ်ရက်တွေမှာ မိဘတွေရှိတဲ့ ရန်ကုန်မြို့ကို ပြန်ခွင့်ရတဲ့အတွက် ဝမ်းသာကြည်နူးရပါတယ်။ မိဘတွေကို ကန်တော့တဲ့အခါ မိဘတွေက ဆုမွန်ကောင်းတွေ တောင်းပေးတဲ့အတွက် ကျွန်မစိတ်ထဲမှာ အတိုင်းမသိ ဝမ်းသာရပါတယ်။ အခု ရန်ကုန်ကနေ နေပြည်တော်ကို ပြန်လာတာ ဖြစ်ပါတယ်။ ကျွန်မလိုပဲ သီတင်းကျွတ် ရုံးပိတ်ရက်ရှည်ရတဲ့အတွက် ကျွန်မသူငယ်ချင်းတွေလည်း ဘုရားဖူးထွက်သူထွက်၊ မိဘ၊ ဆရာသမားတွေကို ပြန်ပြီးကန်တော့နဲ့ ပျော်ရွှင်နေကြမယ်လို့ ထင်ပါတယ်။ ရုံးပိတ်ရက်ရှည်တွေရှိတဲ့အတွက် ဝန်ထမ်းတွေအတွက်လည်း စိတ်လက်ပေါ့ပါးလန်းဆန်းစေပါတယ်။

မနီလာသိန်း

ကမ္ဘောဇဘဏ်ခွဲ(၄)၊ နေပြည်တော်

ကျွန်မဇာတိက မိတ္ထီလာမြို့ ဖြစ်ပါတယ်။ သီတင်းကျွတ်ရုံးပိတ်ရက်ရလို့ မိတ္ထီလာမှာနေတဲ့ မိဘတွေဆီ ပြန်လည်ကန်တော့ခြင်းဖြစ်ပါတယ်။ သူငယ်ချင်းတွေလည်း သီတင်းကျွတ်ရုံးပိတ်ရက်တွေရလို့ ပျော်နေကြတယ်။ အခု ဘဏ်ခွဲမှာ ကိုယ်စိတ်နှစ်ပါး လန်းဆန်းစွာနဲ့ ပြန်လည်တာဝန်ထမ်းဆောင်မှာ ဖြစ်ပါတယ်။ ဒီသီတင်းကျွတ်ရုံးပိတ်ရက်တွေမှာ အားလုံး ပျော်ရွှင်ခဲ့ကြလိမ့်မယ်လို့ ယုံကြည်ပါတယ်။

ကိုကျော်သူမြင့်

ယာဉ်မောင်း

မန္တလာမင်းကားအသင်း

ဒီသီတင်းကျွတ်ရုံးပိတ်ရက်တွေမှာ ကျွန်တော်တို့ကားဂိတ်က ကားအားလုံးနီးပါး မိဘရပ်ထံပြန်ကြတဲ့ ဝန်ထမ်းတွေနဲ့ ပြည့်နေပါတယ်။ အခုလို ရုံးပိတ်ရက်တွေမှာ ကျွန်တော်တို့ ကားတွေအတွက်လည်း ပိုပြီးအဆင်ပြေတယ်လို့ ပြောရမှာ ဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ရုံးပိတ်ရက်ရှည်တွေ ပြေးဆွဲရတဲ့ ခရီးသည်ဦးရေနဲ့ သာမန်ရက်တွေပြေးဆွဲရတဲ့ ဦးရေနှိုင်းယှဉ်တဲ့အခါ အခုလိုရုံးပိတ်ရက်တွေမှာ ပြေးဆွဲရတဲ့ခရီးစဉ်တိုင်းမှာ ခရီးသည်အပြည့်တွေချည်းပဲ ဖြစ်နေလို့ပါ။ ကျွန်တော်တို့ ကားဂိတ်က နေပြည်တော်ကို အခြေစိုက်ပြီး မန္တလေး၊ တောင်ကြီး၊ ရန်ကုန်နဲ့ ပြင်ဦးလွင်ပြေးဆွဲပါတယ်။ ကျွန်ဂိတ်တွေကနေ မြို့ပေါင်း ၁၉ မြို့ကို ပြေးဆွဲပါတယ်။ ကျွန်တော်တို့ ကားအသင်းကို အားပေးတဲ့အတွက် အထူးကျေးဇူးတင်ပါတယ်။

မမြသီတာဝင်း

ငါန်းဇွန်မြိုနယ် စာရင်းစစ်ရုံး

ကျွန်မကတော့ စစ်ကိုင်းတိုင်းဒေသကြီး ငါန်းဇွန်မြိုနယ် စာရင်းစစ်ရုံးမှာ တာဝန်ထမ်းဆောင်နေတဲ့ ဝန်ထမ်းတစ်ဦး ဖြစ်ပါတယ်။ ကျွန်မမိဘတွေက နေပြည်တော်မှာ နေထိုင်ကြပါတယ်။ အခုလို သီတင်းကျွတ်ရုံးပိတ်ရက်တွေရတဲ့အတွက် မိဘတွေရှိတဲ့ နေပြည်တော်ကို လာရောက်ကန်တော့ခြင်း ဖြစ်ပါတယ်။ အခု နေပြည်တော်ကနေ ငန်းဇွန်မြို့ကို ပြန်တော့မှာ ဖြစ်ပါတယ်။ အခုလို သီတင်းကျွတ်ရုံးပိတ်ရက်ရှည်ရလို့သာ နေပြည်တော်က မိဘတွေဆီကို လာရောက်ကန်တော့ခွင့်ရတာ ဖြစ်ပါတယ်။ ဒီအတွက်လည်း အတိုင်းမသိ ဝမ်းသာပီတိ ဖြစ်ရပါတယ်။

ကိုအောင်စိုးမိုး

ရွှေစင်စကြံကားအသင်း

အခုလို သီတင်းကျွတ်ရုံးပိတ်ရက်တွေမှာ ကျွန်တော်တို့ ကားအသင်းက တစ်နာရီခြား တစ်စီးလောက် ခရီးသည်အပြည့်နဲ့ ပြေးဆွဲရပါတယ်။ အရင်တုန်းကဆိုရင် နှစ်နာရီခြား တစ်ကြိမ် ပုံမှန်ခရီးသည်လောက်နဲ့ပဲ ပြေးဆွဲနေရတာ ဖြစ်ပါတယ်။ ရုံးပိတ်ရက်တွေမှာ သာမန်ထက်ခရီးသည်အပြည့်နဲ့ ပြေးဆွဲရတယ်လို့ ဆိုရမှာဖြစ်ပါတယ်။ လက်မှတ်ခနှုန်းထားတွေကတော့ ပုံမှန်အတိုင်းပါပဲ။ အခုသီတင်းကျွတ်ရုံးပိတ်ရက်မှာ ခရီးသည်အပြည့်နဲ့ ခရီးစဉ်ပြေးဆွဲရတဲ့အပြင် တစ်ချိန်ကို မော်တော်ယာဉ်နှစ်စီးကနေ သုံးစီးအထိ ပြေးဆွဲရပါတယ်။ ကျွန်တော်တို့ ကားအသင်းကလည်း ခရီးသွားတွေကို ဝန်ဆောင်မှုအပြည့်နဲ့ ပြေးဆွဲပေးနေခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့ ကားအသင်းကို အားပေးတဲ့ခရီးသည်အပေါင်း စိတ်ချမ်းသာ ကိုယ်ကျန်းမာ ရှိကြပါစေလို့ ဆုမွန်ကောင်းတောင်းပေးချင်ပါတယ်။

အမေးနှင့် အရေး - မောင်ဇော်(ကလေး၀)၊ဓာတ်ပုံ-ထန်းဇုန်

မကွေး မြသလွန်စေတီတော်မြတ်ကြီး (၂၅၈၂)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်ကျင်းပ

မကွေး အောက်တိုဘာ ၂၅

မကွေးမြို့ သမိုင်းဝင် မြသလွန်စေတီတော်မြတ်ကြီး၏ (၂၅၈၂) ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော် အကြိမ်(၃၀)မြောက် ဆီမီး ၉၀၀၀ ကပ်လှူပူဇော်ပွဲကို ၁၃၈၀ ပြည့်နှစ် သီတင်းကျွတ်(လပြည့်နေ့) ယမန်နေ့ ညနေ ၆ နာရီက မြသလွန်စေတီ ရင်ပြင်တော် မဟာအတုလရံသီ တန်ဆောင်းတော်၌ ကျင်းပသည်။ **(ဝဲပုံ)**

ဆီမီး ၉၀၀၀ ကပ်လှူပူဇော်ပွဲတွင် တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာခင်မောင်အေးက ဆီမီးထွန်းညှိပူဇော်၍ အခမ်းအနားကို ဖွင့်လှစ်ပြီး တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးဇော်မျိုးဝင်းနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများနှင့် ဇည့်သည်တော်များက ဆီမီးထွန်းညှိပူဇော်ခဲ့ကြသည်။

ထို့နောက် မြသလွန်စေတီတော်မြတ်ကြီးအား ဆီမီး ၉၀၀၀ ပူဇော်နေမှုကို မကွေးတိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာခင်မောင်အေးနှင့် ဖိတ်ကြားထားသည့် ဇည့်သည်တော်များက ယူဘီရေယာဉ်ဖြင့် ဇရာဝတီမြစ်အတွင်းမှ ဖူးမြော်ကြည်ညိုခဲ့ကြသည်။

မကွေးမြို့မြသလွန်စေတီတော်မြတ်ကြီး၏ ဘုရားပွဲတော်ကို နှစ်စဉ် သီတင်းကျွတ်လဆန်း ၁၀ ရက်မှ သီတင်းကျွတ်လကုန်အထိ ရက် ၂၀ ကြာ ကျင်းပမည်ဖြစ်ပြီး သီတင်းကျွတ်လပြည့်နေ့က ပန်း ၉၀၀၀၊ ဆွမ်းများ၊ သစ်သီးများနှင့် ဆီမီး ၉၀၀၀ ကပ်လှူပူဇော်ခြင်း၊ သီတင်းကျွတ်လပြည့်ကျော် ၁ ရက်နေ့ ယနေ့မွန်းလွဲပိုင်းတွင် မကွေးမြို့ပေါ်ရှိ ကျောင်းတိုက်များမှ သံဃာအပါး ၂၀၀၀ ကျော်တို့ကို တိုင်းဒေသကြီး အစိုးရအဖွဲ့၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများ၊ စေတနာရှင် အလှူရှင်များက ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းများကို စည်ကားသိုက်မြိုက်စွာ လောင်းလှူခဲ့ကြကြောင်း သိရသည်။

သန်းနိုင်ဦး(ငဖဲ)

မန္တလေးမြို့ရှိ ကျောက်တော်ကြီးဘုရားပွဲသို့ လာရောက်လည်ပတ်သူများ အထူးစည်ကား

မန္တလေး အောက်တိုဘာ ၂၅

မန္တလေးမြို့အောင်မြေသာစံမြို့နယ်တွင် တည်ရှိသော အကြိမ်(၁၃၀)မြောက် မဟာသကျမာရဇိန် ကျောက်တော်ကြီး ဘုရားပွဲတော်ကြီးကို သီတင်းကျွတ်လဆန်း ၁၃ ရက်မှစ၍ လပြည့်ကျော် ၇ ရက်အထိ ၁၀ ရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိရာ ဘုရားဖူးပြည်သူများ၊ လာရောက်လည်ပတ်သူများဖြင့် အထူးစည်ကား များပြားလျက်ရှိသည်။

"ဒီနှစ်က ဘုရားပွဲစတဲ့ရက်တွေမှာ ရုံးပိတ်ရက်တွေ၊ ကျောင်းပိတ်ရက်တွေ ဖြစ်နေတော့ ဘုရားဖူးတွေ၊ လာရောက်လည်ပတ်သူတွေ ကြက်ပုံမကျစည်ကားပါတယ်။ ဘုရားဖူးပြည်သူတွေ အဆင်ပြေစေရန် ဘုရားဝင်းကြီးကို နံနက် ၄ နာရီခွဲကနေ ည ၁၂ နာရီအထိ ပွဲတော်ကာလ ၁၀ ရက်လုံး ဖွင့်လှစ်ပေးထားပါတယ်။ ပွဲစျေးဆိုင်တန်းမှာလည်း မြန်မာ့ရိုးရာ ပစ္စည်းတွေ၊ မြန်မာ့ရိုးရာအစားအစာတွေ၊ စဉ်ထည်ပစ္စည်းတွေ၊ လယ်ယာသုံးပစ္စည်းတွေ၊ လူမှုအသုံးအဆောင်ပစ္စည်းတွေ၊ နေဘက်ပြီး ဇရာဝတီတိုင်း ပန်းတနော်ကဖျာသည်တွေ၊ ပခုက္ကူဘက်က စောင်သည်တွေ၊ အခြားအနယ်နယ်အရပ်ရပ်ကလာရောင်းတဲ့ စျေးသည်တွေလည်း ပါတယ်။ ဘုရားပွဲတော်ကြီးမှာ အနယ်နယ်အရပ်ရပ်က လာရောက်ရောင်းချသူတွေ၊ စျေးဝယ်သူတွေ အထူးစည်ကားလျက်ရှိပါတယ်"ဟု ကျောက်တော်ကြီးဘုရားဂေါပကအဖွဲ့ဝင် ဦးတင်မောင်ကြည်က ပြောသည်။

အဆိုပါ ဘုရားပွဲတော်ကို နှစ်စဉ်ကျင်းပလာခဲ့သည်မှာ ယခုအကြိမ်နှင့် ဆိုလျှင် (၁၃၀)မြောက် ရှိပြီဖြစ်ကြောင်း၊ ပွဲတော်ကြီးကို နှစ်စဉ်လာရောက်သည့် ဂေါစရမ်(ဂေါစဉ်)ရွာ၊ စကျင်ရွာ၊ ပုသိမ်ကြီး၊ ကံတက်ကုန်း၊ ဘိုးတက်ကုန်း၊ ရွာရှည်၊ ငွေးချိုကုန်း၊ မိုင်ကုန်း၊ ဆင်ရွာကြီး အစရှိသော ကျေးရွာများနှင့် အခြားကျေးရွာများလည်း ပါဝင်ကြောင်း၊ ကျောက်တော်ကြီးဘုရားဝန်းကျင်ရှိ ဘုန်းတော်တိုး၊ အနိုပ်တော်၊ ဥပုသ်တော်၊ ဒေါနဘွား အစရှိသော ရပ်ကွက်များနှင့် အခြားရပ်ကွက်များမှလည်း နှစ်စဉ်လာရောက်သူများ ရှိကြောင်း၊ ဗုဒ္ဓပူဇနီယပွဲတော်တွင် သံဃာ့ဒါန ဆွမ်းလောင်းလှူပွဲကို သီတင်းကျွတ်လပြည့်ကျော် ၃ ရက်တွင် သံဃာတော်အပါး ၂၁၆၀ ကို သံဃဒါန ဆွမ်းလောင်းလှူပွဲ ကျင်းပသွားမည်ဖြစ်ကြောင်း၊ ညပိုင်းတွင် ဇာတ်ပွဲများလည်း ပါဝင်ကြောင်း ၎င်းက ဆက်လက်ပြောသည်။

မန္တလေးမြို့၏ အစည်ကားဆုံး ဘုရားပွဲတော်တစ်ခုဖြစ်သော ကျောက်တော်ကြီးဘုရားပွဲတော်သို့ ရပ်ဝေးရပ်နီးမှ ဘုရားဖူးပြည်သူများ၊ လာရောက်လည်ပတ်သူများသာမက မန္တလေးမြို့သို့ ရောက်ရှိနေသော ကမ္ဘာလှည့်ခရီးသွားများပါ စိတ်ဝင်တစား လာရောက်လည်ပတ်လျက်ရှိသောကြောင့် အထူးစည်ကားသော ပွဲတော်တစ်ခုဖြစ်ကြောင်း သိရသည်။

သန်းဇော်မင်း(ပြန်/ဆက်)

ဘိုကလေးမြို့၌ ဗုဒ္ဓရုပ်ဖွားတော် ဒေသစာရီလှည့်လည်အပူဇော်ခံ

ဘိုကလေး အောက်တိုဘာ ၂၅

ဖျာပုံခရိုင် ဘိုကလေးမြို့နယ်၌ ဝါတွင်းသုံးလပတ်လုံးနတ်ပြည်တွင် တရားဟောကြားပြီး သီတင်းကျွတ်လပြည့်နေ့ညတွင် တာဝတိ$သာနတ်ပြည်မှ လူပြည်သို့ ပြန်လည်ကြွမြန်းလာခဲ့သော တာဝတိ$သာမြတ်စွာဘုရားရုပ်ပွားတော် မြို့တွင်းသို့ ယနေ့နံနက်ပိုင်းက ဒေသစာရီ လှည့်လှည်အပူဇော်ခံ ကြွမြန်းခဲ့သည်။

လှည့်လည်အပူဇော်ခံရာ လမ်းတစ်လျှောက်၌ လှူဖွယ်ဝတ္ထုများနှင့် ပန်း၊ ဆီမီးများ လှူဒါန်းဆက်ကပ်ခဲ့ကြပြီး လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူးနှင့်ဝန်ထမ်းများ၊ ဌာနပေါင်းစုံမှ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်ကွက်/ကျေးရွာများမှ အုပ်ချုပ်ရေးမှူးများ ပါဝင်ဆောင်ရွက်ခဲ့ကြပြီး ဗြဟ္မစိုရ်ဝတ်ရွတ်အဖွဲ့မှ ဒေသစာရီလှည့်လည်ရာ လမ်းတစ်လျှောက်ရွတ်ဖတ်ပူဇော်ခဲ့ကြသည်။

ဒေသစာရီ လှည့်လည်အပူဇော်ခံရာတွင် ရန်ပြေမာန်ပြေအောင်စကြာ ဘုရားကြီးရှေ့မှ စတင်ထွက်ခွာ၍ ကမ်းနားလမ်းတစ်လျှောက်၊ ဒုတိယလမ်း၊ တတိယလမ်းနှင့် မြို့ပတ်တာသို့ ဒေသစာရီလှည့်လည်အပူဇော်ခံမည်ဖြစ်ကြောင်း သိရသည်။

ဘိုကလေး(ပြန်/ဆက်)

ရေကျော်သီတင်းကျွတ်မီးထွန်းပွဲတော် နောက်ဆုံးည အေးချမ်းပျော်ရွှင်စွာဖြင့် ကြိတ်ကြိတ်တိုး စည်ကား

ရန်ကုန် အောက်တိုဘာ ၂၅

ရန်ကုန်မြို့ပုဇွန်တောင်ရေကျော်သီတင်းကျွတ်မီးထွန်းပွဲတော်ကို ယနေ့ည အောက်တိုဘာ ၂၅ ရက်တွင် ယခုနှစ်၏ နောက်ဆုံးညအဖြစ်ကျင်းပရာ လာရောက်လည်ပတ်သူ ပြည်သူများဖြင့် ကြိတ်ကြိတ်တိုးစည်ကားလျက်ရှိသည်ကို တွေ့ရသည်။ **(ယာပုံ)**

မိုးရာသီကုန်ဆုံးပြီးနောက် ရန်ကုန်မြို့တွင် ပထမဆုံးစတင်ကျင်းပသော ရေကျော်သီတင်းကျွတ်မီးထွန်းပွဲတော်ကို အောက်တိုဘာ ၂၁ ရက်မှ ၂၅ ရက်အထိ ကျင်းပနေခြင်းဖြစ်သည်။

ပွဲတော်ရက်အတွင်း ပြည်သူများ လာရောက်လည်ပတ်မှုအကြောင်းကို ပုဇွန်တောင် အမှတ် (၁၀) ရပ်ကွက်မှ ပွဲတော်ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးဆန်းထွန်းဦးက "ပထမရက်နဲ့ ဒုတိယရက်က မိုးနည်းနည်းရွာတော့ လည်တဲ့သူတွေလည်း မိုးရေကြောက်တာပေါ့။ ဒါပေမယ့် ညပိုင်းတွေမှာတော့ မိုးတိတ်သွားပါတယ်။ တတိယနေ့ကနေ နောက်ဆုံးနေ့ညအထိ တော်တော်စည်တယ်။ မနေ့ကဆိုရင် လူတောင် တိုးလို့မပေါက်ဘူး" ဟု ပြောကြားသည်။

မီးထွန်းပွဲတော်ကျင်းပ

မီးထွန်းပွဲတော်ကျင်းပရာ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်ဘုရားလမ်း၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ဗိုလ်မြတ်ထွန်းလမ်း၊ အထက်ပုဇွန်တောင်လမ်းမကြီးနှင့် ရေကျော်လမ်းမကြီးများတွင် လာရောက်လည်ပတ်သူပြည်သူများ၊ ပွဲတော်စျေးရောင်းချသူများဖြင့် ပြည့်ကျပ်လျက်ရှိသည်။

ပွဲတော်လာပြည်သူများ လုံခြုံရေးအတွက် လုံခြုံရေးနှင့် စည်းကမ်းထိန်းသိမ်းရေးကွပ်ကဲရုံးဖွင့် ဆောင်ရွက်ပေးထားပြီး ပွဲတော်ကာလအတွင်း ရန်ဖြစ်ခြင်း၊ ထိခိုက်ဒဏ်ရာ အနာတရရှိခြင်း၊ ခါးပိုက်နှိုက်မှုတစ်စုံတစ်ရာမရှိကြောင်း ပုဇွန်တောင်မြို့မရဲစခန်းရဲတပ်ဖွဲ့ဝင်များထံမှ သိရသည်။

ထင်ပေါ်ဝင်း(ကမာရွတ်)

ရှေသောင်ယံနှင့် ချောင်းသာကို ဆက်သွယ်သည့် ရှေသောင်ယံတံတား(မကျီးချောင်း) ရာနှုန်းပြည့်ပြီးစီး

ချောင်းသာ အောက်တိုဘာ ၂၅

ဧရာဝတီတိုင်းဒေသကြီးရှိ ပင်လယ်တွင်းမှ မြို့တစ်မြို့ဖြစ်သည့် ရှေသောင်ယံနှင့် ချောင်းသာ ကမ်းခြေမြို့တို့ကို ဆက်သွယ်ထိုးပေးလိုက်သည့် ရှေသောင်ယံတံတား(မကျီးချောင်း)သည် ယခုအခါတည်ဆောက်မှု ရာနှုန်းပြည့်ပြီးစီးနေပြီဖြစ်၍ မကြာမီ ဖွင့်လှစ်နိုင်ရန် သက်ဆိုင်ရာမှ စီစဉ်လျက်ရှိသည်။

ရှေသောင်ယံတံတား (မကျီးချောင်း)သည် ဧရာဝတီတိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေကျပ်သန်း ၂၆၇၀ဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန တံတားအထူးအဖွဲ့(၁၅) က တာဝန်ယူ၍ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်(၁၂.၆.၂၀၁၇)ရက်နေ့က စတင်တည်ဆောက်ခဲ့သော တံတားဖြစ်သည်။

ရာနှုန်းပြည့်ပြီးစီးနေပြီဖြစ်၍ မကြာမီဖွင့်လှစ်တော့မည့်ရှေသောင်ယံတံတား(မကျီးချောင်း)ကို တွေ့ရစဉ်။

အဆိုပါ တံတားမှာ ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင် ပင်လယ်ရှိ ရှေသောင်ယံမြို့နှင့် ချောင်းသာကို ဆက်သွယ်သောတံတားဖြစ်ပြီး တံတားအရှည်မှာ ၂၅၂မီတာ (ပေအားဖြင့် ၈၂၆ ပေ ၉ လက်မ)ရှိသည်။

တံတားအမျိုးအစားမှာ တံတားကိုယ်ထည်နှင့် တံတားအပေါ်ထည်တို့မှာ သံကူကွန်ကရစ်ဖြစ်ပြီး ယာဉ်သွားလမ်းအကျယ် ၂၄ ပေ၊ လူသွားလမ်းအကျယ် တစ်ဖက်လျှင် သုံးပေစီပါဝင်ပြီး ရေလမ်းကင်းလွတ် အကျယ် ၅၁ ပေ နှစ်လက်မ၊ ရေလမ်းကင်းလွတ်အမြင့် ၁၂ ပေရှိသည်။

အဆိုပါ ရှေသောင်ယံတံတား(မကျီးချောင်း)ဖွင့်လှစ်ပြီးပါက ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ လပွတ္တာခရိုင်၊ မြောင်းမြခရိုင်၊ ဟသံတခရိုင်၊ ဗျာပုံခရိုင်၊ ပုသိမ်ခရိုင် ငါးခရိုင်၊ မြိုနယ်ပေါင်း ၂၆ မြို့နယ်၊ မြို့ပေါင်းခုနစ်မြို့နှင့် ပင်လယ်တွင်းရှိ ရှေသောင်ယံတို့မှ ပြည်သူများသည် ဧရာဝတီတိုင်းဒေသကြီး အတွင်းနှင့် ရခိုင်ပြည်နယ်အတွင်း ကုန်းလမ်းမှ ဥဒဟိုဝင်ထွက်သွားလာနိုင်ကြပြီး လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး စသောကိစ္စများ ဖွံ့ဖြိုးလာတော့မည်ဖြစ်သည်။

ခရမ်း- စိုးမြင့်

ဗြိတိသျှ ကိုလိုနီခေတ် ရခိုင်ပြည်ရှိ ရေကြီးရေလွှမ်းမှုများ

ကျောက်ဖြူ အောက်တိုဘာ ၂၅

ရခိုင်ပြည်နယ်ရှိ ကျောက်ဖြူမြို့ကို ဗြိတိသျှ ကိုလိုနီခေတ်ကာလ ရေကြီးရေလွှမ်းခဲ့ကြောင်း ရှေးဟောင်းသုတေသီ ဒေါက်တာ ကျော်ဇင်ထွန်းက ပြောကြားခဲ့ပြီး ယခုခေတ်ကာလ ရေကြီးရေလွှမ်းမှုများ ကြုံတွေ့ရသည့် ကျေးရွာများ ပြန်လည်ထူထောင်ရန် ကူညီပေးနိုင်ကြောင်း ပြောကြားခဲ့ပြီး ဖြစ်ပေါ်ခဲ့ရသော ရေကြီးရေလွှမ်းမှုများ ကြောင့် ကျေးရွာ ၁၀ ခုခန့် ပျက်စီးခဲ့ကြောင်း ဒေသခံများ ပြောကြားခဲ့ကြောင်း သိရသည်။

ကမ္ဘာ့ဘဏ်ရန်ပုံငွေ ကျပ်သိန်း ၂၀ ကျော် ရခိုင်ပြည်ရှိ ရေကန်ကြီးများ ပြုပြင်

ကျောက်ဖြူ အောက်တိုဘာ ၂၅

ကမ္ဘာ့ဘဏ်ရန်ပုံငွေ ကျပ်သိန်း ၂၀ ကျော်ကုန်ကျခဲ့ပြီး ရခိုင်ပြည်နယ်ရှိ ရေကန်ကြီးများ ပြုပြင်ခဲ့ကြောင်း ရခိုင်ပြည်နယ်ရေရေးနှင့် ရေလုပ်ငန်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဆိုက ပြောကြားခဲ့ပြီး ယခုနှစ် ရေကန်ကြီး ၁ ခုကို ပြုပြင်ခဲ့ကြောင်း ပြောကြားခဲ့ပြီး ဖြစ်ပေါ်ခဲ့ရသော ရေကြီးရေလွှမ်းမှုများ ကြောင့် ကျေးရွာ ၁၀ ခုခန့် ပျက်စီးခဲ့ကြောင်း ဒေသခံများ ပြောကြားခဲ့ကြောင်း သိရသည်။

ရခိုင်ပြည်ရှိ ရေကြီးရေလွှမ်းမှုများ ကြောင့် ကျေးရွာ ၁၀ ခုခန့် ပျက်စီး

ကျောက်ဖြူ အောက်တိုဘာ ၂၅

ရခိုင်ပြည်နယ်ရှိ ကျောက်ဖြူမြို့ကို ဗြိတိသျှ ကိုလိုနီခေတ်ကာလ ရေကြီးရေလွှမ်းခဲ့ကြောင်း ရှေးဟောင်းသုတေသီ ဒေါက်တာ ကျော်ဇင်ထွန်းက ပြောကြားခဲ့ပြီး ယခုခေတ်ကာလ ရေကြီးရေလွှမ်းမှုများ ကြုံတွေ့ရသည့် ကျေးရွာများ ပြန်လည်ထူထောင်ရန် ကူညီပေးနိုင်ကြောင်း ရခိုင်ပြည်နယ်ရေရေးနှင့် ရေလုပ်ငန်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဆိုက ပြောကြားခဲ့ပြီး ယခုနှစ် ရေကန်ကြီး ၁ ခုကို ပြုပြင်ခဲ့ကြောင်း ပြောကြားခဲ့ပြီး ဖြစ်ပေါ်ခဲ့ရသော ရေကြီးရေလွှမ်းမှုများ ကြောင့် ကျေးရွာ ၁၀ ခုခန့် ပျက်စီးခဲ့ကြောင်း ဒေသခံများ ပြောကြားခဲ့ကြောင်း သိရသည်။

ရှေသောင်ယံနှင့် ချောင်းသာကို ဆက်သွယ်သည့် ရှေသောင်ယံတံတား(မကျီးချောင်း) ရာနှုန်းပြည့်ပြီးစီး

ချောင်းသာ အောက်တိုဘာ ၂၅

ဧရာဝတီတိုင်းဒေသကြီးရှိ ပင်လယ်တွင်းမှ မြို့တစ်မြို့ဖြစ်သည့် ရှေသောင်ယံနှင့် ချောင်းသာ ကမ်းခြေမြို့တို့ကို ဆက်သွယ်ထိုးပေးလိုက်သည့် ရှေသောင်ယံတံတား(မကျီးချောင်း)သည် ယခုအခါတည်ဆောက်မှု ရာနှုန်းပြည့်ပြီးစီးနေပြီဖြစ်၍ မကြာမီ ဖွင့်လှစ်နိုင်ရန် သက်ဆိုင်ရာမှ စီစဉ်လျက်ရှိသည်။

ရှေသောင်ယံတံတား (မကျီးချောင်း)သည် ဧရာဝတီတိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေကျပ်သန်း ၂၆၇၀ဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန တံတားအထူးအဖွဲ့(၁၅) က တာဝန်ယူ၍ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်(၁၂.၆.၂၀၁၇)ရက်နေ့က စတင်တည်ဆောက်ခဲ့သော တံတားဖြစ်သည်။

ရာနှုန်းပြည့်ပြီးစီးနေပြီဖြစ်၍ မကြာမီဖွင့်လှစ်တော့မည့်ရှေသောင်ယံတံတား(မကျီးချောင်း)ကို တွေ့ရစဉ်။

အဆိုပါ တံတားမှာ ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင် ပင်လယ်ရှိ ရှေသောင်ယံမြို့နှင့် ချောင်းသာကို ဆက်သွယ်သောတံတားဖြစ်ပြီး တံတားအရှည်မှာ ၂၅၂မီတာ (ပေအားဖြင့် ၈၂၆ ပေ ၉ လက်မ)ရှိသည်။

တံတားအမျိုးအစားမှာ တံတားကိုယ်ထည်နှင့် တံတားအပေါ်ထည်တို့မှာ သံကူကွန်ကရစ်ဖြစ်ပြီး ယာဉ်သွားလမ်းအကျယ် ၂၄ ပေ၊ လူသွားလမ်းအကျယ် တစ်ဖက်လျှင် သုံးပေစီပါဝင်ပြီး ရေလမ်းကင်းလွတ် အကျယ် ၅၁ ပေ နှစ်လက်မ၊ ရေလမ်းကင်းလွတ်အမြင့် ၁၂ ပေရှိသည်။

အဆိုပါ ရှေသောင်ယံတံတား(မကျီးချောင်း)ဖွင့်လှစ်ပြီးပါက ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ လပွတ္တာခရိုင်၊ မြောင်းမြခရိုင်၊ ဟသံတခရိုင်၊ ဗျာပုံခရိုင်၊ ပုသိမ်ခရိုင် ငါးခရိုင်၊ မြိုနယ်ပေါင်း ၂၆ မြို့နယ်၊ မြို့ပေါင်းခုနစ်မြို့နှင့် ပင်လယ်တွင်းရှိ ရှေသောင်ယံတို့မှ ပြည်သူများသည် ဧရာဝတီတိုင်းဒေသကြီး အတွင်းနှင့် ရခိုင်ပြည်နယ်အတွင်း ကုန်းလမ်းမှ ဥဒဟိုဝင်ထွက်သွားလာနိုင်ကြပြီး လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး စသောကိစ္စများ ဖွံ့ဖြိုးလာတော့မည်ဖြစ်သည်။

ခရမ်း- စိုးမြင့်

ကမ္ဘာ့ဘဏ်ရန်ပုံငွေ ကျပ်သိန်း ၂၀ ကျော် ရခိုင်ပြည်ရှိ ရေကန်ကြီးများ ပြုပြင်

ကျောက်ဖြူ အောက်တိုဘာ ၂၅

ကမ္ဘာ့ဘဏ်ရန်ပုံငွေ ကျပ်သိန်း ၂၀ ကျော်ကုန်ကျခဲ့ပြီး ရခိုင်ပြည်နယ်ရှိ ရေကန်ကြီးများ ပြုပြင်ခဲ့ကြောင်း ရခိုင်ပြည်နယ်ရေရေးနှင့် ရေလုပ်ငန်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဆိုက ပြောကြားခဲ့ပြီး ယခုနှစ် ရေကန်ကြီး ၁ ခုကို ပြုပြင်ခဲ့ကြောင်း ပြောကြားခဲ့ပြီး ဖြစ်ပေါ်ခဲ့ရသော ရေကြီးရေလွှမ်းမှုများ ကြောင့် ကျေးရွာ ၁၀ ခုခန့် ပျက်စီးခဲ့ကြောင်း ဒေသခံများ ပြောကြားခဲ့ကြောင်း သိရသည်။

ကော့သောင်းမြို့နယ်၌ လက်နက်ခဲယမ်းများနှင့် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

နေပြည်တော် အောက်တိုဘာ ၂၅

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့သည် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းများ အရှိန်မြင့်ဆောင်ရွက်လျက်ရှိရာ ကော့သောင်းမြို့နယ်၌ လက်နက်ခဲယမ်းများနှင့် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၂၄ ရက် မွန်းတည့် ၁၂ နာရီတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စု(၃၄)(ကော့သောင်း) မှတပ်ဖွဲ့ဝင်များနှင့် မာရမ်းနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ကော့သောင်းမြို့နယ် ခမောက်ကြီးမြို့ ဖော့သုတ်ကျေးရွာရှိ နိုင်အေကဖွန်(ခ) နိုင်အက် (၃၈ နှစ်) (ထိုင်း)၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းအား နေအိမ်တွင်တွေ့ရှိပြီး အိပ်ခန်းအတွင်းမှ အိုက်စ် ၈၇၄ ဒသမ ၈ ဂရမ်၊ စိတ်ကြွရူးသွပ်ဆေးပြား ၁၄၀၀ ၊ ဆေးခြောက် ၂၇၄ ဂရမ်၊ ပွိုင့် ၂၂ ပြောင်းရှည်သေနတ် တစ်လက်၊ ၎င်းကျည်ကတ်တစ်ခု၊ ကျည် ၃၉ တောင့်၊ ပစ္စတိုသေနတ် ၁ လက်၊ ၎င်းကျည်ကတ် ၁ ခု၊ ၉ မမကျည်အတောင့် ၇၀၊ ဂရမ် ချိန်စက်တစ်လုံးတို့ကို ရှာဖွေသိမ်းဆည်းရမိခဲ့သည်။

ဆက်လက်၍ပူးပေါင်းအဖွဲ့သည်ခမောက်ကြီးမြို့ဖော့သုတ်ကျေးရွာ ဘုန်းကြီးကျောင်းလမ်းနေ နိုင်ချွတ် (၄၅ နှစ်)(ထိုင်း) ၏နေအိမ်ကို ဝင်ရောက်ရှာဖွေရာ နေအိမ်ရှေ့တွင် ယင်းကျေးရွာနေ ကြေးရစ်(၃၈ နှစ်) (ထိုင်း) အား တွေ့ရှိ၍ ရှာဖွေရာ လွယ်အိတ်အတွင်းမှ အိုက်စ် ၄ ဒသမ ၃ ဂရမ်တို့ တွေ့ရှိသိမ်းဆည်းရမိခဲ့ပြီး နိုင်ချွတ်၏နေအိမ်အတွင်း ဆက်လက်ရှာဖွေရာ WY စာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၄၄၈၀ ၊ အိုက်စ် ၅၀၀ ဂရမ်ခန့် ကို လည်းကောင်း၊ ပွိုင့် ၃၈ ခြောက်လုံးပြူးသေနတ် တစ်လက်၊ ၎င်းကျည် ၁၅ တောင့်၊ ပွိုင့် ၃၂ ခြောက်လုံးပြူးသေနတ်တစ်လက်တို့ကို လည်းကောင်း တွေ့ရှိသိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ပူးပေါင်းအဖွဲ့သည် ဖော့သုတ်ကျေးရွာ ခမောက်ကြီးမြို့နေ မိုးဇော်ဦး ၄၂ နှစ်၏နေအိမ်ကို ဝင်ရောက်ရှာဖွေရာ နေအိမ်တွင် ၎င်းအားတွေ့ရှိပြီး WY စာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၁၅ ပြား၊ အိုက်စ် ၀ ဒသမ ၅ ဂရမ်ခန့်နှင့် မူးယစ်ဆေးဝါးသုံးစွဲသည့် ကိရိယာများအား သိမ်းဆည်းရမိခဲ့သည်။

ဆက်လက်၍ ဖော့သုတ်ကျေးရွာအဝင်ဝလမ်းတွင် စောင့်ဆိုင်းနေစဉ် အဆိုပါကျေးရွာနေ စိုးပြည့်ကျော် (၂၀ နှစ်) မောင်းနှင်လာသည့်ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ ၎င်းထံမှ WY စာတန်းပါ ပန်းရောင်စိတ်ကြွ ရူးသွပ်ဆေးပြား ၃၄ ပြားနှင့် အိုက်စ် ၀ ဒသမ ၁ ဂရမ်ခန့်တို့ကို တွေ့ရှိသိမ်းဆည်း ရမိခဲ့ပြီး စုစုပေါင်းစိတ်ကြွရူးသွပ်ဆေးပြား ၅၉၂၉ ပြား (ဒေသ ကာလ ပေါက်ဈေးတန်ဖိုးငွေကျပ် ၁၇၇ ဒသမ ၈၇ သိန်း)၊ အိုက်စ် (မက်သာဖက်တမင်း) ၁၃၇၉ ဒသမ ၇ ဂရမ်ခန့် (ဒေသ ကာလ ပေါက်ဈေးတန်ဖိုးငွေကျပ် ၂၇၅ ဒသမ ၉၄ သိန်း)၊ ဆေးခြောက် ၂၇၄ ဂရမ် (ဒေသကာလပေါက်ဈေးတန်ဖိုးငွေကျပ် ၇၄၁၀၀) နှင့် သေနတ်လေးလက်တို့ကို သိမ်းဆည်းရမိခဲ့သည်။

နိုင်အေကဖွန်၊ ကြေးရစ်၊ နိုင်ချွတ်၊ မိုးဇော်ဦးနှင့် စိုးပြည့်ကျော်တို့အား သက်သေခံပစ္စည်းများနှင့်အတူ တွေ့ရစဉ်။

သို့ဖြစ်၍ နိုင်အေကဖွန်၊ ကြေးရစ်၊ နိုင်ချွတ်၊ မိုးဇော်ဦးနှင့် စိုးပြည့်ကျော်တို့ကို သက်ဆိုင်ရာရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေဖြင့် အသီးသီးအမှုဖွင့်အရေးယူပြီး ကွင်းဆက်များ ဖော်ထုတ်စစ်ဆေးလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

မြန်မာ့ရုပ်မြင်သံကြား

၂၆-၁၀-၂၀၁၈ (သောကြာနေ့)

နံနက်ပိုင်း

- ၆း၀၀ - မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၃၅ - MRTV Travelogue
- ၈း၃၅ - မျက်မှောက်ရေးရာ အဖြာဖြာ
- ၉း၁၀ - "ကျောက်မျက်ရတနာ သင်တန်းကျောင်း"
- ၁၀း၃၅ - လူမှုဘီးဗွာမြင်ကွင်းများ
- ၁၁း၃၅ - အလုပ်သမားရေးရာ အစီအစဉ်
- ၁၂း၃၅ - မြန်မာဇာတ်လမ်းတွဲ "ဆေးရုံမှတ်တမ်း" (အပိုင်း-၁၃)
- ၁၄း၁၅ - မှတ်မှတ်ထင်ထင် မြန်မာ့ရုပ်ရှင် "ကြည်ပြာ" (အပိုင်း-၄)

ညပိုင်း

- ၁၇း၀၅ - ကျန်းမာရေးမဂ္ဂဇင်း
- ၁၈း၄၅ - သုံးသပ်ရှုမြင်မြန်မာ့ရုပ်ရှင် "တော်တော်ဖြစ်နေလား" + "ကြေးကြီးတယ်"
- ၂၀း၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၂၀း၃၅ - **၂၀၁၈ ခုနှစ်၊ ကြားဖြတ် ရွေးကောက်ပွဲ၊ နိုင်ငံရေးပါတီများ၏ဟောပြောချက် "အမျိုးသား တိုးတက်ရေးပါတီ"**
- **"ရွေးကောက်ပွဲကန့်ကွက်လွှာတင်သွင်းခြင်းနှင့် ဥပဒေ"**
- "အရေးကြုံရင် ကြေးမုံရှိတယ်"

ဘီလူးမြို့ကျေးရွာ၌ ရွှေထည်ပစ္စည်းနှင့်ငွေခိုးယူသူအား မူးယစ်ဆေးဝါးများနှင့်အတူ ဖမ်းဆီးရမိ

မိုးညှင်း အောက်တိုဘာ ၂၅

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် ဘီလူးမြို့ကျေးရွာတွင် ငွေကျပ် ၁၂၀၀၀၀နှင့် ရွှေထည်ပစ္စည်းများ ခိုးယူသူကို ဖမ်းဆီးရာမှ မူးယစ်ဆေးဝါးများနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၂၃ ရက်ည ၈နာရီက မိုးညှင်းမြို့နယ် ဘီလူးမြို့ကျေးရွာနေ ဒေါ်ဖြူဝင်းသည် တောင်ပေါ်ဘုရားတွင် ဥပုသ်သီလဆောက်တည်ရန် ညအိပ်သွားရောက်ပြီး အောက်တိုဘာ ၂၄ရက် ညနေ ၆နာရီတွင် နေအိမ်သို့ ပြန်ရောက်စဉ် အိပ်ခန်းတံခါးသော့ပတ္တာမှာ ရိုက်ဖျက်ခံထားရသည်ကိုတွေ့ရပြီး စစ်ဆေးကြည့်ရာ အိပ်ခန်းအတွင်းရှိ ဝီရိုအတွင်းရှိ ငွေကျပ် ၁၂၀၀၀၀ နှင့် ရွှေတစ်မတ်သားဖြင့် ပြုလုပ်ထားသော စိန်ပတ်ကျောက်စီနားကပ်တစ်ရန်၊ ရွှေတစ်မတ်သားဖြင့် ပြုလုပ်ထားသောပတ္တာ မြားခြေယ်နားကပ်တစ်ရန်၊ ရွှေသုံးပဲသားဖြင့် ပြုလုပ်ထားသော ကျောက်အနက်နားကပ်တစ်ရန်၊ ရွှေသုံးပဲသားဖြင့်ပြုလုပ်ထားသောကျောက်စိမ်းနားကပ်တစ်ရန်၊ ရွှေသုံးပဲသားဖြင့် ပြုလုပ်ထားသော စိန်နားကပ်တစ်ရန်၊ အခေါက်ရွှေငါးမူးသားဖြင့်ပြုလုပ်ထားသော မောင်းကွင်းလက်စွပ်တစ်ကွင်း၊ ရွှေတစ်မတ်သားဖြင့် ပြုလုပ်ထားသော စိန်ပတ်ကျောက်စိမ်းလက်စွပ်တစ်ကွင်း၊ ရွှေသုံးပဲသားဖြင့် ပြုလုပ်ထားသော ကျောက်ဖြူနှစ်လုံးပါလက်စွပ်တစ်ကွင်း စုစုပေါင်းရွှေထည်ပစ္စည်းတန်ဖိုးငွေကျပ် ၂၇၀၀၀၀၀ တို့ ပျောက်ဆုံးနေသည်ကို တွေ့ရှိရသဖြင့် မိုးညှင်းမြို့မရဲစခန်း၌ အမှုဖွင့်ခဲ့သည်။

ယင်းဖြစ်စဉ်နှင့်ပတ်သက်၍ မိုးညှင်းမြို့မရဲစခန်းမှ ဒုရဲအုပ် တင်ဝင်း ဦးစီးအဖွဲ့မျာ်းက စုံစမ်းရှာဖွေခဲ့ရာ အောင်မျိုးဆိုသူအား ၎င်း၏ လယ်တောတဲတွင် အောက်တိုဘာ ၂၅ရက် မွန်းလွဲ ၂နာရီ ၁၅မိနစ်က သက်သေခံခိုးရာပါ ရွှေထည်ပစ္စည်းများနှင့် ဘိန်းဖြူ ၀ ဒသမ ၅ ဂရမ်နှင့်အတူ ဖမ်းဆီးရမိခဲ့သဖြင့် အောင်မျိုး(၂၁နှစ်) ရွှေကျင်ကုန်းရပ် ဘီလူးမြို့ကျေးရွာနေသူ အား မိုးညှင်းမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

၀ဂ၅

ကျိုက်ထီးရိုးစေတီတော်အား လာရောက်ဖူးမြော်သည့် နိုင်ငံခြားသားတစ်ဦး ရိုက်နှက်လုယက်ခံရ

ကျိုက်ထို အောက်တိုဘာ ၂၅

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်၌ အောက်တိုဘာ ၂၃ ရက် မွန်းလွဲ ၁၂ နာရီခွဲခန့်က ဆံတော်ရှင် ကျိုက်ထီးရိုး စေတီတော်မြတ်သို့ လာရောက်ဖူးမြော်သူ နိုင်ငံခြားသားတစ်ဦး အား ရိုက်နှက်၍ ပစ္စည်းများလုယက်ခံခဲ့ရကြောင်း သိရသည်။

ဖြစ်စဉ်မှာ MYTel Mon Brand Legal Officer အဖွဲ့တွင် လိုက်ပါလာသူ ဗီယက်နမ် နိုင်ငံသား Mr.Nguyen Duc Hoa မှာ ကျိုက်ထီးရိုးတောင်တန်းရှိ သဘာဝ အလှများ ကိုကြည့်ရှုလေ့လာရန် ခြေကျင်လမ်းမှ တက်ရောက်လာစဉ် ဒေသအခေါ် မြေဖြူတောင်အနီး၌ ရိုက်နှက်ခံရပြီး အသုံးအဆောင်ပစ္စည်းများအား လုယူခံခဲ့ရသဖြင့် Mr.Nguyen Duc Hoa တွင် ဒဏ်ရာ(မစိုးရိမ်ရ) ရရှိခဲ့သည်။

ယင်းဖြစ်စဉ်နှင့်ပတ်သက်၍ အရေးယူပေးရန် ကင်မွန်းချောင်းနယ်မြေရဲစခန်းသို့ လာရောက်တိုင်ကြားသဖြင့် နယ်မြေခံရဲစခန်းမှ စခန်းမှူးနှင့် တပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့များနှင့် ပူးပေါင်းစုံစမ်းရာ ရိုက်နှက်လုယူသူမှာ စွယ်တော်ချောင်ကျေးရွာ သုံးခွဲမြို့နယ်နေသူ ကျော်ဇင်လတ် (၂၄ နှစ်) ဖြစ်ကြောင်း သိရသဖြင့် ဖမ်းဆီး၍ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ဝင်းမောင်(ကျိုက်ထို)

ဖလမ်းမြို့နယ်၌ ယာဉ်တစ်စီး ချောက်ထဲထိုးကျ ကလေးငယ်တစ်ဦး သေဆုံး

ဖလမ်း အောက်တိုဘာ ၂၅

ကလေးမှ ဖလမ်းမြို့ဘက်သို့ မောင်းနှင်လာသော ယာဉ်တစ်စီးသည် အောက်တိုဘာ ၂၄ ရက်ညနေ ၄ နာရီခန့်က ဗါးရ်တံတားအနီး ချောက်ထဲသို့ တိုက်ကျတိမ်းမှောက်၍ ယာဉ်ပေါ်လိုက်ပါသူ (၅ နှစ်)အရွယ်ကလေးငယ်တစ်ဦးသေဆုံးကြောင်း သိရသည်။

ဖြစ်စဉ်မှာ ကလေးမြို့မှ ဖလမ်းဘက်သို့ ယာဉ်မောင်း ဦးဗန်ရာထန်း မောင်းနှင်လာသော SURF 1D/-----ယာဉ်သည် ဗါးရ်တံတားအနီး မိုင်တိုင်အမှတ် ၆၇/၄ နှင့် ၆၇/၅ အကြား လမ်းကွေ့အရောက်တွင် အရှိန်မထိန်းနိုင်ဘဲ လမ်း၏ဝဲဘက်ပေ ၁၅၀ ခန့်ရှိ ချောက်ထဲသို့ ထိုးကျတိမ်းမှောက်သဖြင့် ယာဉ်ပေါ်လိုက်ပါလာသူ ယာဉ်မောင်း၏သမီး မကက်သရင်း (၅ နှစ်)သည်ဒဏ်ရာများရရှိပြီး သေဆုံးသွားသည်။ ထို့ပြင် ဟားခါးမြို့တွင် နေထိုင်ကြသော မကယ်ရိုလိုင်း (၈ နှစ်) နှင့် မဆာရ မာလ်ဆောမ် (၈နှစ်)တို့တွင် ဒဏ်ရာရ (စိုးရိမ်ရ)၊ ဒေါ်လာလ်လျန်ဦး (၃၁ နှစ်)နှင့် ယာဉ်မောင်း ဦးဗန်ရာထန်း (၄၇ နှစ်)တို့ ဒဏ်ရာများ (မစိုးရိမ်ရ) ရရှိကြကြောင်း သိရသည်။

ဖလမ်း(ပြန်/ဆက်)

ချောင်းဆုံမြို့နယ်တွင် ယာဉ်တိုက်မှုဖြစ်၍ နှစ်ဦးသေဆုံး

ချောင်းဆုံ အောက်တိုဘာ ၂၅

မွန်ပြည်နယ် ချောင်းဆုံမြို့နယ် ချောင်းဆုံအရှေ့ရပ်ကွက် ပလဝမ်းကျေးရွာတွင် အောက်တိုဘာ ၂၄ ရက် ညနေ ၅ နာရီခွဲခန့်က ယာဉ်တိုက်မှုဖြစ်၍ နှစ်ဦးသေဆုံးသွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၂၄ ရက် ညနေပိုင်းက မရမ်းကျေးရွာနေ သိန်းထွန်းဦး (၁၉ နှစ်)၊ ကုလားဘီ ကျေးရွာနေ သန်းဇော်ဦး(၂၀ နှစ်)တို့ မောင်းနှင်လာသော ဆိုင်ကယ်နှင့် သယံနိုးကျွန်းမြို့နယ်နေ ဦးလှိုင်မင်း (၅၂)နှစ် မောင်းနှင်လာသည့် CC/----- ပရိုဘောက်ယာဉ် ချောင်းဆုံအရှေ့ရပ်ကွက် ပလဝမ်းကျေးရွာအနီး တိုက်မိခဲ့သည်။

ယာဉ်တိုက်မှုကြောင့် သိန်းထွန်းဦးနှင့် သန်းဇော်ဦးတို့တွင် ဒဏ်ရာများရရှိသဖြင့် ချောင်းဆုံပြည်သူ့ဆေးရုံသို့တင်ပို့စဉ် သေဆုံးခဲ့ကြောင်း သိရသည်။ ဖြစ်စဉ်နှင့် ပတ်သက်၍ ယာဉ်မောင်း ဦးလှိုင်မင်းအား ချောင်းဆုံမြို့မရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။

မြိုနယ်(ပြန်/ဆက်)

လှိုင်သာယာစက်မှုဇုန်(၃)ရှိ AA Electronics စက်ရုံမီးလောင်မှုဖြစ်

ရန်ကုန် အောက်တိုဘာ ၂၅

လှိုင်သာယာမြို့နယ် စက်မှုဇုန်(၃) ကျန်စစ်သားလမ်းနှင့်ဒီပဲယင်းဝန်ထောက်ဦးမြလမ်းထောင့်ရှိ AA Electronics စက်ရုံ၌ အောက်တိုဘာ ၂၅ ရက်ည ၉ နာရီ ၃၅ မိနစ်ခန့်က မီးလောင်မှုဖြစ်ပွားခဲ့သည်။

မီးလောင်ရာသို့ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များမှ မီးသတ်ယာဉ်များ ပိုင်းဝန်းခြုံမီးသတ်လျက်ရှိပြီး ထိခိုက်ဒဏ်ရာရရှိသူအချို့ကို လူနာတင်ယာဉ်များဖြင့် ပို့ဆောင်လျက်ရှိကာ ည ၁၁ နာရီခွဲထိ ဆက်လက်ခြုံမီးသတ်လျက်ရှိသည်။

မီးလောင်မှုဖြစ်ပွားရာသို့ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၊ တိုင်းဒေသကြီးရဲတပ်ဖွဲ့နှင့် ခရိုင်၊ မြို့နယ်ရဲတပ်ဖွဲ့များ၊ နယ်မြေခံတပ်ရင်းမှ တပ်မတော်သားများဖြင့် မီးခြုံမီးသတ်နိုင်ရေးကို ပိုင်းဝန်းဆောင်ရွက်လျက်ရှိပြီး မီးလောင်ခြေင်းအကြောင်းရင်းကို စုံစမ်းလျက်ရှိကာ မီးသတ်တပ်ဖွဲ့ဝင်များက ဆက်လက်ခြုံမီးသတ်လျက်ရှိကြောင်း ကနဦးသတင်းအရ သိရသည်။

၁၆၄၊ ဓာတ်ပုံ - သစ္စာ

Miss Grand International 2018 ပြိုင်ပွဲ၌ Winner ဆုကို ပါရာဂွေးနိုင်ငံအလှမယ် ဆွတ်ခူးရရှိ

ရန်ကုန် အောက်တိုဘာ ၂၅

မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ်အဖြစ် လက်ခံကျင်းပသော Miss Grand International 2018 နောက်ဆုံး အဆင့်ပြိုင်ပွဲကို ယနေ့ညပိုင်းက ရန်ကုန်မြို့ သုဝဏ္ဏမြိုနယ်ရှိ The One Entertainment Park တွင် ကျင်းပခဲ့ရာ Winner ဆုရှင်အဖြစ် ပါရာဂွေးနိုင်ငံ အလှမယ် Clara Sosa က ရရှိခဲ့သည်။

အဆိုပါပြိုင်ပွဲတွင် အကောင်းဆုံးအမျိုးသားဝတ်စုံဆု၊ အကောင်းဆုံးရေကူးဝတ်စုံဆု၊ အကောင်းဆုံးညနေခင်းဝတ်စုံဆု၊ အကောင်းဆုံးဆိုရှယ် မီဒီယာဆုနှင့် Miss Popular Vote Award ဆုများချီးမြှင့်ခဲ့သည့်အပြင် 1st runner up ဆုကို အိန္ဒိယနိုင်ငံအလှမယ်က လည်းကောင်း၊ 2nd runner up ဆုကို မှ အင်ဒိုနီးရှားနိုင်ငံ အလှမယ်က လည်းကောင်း အသီးသီးရရှိခဲ့ကြသည်။

နိုင်ငံတကာ အလှမယ်ပြိုင်ပွဲများတွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် နိုင်ငံများသည် မိမိနိုင်ငံအတွက်အကျိုးရလဒ်ကောင်းများဖြစ်ပေါ်စေခြင်း၊ နိုင်ငံတကာသို့ရိုက်ကူးထုတ်လွှင့်ပြသရာတွင် မိမိနိုင်ငံ၏ ထင်ဟပ်ပြသလိုသော အကြောင်းအရာများအား အခြားနိုင်ငံများသို့ ထုတ်လွှင့်ပြသခွင့်ရရှိခြင်း၊ မိမိနိုင်ငံ၏ သဘာဝအလှအပများ၊ ရိုးရာဓလေ့စရိုက်များ၊ ပြုပြင်ပြောင်းလဲရေး ဖော်ဆောင်နေသောအခြေအနေများ၊ နိုင်ငံတကာသို့ထိုးဖောက်ပြသလိုသော အကြောင်းအရာများအား ဖော်ဆောင်တင်ပြခွင့်ရရှိခြင်း၊ အလှမယ်ပြိုင်ပွဲများ မြန်မာနိုင်ငံတွင် ရေပန်းစားလာသည်နှင့်အမျှ အားပေးကြသောပရိသတ်များအတွက် နိုင်ငံတကာပြိုင်ပွဲများ၏ ကျင်းပပြုလုပ် တင်ဆက်ပုံများ အား မိမိနိုင်ငံတွင်ကြည့်ရှု အားပေးခွင့် ရစေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း

Miss Grand International 2018 Winner **ဆုရှင်နှင့် ပြိုင်ပွဲ၌ ဆုရရှိသူများကို တွေ့ရစဉ်။** ဓာတ်ပုံ- ဗလစိုး

သိရသည်။

နိုင်ငံပေါင်း ၇၅ နိုင်ငံမှ ကိုယ်စားပြု အလှမယ်များ လာရောက်ယှဉ်ပြိုင်သည့် Miss Grand International ပြိုင်ပွဲကြီးသည် (၆) ကြိမ်မြောက် ကျင်းပပြုလုပ်ခြင်း ဖြစ်သည်။

၂၀၁၃၊၂၀၁၄၊ ၂၀၁၅ ခုနှစ်များ၌ ထိုင်းနိုင်ငံ ဗန်ကောက်မြို့၊ ၂၀၁၆ ခုနှစ်တွင် အမေရိကန်နိုင်ငံ Las Vegas မြို့၊ ၂၀၁၇ ခုနှစ်တွင် ဗီယက်နမ်နိုင်ငံ Phu Quoc ကမ်းခြေ၌အိမ်ရှင်အဖြစ် အသီးသီး လက်ခံကျင်းပခဲ့သည်။

စစ်ပွဲနှင့်အကြမ်းဖက်မှုများ ရပ်တန့်စေရေး " Stop the war &Violence" ခေါင်းစဉ်ဖြင့် ကျင်းပနေသည့် Miss Grand International ပြိုင်ပွဲကြီးသည် ၂၀၁၃ ခုနှစ်မှ ၂၀၁၇ ခုနှစ် အတွင်း ပေါ်တိုရီကိုအလှမယ်၊ ကျူးဘားအလှမယ်၊ ဩစတြေးလျအလှမယ်၊ အင်ဒိုနီးရှား အလှမယ်နှင့် ပီရူးအလှမယ်များက အသီးသီးဆုများ ရရှိခဲ့ကြောင်း သိရသည်။

ထင်ပေါ်ဝင်း (ကမာရွတ်)

မြန်မာအမျိုးသမီးအသင်း မန္တလေးခရီးစဉ်တွင် နိုင်ပွဲဆက်နေ

ရန်ကုန် အောက်တိုဘာ ၂၅

၂၀၂၀ တိုကျိုအိုလံပစ်ပြိုင်ပွဲခြေစစ်ပွဲ အတွက် ကြိုတင်ပြင်ဆင် သည့်အနေဖြင့် မန္တလေးမြို့၌ လေ့ကျင့်နေသည့် မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် စတုတ္ထမြောက်ခြေစမ်းပွဲအဖြစ် မန်းလူငယ် (ခ) အသင်းနှင့် ယနေ့ညနေပိုင်းက မြန်မာဘောလုံးအကယ်ဒမီကွင်း၌ ယှဉ်ပြိုင်ကစားရာ သုံးဂိုး- နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

မြန်မာအမျိုးသမီးအသင်းသည် မန္တလေးခရီးစဉ်တွင် ရာနှုန်းပြည့်နိုင်ပွဲဆက်နေပြီး လေးပွဲစလုံး အနိုင်ရထားသည်။ မြန်မာအမျိုးသမီးအသင်းသည် ယခုပွဲတွင် ပွဲထွက်လူစာရင်းကို အပြောင်းအလဲများ ပြုလုပ်ခဲ့ပြီး အမာခံကစားသမားများကို အနားပေးကာ အရန်ကစား သမားများဖြင့် ပွဲထွက်ခဲ့သည်။

၇ မိနစ်တွင် မြန်မာအမျိုးသမီးအသင်ဂိုးစရခဲ့ပြီး ငယ်ငယ်ထွေး က သွင်းယူခဲ့ကာ ၂၅ မိနစ်တွင် ယွန်းမီမီလွင်က ဒုတိယဂိုး ထပ်မံသွင်းယူခဲ့သည်။ မိနစ် ၃၀ တွင် ဇေယျာစိုးက မန်းလူငယ် (ခ) အသင်းအတွက် ချေပဂိုးပြန်သွင်းခဲ့သည်။ ဒုတိယပိုင်းတွင် မြန်မာအမျိုးသမီးအသင်းက ကစားသမားများအပြောင်းအလဲ ပြုလုပ်ခဲ့ပြီး ၆၂ မိနစ်တွင် ဇင်ဇင်နိုင်က တတိယဂိုးသွင်းယူခဲ့ကာ မန်းလူငယ် (ခ) အသင်းအတွက် ချေပဂိုးကို ၆၅ မိနစ်တွင် သော်ထက်အောင်က သွင်းယူခဲ့သည်။

မြန်မာအမျိုးသမီးအသင်းသည် နောက်ဆုံးခြေစမ်းပွဲအဖြစ် အောက်တိုဘာ ၂၆ ရက် (**ယနေ့**) တွင် Lucky Home အသင်းနှင့် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ရဲရင့်ရှိုင်း

❒ *ကျောဖုံးမှ*

မြန်မာ့လက်ရွေးစင်အသင်းသည် ဆူဇူကီးဖလားပြိုင်ပွဲမတိုင်မီ ခြေစမ်းပွဲငါးပွဲ ယှဉ်ပြိုင်ကစားထားပြီး တစ်ပွဲသရေ၊ လေးပွဲရှုံးနိမ့်ထားသည်။ ကာတာနိုင်ငံတွင် နှစ်ပွဲသာကစားရသေးပြီး အောက်တိုဘာ ၂၈ ရက်တွင် ကာတာတပ်မတော် လက်ရွေးစင်အသင်းနှင့် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ညီမြတ်သော်တာ

မြန်မာအမျိုးသားဘောလုံးအသင်း ကမ္ဘာ့အဆင့် ကျဆင်း

နိုင်ငံတကာဘောလုံးအသင်းရပ်တည်မှုများကို ဖီဖာမှလစဉ်တိုင်း အဆင့် သတ်မှတ်ချက်များဖော်ပြပေးခဲ့သည်။ မြန်မာလက်ရွေးစင်ဘောလုံးအသင်းသည် ကမ္ဘာ့အဆင့် စက်တင်ဘာရပ်တည်မှု မှားအဖြစ် အမျိုးသားအသင်းသည် အဆင့် ၁၃၈ တွင် ရပ်တည်ခဲ့ပြီး အမျိုးသမီးအသင်းသည် အဆင့် ၄၄ တွင်ရပ်တည်ခဲ့သည်။ ယခုလ အောက်တိုဘာ ၂၅ရက်တွင် ထုတ်ပြန်ခဲ့သည့် ကမ္ဘာ့အဆင့် ရပ်တည်မှုမှားမှာ အမျိုးသားအသင်းသည် အဆင့် ၁၄၁သို့ ကျဆင်းခဲ့ပြီး အမျိုးသမီးအသင်းမှာ အဆင့် ၄၄တွင် ဆက်လက်ရပ်တည်နေခဲ့သည်။

အမျိုးသား ကမ္ဘာ့အဆင့် ၁ တွင် ဘယ်လ်ဂျီယံက ဆက်လက်ရပ်နေပြီး ယင်းနောက်တွင် ပြင်သစ်၊ ဘရာဇီး၊ ခရိုအေးရှား၊ အင်္ဂလန်မှာ အဆင့် ၅ တက်လာခဲ့ပြီး ဥရုပ္ပေါ့မှာ အဆင့် ၆သို့ ကျဆင်းခဲ့သည်။ ၎င်းနောက်တွင် ပေါ်တူဂီ၊ ဆွစ်ဇာလန်၊ စပိန်နှင့် ဒိန်းမတ်အသင်းတို့က အဆင့် ၁၀အတွင်း အသီးသီးရပ်နေတည်ကြသည်။

အိမ်နီးချင်းနိုင်ငံဖြစ်သော ထိုင်းအမျိုးသားအသင်းသည် စက်တင်ဘာရပ်တည်မှုမှာ အဆင့် ၁၂၂ ဖြစ်ပြီး ယခုလ ရပ်တည်မှုတွင် အဆင့် ၁၂၁ သို့ တက်လာခဲ့သည်။ အခြားအသင်းများ ယခုလရပ်တည်မှုတွင် အင်ဒိုနီးရှားအမျိုးသားအသင်းသည် အဆင့် ၁၆၀ တွင် ရပ်တည်နေပြီး စင်ကာပူက ၁၆၅၊ မလေးရှားက ၁၆၉၊ ကမ္ဘောဒီးယားက ၁၇၀၊ လာအိုက ၁၈၁၊ တီမောက ၁၉၁၊ ဘင်္ဂလားဒေ့ရ်က ၁၉၄၊ ပါကစ္စတန်က ၁၉၉ နှင့် ဖိလစ်ပိုင် အမျိုးသားအသင်းမှာ ၁၁၆တွင် ရပ်တည်နေပြီး ဗီယက်နမ်အမျိုးသားအသင်းသည် အဆင့် ၁၀၂ တွင် ရပ်တည်ခဲ့သည်။ ဖီဖာမှကမ္ဘာ့အဆင့် လအလိုက် ရပ်တည်မှုများကို နိုဝင်ဘာ ၂၉ရက်တွင် ဆက်လက်ထုတ်ပြန်သွားမည်ဖြစ်သည်။

သီဟ

အထောက်အထားမဲ့ အချိုရည်များတွေ့ရှိဖမ်းဆီး

နေပြည်တော် အောက်တိုဘာ ၂၅

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေယူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ရာ အောက်တိုဘာ ၂၄ ရက်က မန္တလေး- မူဆယ်ပြည်ထောင်စုလမ်းမကြီးတစ်လျှောက်ကုန်သွယ်မှုယာဉ်ပို့ကုန် ၄၂၂ စီး၊ သွင်းကုန် ၄၆၉ စီး၊ ရန်ကုန်- မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ်ပို့ကုန်ယာဉ် ၁၀ စီး၊ သွင်းကုန် ၄၃ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် အောက်တိုဘာ ၂၃ ရက်က မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ စစ်ဆေးမှုများဆောင်ရွက်စဉ် ဟိုင်းလတ်ယာဉ်တစ်စီးအား စစ်ဆေးခဲ့ရာယာဉ်ပေါ်တွင် တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် အချိုရည် Orange Squash (750 ml) Queen Brand

(10Pkgs)နှင့် M-150 (150 ml)(9Pkgs) စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၀ ဒသမ ၂၄၉ သန်းခန့်ကို စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ချန်ပီယံလီဂ် အုပ်စုပွဲစဉ်(၃) ဆက်လက်ယှဉ်ပြိုင်၊ လီဗာပူးတို့ ဂိုးပြတ်အနိုင်ရ

ယူအီးအက်ဖ်အေ ချန်ပီယံလီဂ် အုပ်စုပွဲစဉ်များကို အောက်တိုဘာ ၂၅ရက် နံနက်ပိုင်းတွင် ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရာ အုပ်စု(ဂ)မှ လီဗာပူးနှင့်ဇက်ဗက်ဇ်ဒါ ပွဲတွင် အိမ်ရှင် လီဗာပူးအသင်း လေးဂိုး- ဂိုးမရှိဖြင့် ဂိုးပြတ်အနိုင်ရခဲ့သည်။

ယင်းပွဲတွင် အိမ်ရှင်လီဗာပူးအသင်း ၄- ၃- ၃ ကစားကွက်ဖြင့် ပွဲထွက်ခဲ့ပြီး ဧည့်သည် ဇက်ဗက်ဇ်ဒါ အသင်းမှာ ၄-၂-၃- ၁ ပုံစံဖြင့် ပွဲထွက်လာသည်။ ပထမပိုင်း မိနစ် ၂၀တွင် ရိုဘတ်ဆန် ဖန်တီးမှုမှ တစ်ဆင့် တိုက်စစ်မှူး ဇာမီနိုကလီဗာပူး အတွက် အဖွင့်ဂိုးသွင်းယူခဲ့ပြီး ပထမပိုင်းပြီးခါနီး ၄၅မိနစ်တွင် မိုဟာမတ်ဆာလက်က ဒုတိယဂိုးသွင်းယူခဲ့သည်။

ဒုတိယပိုင်း ၅၁ မိနစ်တွင် လီဗာပူးအသင်းပယ်နယ်တီ ကန်ခွင့်ရကာ မိုဟာမတ်ဆာလက်က တတိယဂိုးအဖြစ် ပြောင်းလဲနိုင်ခဲ့သည်။ (**ယာပုံ**) ပွဲချိန် ၇၆မိနစ်တွင် လီဗာပူးအသင်း ပယ်နယ်တီ ထပ်မံရရှိပြီး မာနေးသွင်းယူခဲ့ရာ ဂိုးမဝင်ခဲ့ပေ။ မိနစ် ၈၀ တွင် မာနေးက လီဗာပူးအတွက် စတုတ္ထမြောက် ဂိုးသွင်းယူပေးခဲ့သည်။ ပွဲပြီးချိန်တွင် လီဗာပူးတို့ အိမ်ကွင်း၌ လေးဂိုးပြတ်ဖြင့် အနိုင်ရခဲ့သည်။

ယင်းအုပ်စု၌ ပွဲစဉ်တစ်ပွဲဖြင့်သော ပီအက်စ်ဂျီနှင့် နာပိုလီတွင် တစ်ဖက်နှစ်ဂိုးစီဖြင့် သရေကျခဲ့သည်။ အုပ်စု(ဂ)၌ ပွဲစဉ်သုံးပွဲယှဉ်ပြိုင်အပြီးတွင် လီဗာပူးက ရမှတ်ခြောက်မှတ်ဖြင့် ဦးဆောင်နေပြီး နာပိုလီကင်းမှတ်၊ ပီအက်စ်ဂျီကလေးမှတ်နှင့် ဇက်ဗက်ဇ်ဒါက တစ်မှတ်သာ ရရှိထားသည်။

အခြားပွဲစဉ်ရလဒ်များအဖြစ် အုပ်စု(က)တွင် ကလပ်ဘရူနှင့် မိုနာကိုမှာ တစ်ဖက် တစ်ဂိုးစီသရေကျခဲ့ပြီး ဂျာမန် ကလပ်ဒေ့ါမွန်က စပိန်ကလပ် အက်သလက်တီကို ကို လေးဂိုး- ဂိုးမရှိဖြင့် ဂိုးပြတ်အနိုင်ရခဲ့သည်။ ယင်းအုပ်စုတွင် သုံးပွဲယှဉ်ပြိုင်အပြီး ဒေ့ါမွန်က ရမှတ်ကိုးမှတ် အပြည့်ရရှိထားပြီး အက်သလက်တီကို က ခြောက်မှတ်၊ မိုနာကိုနှင့် ကလပ်ဘရူမှာ တစ်မှတ်စီသာ ရရှိထားသည်။ အုပ်စု(ခ)တွင် ပီအက်စ်ဗီနှင့် စပါးတို့ တစ်ဖက်နှစ်ဂိုးစီသရေကျခဲ့ပြီး အဓိကကစားသမား မက်ဆီမပါဝင်သော ဘာစီလိုနာက အင်တာကို နှစ်ဂိုး- ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ ယင်းအုပ်စု၌ ဘာစီလိုနာ ကိုးမှတ်၊ အင်တာက ခြောက်မှတ်၊ စပါးနှင့် ပီအက်စ်ဗီတို့က တစ်မှတ်စီသာ ရရှိထားသည်။ အုပ်စု(ဃ)တွင် ပေါ်တိုကလိုကိုမိုး တစ်မော်စကိုကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ဂါလာတာစာရေး

နှင့်ရှော်လ်ကေးတို့ ဂိုးမရှိသရေကျခဲ့သည်။ ယင်းအုပ်စု၌ပေါ်တိုက ရမှတ်ခုနစ်မှတ်ဖြင့် ဦးဆောင်နေပြီး ရှော်လ်ကေးက ငါးမှတ်နှင့် ဂါလာတာစာရေးက လေးမှတ်ရရှိထားကာ လိုကိုမိုးတစ်မော်စကိုမှာအမှတ်မရရှိသေးပေ။ ယူအီးအက်ဖ်အေချန်ပီယံလီဂ် အုပ်စုပွဲစဉ်(၄) ကို နိုဝင်ဘာ ၇ ရက်တွင် ပြန်လည်ယှဉ်ပြိုင်ကြမည် ဖြစ်သည်။

သီဟ

တောင်သူဦးကြီးများသို့ အသိပေးကြေညာချက်

၁။ နိုင်ငံတော်အစိုးရ၏ မူဝါဒများနှင့်အညီ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းအတွက် လိုအပ်သော စိုက်ပျိုးစရိတ်ချေးငွေများကို တောင်သူလယ်သမားဦးကြီးများသို့ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှတစ်ဆင့် ရာသီအလိုက်ထုတ်ချေးလျက်ရှိရာ ယခုအစိုးရသစ်လက်ထက်တွင် တစ်ဧက ချေးငွေနှုန်းထားများကို အောက်ပါအတိုင်း တိုးမြှင့် ထုတ်ချေးခဲ့ပြီး ၂၀၁၈-၂၀၁၉ ခုနှစ်တွင်လည်း အခြားသီးနှံ တစ်ဧက နှုန်းထားကို ကျပ် ၅၀၀၀၀/- မှ ကျပ် ၁၀၀၀၀၀/- သို့ တိုးမြှင့်ထုတ်ချေးသွားမည် ဖြစ်ပါသည်-

စဉ်	**ဘဏ္ဍာရေးနှစ်**	**သီးနှံအမျိုးအစား**	**တစ်ဧကချေးငွေနှုန်းထား(ကျပ်)**
(က)	၂၀၁၆-၂၀၁၇	စပါး	ကျပ် ၁၀၀၀၀၀ မှ ၁၅၀၀၀၀
(ခ)	၂၀၁၇-၂၀၁၈	အခြားသီးနှံ	ကျပ် ၂၀၀၀၀ မှ ၅၀၀၀၀
(ဂ)	၂၀၁၈-၂၀၁၉	အခြားသီးနှံ	ကျပ် ၅၀၀၀၀ မှ ၁၀၀၀၀၀

၂။ ၂၀၁၈-၂၀၁၉ ခုနှစ်၊ စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးရာတွင် ယခင်နှစ် ၂၀၁၈ မိုးချေးငွေ ထုတ်ချေးသကဲ့သို့ပင် **"တောင်သူ တစ်ဦးချင်း ၎င်းတို့ပိုင်ဆိုင်သော လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ်(ပုံစံ-၇)မူရင်းကို ဘဏ်သို့ အပေါင်အဖြစ်ပေးအပ်၍ တောင်သူတစ်ဦးချင်း ကိုယ်တိုင် အာမခံသောစနစ်"** ဖြင့် လွယ်ကူရှင်းလင်းစွာ ထုတ်ချေးပေးသွားမည် ဖြစ်ပါသည်။

၃။ ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်း စိုက်ပျိုးစရိတ်ချေးငွေများကို အောက်ပါအတိုင်း ထုတ်ချေးပေးမည် ဖြစ်ပါသည်-

(က)	၂၀၁၈ ခုနှစ် ဆောင်းချေးငွေ	၂၀၁၈ ခုနှစ်	အောက်တိုဘာလ (၂၆) ရက်နေ့မှ ဒီဇင်ဘာလကုန်အထိ
(ခ)	၂၀၁၉ ခုနှစ် မိုးကြိုချေးငွေ	၂၀၁၉ ခုနှစ်	ဇန်နဝါရီလ (၁) ရက်နေ့မှ မတ်လကုန်အထိ
(ဂ)	၂၀၁၉ ခုနှစ် မိုးချေးငွေ	၂၀၁၉ ခုနှစ်	မေလ (၂) ရက်နေ့မှ စက်တင်ဘာလကုန်အထိ

၄။ သို့ပါ၍ ရာသီအလိုက် စိုက်ပျိုးစရိတ်ချေးငွေများ အချိန်မီရရှိနိုင်ရေးအတွက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ မြို့နယ်ဘဏ်ခွဲများနှင့် ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် အသိပေးကြေညာအပ်ပါသည်။

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

အမေရိကန်အထင်ကရ ပုဂ္ဂိုလ်များထံလိပ်မူသည့် သံသယဖြစ်ဖွယ်အထုပ်များကို အထူးလုံခြုံရေးအဖွဲ့ဟန့်တားနိုင်ခဲ့

ဝါရှင်တန် အောက်တိုဘာ ၂၅

အမေရိကန်ပြည်ထောင်စု၏ ထင်ရှားသောလူပုဂ္ဂိုလ်တချို့ထံသို့ ဖောက်ခွဲရေးပစ္စည်းဟုယူဆရသည့် အထုပ်များကို စာတိုက်မှတစ်ဆင့် ပေးပို့မှုကို တားဆီးလိုက်ပြီးနောက် အဆိုပါလုပ်ရပ်ကို သမ္မတ ဒေါနယ်ထရမ့်က ပြစ်တင်ရှုတ်ချလိုက်ကြောင်း သိရသည်။

သမ္မတဟောင်း ဘားရက်အိုဘားမားနှင့် နိုင်ငံခြားရေးဝန်ကြီးဟောင်း ဟီလာရီကလင်တန်အပါအဝင် တခြားထင်ရှားသည့် လူပုဂ္ဂိုလ်များဆီ လိပ်မူထားသည့် သံသယဖြစ်ဖွယ်အထုပ်များကို မကြာသေးမီက ကြားဖြတ်စစ်ဆေးဟန့်တားနိုင်ခဲ့ကြောင်း အမေရိကန် ရဲအထူးလုံခြုံရေးတပ်ဖွဲ့က ပြောကြားခဲ့သည်။

စက်တင်ဘာ ၂၄ ရက်က နယူးယောက်မြို့စီအင်နှင့်အင်နှင့်သတင်းဌာန တည်ရှိရာတိုင်းမ်ပါနာကုမ္ပဏီ စာပို့စာယူခန်းထဲတွင် သံသယဖြစ်ဖွယ် အထုပ်တစ်ထုပ်ကို တွေ့ရပြီးနောက် အဆောက်အအုံထဲမှ လူများကို အပြင်ထွက်ခိုင်းပြီး စစ်ဆေးမှုများ လုပ်ဆောင်ခဲ့ကြောင်း၊ ထို့နောက် ပစ္စည်းတစ်ခုပါသည့် အဆိုပါအထုပ်ကို အထူးထရပ်ကားတစ်စီးနှင့်သယ်ပြီး နယူးယောက်ရဲတပ်ဖွဲ့ ပုံးရှင်းလင်းရေးဌာနသို့ ပို့ဆောင်ခဲ့ကြောင်း သိရသည်။

အဆိုပါအထုပ်ကို စီအိုင်အေညွှန်ကြားရေးမှူးဟောင်း ဂျန်ဘရန်နန်ဆီ လိပ်မူပေးပို့ခဲ့ခြင်းဖြစ်ကြောင်း စီအင်နှင့်အင်နှက ပြောကြားခဲ့သည်။ စုံစမ်းစစ်ဆေးမှုများ လုပ်ရန်အတွက် ယခုကဲ့သို့ စက်ဆုပ်ဖွယ်လုပ်ရပ်ကျူးလွန်သူများကို ဖော်ထုတ် အရေးယူနိုင်ရေးအတွက် အစိုးရအဖွဲ့၏ ရင်းမြစ်အားလုံးကို အသုံးပြုနေကြောင်း၊ ယခုကဲ့သို့ လုပ်ဆောင်မှုတွင် မည်သည့်အရင်းအမြစ်မှ ချန်မထားဘဲ အစွမ်းကုန်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ နိုင်ငံရေးပယောဂပါသည့် အကြမ်းဖက်လုပ်ရပ် သို့မဟုတ် ခြိမ်းခြောက်မှုမျိုးများအတွက် အမေရိကန်ပြည်ထောင်စုတွင် နေရာမရှိကြောင်း မကြာသေးမီက အိမ်ဖြူတော်၌လုပ်သည့် ဘိန်းပါသည့်ဆေးဝါးများ တိုက်ဖျက်သည့် ဥပဒေမူကြမ်းတစ်ခုလက်မှတ်ရေးထိုးပြဋ္ဌာန်းပွဲ အခမ်းအနားတွင် အမေရိကန်သမ္မတ ထရမ့်က ပြောကြားခဲ့သည်။

အေအက်ဖ်ပီ

နယူးယောက်တိုင်းမ် ဝါနာစင်တာအပြင်ဘက်တွင် လုံခြုံရေးယူထားသည့် ရဲတပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။

ဟာရီကိန်းမုန်တိုင်း ဝေလာ မက္ကဆီကို ပစိဖိတ်ကမ်းရိုးတန်းသို့ ဝင်ရောက်ပြီးနောက် အားပျော့လာ

မက္ကဆီကိုစီးတီး အောက်တိုဘာ ၂၅

အင်အားပြင်းထန်သည့် ဟာရီကိန်းမုန်တိုင်း ဝေလာသည် မက္ကဆီကိုဘက် ဝင်ရောက်တိုက်ခတ်ပြီးနောက် ဗုဒ္ဓဟူးနေ့တွင် အပျက်အစီးများကိုရှင်းလင်းနေပြီဖြစ်သည်။ ဟာရီကိန်းမုန်တိုင်း ဝေလာသည် မက္ကဆီကို ပစိဖိတ်ကမ်းရိုးတန်းသို့ အင်္ဂါနေ့ညပိုင်းတွင် ဝင်ရောက်ခဲ့ပြီး လေတိုက်နှုန်းမှာ တစ်နာရီလျှင် ၁၉၅ ကီလိုမီတာရှိသည်။

လူပေါင်း ၃၀၀၀ ခန့်နေထိုင်သော အက်စ်ကူနီပါမြို့တွင် မြေပြိုမှုကို ခံစားခဲ့ရပြီး နေအိမ်များ၊ ဆေးရုံများ၊ ဘုရားရှိခိုးကျောင်းများမှ အမိုးများ လန့်ခဲ့သည်။ ပျက်စီးသွားသောအဆောက်အအုံများထဲတွင် ပရိတက်စတင့် ဘုရားကျောင်းလည်းပါဝင်ခဲ့ပြီး ဘုရားကျောင်းအဖွဲ့ဝင်များသည် အပျက်အစီးများကို ရှင်းလင်းရန် ကြိုးပမ်းနေကြသည်။ ဘုရားရှိခိုးကျောင်းမှ ဘုန်ကြီးဖြစ်သူ ဆန်မြ၊ရယ် ဗင်ဆင်စီရိုက "ကျွန်တော်တို့မှာ အရာအားလုံးဆုံးရှုံးသွားပြီ။ သဘာဝတရားရဲ့စွမ်းအားနဲ့ ကြုံတွေ့လာရင် ဘာတတ်နိုင်မှာလဲ"ဟုပြောခဲ့သည်။ လမ်းမများတွင်လည်း အပျက်အစီးများကြောင့် ပိတ်ဆို့ခဲ့ရသည်။

ရေလွှမ်းမိုးမှုကြောင့် လျှပ်စစ်မီးများ ပြတ်တောက်သွားခဲ့ပြီး သန့်ရှင်းသော သောက်သုံးရေလည်း မရတော့ပေ၊ သို့သော် သေဆုံးသူများနှင့် ဒဏ်ရာရရှိသူများ စာရင်းကိုမူ မသိရသေးပေ။

"နေရာတိုင်းမှာ အပျက်အစီးတွေ ရှိနေပေမယ့် အရေးကြီးတာကတော့ လူ့အသက်မဆုံးရှုံးဖို့ပါပဲ"ဟု ဆီနာလိုရာ ပြည်နယ်အုပ်ချုပ်ရေးမှူး ကွိုရီနိုကွာဒက်ကပြောသည်။ စီးပွားရေးသမားများသည် မြို့အတွင်းဆိုင်များကို ဖြည်းဖြည်းချင်း ပြန်လည် ဖွင့်လှစ်နေကြပြီ ဖြစ်သည်။ ယာယီခိုလှုံရာ ၅၈ ခုတွင် ခိုလှုံနေကြသော ပြည်သူများသည် နေရပ်များသို့ တဖြည်းဖြည်းပြန်နေကြပြီဖြစ်သည်။

ဟာရီကိန်းရာသီရောက်လျှင် မက္ကဆီကိုနိုင်ငံ၏ ပစိဖိတ်ကမ်းရိုးတန်းတွင် အင်အားပြင်းထန်သည့် မုန်တိုင်းများ တိုက်ခတ်လေ့ရှိသည်။ စက်တင်ဘာလ အတွင်းကလည်း ဆီနာလိုရာနှင့် မီချိုရာကန်ပြည်နယ်များတွင် ရေလွှမ်းမိုးမှု ဖြစ်ပွားခဲ့ရာ ၁၅ ဦးထက်မနည်း သေဆုံးခဲ့ရသည်။ လွန်ခဲ့သောသီတင်းပတ်အတွင်းကလည်း အိုဇာကာပြည်နယ်တွင် ရေလွှမ်းမိုးမှုကြောင့် ကလေး ခုနစ်ဦး အပါအဝင် ၁၂ ဦး သေဆုံးခဲ့ရသည်။

အေအက်ဖ်ပီ

အက်စ်ကူနီပါမြို့အတွင်း လမ်းများတွင် မုန်တိုင်းဒဏ်ကြောင့် ရေလွှမ်းနေသည်ကို အောက်တိုဘာ ၂၃ ရက်က တွေ့ရစဉ်။

အပ္ပဒယ်အပ္ပဒူမက်ဒီ အီရတ်ဝန်ကြီးချုပ်အဖြစ် ကျမ်းသစ္စာ ကျိန်ဆို

ဘဂ္ဂဒတ် အောက်တိုဘာ ၂၅

အပ္ပဒယ်အပ္ပဒူမက်ဒီသည် ဗုဒ္ဓဟူးနေ့က အီရတ်ဝန်ကြီးချုပ်အသစ် အဖြစ် ကျမ်းသစ္စာကျိန်ဆိုခဲ့သည်။ မက်ဒီ နှင့် ၎င်း၏အစိုးရအဖွဲ့ဝင် ၁၄ ဦးတို့သည် ပါလီမန်အစည်းအဝေးအပြီး ကျမ်းသစ္စာကျိန်ဆိုခဲ့ကြသည်။

ပါလီမန် အစည်းအဝေးကို သန်းခေါင်ယံအချိန် အထိ စည်းဝေးခဲ့ကြပြီးနောက် အစိုးရ၏အစီအစဉ်ကို ပါလီမန်က ခွင့်ပြုခဲ့သည်။ ပါလီမန် အစည်းအဝေးသို့ အမတ် ၂၂၀ခန့် တက်ရောက်ခဲ့သည်။

ဆင်ဟွာ

ကာကွယ်ရေးစနစ်များဝယ်ယူရန် အိန္ဒိယနိုင်ငံ၏ အမေရိကန်ဒေါ်လာ ၇၇၇ သန်းတန်ဖိုးရှိ ဒုံးကျည်အမှာစာတစ်ခု အစ္စရေးရရှိ

ဂျေရုဆလင် အောက်တိုဘာ ၂၅

အစ္စရေး အာကာသယာဉ်တည်ဆောက်မှု နည်းပညာကုမ္ပဏီ (အိုင်အေအိုင်) က ၎င်းအနေဖြင့် အိန္ဒိယနိုင်ငံရေတပ်အတွက် ကာကွယ်ရေးစနစ်များဝယ်ယူရန် အမေရိကန် ဒေါ်လာ ၇၇၇ သန်း (ယူရို ၆၈၀ သန်း)တန် အမှာစာတစ်ခုကို လက်ခံရရှိခဲ့ကြောင်း မကြာသေးမီက ပြောကြား ခဲ့သည်။

ယမန်နှစ်က အမေရိကန်ဒေါ်လာ ၆၃၀ သန်း (ယူရို ၅၅၁ သန်း)တန်ဖိုးမှာကြားမှုများ လုပ်ဆောင်ပြီးနောက် ယခုနှစ်တွင် ရေတပ်ရှိ စစ်သင်္ဘောခုနစ်စင်းကျော်အတွက် ဘာရက် ၈ စနစ် ဒုံးခွင်းဒုံးများတပ်ဆင်ရန် အိန္ဒိယနိုင်ငံပိုင် ဘာရတ် အီလက်ထရွန်နစ် လီမိတက်နှင့် စာချုပ်ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။

အစ္စရေး၏ အကြီးဆုံး ကာကွယ်ရေးဆိုင်ရာ ပစ္စည်းများ ထုတ်လုပ်သောကုမ္ပဏီ (အိုင်အေအိုင်) က ဘာရတ် ၈ စနစ်ကို ကမ္ဘာတစ်ဝန်းရောင်းချရမှု တန်ဖိုးမှာ ယခုဆိုလျှင် အမေရိကန်ဒေါ်လာ ၆ ဘီလီယံကျော်ရှိပြီဖြစ်ကြောင်း ပြောခဲ့သည်။

အစ္စရေးနိုင်ငံသည် ကမ္ဘာ့ထိပ်တန်း လက်နက်ရောင်းချသည့် နိုင်ငံတစ်နိုင်ငံဖြစ်ပြီး ၎င်း၏ လက်နက်တင်ပို့ရောင်းချမှု ၆၀ ရာခိုင်နှုန်းနီးပါးသည် အာရှပစိဖိတ်ဒေသဖြစ်ကြောင်း အစ္စရေးကာကွယ်ရေးဝန်ကြီးဌာန စာရင်းဇယားများအရ သိရသည်။

ရုရှားနိုင်ငံသည်လည်း ယခုအချိန်အထိ အိန္ဒိယနိုင်ငံ၏ အကြီးဆုံး လက်နက်ထောက်ပံ့ရာ နေရာတစ်ခု ဖြစ်သည်။ လွန်ခဲ့သော ရက်သတ္တပတ် ခရီးစဉ်အတွင်း ဗလာဒီမာပူတင်သည် အက်စ်-၄၀၀ မြေပြင်ဝေဟင်ပစ် ဒုံးကျည်စနစ်အတွက် အမှာစာ ရခဲ့ပြီး ယင်းက အမေရိကန်ဒေါ်လာ ၅ ဒသမ ၂ ဘီလီယံ တန်ဖိုးရှိကြောင်း အိန္ဒိယသတင်းရင်းမြစ်အရ သိရသည်။

အမေရိကန်ပြည်ထောင်စုသည် ရုရှားနိုင်ငံမှ စစ်ဘက်ဆိုင်ရာစနစ်များ ဝယ်ယူသည့်နိုင်ငံများကို အရေးယူ ပိတ်ဆို့မှုများ ပြုလုပ်လျက်ရှိရာ အိန္ဒိယနိုင်ငံသည် ၎င်း၏ စစ်လက်နက် ဝယ်ယူသည့်နိုင်ငံများကို အမျိုးမျိုးပြောင်းလဲ ဝယ်ယူလျက်ရှိကြောင်း သိရသည်။

အမေရိကန်နှင့် အိန္ဒိယနိုင်ငံတို့သည် ၂၀၁၉ ခုနှစ် ပူးတွဲစစ်ရေးလေ့ကျင့်မှုများ ပြုလုပ်သွားရန် စီစဉ်ထားကြောင်း လွန်ခဲ့သည့်လက ကြေညာခဲ့သည်။ အမေရိကန်ပြည်ထောင်စုသည် အိန္ဒိယနိုင်ငံ၏ ဒုတိယအကြီးဆုံး လက်နက်ထောက်ပံ့ပေးရာ နိုင်ငံတစ်နိုင်ငံဖြစ်သည်။

လွန်ခဲ့သည့်နှစ် ဇူလိုင်လက အစ္စရေးနိုင်ငံသည် အိန္ဒိယနိုင်ငံမှ ၁ ဒသမ ၆ ဘီလီယံတန်ဖိုးရှိ အမှာစာတစ်ခုရရှိခဲ့ပြီး ယင်းသည် တန်ဖိုးပမာဏအများဆုံး လက်နက်တင်ပို့မှု အမှာစာပင် ဖြစ်ကြောင်း သိရ သည်။

အေအက်ဖ်ပီ

လွန်ခဲ့သော ဇူလိုင်လက အိန္ဒိယဝန်ကြီးချုပ် နာရိန္ဒြာမိုဒီနှင့် အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟုတို့ အစ္စရေးနိုင်ငံတွင် တွေ့ဆုံစဉ်။

မကြာမီ ပြီးဆုံးတော့မယ့် ဘရီးဇစ်ခရီး

ထွန်းသစ်စ

ဥရောပသမဂ္ဂမှ ဗြိတိန်နုတ်ထွက်ရေးအတွက် ဗြိတိန်အစိုးရနဲ့ ဥရောပကြား သဘောတူညီချက်မှာ လူထုသဘောထားအမြင်ပါဝင်ခွင့်ရဖို့ လူထောင်ပေါင်းများစွာ မကြာသေးမီက လန်ဒန်မြို့လယ်ကောင်မှာ ချီတက်ဆန္ဒပြခဲ့ကြပါတယ်။

ဗြိတိန်ဝန်ကြီးချုပ် ထရီဆာမေ

၂၀၁၆ ခုနှစ်က လုပ်ခဲ့တဲ့ လူထုဆန္ဒခံယူပွဲမှာ ထောက်ခံမဲအများစုနဲ့ ခွဲထွက်ရေး အတည်ဖြစ်ခဲ့ပေမယ့်လည်း အဲဒီလိုနုတ်ထွက်တဲ့အတွက်ကြောင့် ငွေကြေးပိုင်းဆိုင်ရာ ဆုံးရှုံးနစ်နာမှုတွေနဲ့ ရှုပ်ထွေးနေသေးတဲ့ အချက်အလက်အသစ်တွေ ဆက်လက်ရှိနေသေးတယ်လို့ သိရပါတယ်။

ခရီးဆုံးမရောက်သေး

ဗြိတိန်နိုင်ငံဟာ ၂၀၁၉ ခုနှစ် မတ်လ ၂၉ ရက်မှာ ဥရောပသမဂ္ဂမှ ခွဲထွက်ဖို့ ရက်သတ်မှတ်ခဲ့ပေမယ့်လည်း နုတ်ထွက်ရေးဆိုင်ရာ စေ့စပ်ညှိနှိုင်းဆွေးနွေးမှုတွေမှာ ခရီးဆုံးတိုင် မရောက်သေးတာကို တွေ့မြင်ရပါတယ်။

ကျန်ရှိနေသေးတဲ့ အရေးကြီးဆုံး ဆွေးနွေးရမယ့်အချက်ကတော့ အိုင်ယာလန် သမ္မတနိုင်ငံနဲ့ မြောက်ပိုင်းအိုင်ယာလန်ကြား အနာဂတ်မှာဖြစ်လာမယ့် နယ်စပ်သတ်မှတ်ရေးကိစ္စပဲ ဖြစ်ပါတယ်။

ဥရောပသမဂ္ဂမှ ဗြိတိန်နုတ်ထွက်ပြီးတဲ့အခါမှာတော့ အဲဒီနယ်စပ်ဟာ ဥရောပသမဂ္ဂနဲ့ ဗြိတိန်နိုင်ငံကြား ကုန်းပိုင်းနယ်နိမိတ်ထိစပ်တဲ့ တစ်ခုတည်းသောနေရာဖြစ်လာမှာ ဖြစ်ပါတယ်။ အိုင်ယာလန်သမ္မတနိုင်ငံဟာ ဥရောပသမဂ္ဂအဖွဲ့ဝင်ဖြစ်လာမှာဖြစ်ပြီး မြောက်ပိုင်းအိုင်ယာလန်ကတော့ အင်္ဂလန်ထဲမှာပဲ ဆက်လက်ကျန်ရှိနေမှာ ဖြစ်ပါတယ်။

ဥရောပသမဂ္ဂမှ ဗြိတိန်နုတ်ထွက်ရေးကိစ္စဟာ ၉၅ ရာခိုင်နှုန်းလောက်ပြီးစီးနေပြီ ဖြစ်ကြောင်း ဗြိတိန်ဝန်ကြီးချုပ် ထရီဆာမေဟာ ဗြိတိန်လွှတ်တော်ကို အောက်တိုဘာ ၂၃ ရက်က ပြောခဲ့ပါတယ်။ သို့သော်လည်းပဲ ဗြိတိန်ဝန်ကြီးချုပ် ထရီဆာမေတစ်ယောက် ဥရောပသမဂ္ဂရဲ့ မြောက်အိုင်ယာလန်နယ်စပ်နဲ့ ပတ်သက်ပြီး တင်သွင်းထားတဲ့အဆိုပြုချက်အပေါ်မှာ သိပ်ပြီးတော့ လက်မခံချင်တဲ့သဘောကို တွေ့ရပါတယ်။

လူလုံးမလှ အပူလုံးကြွ

ထို့အတူ ထရီဆာမေဟာ တခြားတစ်ဖက်မှာလည်း သူ့ရဲ့ပါတီတွင်း မြင့်တက်လာတဲ့ ဂိုဏ်းဂဏကွဲမှုတွေနဲ့လည်း လူလုံးမလှ အပူလုံးကြွနေရပါတယ်။

လွန်ခဲ့တဲ့ ရက်သတ္တပတ်က ပြုလုပ်ခဲ့တဲ့ ဥရောပသမဂ္ဂ အစည်းအဝေးမှာ သူ့အနေနဲ့ ယခင်မျှော်မှန်းထားတာထက် ကာလရှည်ကြာ ခွဲထွက်ရေးအလွန် အကောင်အထည်ဖော်မယ့် ကိစ္စတွေကို လက်ခံပြီးနောက်ပိုင်းမှာလည်း ထရီဆာမေတစ်ယောက် သူ့ရဲ့ပါတီတွင်းမှာလည်း ဥရောပသမဂ္ဂမှ ဗြိတိန်နုတ်ထွက်ရေး ခေါင်းမာတဲ့လူတွေရဲ့ဒေါသတကြီး တုံ့ပြန်မှုတွေနဲ့လည်း ရင်ဆိုင်နေရပါတယ်။

ထရီဆာမေဟာ ဥရောပသမဂ္ဂမှ ဗြိတိန်နုတ်ထွက်ပြီးတဲ့အခါ အိုင်းရစ်နယ်စပ်ကို ဘယ်လိုဆက်လက်ဖွင့်ထားမလဲဆိုတာနဲ့ ပတ်သက်ပြီး လန်ဒန်နဲ့ ဘရပ်ဆဲလ်ကြား ညှိနှိုင်းမှုမှာ မလူးသာမလွန်သာ ဘေးကျပ်နံကျပ် ချောင်ပိတ်မိနေတဲ့ အခြေအနေကို ကျော်လွှားချင်တဲ့ပုံပဲပေါ့။

ပုံမှန်အားဖြင့် ဗြိတိန်ဟာ မတ်လမှာ ဥရောပသမဂ္ဂမှခွဲထွက်မှုများ လုပ်ဆောင်ပြီးနောက် ဥရောပသမဂ္ဂနဲ့ဆက်လက်ပြီး တပူးတွဲတွဲ ဖြစ်နေမှာကို ဗြိတိန်ခွဲထွက်ရေး လိုလားသူတွေက စိုးရွံ့နေကြပါတယ်။

သဘောထားမတိုက်ဆိုင်သူ အမတ်လောင်းတွေကတော့ ယခုတစ်ပတ်အတွင်းမှာ သူ့ကို ထပ်မံဖြုတ်ချဖို့ ပြင်ဆင်မှုတွေလုပ်နေတယ်လို့ ဆန်းဒေးသတင်းစာတွေမှာတော့ ဖော်ပြထားတာတွေရှိပါတယ်။ သူ့ကို ဖြုတ်ချဖို့ အကွက်ဆင်ကြံစည်သူတွေကတော့ ရောင်စုံအကိုးအကားတွေနဲ့ ဝေဝေဆာဆာ ဖော်ပြခဲ့ကြပါတယ်။

ဆုံးခန်းတိုင်တော့မယ်

အဲဒီလို ဘရီးဇစ်အရေး သဘောထား မတိုက်ဆိုင်သူတွေရဲ့ စိတ်ထက်သန်မှုတွေကို တည်ငြိမ်သွားစေဖို့ ဝန်ကြီးချုပ်ဟာ လွှတ်တော်မှာ မိန့်ခွန်းပြောကြားမှာဖြစ်ပြီး အဲဒီမိန့်ခွန်းမှာ ဘရီးဇစ်နဲ့ ခွဲထွက်ရေး ကိစ္စဟာ ဆုံးခန်းတိုင်တော့မှာဖြစ်တယ်ဆိုတဲ့အချက်ကိုလည်း ထည့်သွင်းပြောကြားသွားမယ်လို့ဆိုပါတယ်။

ခွဲထွက်ရေး သဘောတူညီမှုဟာ ၉၅ ရာခိုင်နှုန်းလောက် ရောက်နေပြီဖြစ်သလို ဘရီးဇစ်နဲ့ သက်ဆိုင်တဲ့ သဘောတူစာချုပ်မချုပ်မီ ညှိနှိုင်းချက်တွေကိုလည်း လုပ်ဆောင်နေပြီ ဖြစ်တယ်လို့ သူကပြောခဲ့ပါတယ်။ ထရီဆာမေဟာ ဒီကိစ္စတွေကို လွှတ်တော်ကို တင်ပြသွားမှာဖြစ်ပါတယ်။

ဘရီးဇစ်အရေး နှစ်ပေါက်အောင် ဆွေးနွေးလာခဲ့တာဟာ အခုဆိုရင်တော့ ဆုံးခန်းတိုင်ရောက်တော့မှာဖြစ်ပေမယ့်လည်း စပိန်နဲ့ ဂျီဘရော်လ်တာအရေး၊ ဆိုက်ပရပ်စ်နဲ့ပတ်သက်ပြီး အင်္ဂလန်ရဲ့ စစ်အခြေစိုက်စခန်း အရေးတွေကို ခက်ခက်ခဲခဲ ဆွေးနွေးခဲ့ရတာ ဖြစ်ပါတယ်။

မိမိတို့အနေနဲ့ လုံခြုံရေး၊ ပို့ဆောင်ရေးနဲ့ ဝန်ဆောင်မှုတွေနဲ့ ပတ်သက်ပြီး အနာဂတ် ဆက်ဆံရေးအပိုင်းမှာ ကျယ်ပြန့်တဲ့ သဘောတူညီမှုတွေ ရရှိလာပြီဖြစ်ကြောင်း ထရီဆာမေက ပြောခဲ့ပါတယ်။

လိုက်လျောလို့မရသေး

သို့သော်လည်း အိုင်ယာလန်ကိစ္စနဲ့ ပတ်သက်ရင်တော့ သူ့အနေနဲ့ ပါတီတွင်း လွှတ်တော်အဖွဲ့ဝင်တွေနဲ့ ညှိနှိုင်းရဦးမှာဖြစ်ပြီး အီးယူရဲ့လတ်တလောတင်ပြထားတဲ့ အဆိုပြုချက်နဲ့ ပတ်သက်ပြီးတော့ လိုက်လျောလက်ခံလို့ မရသေးဘူးလို့တော့ ဆိုပါတယ်။

"ကျွန်မအရင်က တင်ပြခဲ့သလိုပဲ အီးယူရဲ့ဟိုးအရင်ကတင်ပြခဲ့တဲ့ အဆိုပြုချက်နဲ့ ပတ်သက်ပြီး လက်မခံနိုင်သေးပါဘူး။ သူတို့ပြောသလိုဆို အိုင်းရစ်ပင်လယ်တစ်လျှောက် အကောက်နယ်စပ်တွေ ဖန်တီးပေးရမှာဖြစ်ပြီး အဲဒါက အင်္ဂလန်ရဲ့တည်တံ့ခိုင်မြဲမှုကို ချိုးဖျက်လိုက်သလို ဖြစ်သွားနိုင်တယ်လို့" ထရီဆာမေက ပြောခဲ့ပါတယ်။

" သမိုင်းအဆက်ဆက်၊ ခေတ်အဆက်ဆက် အင်္ဂလန်ဝန်ကြီးချုပ်တွေအနေနဲ့လည်း လက်ခံမယ်လို့ မထင်သလို ကျွန်မလည်း လက်မခံပါဘူးလို့" သူက ဆက်လက်ပြောခဲ့ပါတယ်။

တိကျတဲ့အဖြေရှိဖို့လိုအပ်

ဘရီးဇစ်အလွန် အီးယူအဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံဖြစ်လာမယ့် အိုင်ယာလန်သမ္မတနိုင်ငံ နယ်စပ်နဲ့ ပတ်သက်ပြီး ဘယ်လိုဆက်လက်လုပ်ဆောင်မလဲဆိုတဲ့အချက်တွေအပေါ် ဆွေးနွေးညှိနှိုင်းနေရင်း ဆွေးနွေးပွဲဟာ အရှိန်တန့်သွားသလို ဖြစ်နေပါတယ်။

လန်ဒန်ကတော့ အကောက်ခွန်ဆိုင်ရာတွေနဲ့ အခြားစစ်ဆေးမှုအပိုင်းတွေကို ဘရပ်ဆဲလ် ကုန်သွယ်ရေး သဘောတူညီချက်အသစ်အရ ရှောင်လွှဲလို့ ရနိုင်မယ်လို့ ယုံကြည်နေပါတယ်။ သို့သော်လည်း အဲဒီလိုလက်ခံနိုင်တဲ့အချက်တွေဟာ စာချုပ်သဘောတူညီမှုမရခင် လုပ်ဆောင်ထားဖို့ လိုအပ်ပါတယ်။

အဲဒီလို ကျိန်းသေအောင်လုပ်ဖို့ ကျန်ရှိနေသေးတဲ့ အချို့အချက်လေးတွေကြောင့်ပဲ ဘရီးဇစ်ကိစ္စဟာ အခုအချိန်အထိ မပြီးပြတ်နိုင်သေးဘဲ ကျန်နေတာကို တွေ့နေရခြင်းပဲ ဖြစ်ပါတယ်။

ပြင်သစ်နိုင်ငံ၏ ဥရောပဝန်ကြီး နာတာလီ လိုက်ဆီက ဥရောပအနေနဲ့ ဘရီးဇစ်အရေးမှာ တိကျတဲ့ အဖြေရရှိဖို့ လိုအပ်ပါတယ်။ ဘာပြီးရင် ဘာဆက်လုပ်ရမယ်မှန်းမသိတဲ့ ခဏခဏ ပျောက်ပျက်သွားမယ့် ယာယီဆောင်ရွက်မှုမျိုးတော့ မလိုချင်ပါဘူးလို့ ပြောခဲ့ပါတယ်။

ဥရောပမှ ခွဲထွက်ရေး ဆန္ဒမဲပေးခဲ့သော်လည်း တကယ်တမ်းတော့ ဗြိတိသျှလူမျိုးတွေဟာ ဘရီးဇစ်အရေးနဲ့ပတ်သက်ပြီး နှစ်ခြမ်းကွဲနေပါသေးတယ်။

ဘရီးဇစ်အရေးဟာ ပြီးဆုံးတော့မယ့် အခြေအနေကို တဖြည်းဖြည်း ရောက်ရှိလာပြီဖြစ်ပါတယ်။ သို့သော်လည်း ဆက်လက်ဆွေးနွေး ညှိနှိုင်းရမယ့် ကိစ္စလေးတွေ အနည်းငယ် ကျန်ရှိနေသေးပါတယ်။ နှစ်ဖက်အဖွဲ့တွေရဲ့ညှိနှိုင်းမှုတွေ အဆင်ပြေသွားမယ်ဆိုပါက မကြာမီအချိန်အတွင်းမှာ ဘရီးဇစ်ဟာ လုံးဝပြီးဆုံးတော့မှာ ဖြစ်ပါတယ်။ ။

ကိုးကား - အေအက်ဖ်ပီ

❑ ဥရောပသမဂ္ဂမှ ဗြိတိန်နုတ်ထွက်ပြီးတဲ့အခါမှာတော့ အဲဒီနယ်စပ်ဟာ ဥရောပသမဂ္ဂနဲ့ ဗြိတိန်နိုင်ငံကြား ကုန်းပိုင်းနယ်နိမိတ်ထိစပ်တဲ့ တစ်ခုတည်းသော နေရာဖြစ်လာမှာ ဖြစ်ပါတယ်။ အိုင်ယာလန် သမ္မတနိုင်ငံဟာ ဥရောပသမဂ္ဂအဖွဲ့ဝင်ဖြစ်လာမှာဖြစ်ပြီး မြောက်အိုင်ယာလန်ကတော့ အင်္ဂလန်ထဲမှာပဲ ဆက်လက်ကျန်ရှိနေမှာဖြစ်

❑ ဥရောပသမဂ္ဂမှ ဗြိတိန်နုတ်ထွက်ရေးကိစ္စဟာ ၉၅ ရာခိုင်နှုန်းလောက်ပြီးစီးနေပြီဖြစ်ကြောင်း ဗြိတိန်ဝန်ကြီးချုပ် ထရီဆာမေဟာ ဗြိတိန်လွှတ်တော်ကို အောက်တိုဘာ ၂၃ ရက်က ပြောခဲ့

နိုင်ငံတကာ သတင်းတိုထွာ

ဆော်ဒီဘုရင်နှင့် အိမ်ရှေ့မင်းသား ခါရှောဂီမိသားစုဝင်များနှင့် တွေ့ဆုံ

ရီယာဒ် အောက်တိုဘာ ၂၅

ဆော်ဒီအာရေဗျ ဘုရင် ဆယ်လ်မန်နှင့် အိမ်ရှေ့မင်းသား မိုဟာမက်ဘင် ဆယ်လ်မန်တို့သည် အသတ်ခံရသော ဆော်ဒီသတင်းထောက် ဂျမားလ်ခါရှောဂီ၏ မိသားစုဝင်များကို တွေ့ဆုံခဲ့ကြောင်း သတင်းများတွင်ဖော်ပြခဲ့သည်။

ဆော်ဒီဘုရင်နှင့်အတူ အိမ်ရှေ့မင်းသားသည် ခါရှောဂီ၏ အစ်ကိုဖြစ်သူနှင့် သားဖြစ်သူတို့အား တော်ဝင်နန်းတော်တွင် တွေ့ဆုံခဲ့ကြောင်း သိရသည်။ ဆော်ဒီဘုရင်နှင့် အိမ်ရှေ့မင်းသားတို့သည် ဂျမားလ်ခါရှောဂီ၏ မိသားစုဝင်နှစ်ဦးအား ဝမ်းနည်းကြေကွဲကြောင်း ပြောကြားခဲ့သလို ခါရှောဂီ၏ မိသားစုဝင်များဖြစ်သည့် အစ်ကိုဖြစ်သူ ဆယ်လ်ဘင်အာမက် ခါရှောဂီနှင့် သားဖြစ်သူ ဆာလေ ဂျမားလ်ခါရှောဂီတို့ကလည်း ကျေးဇူးတင်ကြောင်း ပြန်လည်ပြောကြားခဲ့သည်။

ခါရှောဂီသည် ဝါရှင်တန်ပို့စ်သတင်းစာ ၏ ပင်တိုင်ဆောင်းပါးရှင် တစ်ဦးဖြစ်ကာ တူရကီနိုင်ငံ အစ္စတန်ဘူလ်မြို့ရှိ ဆော်ဒီကောင်စစ်ဝန်ရုံးအတွင်းသို့ အောက်တိုဘာ ၂ ရက်က ဝင်ရောက်သွားပြီးနောက် ပျောက်ဆုံးသွားခဲ့ခြင်း ဖြစ်သည်။

ခါရှောဂီသည် ကောင်စစ်ဝန်ရုံးအတွင်း ရုန်းရင်းဆန်ခတ်မှုတစ်ခုကြောင့် သေဆုံးခဲ့ကြောင်း အောက်တိုဘာ ၂၀ ရက် အစောပိုင်းက ကြေညာခဲ့သော်လည်း သေဆုံးခဲ့ရသည့်အကြောင်းရင်းကို ရှင်းလင်းပြောကြားခြင်း မရှိကြောင်း သိရသည်။ **အေအက်ဖ်ပီ**

အိန္ဒိယအရှေ့ပိုင်းတွင် လူအုပ်ပိမှုကြောင့် နှစ်ဦးသေဆုံး

နယူးဒေလီ အောက်တိုဘာ ၂၅

အိန္ဒိယနိုင်ငံ အရှေ့ပိုင်း ကိုလ်ကတ္တားမြို့ရှိ ဆန်ဒရာဂါချီ ရထားဘူတာရုံတွင် မကြာသေးမီက လူအုပ်ပိမှုတစ်ခု ဖြစ်ပွားခဲ့ရာ ယင်းဖြစ်စဉ်အတွင်း အနည်းဆုံး လူနှစ်ဦးခန့်သေဆုံးသွားခဲ့ပြီး ၁၄ ဦး ဒဏ်ရာရရှိခဲ့ကြောင်း သက်ဆိုင်ရာအာဏာပိုင်များက ပြောကြားခဲ့သည်။

လူအုပ်မိမှုသည် ဆန်ဒရာဂါချီ ရထားဘူတာရုံရှိ ရထားလမ်းနှစ်ခုကို ဆက်သွယ်ပေးထားသော တံတားပေါ်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ လူအများစောင့်ဆိုင်းနေသည့် ရထားလမ်းမှ မဟုတ်ဘဲ အခြားတစ်လမ်းမှ ရထားရောက်ရှိလာရာ အဆိုပါ ရထားပေါ်သို့ တိုးဝှေ့တက်ကြရာမှ ယခုလို လူအုပ်ပိမှု ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ကိုလ်ကတ္တားမြို့သည် အိန္ဒိယနိုင်ငံ အရှေ့ပိုင်းရှိ အနောက်ဘင်္ဂလားပြည်နယ်၏ မြို့တော်ဖြစ်ကြောင်း သိရသည်။ ပြည်နယ်ဝန်ကြီးချုပ် မန်တာဘန်နာဂျီက အခင်းဖြစ်ပွားရာသို့ ရောက်ရှိလာပြီး အခြေအနေကို ကြည့်ရှုခဲ့ကြောင်း သိရသည်။ ကုသမှုခံယူပြီးနောက် လူသုံးဦးမှာ ဆေးရုံမှ ဆင်းသွားပြီဖြစ်ကြောင်း ရထားလမ်းတာဝန်ရှိသူ တစ်ဦးက ပြောကြားခဲ့သည်။ **ဆင်ဟွာ**

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်း ဆွာနှင့် သာဂရကြားရှိ မြန်မာ့သစ်လုပ်ငန်းမြေနေရာ ကျူးကျော်နေထိုင်သူများနှင့် တွေ့ဆုံဆွေးနွေး

ရေတာရှည် အောက်တိုဘာ ၂၅

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းသည် အောက်တိုဘာ ၂၅ ရက် နံနက်ပိုင်းက ဆွာနှင့်သာဂရမြို့အကြားရှိ မြန်မာ့သစ်လုပ်ငန်းဌာနအတွင်း ကျူးကျော်နေထိုင်သူများနှင့် သွားရောက်တွေ့ဆုံခဲ့သည်။

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ဆွာမြို့နှင့် သာဂရမြို့အကြားရှိ မြန်မာ့သစ်လုပ်ငန်းမြေနေရာများတွင် ကျူးကျော်နေထိုင်သူများအား ဖယ်ရှားပေးရန် ဌာနမှဥပဒေကြားလာမှုအပေါ် မြန်မာ့သစ်လုပ်ငန်းတွင် နေ့စားအဖြစ် ခုနစ်နှစ်မှ နှစ်ပေါင်း ၃၀ အထိ လုပ်ကိုင်ခဲ့ကြသူများက တိုင်းဒေသကြီးအစိုးရအဖွဲ့ထံ အသနားခံတင်ပြခဲ့သည်။

"နိုင်ငံအတွက် အများကြီးအလုပ်အကျွေး ပြုခဲ့ပြီးပြီ။ အခုလို နေရာထိုင်ခင်းအတွက် ဖယ်ရှားပေးရမယ်ဆိုတော့ ကိုယ်ချင်းစာပါတယ်။ ဒီအတွက်လည်း မြေနေရာကို အကောင်းဆုံးဖြစ်အောင် စီစဉ်ပေးသွားမယ်။ ဝန်ထမ်းတွေအတွက်လည်း နေစရာလိုင်းခန်းတွေရှိတယ်ဆိုရင် ဝန်ထမ်းတွေအနေနဲ့ လိုင်းခန်းမှာ နေကြပါ။ ကျန်တဲ့နေ့စားဝန်ထမ်းတွေအတွက် အဆင်ပြေအောင် ဌာနဆိုင်ရာတွေနဲ့ ညှိနှိုင်းဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်" ဟု အောက်တိုဘာ ၂၅ ရက် နံနက်ပိုင်းက မြန်မာ့သစ်လုပ်ငန်းဌာနအတွင်း နေ့စားအလုပ်သမားများနှင့် တွေ့ဆုံစဉ် ဝန်ကြီးချုပ် ဦးဝင်းသိန်းက ရှင်းလင်းပြောကြားသည်။ **(ယာဝုံ)**

မြန်မာ့သစ်လုပ်ငန်းတွင် လက်ရှိ ဝန်ထမ်းအင်အား ၁၀ ဦး၊ နေ့စားဝန်ထမ်း ၄၂ ဦးရှိပြီး အားလုံးမှာ ပတ်ဝန်းကျင်မြေနေရာများတွင် နှစ်ပေါင်း ၃၀ အထိ နေထိုင်ခဲ့ကြသူများဖြစ်၍ ရွှေ့ပြောင်းနေထိုင်စရာနေရာအတွက် အခက်အခဲများစွာ ဖြစ်ပေါ်နိုင်ကြောင်း နေ့စားဝန်ထမ်းတစ်ဦးက ပြောသည်။

"ကျွန်တော်တို့ ဒီဝန်းကျင်မှာ နေထိုင်လာကြတာ နှစ်ပေါင်း ၃၀ တောင်ကျော်ပြီ။ ကိုယ့်အိမ်ကိုယ်ဆောက်ပြီး နေလာခဲ့ကြတာ။ အခုတော့ ရွှေ့ပြောင်းဖယ်ရှားပေးရမယ်ဆိုရင် အားလုံးအတိဒုက္ခ ရောက်ကြရမှာပါ။ ဒါကြောင့်လည်း ဝန်ကြီးချုပ်ထံ အသနားခံတင်ပြခဲ့တာဖြစ်ပါတယ်" ဟု ၎င်းက ပြောပြသည်။ **သန်းလွင်**

မော်လမြိုင်ကျွန်း၌ (၈၆) ကြိမ်မြောက် တာဝတီသာ ဝါကျွတ်ပွဲ စည်ကားစွာကျင်းပ

မော်လမြိုင်ကျွန်း အောက်တိုဘာ ၂၅

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့တွင် နှစ်စဉ် စည်ကားသိုက်မြိုက်စွာ ကျင်းပမြဲဖြစ်သော (၈၆) ကြိမ်မြောက် ဝါကျွတ်ဘုရားဆင်းပွဲတော် ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၂၃ ရက်က တာဝတီသာဘုရားရှေ့ မျက်နှာစာ၌ ကျင်းပသည်။

ဖွင့်ပွဲတွင် တာဝတီသာဘုရား ဝါကျွတ်ပွဲတော်အား တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ကျော်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးဝင်းနှင့် တာဝတီသာဘုရား ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဌေးတို့က ပွဲတော်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဖွင့်ပွဲအပြီးတွင် မြို့နယ်မှ တာဝန်ရှိသူများ၊ အနယ်နယ် အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများက တာဝတီသာမြတ်စွာ ဘုရား အထက်ပစ္စယာပေါ်သို့ တက်ရောက်ဖူးမြော် ကြည်ညိုကြသည်။ ဖွင့်ပွဲမတိုင်မီနှင့် ဖွင့်ပွဲကျင်းပပြီးချိန်တွင် တပင်တိုင် အကများ၊ ယိမ်းအကများ၊ ဆီမီးခွက်အကများဖြင့် ဧည့်ခံဖျော်ဖြေခဲ့ကြသည်။

အဆိုပါ တာဝတီသာဘုရား ဝါကျွတ်ပွဲတော်ကို မော်လမြိုင်ကျွန်းမြို့တွင် သီတင်းကျွတ်လဆန်း ၁၄ ရက်မှ သီတင်းကျွတ်လပြည့်ကျော် ၂ ရက်အထိ လေးရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

မော်ကျွန်း- မြင့်အောင်

ဂန့်ဂေါ်မြို့နယ်၌ ဆောင်းသီးနှံမြေပဲခင်းများ အောင်မြင်ဖြစ်ထွန်း

ဂန့်ဂေါ် အောက်တိုဘာ ၂၅

ဂန့်ဂေါ်မြို့နယ်တွင် ဆီထွက်သီးနှံများအဖြစ် နှမ်း၊ မြေပဲနှင့် နေကြာများကို အဓိကထား စိုက်ပျိုးလေ့ရှိရာ ၂၀၁၈ ခုနှစ် ဆောင်းသီးနှံများအဖြစ် မြေပဲ ၆၃၉၆ ဧက၊ နေကြာ ၆၈၁၉ ဧကတို့ကို စိုက်ပျိုးသွားမည်ဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြေပဲသီးနှံကို အောက်တိုဘာ လဆန်းရက်ပိုင်းများတွင် စတင်စိုက်ပျိုးကြရာ စိုက်ပျိုးပြီးသော မြေပဲခင်းများမှာ အောင်မြင်ဖြစ်ထွန်းလျက်ရှိသည်ကို တွေ့ရသည်။

ယခင်နှစ်က ဆောင်းသီးနှံများအဖြစ် မြေပဲ ၆၃၉၆ ဧက၊ နေကြာ ၅၈၁၉ ဧကတို့ကို စိုက်ပျိုးခဲ့ကြသည်။

အဆိုပါ ဆီထွက်သီးနှံများ စိုက်ပျိုးရာတွင် စားသုံးသူများ ဘေးအန္တရာယ်ကင်းရှင်းစေရန်အတွက်လည်းကောင်း၊ ဈေးကွက်တွင် ယုံကြည်မှုရရှိပြီး ဈေးကွက်ဝင်ကာ ဈေးကောင်းရရှိရေးအတွက်လည်းကောင်း၊ စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်း GAP စနစ်နှင့်အညီ လိုက်နာကျင့်သုံးနိုင်ရေး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများသည် တောင်သူများထံ ကွင်းဆင်းဆွေးနွေးကြကြောင်း သိရသည်။

၁၄၄

လာမည့်သောကြာ ရှုဖွယ်ရာ

"တစ်ခုလပ်" ရုပ်ရှင်ဇာတ်ကား နိုဝင်ဘာ ၂ ရက်မှစတင်၍ မြန်မာတစ်နိုင်ငံလုံးရှိ အဆင့်မြင့်ရုပ်ရှင်ရုံကြီးများတွင် ပြသသွားမည်

ရန်ကုန် အောက်တိုဘာ ၂၅

"SG-9" ရုပ်ရှင်ထုတ်လုပ်ရေးမှ ထုတ်လုပ်ပြီး ဒါရိုက်တာ ညွှန်မြန်မာညီညီအောင် ရိုက်ကူးသည့် "တစ်ခုလပ်" ရုပ်ရှင်ဇာတ်ကား စာနယ်ဇင်းအကြိုမိတ်ဆက်ပွဲကို အောက်တိုဘာ ၂၃ ရက် ည ၇ နာရီက ရန်ကုန်မြို့ Junction City ရှိ JCGV ရုပ်ရှင်ရုံ၌ ပြသခဲ့ပြီး နိုဝင်ဘာ ၂ ရက်မှစတင်၍ မြန်မာတစ်နိုင်ငံလုံးရှိ အဆင့်မြင့်ရုပ်ရှင်ရုံကြီးများတွင် ပြသသွားမည်ဖြစ်သည်။

ညွှန်မြန်မာ ညီညီအောင်

မျိုးသန္တာထွန်း

ချမ်းမေမြတ်နိုး

လင်းအောင်ခေတ်

တိုင်ရွန်

ဒါရိုက်တာ ညွှန်မြန်မာညီညီအောင်က "လူမှုအသိုင်းအဝိုင်းမှာ တစ်ခုလပ်တွေကို အထင်မသေးစေချင်ဘူး။ အဲဒါတွေကို ပေါ်လွင်စေချင်တဲ့အတွက် ရိုက်ကူးခဲ့တာပါ။ အကြောင်းအမျိုးမျိုးကြောင့် တစ်ခုလပ်ဖြစ်သွားရတဲ့ အမျိုးသမီးတွေကို တချို့ယောက်ျားတွေက လွယ်တယ်ဆိုတဲ့ ပုံစံမျိုးနဲ့ စမ်းချင်ကြပါတယ်။ ဒီဇာတ်ကားထဲမှာ တစ်ခုလပ်ပေမယ့် အဲဒီလိုမျိုးမဟုတ်ဘူး၊ မလွယ်ဘူး၊ အစမ်းမခံဘူးဆိုတာကို ပြောချင်တာပါ။ ဒီကားကို လာရောက်ကြည့်ရှုပြီးရင် တစ်ခုလပ်ဖြစ်သွားတဲ့ လူတွေအပေါ်မှာ နှိမ့်ချမှုမရှိဘဲနဲ့ လက်ကမ်းကြိုကြဖို့ပါ ပြောချင်ပါတယ်။ ဒီကားလေးမှာ တစ်ခုထက်မက လပ်နေတဲ့မိဘမဲ့ကလေးတွေအကြောင်းလည်း ထည့်ပြောထားပါတယ်" ဟု ပြောသည်။

အဆိုပါဇာတ်ကားတွင် တိုင်ရွန်၊ အောင်လေး၊ လင်းအောင်ခေတ်၊ မျိုးသန္တာထွန်း၊ ခင်ဇာခြည်ကျော်၊ လင်းဇာနည်ဇော်၊ သဠာမြင့်မိုရ်၊ ချမ်းမေမြတ်နိုးနှင့် အနုပညာရှင်များစွာ ပါဝင်ထားပြီး အကြောင်းအမျိုးမျိုးကြောင့် တစ်ခုလပ်ဖြစ်ခဲ့ရသည့် အမျိုးသမီးတို့၏ ဘဝကို စာနာနားလည်တတ်စေရန် ရည်ရွယ်ကာ အသိပညာပေးသည့် အနေဖြင့် ရိုက်ကူးထားသော အိမ်ထောင်ရေးဇာတ်ကား ဖြစ်သည်။

သရုပ်ဆောင် လင်းအောင်ခေတ်က "ရိုးရိုးသားသား လူငယ်တစ်ယောက်ပုံစံအနေနဲ့ ပါဝင်သရုပ်ဆောင်ထားပါတယ်။ ကျွန်တော့်အမေနေရာက ပါဝင်ထားတဲ့ အန်တီခင်ဇာခြည်ကျော်က ငိုတဲ့အခန်းမှာဆိုရင် အလွန်ခံစားမှုတွေပါတော့ ကျွန်တော်လည်း ကိုယ်ပြောရမယ့် စကားတွေတောင် မေ့သွားလို့ အကြိမ်ကြိမ် ပြန်ရိုက်ခဲ့ရပါတယ်" ဟု ပြောသည်။

သရုပ်ဆောင် မျိုးသန္တာထွန်းက "တစ်ခုလပ်တွေကို ကိုယ်ချင်းမစာတတ်တဲ့ ကုမ္ဗဏီပိုင်ရှင်တစ်ဦးအနေနဲ့ ပါဝင်ထားတယ်။ ကိုယ့်သမီးလေးကိုယ်တိုင် ခံစားရတော့မှ တစ်ခုလပ်တွေရဲ့ဘဝကို စာနာနားလည်သွားတဲ့ အမျိုးသမီးတစ်ယောက် နေရာက သရုပ်ဆောင်ထားတာပါ။ အမှတ်တရ အနေနဲ့ လင်းလင်းရယ်၊ အစ်မရယ်၊ ဇာလေးရယ် သူငယ်ချင်းသုံးယောက် အတူတူတွဲပြီး ရိုက်ရတဲ့ ပထမဆုံးဇာတ်ကားလေးပါ။ မိခင်တစ်ယောက် အနေနဲ့ သမီးကို ဆိုဆုံးမလိုမရတဲ့ ဇာတ်ဝင်ခန်းကို အကြိုက်ဆုံးပါ။ အကြောင်းအမျိုးမျိုးကြောင့် တစ်ယောက်တည်းရပ်တည်နေရတဲ့ အမျိုးသမီးတွေကို စာနာနားလည်တဲ့စိတ်၊ မေတ္တာတရား အပြည့်နဲ့ ဖေးမတဲ့စိတ်လေးတွေ ရှိစေဖို့အတွက် ရည်ရွယ်ပြီးရိုက်ထားတာပါ" ဟု ပြောသည်။

သရုပ်ဆောင် ချမ်းမေမြတ်နိုးက "မမျိုးသန္တာထွန်းရဲ့ သမီးနေရာက ပါဝင်ထားပါတယ်။ ခပ်ဆိုးဆိုး၊ ခပ်ဟော့ဟော့ ပုံစံမျိုးလေးပါ။ ကိုယ်မလုပ်ဖူးတဲ့ ဇာတ်ကောင်စရိုက်ဆိုတော့ ပိုပြီးတာဝန်ကြီးပါတယ်။ ဒီကားထဲမှာ ကိုယ်ဝန်ရနေတဲ့ကိစ္စတောင် ပေါ့ပေါ့လေးပဲ ကိုယ့်အမေကို ပြန်ပြောနိုင်တဲ့ အနေအထားမျိုးအထိ ပေါ့ပျက်ပျက်ကောင်မလေး နေရာက သရုပ်ဆောင်ထားတာပါ။ ဒီဇာတ်ကားလေးက အပြင်မှာ လက်ရှိတစ်ခုလပ်ဖြစ်နေတဲ့ အမျိုးသမီးတွေကို ခွန်အားပေးချင်တဲ့အနေနဲ့ ရိုက်ထားတာပါ" ဟု ပြောသည်။

အကြောင်းအမျိုးမျိုးကြောင့် တစ်ခုလပ်ဖြစ်ခဲ့ရသည့် အမျိုးသမီးတို့၏ ဘဝအကြောင်းများနှင့် သားသမီးတို့အပေါ် ထိန်းကျောင်းမှုပုံရိပ်များ၊ လူမှုပတ်ဝန်းကျင်တွင် ရင်ဆိုင်ကြုံတွေ့ရလေ့ရှိသော အခက်အခဲများနှင့် ဘဝပုံရိပ်များကို ကိုယ်ချင်းစာ နားလည်တတ်စေရန် ရိုက်ကူးထားသည့် ဇာတ်ကားကောင်းတစ်ကား ဖြစ်သည်။

သတင်း- ဇော်ကြီး၊ ဓာတ်ပုံ- ဖေဇော်

ကျောက်တော်ကြီး ဘုရားဝင်းအတွင်းရှိ ရဟန္တာ ၈၄ ပါးဂူများအား ပြန်လည်မွမ်းမံနေမှု ၃၀ ရာခိုင်နှုန်းခန့် ပြီးစီး

မန္တလေး အောက်တိုဘာ ၂၅

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ် ကျောက်တော်ကြီးဘုရားဝင်းအတွင်းရှိ ရဟန္တာ ၈၄ ပါး ဂူကျောင်းဆောင်များ ပြန်လည်မွမ်းမံနေမှု ၃၀ ရာခိုင်နှုန်းခန့် ပြီးစီးသွားပြီဖြစ်ကြောင်း ကျောက်တော်ကြီးဘုရား ဂေါပကအဖွဲ့ဝင် ဦးတင်မောင်ကြည်က ပြောကြားသည်။

အဆိုပါ ရဟန္တာ ၈၄ ပါးနှင့် ဂူကျောင်းဆောင်များမွမ်းမံနေမှုကို သက်ဆိုင်ရာကို ခွင့်ပြုချက်တောင်းခံပြီး ဂေါပကအဖွဲ့ကကြီးမှူးကာ အများစုပေါင်း လှူဒါန်းငွေဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါ ပြုပြင်မွမ်းမံရေးလုပ်ငန်းများကို သြဂုတ် ၂၂ ရက်တွင် စတင်ဆောင်ရွက်ခဲ့ကြောင်း၊ ရဟန္တာများအား ရောင်စဉ်ဖွင့်ခြင်း၊ ဂူကျောင်းဆောင်များတွင် သံပန်းတံခါးများတပ်ဆင်ခြင်း၊ ဂူကျောင်းဆောင်များပေါ် ထီးတော်အသစ်တင်လှူခြင်းများ ဆောင်ရွက်ခဲ့ကြောင်း၊ ဂူကျောင်းဆောင်တစ်ဆူလျှင် ငွေကျပ် ၅၅၀၀၀၀ ခန့် ကုန်ကျကြောင်း၊ ယခုအခါ ပြန်လည်မွမ်းမံခြင်းလုပ်ငန်းများ ၃၀ ရာခိုင်နှုန်းခန့် ပြီးစီးပြီဖြစ်ကြောင်း၊ ထို့အပြင် ကျောင်းဆောင်တော်ကြီးအပေါ်ရှိ သည့် ပိရမစ်ပုံစံ ဒုပိကာကြီးကိုလည်း ပန်းတမော့ပညာရှင်များနှင့် ညှိနှိုင်း၍ ပြုပြင်မွမ်းမံခြင်း လုပ်ငန်းများဆောင်ရွက်ရန် စီစဉ်လျက်ရှိကြောင်း ၎င်းက ပြောသည်။

ကျောက်တော်ကြီးဘုရားကို မင်းတုန်းမင်းကြီး တည်ထားခဲ့ပြီး ၁၂၂၆ ခုနှစ် ဝါခေါင်လတွင် စတင်ထုလုပ်ခဲ့ကာ ၁၂၂၇ ခုနှစ် ကဆုန်လပြည့်ကျော် ၇ ရက်တွင် ပြီးစီးခဲ့ကြောင်း၊ မြေဇော ၄ ဒသမ ၂၅ ဇကတွင် တည်ခဲ့ကြောင်း မှတ်တမ်းများအရ သိရသည်။

သန်းဇော်မင်း(ပြန်/ဆက်)

ယနေ့ ဈေးကွက်ပေါက်ဈေးများ

(၂၅-၁၀-၂၀၁၈)

ရွှေ

ရန်ကုန်	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၁၀၂၀၅၀၀
ရန်ကုန်	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ် ၉၆၀၅၀၀
မန္တလေး	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၁၀၂၀၅၀၀
မန္တလေး	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ် ၉၆၀၅၀၀

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

စက်သုံးဆီ

စက်သုံးဆီ	**လက်လီဈေး(ရန်ကုန်)**	**လက်လီဈေး(မန္တလေး)**
ဒီဇယ်(တစ်လီတာ)	၁၀၈၀/၁၁၀၀ ကျပ်	၁၁၂၀/၁၁၃၀ ကျပ်
ပရီမီယံဒီဇယ်(တစ်လီတာ)	၁၀၉၅/၁၁၁၀ ကျပ်	၁၁၃၅/၁၁၄၅ ကျပ်
အောက်တိန်း ၉၂	၁၀၅၀/၁၀၆၅ ကျပ်	၁၁၁၀/၁၁၂၅ ကျပ်
အောက်တိန်း ၉၅	၁၁၀၀/၁၁၁၅ ကျပ်	၁၁၇၀/၁၁၇၅ ကျပ်

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

နိုင်ငံတကာ ငွေကြေးများ

အမေရိကန်	တစ်ဒေါ်လာ	ကျပ်	၁၅၃၉ . ၀
ဥရောပ	တစ်ယူရို	ကျပ်	၁၇၇၀ . ၃
စင်ကာပူ	တစ်ဒေါ်လာ	ကျပ်	၁၁၁၆ . ၆
ဖြိတိန်	တစ်ပေါင်စတာလင်	ကျပ်	၂၀၁၅ . ၆
ဂျပန်	၁၀၀ ယန်း	ကျပ်	၁၃၆၆ . ၄
ဩစတြေးလျ	တစ်ဒေါ်လာ	ကျပ်	၁၀၉၆ . ၂
တရုတ်	တစ်ယွမ်	ကျပ်	၂၂၂ . ၁၆
အိန္ဒိယ	တစ်ရူပီး	ကျပ်	၂၀ . ၉၁၀
ကိုရီးယား	၁၀၀ ဝမ်	ကျပ်	၁၃၅ . ၉၅
မလေးရှား	တစ်ရင်းဂစ်	ကျပ်	၃၇၀ . ၂၂
ထိုင်း	တစ်ဘတ်	ကျပ်	၄၇ . ၁၉၄

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄)နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်- ၀۶۷-۶၀۶၂၂၂၊ ၀۶۷-۶၀۶۹۹۹

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန

လေပြင်းတိုက်ခတ်ခဲ့သည့် နေအိမ်များအား ထောက်ပံ့

မအူပင် အောက်တိုဘာ ၂၅

မအူပင်မြို့နယ်၌ အောက်တိုဘာ ၂၀ ရက်က လေပြင်းတိုက်ခတ်မှုကြောင့် ကျေးရွာအချို့ နေအိမ်များ ပြိုလဲပျက်စီးမှုဖြစ်ပေါ်ခဲ့သည်။

ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန မအူပင်ခရိုင်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများနှင့် မအူပင်မြို့နယ် အမှတ် (၁)တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဇော်မိုးသည် စစ်ချောင်း၊ ရွှေလှေသောင်၊ ပေကုန်း၊ ငါးဖားအိုင်၊ ရေလဲလေး၊ ပန်းပင်စု၊ အိုင်ဝိုင်း၊ အင်းမှ၊ ကံကုန်း၊ ချောက်ရာ၊ တော်တလုပ်၊ ကညင်ဝနှင့် အောက်ထုံး ကျေးရွာအုပ်စု စုစုပေါင်း ကျေးရွာအုပ်စု ၁၄ စု ကျေးရွာခွဲ ၂၃ ရွာတို့၌ အောက်တိုဘာ ၂၀ ရက်က လေပြင်းတိုက်ခတ်မှုကြောင့် ပြိုကျနေအိမ် ၂၂ လုံး၊ တစ်စိတ်တစ်ပိုင်း ပျက်စီးနေအိမ် ၁၃၄ လုံး စုစုပေါင်းနေအိမ် ၁၅၆ လုံး အိမ်ထောင်စု ၁၅၆ စုအတွက် ပြိုကျနေအိမ်တစ်လုံး အိမ်ထောင်စုတစ်စုလျှင် ကယ်ဆယ်ရေးပစ္စည်း ၁၆ မျိုး၊ တစ်စိတ်တစ်ပိုင်းပျက်စီးနေအိမ်တစ်လုံး အိမ်ထောင်စုတစ်စုလျှင် ကယ်ဆယ်ရေးပစ္စည်း ၁၁ မျိုး စုစုပေါင်း အိမ်ဆောက်ပစ္စည်းဖိုး ရန်ပုံငွေကျပ် ၅၅၇၀၀၀၀ နှင့် လူဦးရေ ၆၄၆ ဦးအတွက် ဆန်ရိက္ခာဖိုးရန်ပုံငွေကျပ် ၁၃၅၆၆၀၀ ကို လေဘေးသင့်အိမ်ထောင်စုများအား ရေလဲလေးကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ လည်းကောင်း၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ လည်းကောင်း ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

မယ်စဲ့မြို့၌ သီတင်းကျွတ်လပြည့်နေ့တွင် ကုသိုလ်ပြုသူများဖြင့် စည်ကား

မယ်စဲ့ အောက်တိုဘာ ၂၅

ကယားပြည်နယ် ဘော်လခဲခရိုင် မယ်စဲ့မြို့နယ်၌ သီတင်းကျွတ်လပြည့်(အဘိဓမ္မာအခါတော်နေ့)တွင် မယ်စဲ့မြို့မဘုန်းတော်ကြီးကျောင်းနှင့် ဟိုစဲ့တောင်တန်းသာသနာပြုထေရဝါဒဘုန်းတော်ကြီးကျောင်းများ၌ ကုသိုလ်ကောင်းမှုပြုသူ၊ တရားဘာဝနာပွားများသူ ဒေသခံတိုင်းရင်းသား ပြည်သူများနှင့် အထူးစည်ကားလျက်ရှိသည်။

မယ်စဲ့မြို့တွင် တိုင်းရင်းသားပေါင်းစုံ စုပေါင်းနေထိုင်ကြပြီး သီတင်းကျွတ်လပြည့် နံနက်ပိုင်းက မြို့မဘုန်းတော်ကြီးကျောင်းနှင့် ဟိုစဲ့ တောင်တန်းသာသနာပြုထေရဝါဒဘုန်းတော်ကြီးကျောင်းများ၌ ကုသိုလ်ပြုသူများ၊ ဥပုသ်သီလဆောက်တည်သူများနှင့် အိမ်နီးချင်းထိုင်းနိုင်ငံဆောင်ဟိန်မှ တရားဘာဝနာပွားများသူ ဘုရားဖူးဧည့်သည်များဖြင့် အထူးစည်ကားခဲ့ပြီး ညနေပိုင်းတွင် မြို့ပေါ်ရပ်ကွက်မှ လူငယ်မောင်မယ်များက အိုးစည်ဝုံမောင်းများဖြင့် မီးကြာများကိုထမ်းကာ မြို့တွင်းသို့ လှည့်လည်၍ မြို့မဘုန်းတော်ကြီးကျောင်း၌ ဆီမီးများထွန်းညှိပူဇော်ခဲ့ကြောင်း သိရသည်။

ဝတ်ရည်(ပြန်/ဆက်)

ဒီးမော့ဆိုမြို့နယ်၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် လယ်နှင့်ငါးကန်အချို့ ရေကြီးနစ်မြုပ်

ဒီးမော့ဆို အောက်တိုဘာ ၂၅

ကယားပြည်နယ် လွိုင်ကော်ခရိုင် ဒီးမော့ဆို မြို့နယ်တွင် အောက်တိုဘာ ၂၂ ရက်မှစ၍ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဆင်တောင်ကျေးရွာအုပ်စု ပီသဲကူးမြောက်ကျေးရွာ အရှေ့ဘက်ရှိ ဘီလူးချောင်းရေ မြင့်တက်လာပြီး ရေနုတ်မြောင်းမှတစ်ဆင့် မြောင်းရေလျှံကာ စိုက်ပျိုးပြီးလယ်နှင့် ငါးကန်အချို့ ရေကြီး နစ်မြုပ်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်နှင့် ပတ်သက်၍ အောက်တိုဘာ ၂၃ ရက်က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဘော်ရယ်စိုး၀ေ၊ မြို့နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးစန်းထွန်းလင်း၊ မြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန၊ မြို့နယ်ဆည်မြောင်းဦးစီးဌာနနှင့် အုပ်စုအုပ်ချုပ်ရေးမှူးတို့က ကွင်းအမှတ် (၈၅)တွင် တောင်သူ ၂၃ ဦး စိုက်ပျိုးထားသော လယ်မြေ ၅၃ ဒသမ ၃၁ ဧကခန့်နှင့် ငါးမွေး တောင်သူ ၁၄ ဦး မွေးမြူထားသော ငါးမွေးကန် ၇၁ ဧကခန့် ရေကြီးနစ်မြုပ်မှု ဖြစ်ပွားခဲ့သည်ကို ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ရီရယ်(ဒီးမော့ဆို)

စွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုစနစ် စတင်အကောင်အထည်ဖော်နေ

လက်ပံတန်း အောက်တိုဘာ ၂၅

အမှိုက်ကင်းစင်သော စံပြကျေးရွာများ ဖြစ်ပေါ်လာစေရန် လက်ပံတန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဝန်ထမ်းများ အောက်တိုဘာလပထမပတ်မှစ၍ ကျေးရွာ သုံးရွာသို့ ကွင်းဆင်း အသိပညာပေးခြင်း၊ လက်တွေ့ သရုပ်ပြခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။

ကျေးလက်နေပြည်သူများ မိမိတို့၏ ကျေးရွာသန့်ရှင်းသာယာလှပစေရေး၊ စွန့်ပစ်အမှိုက် စီမံခန့်ခွဲမှုစနစ်ကို ကိုယ်တိုင်ပူးပေါင်းပါဝင် ဆောင်ရွက်တတ်စေရန် အဆိုပါဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်အေးအေးလှိုင်နှင့် ဝန်ထမ်းများက ထောက်ကြံ့ကွင်း၊ ကြိုပင်စခန်းနှင့် သိုက်ဝါးချောင်ကျေးရွာများသို့ ကွင်းဆင်း၍ ကျေးရွာများအတွင်း အမှိုက်ကောက်ခြင်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ဃေျာထွန်း**

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး(တာဝန်) - ဝင်းကျော်
စာတည်းမှူး - မြင့်ဆွေ (သတင်းထောက်ချုပ်)
စာတည်းများ - ကြည်ဝင်း၊ ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ဓာတ်ပုံ)၊ မြတ်မွန်ထွေး
အငယ်တန်းသတင်းထောက်များ - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀۶۷-၃۶၁၄၂၂၊ **စာတည်းအဖွဲ့** ၀۶۷-၃۶၁၄၄၅၅၊ **ဖက်စ်** ၀۶۷-၃۶၁၄۶۶၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့** ၀၁-၅၄၄၃၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၃၀၄၊ **စီမံ** ၀၁-၅၄၄၃၃၅၊ **ဌေစာရင်း** ၀၁-၅၄၄၃၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၈၊ **Fax** ၀၁-۶۶۱၂၁၊ ၀۶۷-۲۶၁۶۴၊ **မြန်ချိရေး** ၀၁-၅၄၃၃၀၇၊ **Fax** ၀၁-۸۶۰۶۴۵۶။

MYANMAR DigitalNews Presented by NPE
www.mdn.gov.mm

ဝင်ဘာလေမှာ နိုင်ပွဲရဦးမယ့် မန်စီးတီး

2018-19 EPL Week-10

ဝေမိုးဆက်

ပရီမီယာလီဂ်ပွဲစဉ် ၉ မှာတော့ ချယ်လ်ဆီးတို့ မန်ယူကိုအနိုင်မယူနိုင်ဘဲ သရေသာကစားနိုင်ခဲ့တာကြောင့် အမှတ်ပေးဇယားတတိယနေရာကို ရောက်ရှိသွားခဲ့ပါတယ်။ မန်စီးတီးကတော့ ဘန်လေကို ဂိုးပြတ်အနိုင်ရခဲ့တာကြောင့် အမှတ်ပေးဇယားထိပ်ဆုံးမှာ ဂိုး ကွာဟချက်အသာနဲ့ ဆက်လက်ရပ်တည်နိုင်ခဲ့ပါတယ်။ ဒါပေမယ့် မန်စီးတီးဟာ အခုကျင်းပမယ့်ပွဲစဉ် ၁၀ မှာ စပါးနဲ့ ရင်ဆိုင်ရမှာဖြစ်လို့ ထိပ်ဆုံးနေရာကို ဆက်ထိန်းနိုင်မလား စောင့်ကြည့်ရမယ်။

ဂိုးအများဆုံးသွင်းထားသူများ

အမည်	အသင်း	ဂိုး
ဟာဇက်	ချယ်လ်ဆီး	၇
အဂုရိ	မန်စီးတီး	၆
ဟယ်ရီကိန်း	စပါး	၅
မီထရိုစ်	ဖူလ်ဟမ်	၅
မာရေး	ဘရိုက်တန်	၅

ဝက်ဖို့ဒ် နှင့် ဟက်ဒါဖီးလ်

ကစားမည့်အချိန် - ည ၈း၃၀ (၂၇-၁၀-၁၈)

ဟက်ဒါဖီးလ်က အခုနောက်ပိုင်းမှာ ခံစစ်ပိုင်းကစားပုံ အနည်းငယ် ကျစ်လျစ်လာပေမယ့် တိုက်စစ်ပိုင်းစွမ်းဆောင်ရည်ကတော့ တိုးတက်မလာသေးဘူး။ ဝက်ဖို့ဒ်က ဝုဖ်ကို အနိုင်ရခဲ့သလို အိမ်ကွင်းပွဲဖြစ်နေတာကြောင့်လည်း နိုင်ပွဲဆက်နိုင်ဖို့ အတွက် အားစိုက်လာမှာ သေချာနေတယ်။ အထူးသဖြင့် ဝက်ဖို့ဒ်က အိမ်ကွင်းပွဲစဉ်တွေမှာဆိုရင် ခြေစွမ်းပိုင်း ပိုမိုကောင်းမွန်တတ်လို့ ဟက်ဒါဖီးလ်ကို ထိန်းချုပ်နိုင်ခြေရှိနေပါတယ်။ ဝက်ဖို့ဒ်သာ နိုင်ပွဲရမယ်။

ပဲလေ့စ် နှင့် အာဆင်နယ်

ကစားမည့်အချိန် - ည ၈း၀၀ (၂၈-၁၀-၁၈)

ပဲလေ့စ်တို့ အိမ်ကွင်းဖြစ်နေလို့ နိုင်ပွဲရယူနိုင်ရေး အားစိုက်ကစားလာမှာ သေချာနေတယ်။ ပဲလေ့စ်တိုက်စစ်က ဂိုးသွင်းခြေမငြိမ်ပေမယ့် အသင်းလိုက်စွမ်းဆောင်ရည်မဆိုးဘူး။ အာဆင်နယ်က လက်ရှိအချိန်မှာ ခြေစွမ်းကောင်းနေပေမယ့် ယူရိုပါလီဂ်ကြောင့် ပွဲပန်းမှတွေ့ရှိလာနိုင်တယ်။ အထူးသဖြင့် အာဆင်နယ်က တိုက်စစ်ကစားပုံ လျင်မြန်တဲ့အသင်းတွေနဲ့ ဆုံရင် ခံစစ်ပိုင်းက ဂိုးတွေခွင့်ပြုတတ်တယ်။ ဒါကြောင့် အာဆင်နယ် ကပ်ပြီးသာနိုင်မယ်။

ဘရိုက်တန် နှင့် ဝုဖ်

ကစားမည့်အချိန် - ည ၈း၃၀ (၂၇-၁၀-၁၈)

ဝုဖ်အနေနဲ့ ဝက်ဖို့ဒ်ကို အရေးနိမ့်ခဲ့တာကြောင့် နိုင်ပွဲရဖို့ အားစိုက်လာမှာဖြစ်တယ်။ ဒါပေမယ့် အဝေးကွင်းပွဲတွေမှာ ဆိုရင် ဝုဖ်ရဲ့ခြေက အနည်းငယ်ကျတတ်ပါတယ်။ ဘရိုက်တန်ကကာဆယ်ကို အနိုင်ရခဲ့တဲ့ပွဲမှာ ကစားပုံမဆိုးသလို အိမ်ကွင်းဖြစ်တယ်။ အထူးသဖြင့် အခုနောက်ပိုင်းမှာ ဘရိုက်တန်ရဲ့ ခံစစ်ကစားပုံက တည်ငြိမ်မှုရှိလာတာကြောင့် ဝုဖ်တို့ အခက်တွေနိုင်ခြေရှိနေပါတယ်။ ဝုဖ်တို့ အမြင့်ဆုံးသရေလောက်ပဲ ကစားနိုင်မယ်။

လီဗာပူး နှင့် ကာဒစ်ဖ်

ကစားမည့်အချိန် - ည ၈း၃၀ (၂၇-၁၀-၁၈)

ကာဒစ်ဖ်က နောက်ဆုံးပွဲမှာ ဖူလ်ဟမ်ကို အနိုင်ရခဲ့ပေမယ့် ခံစစ်ပိုင်းအားနည်းနေဆဲဖြစ်ပါတယ်။ အထူးသဖြင့် အဝေးကွင်းပွဲတွေမှာဆိုရင် ကာဒစ်ဖ်ခြေစွမ်းပိုင်းနဲ့ ခံစစ်စွမ်းဆောင်ရည်က ပိုမိုအားနည်းတတ်ပါတယ်။ လီဗာပူးကတော့ လက်ရှိအချိန်မှာ တိုက်စစ်အားနည်းနေပေမယ့် အိမ်ကွင်းဖြစ်ပြီး ချန်ပီယံလီဂ်မှာလည်း ကာဒီနာနဲ့သာ ကစားခဲ့ရမှာဖြစ်လို့ ဒီပွဲမှာ ခြေကုန်ထုတ်နိုင်ဖို့ရှိနေပါတယ်။ လီဗာပူးနှစ်ဝိုင်းအသာနဲ့ အနိုင်ရဖို့ ရှိပါတယ်။

လက်စတာ နှင့် ဝက်စ်ဟမ်း

ကစားမည့်အချိန်- ည ၁၁း၀၀ (၂၇-၁၀-၁၈)

စပါးကို အရေးနိမ့်ခဲ့ပေမယ့် အဆိုပါပွဲမှာ ဝက်စ်ဟမ်းရဲ့ခြေစွမ်းမည့်ခဲ့တဲ့ ဒုတိယပိုင်းမှာ စပါးကို အကောင်းဆုံးဖိအားပေးနိုင်ခဲ့တယ်။ ဒီပွဲမှာလည်း ဝက်စ်ဟမ်းနိုင်ပွဲရဖို့ အားစိုက်လာမှာပါ။ လက်စတာကလည်း တိုက်စစ်ကစားပုံကောင်းပေမယ့် ခံစစ်အားနည်းတယ်။ ဒါပေမယ့် ဝက်စ်ဟမ်းအနေနဲ့ ဒီပွဲအပြီးမှာ လိဂ်ဖလားပွဲအဖြစ် စပါးလိုအသင်းနဲ့ ရင်ဆိုင်ရမှာဖြစ်လို့ ခြေကုန်ထုတ်နိုင်ဖို့ခက်ပါတယ်။ ဒါကြောင့် ဒီပွဲက သရေကျသွားဖို့ များနေပါတယ်။

မန်ယူ နှင့် အဲဗာတန်

ကစားမည့်အချိန်- ည ၁၀း၃၀ (၂၈-၁၀-၁၈)

မန်ယူရဲ့ခြေစွမ်းပိုင်းတိုးတက်လာပေမယ့် ခံစစ်ပိုင်းစွမ်းဆောင်ရည်ကတော့ အားနည်းနေဆဲဖြစ်တယ်။ ချန်ပီယံလီဂ်ပွဲကစားခဲ့ရတာကြောင့်လည်း ပွဲပန်းလာနိုင်ပါတယ်။ လက်ရှိအချိန်မှာလည်း အဲဗာတန်က ခြေစွမ်းပိုင်းကောင်းမွန်နေတယ်။ ဒါပေမယ့် လက်ရှိအချိန်မှာ ထိပ်ပိုင်းအသင်းတွေနဲ့ အမှတ်ကွာဟမှုများနေတာကြောင့် မန်ယူတို့အားစိုက်ကစားနေတာကို သတိပြုရမယ်။ ဂိုးပြတ်ဖို့ ခက်ပေမယ့်လည်း မန်ယူ အနိုင်ရသွားနိုင်ပါတယ်။

ဖူလ်ဟမ် နှင့် ဘုန်းမောက်

ကစားမည့်အချိန် - ည ၈း၃၀ (၂၇-၁၀-၁၈)

ဖူလ်ဟမ်ရဲ့ခြေစွမ်းက တိုးတက်မှုမရှိပါဘူး။ တိုက်စစ်ပိုင်းက ဂိုးသွင်းခြေမဆိုးပေမယ့် ခံစစ်ပိုင်း အမှားများလွန်းလို့ ကာဒစ်ဖ်ကိုတောင် ၄-၂ နဲ့ အရေးနိမ့်ခဲ့ရပါတယ်။ ဘုန်းမောက်ကတော့ လက်ရှိအချိန်မှာ ခြေစွမ်းပိုင်းတည်ငြိမ်မှုရှိနေတာ တွေ့ရပါတယ်။ အထူးသဖြင့် ဘုန်းမောက်ဟာ နောက်ဆုံးပွဲမှာ ဆောက်သမ်တန်နဲ့ သရေကျခဲ့လို့ နိုင်ပွဲပြန်လည်ရယူနိုင်အောင် အားစိုက်ကစားလာရင် ခံစစ်အားနည်းတဲ့ ဖူလ်ဟမ်အခက်တွေနိုင်ပါတယ်။ ဘုန်းမောက်ပဲ အနိုင်ရမယ်။

ဆောက်သမ်တန် နှင့် ကာဆယ်

ကစားမည့်အချိန် - ည ၈း၃၀ (၂၇-၁၀-၁၈)

လက်ရှိအချိန်မှာ နှစ်သင်းစလုံး ရလဒ်ဆိုးတွေကြားကနေ ရုန်းထွက်ဖို့ ကြိုးစားနေတာကြောင့် ဒီပွဲမှာ ခြေကုန်ထုတ်ကစားလာနိုင်ပြီး အကြိတ်အနယ်ရှိလာနိုင်ပါတယ်။ ဒါပေမယ့် ဒီ နှစ်သင်းရဲ့အားနည်းမှုက တူညီနေပြီး တိုက်စစ်ပိုင်းဂိုးသွင်းခြေတည်ငြိမ်မှုမရှိကြဘူး။ ဒါကြောင့် ဒီပွဲမှာ အပြန်အလှန်သွင်းဂိုးတွေကို မြင်တွေ့ရဖို့ ခက်ခဲနိုင်ပါတယ်။ ဂိုးနည်းမယ့်ပွဲဖြစ်ပြီး အိမ်ရှင်အားသာချက်ရှိတဲ့ ဆောက်သမ်တန်တို့ နိုင်ပွဲကပ်ရနိုင်ခြေရှိပါတယ်။

ဘန်လေ နှင့် ချယ်လ်ဆီး

ကစားမည့်အချိန်- ည ၈း၀၀ (၂၈-၁၀-၁၈)

ဘန်လေက အိမ်ကွင်းဖြစ်တာကြောင့် နိုင်ပွဲပြန်လည်ရယူနိုင်ဖို့ အားစိုက်ကစားလာမှာ ဖြစ်ပေမယ့်လည်း လက်ရှိခြေစွမ်းပိုင်းကတော့ အားနည်းနေပါတယ်။ ခံစစ်ပိုင်းကလည်း တည်ငြိမ်မှုမရှိသေးဘဲ မန်စီးတီးကို ငါးဂိုးပေးခဲ့ရပါတယ်။ ချယ်လ်ဆီးကတော့ ယူရိုပါလီဂ်ကစားခဲ့ရမှာ ဖြစ်ပေမယ့် မန်စီးတီး၊ လီဗာပူးတို့နဲ့ အမှတ်ပိုမကွာသွားအောင် အားစိုက်ကစားပြီး နိုင်ပွဲပြန်ရှာဖို့ ရှိနေပါတယ်။ အဝေးကွင်းဖြစ်ပေမယ့်လည်း ချယ်လ်ဆီးကသာ နိုင်ပွဲရမယ်။

စပါး နှင့် မန်စီးတီး

ကစားမည့်အချိန်- ည ၂း၃၀ (၃၀-၁၀-၁၈)

နှစ်သင်းစလုံး ချန်ပီယံလီဂ်ပွဲတွေ ကစားခဲ့ရတာကြောင့် ပွဲပန်းမှုတွေ ရှိလာနိုင်ပေမယ့် အရေးပါတဲ့ဆုံးတွေမှုဖြစ်တာကြောင့် အားစိုက်ကစားလာကြမှာပါ။ အထူးသဖြင့် မန်စီးတီးက လက်ရှိအချိန်မှာ လီဗာပူးနဲ့ အမှတ်တူအခြေအနေဖြစ်နေတာကြောင့် ဒီပွဲမှာ ဘယ်လိုမှ အမှားခံမှာ မဟုတ်ပါဘူး။ ဒဲ့အပြင် စပါးကလည်း လက်ရှိအချိန်မှာ တိုက်စစ်ပိုင်းစွမ်းဆောင်ရည် အားနည်းနေပါတယ်။ ဒါကြောင့်လည်း ဒီပွဲမှာ မန်စီးတီးကသာ နိုင်ပွဲရသွားနိုင်ပါတယ်။

ပရီမီယာလီဂ်ပွဲစဉ် (၁၀)

စနေနေ့		**၂၇-၁၀-၁၈**
ဘရိုက်တန် -	ဝုဖ်	ည ၈း၃၀
ဖူလ်ဟမ် -	ဘုန်းမောက်	ည ၈း၃၀
လီဗာပူး -	ကာဒစ်ဖ်	ည ၈း၃၀
ဆောက်သမ်တန် -	နယူးကာဆယ်	ည ၈း၃၀
ဝက်ဖို့ဒ် -	ဟက်ဒါဖီးလ်	ည ၈း၃၀
လက်စတာ -	ဝက်စ်ဟမ်း	ည ၁၁း၀၀
တနင်္ဂနွေနေ့		**၂၈-၁၀-၁၈**
ဘန်လေ -	ချယ်လ်ဆီး	ည ၈း၀၀
ပဲလေ့စ် -	အာဆင်နယ်	ည ၈း၀၀
မန်ယူ -	အဲဗာတန်	ည ၁၀း၃၀
တနလာနေ့		**၂၉-၁၀-၁၈**
စပါး -	မန်စီးတီး	နံနက် ၂း၃၀ (အဂါနံနက်)

လာလီဂါပွဲစဉ် (၁၀)

သောကြာနေ့		**၂၆-၁၀-၁၈**
ဗယ်လာဒိုးလစ် -	အက်စ်ပန်ညို	နံနက် ၁း၃၀ (စနေနံနက်)
စနေနေ့		**၂၇-၁၀-၁၈**
ဂျီရိုနာ -	ဗယ်လင်ကာနီ	ည ၅း၃၀
ဘီလ်ဘို -	ပလင်စီယာ	ည ၈း၄၅
ဆယ်တာဗီဂို -	အီဘာ	ည ၁၁း၀၀
လီဗန်တေး -	လီဂါနက်စ်	ည ၁၁း၀၀
အက်သလက် -	ဆိုစီဒက်	နံနက် ၁း၁၅ (တနင်္ဂနွေနံနက်)
တနင်္ဂနွေနေ့		**၂၈-၁၀-၁၈**
ဂီတာဇေး -	ဘက်တစ်	ညနေ ၅း၃၀
ဘာစီလိုနာ -	ရီးရဲမက်ဒရစ်	ည ၉း၄၅
အလာဗက်စ် -	ဗီလာရီးရဲ	နံနက် ၀၀း၀၀ (တနလာနံနက်)
ဆီဗီလာ -	ဝက်စ်ကာ	နံနက် ၂း၁၅ (တနလာနံနက်)

စီးရီးအေပွဲစဉ်(၁၀)

စနေနေ့		**၂၇-၁၀-၁၈**
အတ္တလန္တာ -	ပါးမား	ည ၇း၃၀
အမ်ပိုလီ -	ဂျူဝင်တပ်စ်	ည ၁၀း၃၀
တိုရီနို -	ဗီအိုရင်တီးနား	နံနက် ၁း၀၀ (တနင်္ဂနွေနံနက်)
တနင်္ဂနွေနေ့		**၂၈-၁၀-၁၈**
ဆာစူအိုလို -	ဘလော့ညာ	ည ၆း၀၀
ကက်ဂလီယာရီ -	ချီယေပို	ည ၈း၃၀
ဂျီနိုအာ -	အူဒီးနီးစ်	ည ၈း၃၀
SPAL -	ဗရိုစီနိုနီ	ည ၈း၃၀
မီလန် -	ဆမ်ဒိုးရီးယား	ည ၁၁း၃၀
နာပိုလီ -	ရိုးမား	နံနက် ၂း၀၀ (တနလာနံနက်)
တနလာနေ့		**၂၉-၁၀-၁၈**
လာဇီယို -	အင်တာ	နံနက် ၂း၀၀ (အဂါနံနက်)

ပြင်သစ်ပထမတန်းပွဲစဉ် (၁၁)

သောကြာနေ့		**၂၆-၁၀-၁၈**
နီမက်စ် -	စီန့်အေတီယန်	နံနက် ၁း၁၅ (စနေနံနက်)
စနေနေ့		**၂၇-၁၀-၁၈**
အန်ဂျာစ် -	လိုင်ယွန်	ည ၉း၃၀
အာမီယန် -	နန့်စ်	နံနက် ၀၀း၃၀ (တနင်္ဂနွေနံနက်)
ဂူအင်ဂမ့် -	စထရက်ဘော့ချ်	နံနက် ၀၀း၃၀ (တနင်္ဂနွေနံနက်)
လိုင်လီ -	ကိန်း	နံနက် ၀၀း၃၀ (တနင်္ဂနွေနံနက်)
မိုနာကို -	ဒီဂျွန်	နံနက် ၀၀း၃၀ (တနင်္ဂနွေနံနက်)
တူးလောက်စ် -	မောင့်ပယ်လီယာ	နံနက် ၀၀း၃၀ (တနင်္ဂနွေနံနက်)
တနင်္ဂနွေနေ့		**၂၈-၁၀-၁၈**
ရန်းနက်စ် -	ရိန်းစ်	ည ၈း၃၀
ဘော်ဒိုး -	နီက်စ်	ည ၁၀း၃၀
မာဆေး -	ပီအက်စ်ဂျီ	နံနက် ၂း၃၀ (တနလာနံနက်)

ဘွန်ဒက်စ်လီဂါပွဲစဉ် (၉)

သောကြာနေ့		**၂၆-၁၀-၁၈**
ဗရိုင်းဘတ် -	ဂလာဘတ်	နံနက် ၁း၀၀ (စနေနံနက်)
စနေနေ့		**၂၇-၁၀-၁၈**
ဒေါ့ဗွန် -	ဟာသာဘာလင်	ည ၈း၀၀
ဟန်နိုဗာ -	အော့ဘတ်	ည ၈း၀၀
မိန်ဒ် -	ဘိုင်ယန်	ည ၈း၀၀
ဇော်ကျူနာ -	ဂုဇ်ဘတ်	ည ၈း၀၀
ဟော့ဇင်္ဂတိမ်း -	စတုဂတ်	ည ၁၁း၀၀
တနင်္ဂနွေနေ့		**၂၈-၁၀-၁၈**
နုရင်ဘတ် -	ဗရန်ဇတ်	ည ၇း၀၀
လိုက်ပဇစ် -	ရှော်လ်ကေး	ည ၉း၀၀
ဝါဒါဘရီမင် -	လေဗာကူဆင်	ည ၁၁း၃၀

ပရီမီယာလီဂ်ရာသီကတော့ ယခင်ရာသီတွေလိုပဲ ပြိုင်ဆိုင်မှုတွေက ပြင်းထန်ဆဲလို့ပြောရမယ်။ ဒီနှစ်ရာမှာတော့ ပရီမီယာလီဂ် ထိပ်ဆုံးနေရာအတွက် ချယ်လ်ဆီ၊ မန်စီးတီးနဲ့ လီဗာပူးအသင်းတို့က အပြိုင်ရှိနေကြတယ်။ စပါး၊ အာဆင်နယ်တို့ကတော့ ထိပ်ဆုံးပိုင်းကိုရဖို့ ကြိုးစားနေရတဲ့အချိန်မှာတော့ မန်ယူအသင်းကတော့ ထိပ်ဆုံးလေးသင်းဝင်ရေးအတွက် အပြင်းအထန် ကြိုးစားနေရတဲ့အခြေ အနေတွေမှာရှိနေတယ်။ အခုလိုအခြေအနေနဲ့အတူ လာမယ့်ဇန်နဝါရီမှာတော့ ပြိုင်ဆိုင်မှုပြင်းထန်လွန်းတဲ့ ပရီမီယာလီဂ်ကို စွန့်ခွာဖို့ ရှိနေတဲ့ ထိပ်တန်းကစားသမား သုံးဦးလည်းရှိနေပါတယ်။ သူတို့ကတော့...

ပရီမီယာလီဂ် ထိပ်တန်းကစားသမားတွေ ကျော်ခိုင်းဖို့ရှိနေတဲ့ ဇန်နဝါရီဈေးကွက်

● **အောင်က**

ဟာဇက်

ဟာဇက်နဲ့ ပတ်သက်တဲ့ ရီးရဲမက်ဒရစ် သတင်းတွေဟာ ပြီးခဲ့တဲ့ရာသီတွေကတည်းက ကြားနေခဲ့ရတဲ့ သတင်းလို့ ပြောရမှာပါ။ ဒါပေမယ့် အခုထပ်မံထွက်ပေါ်လာခဲ့တဲ့ သတင်းတွေထဲမှာတော့ ရီးရဲမက်ဒရစ်အသင်းဟာ ဟာဇက်ကို အရခေါ်ယူဖို့ ပြင်ဆင်နေတယ် ဆိုတာပါပဲ။ အထူးသဖြင့် ဟာဇက် ကိုယ်တိုင်ကလည်း ရီးရဲမက်ဒရစ်အသင်း

မှာ ပြောင်းရွှေ့ကစားဖို့က သူ့ရဲ့စိတ်ကူးဆန္ဒလို့ ဆိုထားတာကြောင့်လည်း ဒီအပြောင်းအရွှေ့ဟာ ပိုမိုနီးစပ်တယ်လို့ ပြောရမှာဖြစ်ပါတယ်။

ဟာဇက်ဟာ လက်ရှိအချိန်မှာတော့ သူ့ကစားသမားဘဝရဲ့အကောင်းဆုံးအချိန်ကို ရောက်ရှိနေခဲ့တာဖြစ်တာကြောင့် ရီးရဲမက်ဒရစ်အသင်းအနေနဲ့ ရော်နယ်ဒိုရဲ့နေရာမှာ ဟာဇက်ကို အစားထိုးဖို့အတွက် ပြင်ဆင်နေတာလည်း ဖြစ်ပါတယ်။ ရီးရဲမက်ဒရစ်အသင်းဟာ လက်ရှိအချိန်မှာတော့ တိုက်စစ်ပိုင်းမှာ ဂိုးရဖို့အတွက် ရုန်းကန်နေရတာကြောင့်လည်း ဇန်နဝါရီမှာ အချိန်မီတိုက်စစ်ပိုင်းအင်အားဖြည့်တင်းဖို့ ပြင်ဆင်နေတာလည်း ဖြစ်ပါတယ်။

ရီးရဲမက်ဒရစ်အသင်းကနေ ရော်နယ်ဒို ထွက်ခွာသွားခဲ့တဲ့နောက်ပိုင်း ပုံရိပ်တွေသာမက အသင်းရဲ့တိုက်စစ်ပိုင်းဟာ အင်အားလျော့နည်းသွားခဲ့တာတွေကြောင့် ဒီကွက်လပ်ကို ဖြည့်တင်းဖို့ဆိုရင်တော့ ဟာဇက်ဟာ အကောင်းဆုံးလို့ ဆိုရမှာ ဖြစ်ပါတယ်။

ဒီနှစ်ရာသီမှာ ရီးရဲမက်ဒရစ်အသင်းဟာ နိုင်ပွဲတွေ ပျော်ကက်ဆုံးမှုနဲ့အတူ ဂါရတ်ဘေးလ၊ အဆန်စီယိုတို့ရဲ့ ခြေစွမ်းတွေကလည်း အားရစရာ မရှိဘူးလို့ ပြောရမှာပါ။ ဒါကြောင့်လက်ရှိ ဈေးကွက် အခြေအနေတွေအရတော့ အခြားထိပ်တန်းကစားသမားတွေထက် ဟာဇက်ဟာ ရီးရဲမက်ဒရစ်အသင်းအတွက် အသင့်တော်ဆုံးလို့ ပြောရမှာ ဖြစ်ပါတယ်။

အယ်ဒါဝီရယ်

ဘယ်လ်ဂျီယံကစားသမား အယ်ဒါဝီရယ်ဟာ ယခုနှစ်ရာသီအစောပိုင်းမှာတော့ မန်ယူအသင်းကို ပြောင်းရွှေ့ကစားဖို့ နီးစပ်ခဲ့ပြီး နောက်ဆုံးအချိန်ရောက်မှ အပြောင်းအရွှေ့ ပျက်ပြယ်သွားခဲ့တာဖြစ်ပါတယ်။ ဒါကြောင့်လည်း သူ့ရဲ့အပြောင်းအရွှေ့ဟာ လာမယ့်ဇန်နဝါရီဈေးကွက်မှာတော့ ဖြစ်ပေါ်လာနိုင်သေးတယ်လို့ ပြောရတာလည်း ဖြစ်ပါတယ်။ အခုအချိန်မှာတော့ အယ်ဒါဝီရယ်ကို ခေါ်ယူဖို့အတွက် ဂျာမနီနဲ့စပိန်ကလပ်အသင်းတွေကလည်း စိတ်ဝင်စားစွာ စောင့်ကြည့်နေကြပါတယ်။

ဘိုင်ယန်မြူးနစ်အသင်းဟာ ဒီနှစ်ရာသီမှာတော့ ဘွန်ဒက်စ်လီဂါမှာ ရလဒ်တွေ ကောင်းမွန်ဖို့အတွက် ရုန်းကန်နေရတဲ့အသင်း ဖြစ်ပါတယ်။ ဒါကြောင့်လည်း ဘိုင်ယန်မြူးနစ်အသင်းအနေနဲ့ အသင်းရဲ့ခံစစ်ပိုင်းအင်အားအတွက် အယ်ဒါဝီရယ်ကို ခေါ်ယူဖို့ပစ်မှတ်ထားနေရတာလည်းဖြစ်ပါတယ်။ ဒဲ့အပြင် ဘာစီလိုနာအသင်းကလည်း အမ်တီတီ ဒဏ်ရာရရှိနေခဲ့တာကြောင့် သူ့ရဲ့နေရာမှာ အစားထိုးဖို့အတွက် ခံစစ်မှူးတစ်ဦး ရှာဖွေနေတာလည်း ဖြစ်ပါတယ်။

ဘာစီလိုအသင်း အားကစားဒါရိုက်တာ အက်ဘီဒဲလ်ကလည်း အသင်းရဲ့ခံစစ်ပိုင်းအတွက် အယ်ဒါဝီရက်ဟာ သင့်တော်တယ်လို့ဆိုပါတယ်။ သူဟာ ညာနောက်ခံကစားသမားအဖြစ်လည်း ကစားနိုင်စွမ်းရှိတာကြောင့် ဥရောပထိပ်တန်းအသင်းကြီးမှာတော့ အကောင်းဆုံးကစားနိုင်မှာ ဖြစ်ပါတယ်။ စပါးအသင်းအနေနဲ့ကလည်း ပရီမီယားလီဂ် ပြိုင်ဘက်အသင်းတွေသာ မဟုတ်ဘူးဆိုရင်တော့ အယ်ဒါဝီရယ်ကို ရောင်းထုတ်သွားမှာလည်း ဖြစ်ပါတယ်။

ပေါ်ဂ်ဘာ

မန်ယူအသင်း ကွင်းလယ်တိုက်စစ်မှူး ပေါ်ဂ်ဘာဟာ ပြီးခဲ့တဲ့နွေရာသီကတည်းက မော်ရင်ညိုနဲ့ ဆက်ဆံရေးဟာ ကောင်းမွန်ခြင်း မရှိတာကြောင့် အသင်းကနေ ထွက်ခွာဖို့ရှိနေတယ်လို့ သတင်းတွေထွက်ပေါ်နေခဲ့သူဖြစ်ပါတယ်။ နွေရာသီ ဈေးကွက်မှာ ဘာစီလိုနာအသင်းက ပေါ်ဂ်ဘာကို ခေါ်ယူဖို့စိတ်ဝင်စားခဲ့ပေမယ့် ပေါ်ဂ်ဘာကတော့ အသင်းမှာပဲ ဆက်လက်ရှိနေဖို့ ဆုံးဖြတ်ခဲ့ပါတယ်။

ဒါပေမယ့် မန်ယူအသင်းရဲ့ ခြေစွမ်းတွေက တိုးတက်မှုရှိမလာခဲ့သလို သူနဲ့မော်ရင်ညိုကြားက ဆက်ဆံရေးကလည်း ပိုမိုဆိုးရွားလာခဲ့ပါတယ်။ အခြားတစ်ဖက်မှာတော့ ဘာစီလိုနာအသင်းရဲ့ ရလဒ်တွေကလည်း ရုန်းကန်နေခဲ့ရတာကြောင့် အသင်းရဲ့ အခြေအနေတွေကို အကောင်းဆုံး ပြန်ထိန်းနိုင်ဖို့အတွက် ပြင်သစ်ကစားသမား ပေါ်ဂ်ဘာအပေါ် မျက်စိကျလာပြန်ပါတယ်။

ပေါ်ဂ်ဘာအနေနဲ့ မန်ယူအသင်းရဲ့အပြောင်မြောက်ဆုံး မကစားနိုင်ပေမယ့် အချက်အလက်တွေအရ ပြောရမယ်ဆိုရင်တော့ အကောင်းဆုံး ကစားသမားတစ်ဦးအဖြစ် ရှိနေပါသေးတယ်။

ဒါပေမယ့် နောက်တစ်ချက်စဉ်းစားစရာကောင်းတာက မန်ယူအသင်းမှာ မော်ရင်ညိုသာမရှိတော့ဘဲ သူ့ရဲ့နေရာကို ဇီဒန်းသာဝင်ရောက်လာခဲ့မယ်ဆိုရင်တော့ ပေါ်ဂ်ဘာရဲ့အနာဂတ်ဟာ တစ်မျိုးတစ်ဖုံပြောင်းလဲသွားနိုင်ပါတယ်။ ဒါမှမဟုတ်ရင်တော့ လာမယ့်ဇန်နဝါရီဟာ ပေါ်ဂ်ဘာအတွက်တော့ မန်ယူအသင်းကို ဒုတိယအကြိမ်စွန့်ခွာဖို့ နီးစပ်နေပြီလို့ ပြောရမှာပါ။

ဟယ်ရီကိန်းသည် ရီးရဲအသင်းသို့ ပြောင်းရွှေ့ဖြစ်လိမ့်မည်ဟု လိုသာမားသီးယက်စ် ယူဆထား

စပါးအသင်း တိုက်စစ်မှူး ဟယ်ရီကိန်းသည် လာမည့်နှစ်အနည်းငယ်အတွင်း ရီးရဲမက်ဒရစ်အသင်းသို့ ပြောင်းရွှေ့ဖြစ်လိမ့်မည်ဟု ယုံကြည်ကြောင်း ဂျာမနီကွင်းလယ်ကစားသမားဟောင်း လိုသာ မားသီးယက်စ်က ထုတ်ဖော်ပြောဆိုလိုက်သည်။

အင်္ဂလန်တိုက်စစ်မှူး ဟယ်ရီကိန်းသည် ပြီးခဲ့သည့် ဘောလုံးရာသီ လေးရာသီအတွင်း စပါးအသင်းအတွက် ခြေစွမ်းပြကစားနိုင်မှုများကြောင့် ထိပ်တန်းအဆင့် တိုက်စစ်မှူးများအနက်မှ တစ်ဦးအဖြစ် သတ်မှတ်ခံထားရသူဖြစ်သည်။ ပြီးခဲ့သည့် ဘောလုံးရာသီ၏ ချန်ပီယံလီဂ်ပြိုင်ပွဲတွင် ရီးရဲမက်ဒရစ်အသင်းနှင့် စပါးအသင်းတို့ ဆုံတွေ့ခဲ့သည့်ပွဲများတွင် တိုက်စစ်မှူးဟယ်ရီကိန်း ခြေစွမ်းပြကစားနိုင်ခဲ့မှုနှင့် ပြီးခဲ့သည့် အောက်တိုဘာ ၁၆ ရက်တွင် အင်္ဂလန်အသင်းက စပိန်အသင်းကို ၂-၁ ဖြင့် အနိုင်ရရှိခဲ့သောပွဲစဉ်တွင် ဟယ်ရီကိန်း၏ စွမ်းဆောင်နိုင်ခဲ့မှုများသည် ရီးရဲအသင်းက ခေါ်ယူရန်အတွက် ပိုမိုစိတ်ဝင်စားလာစေနိုင်ကြောင်း လိုသာမားသီးယက်စ်က ယုံကြည်ထားသည်။

စပါးအသင်းအနေဖြင့် တိုက်စစ်မှူး ဟယ်ရီကိန်းကို ရောင်းချသွားရန်အတွက် လိုလားမှု မရှိနိုင်ကြောင်း လိုသာမားသီးယက်စ်က ဆက်လက်ပြောဆိုခဲ့သည်။

“တိုက်စစ်မှူး ဟယ်ရီကိန်းအနေနဲ့ စပါးအသင်းကနေ ရီးရဲမက်ဒရစ်အသင်းကို ပြောင်းရွှေ့ဖြစ်ခဲ့မယ်ဆိုရင် သူ့အတွက် ကောင်းမွန်တဲ့အရာတွေ ဖြစ်လာစေမှာပါ။ အခုဆိုရင် ဟယ်ရီကိန်းဟာ အသက် ၂၅ နှစ်ရှိပါပြီ။ လာမယ့်နှစ်နှစ်လောက်အတွင်းမှာ ဟယ်ရီကိန်းအနေနဲ့ စပါးကနေ ရီးရဲအသင်းကို မပြောင်းရွှေ့ဖြစ်ခဲ့ဖူးဆိုရင် သူဟာ စပါးအသင်းကနေ ဘယ်တော့မှ ထွက်ခွာဖြစ်တော့မှာ မဟုတ်ပါဘူး။ တကယ်လို့ ဟယ်ရီကိန်းအနေနဲ့ စပါးအသင်းကနေ ထွက်ခွာခဲ့မယ်ဆိုရင်တော့ သူ့အတွက် အသင့်တော်ဆုံးအသင်းက ရီးရဲမက်ဒရစ် အသင်းတစ်သင်းသာရှိပါတယ်။ ရီးရဲအသင်းဟာ ကလပ်အသင်းတွေအနက် အတောက်ပဆုံးကလပ်အသင်းဖြစ်ပါတယ်။ ဒါကြောင့် တိုက်စစ်မှူး ဟယ်ရီကိန်းက ရီးရဲမက်ဒရစ်အသင်းကို ရွေးချယ်ပြောင်းရွှေ့ခဲ့မယ်ဆိုရင် သူ့ကို လူတိုင်းက နားလည်ခွင့်လွှတ်ပြီး အမျက်ဒေါသထွက်မှုတွေလည်း ရှိလာမှာ မဟုတ်ပါဘူး”ဟု မားသီးယက်စ်က ပြောဆိုခဲ့သည်။

တိုက်စစ်မှူး ဟယ်ရီကိန်းသည် စပါးအသင်းအတွက် စုစုပေါင်း ၂၂၃ ပွဲ ပါဝင်ကစားပြီးချိန်တွင် ၁၄၆ ဂိုး သွင်းယူထားသူဖြစ်ပြီး စပါးအသင်း၏ ကလပ်သမိုင်းတစ်လျှောက် ဂိုးသွင်းအများဆုံး ကစားသမားစာရင်း၏ အဆင့် ၅ နေရာတွင် ရပ်တည်နေသူ ဖြစ်သည်။

ထက်အောင်

ရီးရဲအသင်းနည်းပြ လိုပီတီဂူအား တိုနီကရူးစ် ထောက်ခံစကားဆို

ရီးရဲမက်ဒရစ်အသင်း ကွင်းလယ်ကစားသမား တိုနီကရူးစ်က ဝေဖန်မှုများနှင့် ရင်ဆိုင်နေရသူ ရီးရဲအသင်းနည်းပြ လိုပီတီဂူကို ထောက်ခံပြောဆိုမှု ပြုလုပ်လိုက်သည်။

ပြီးခဲ့သည့် အောက်တိုဘာ ၂၄ ရက်တွင် ရီးရဲမက်ဒရစ်အသင်းက အိမ်ကွင်းတွင် ဗစ်တိုးရီးယားပယ်ဇန်အသင်းကို ၂-၁ ဖြင့် အနိုင်ရရှိခဲ့ပြီးနောက် ဂျာမနီကစားသမား တိုနီကရူးစ်က ယခုကဲ့သို့ ပြောဆိုခဲ့ခြင်းဖြစ်သည်။ ရီးရဲအသင်းသည် ဗစ်တိုးရီးယားပယ်ဇန်နှင့် ကစားခဲ့သော ချန်ပီယံလိဂ်ပွဲ မတိုင်မီ နောက်ဆုံးငါးပွဲတွင် အနိုင်ရလဒ် ပျောက်ဆုံးခဲ့ရသည့်အသင်း ဖြစ်သည်။

ရီးရဲမက်ဒရစ်အသင်း၏ ရလဒ်ဆိုးများကြောင့် နည်းပြ လိုပီတီဂူအပေါ် ဝေဖန်မှုများ ထွက်ပေါ်လျက်ရှိပြီး နည်းပြ လိုပီတီဂူသည် လာမည့်အောက်တိုဘာလ ၂၈ ရက်တွင် ဘာစီလိုနာအသင်းနှင့် ရင်ဆိုင်ရမည့် စပိန်လာလီဂါပွဲအပြီးတွင် ရာထူးမှ ထုတ်ပယ်ခံရနိုင်သည်ဟု ထင်ကြေးပေးခံနေရသူဖြစ်သည်။

ကွင်းလယ်ကစားသမား တိုနီကရူးစ်က “ကျွန်တော့်အနေနဲ့တော့ နည်းပြ လိုပီတီဂူကို ရီးရဲအသင်းမှာ ဆက်ရှိနေစေချင်ပါတယ်။ လိုပီတီဂူက နည်းပြကောင်းတစ်ဦးပါ။ ဒါက ကျွန်တော့်အမြင်ဖြစ်ပါတယ်။ ဗစ်တိုးရီးယားပယ်ဇန်နဲ့ပွဲမှာ ရီးရဲအသင်းအနေနဲ့ ခြေစွမ်းပိုင်း အကောင်းဆုံးပုံစံ မရှိခဲ့ပေမယ့် အနိုင်ရလဒ်ကိုတော့ ပြန်လည်ရှာဖွေနိုင်ခဲ့ပါတယ်။ နည်းပြ လိုပီတီဂူရဲ့လက်အောက်မှာ ရီးရဲအသင်းအနေနဲ့ ခြေစွမ်းကောင်း ပြန်လည်ရယူနိုင်လိမ့်မယ်လို့ ယုံကြည်ထားပါတယ်” ဟု ပြောဆိုခဲ့သည်။

စပိန်လူမျိုး နည်းပြ လိုပီတီဂူ (၅၂ နှစ်)သည် ဗယ်လီကာနို၊ ပေါ်တိုစသည့် ကလပ်အသင်းများနှင့် စပိန်လက်ရွေးစင်အသင်းတို့ကို တာဝန်ယူခဲ့ဖူးသူဖြစ်ပြီး ပြီးခဲ့သည့် နွေရာသီအတွင်းတွင် ရီးရဲအသင်း နည်းပြအဖြစ် သုံးနှစ်သက်တမ်းရှိ စာချုပ်ဖြင့် ခန့်အပ်ခံခဲ့ရသူဖြစ်သည်။ နည်းပြ လိုပီတီဂူ၏ လက်အောက်တွင် ရီးရဲအသင်းသည် ၁၃ ပွဲ ယှဉ်ပြိုင်ကစားခဲ့ရာတွင် ခြောက်ပွဲ အနိုင်ရရှိခဲ့ကာ နှစ်ပွဲ သရေကျပြီး ငါးပွဲ ရှုံးနိမ့်ခဲ့သည်။

အခြားသတင်းတစ်ပုဒ်အရ ရီးရဲမက်ဒရစ်အသင်းအနေဖြင့် နည်းပြလိုပီတီဂူကို ရာထူးမှ ထုတ်ပယ်ခဲ့မည်ဆိုပါက ယူရို ၁၈ သန်း ပေးချေရလိမ့်မည်ဖြစ်ကြောင်း သိရသည်။ **ထက်အောင်**

လူကာကူ၏ ဂိုးသွင်းယူနိုင်မှုပျောက်ဆုံးနေခြင်းအပေါ် မန်နေဂျာ မော်ရင်ညို ပိုးရိမ်ပူပန်နေ

မန်ယူအသင်းတိုက်စစ်မှူး လူကာကူ၏ ဂိုးသွင်းယူနိုင်စွမ်း ပျောက်ဆုံးနေမှုအပေါ် စိတ်ပူပန်မိကြောင်း မန်ယူအသင်းမန်နေဂျာ မော်ရင်ညိုက ဝန်ခံပြောဆိုလိုက်သည်။

ဘယ်လ်ဂျီယံတိုက်စစ်မှူး လူကာကူသည် ပြီးခဲ့သည့် စက်တင်ဘာ ၁၅ ရက်တွင် မန်ယူအသင်းက ဝတ်ဖို့ဒ်အသင်းကို ၂-၁ ဖြင့် အနိုင်ရရှိခဲ့သော ပရီမီယာလီဂ်ပွဲစဉ်တွင် တစ်ဂိုးသွင်းယူနိုင်ခဲ့ပြီးနောက် မန်ယူအသင်းအတွက် ပါဝင်ကစားခဲ့သော ၈ ပွဲတွင် ဂိုးသွင်းယူနိုင်ခဲ့ခြင်းမရှိသူဖြစ်သည်။ တိုက်စစ်မှူး လူကာကူသည် ယခုနှစ် ဘောလုံးရာသီတွင် မန်ယူအသင်းအတွက် စုစုပေါင်း ၁၃ ပွဲ ပါဝင်ကစားထားကာ လေးဂိုးသာ သွင်းယူထားနိုင်သေးသူဖြစ်ပြီး အဆိုပါသွင်းဂိုးများမှာ ပရီမီယာလီဂ်ပြိုင်ပွဲတွင်သာ သွင်းယူနိုင်ခဲ့ခြင်းဖြစ်သည်။

မန်ယူအသင်းသည် နောက်ဆုံးကစားခဲ့သည့် ရှစ်ပွဲတွင် နိုင်ပွဲနှစ်ပွဲသာ ရရှိခဲ့သည်။

တိုက်စစ်မှူး လူကာကူ၏ ဂိုးသွင်းခြေပျောက်ဆုံးနေမှုအတွက် စိတ်ပူပန်မိပါသလားဟု မေးမြန်းမှုကို မန်နေဂျာ မော်ရင်ညိုက “ဟုတ်ပါတယ်။ တိုက်စစ်မှူး လူကာကူဟာ အသင်းအတွက် အရာရာပေးဆပ်ချင်သူတစ်ဦး ဖြစ်ပါတယ်။ ဒါပေမယ့် လက်ရှိအချိန်က သူ့အတွက် အကောင်းဆုံးအချိန်ကာလတော့ မဟုတ်ဘူးဆိုတာကိုတော့ နားလည်ပါတယ်။ လူကာကူအနေနဲ့ ဂိုးသွင်းယူနိုင်မှု ပျောက်ဆုံးနေရုံသာမက ယုံကြည်မှုလည်း ပျောက်ဆုံးနေပါတယ်။ ဒါပေမယ့် သူဟာ မန်ယူအသင်းရဲ့တိုက်စစ်မှူးတစ်ဦးဖြစ်ပြီး သူ့အပေါ် ကျွန်တော်တို့ ယုံကြည်မှုအပြည့်အဝရှိပါတယ်။ သူကအလုပ်ကို ပြင်းပြင်းထန်ထန်ကြိုးစားပြီး ပရော်ဖက်ရှင်နယ်ပီသတဲ့ ကစားသမားတစ်ဦးလည်း ဖြစ်ပါတယ်။ ဒါကြောင့် မကြာမီမှာ လူကာကူအနေနဲ့ သွင်းဂိုးတွေနဲ့ ယုံကြည်မှုတွေ ပြန်လည်ရရှိလာပါလိမ့် မယ်”ဟု ဖြေဆိုခဲ့သည်။

တိုက်စစ်မှူး လူကာကူ(၂၅ နှစ်)သည် ၂၀၁၇ ခုနှစ် ဇူလိုင်လအစောပိုင်းတွင် အဲဗာတန်အသင်းမှ မန်ယူအသင်းသို့ ပြောင်းရွှေ့ကြေး ပေါင် ၇၅ သန်းဖြင့် ပြောင်းရွှေ့လာကာ ငါးနှစ်သက်တမ်းရှိ စာချုပ်ချုပ်ဆိုထားသူဖြစ်သည်။

ထက်အောင်

မြန်မာနိုင်ငံ လူမဲ့ခံယူခြင်းဆိုင်ရာ ဥပဒေကြမ်း

ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရေးအတွက် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။

ယမန်နေ့မှ အဆက်

ကြွေးမြီများအပေါ် တင်ရှိသည့်အတိုး

၁၉၇။ (က) စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် သက်သေထင်ရှားပြသထားသည့် ကြွေးမြီများကို ပေးဆပ်ပြီးနောက် ကျန်ရှိသည့်ပိုင်ငွေတစ်ရပ်ရပ်ကို ကုမ္ပဏီသည် အခြားသောကိစ္စတစ်ခုခုအတွက် အသုံးပြုခြင်း မပြုမီ စာရင်းရှင်းလင်းဖျက်သိမ်းမှု စတင်ခဲ့သည့် ကာလများအတွင်း ထိုသက်သေထင်ရှားပြသထားသည့် ကြွေးမြီအတွက် တင်ရှိနေသည့် အတိုးအား ပေးဆပ်ရမည်။

(ခ) ဤပုဒ်မပါ အတိုးအား အဆင့်အတန်းသတ်မှတ်ရာတွင် မူရင်းကြွေးမြီများသည် ဦးစားပေးအဆင့်အတန်းတူညီသည်ဖြစ်စေ၊ မတူညီသည်ဖြစ်စေ အတိုးငွေအား ဦးစားပေးအဆင့်အတန်း တူညီစွာ သတ်မှတ်ရမည်။

(ဂ) ကြွေးမြီတစ်ခုခုနှင့်ပတ်သက်၍ ဤပုဒ်မအရ ပေးရမည့်အတိုးနှုန်းသည် စာရင်းရှင်းလင်းဖျက်သိမ်းခြင်းမှလွဲ၍ ယင်းကြွေးမြီအတွက် သတ်မှတ်သည့် အတိုးနှုန်းဖြစ်သည်။ ထိုသို့ သတ်မှတ်ချက်မရှိပါက နည်းဥပဒေတွင် သတ်မှတ်ထားသည့် အတိုးနှုန်းဖြစ်သည်။

ကြွေးမြီအဆင့် သီးခြားသတ်မှတ်ခြင်း

၁၉၈။ (က) ဤပုဒ်မပါ ကြွေးမြီအဆင့်သီးခြားသတ်မှတ်ခြင်း ဆိုသည်မှာ မြီရှင်နှင့် ကုမ္ပဏီတို့၏ သဘောတူညီချက်အရ ကုမ္ပဏီကပေးဆပ်ရမည့် သတ်မှတ်ကြွေးမြီတစ်ရပ် သို့မဟုတ် ယင်းကြွေးမြီ၏ အစိတ်အပိုင်းတစ်ရပ်ရပ်ကို သတ်မှတ်အတိုင်းအတာတစ်ခုအထိ ပေးဆပ်ပြီးမှ သာလျှင် အခြားသောကြွေးမြီတို့အား ပေးဆပ်စေခြင်းကို ဆိုသည်။

(ခ) ပုဒ်မခွဲ(က)အရ မြီရှင်တစ်ဦး၏ ကြွေးမြီအဆင့်သီးခြားသတ်မှတ်ခြင်းကြောင့် ထိုသဘောတူညီချက်တွင် ပါဝင်ခြင်းမရှိသည့် သို့မဟုတ် ထိုသဘောတူညီချက်နှင့် သက်ဆိုင်ခြင်းမရှိသည့် မြီရှင်အား နစ်နာခြင်းမဖြစ်စေသည့် အတိုင်းအတာမှတစ်ပါး ဤအပိုင်းတွင်ပါဝင်သည့် မည်သည့်ပြဋ္ဌာန်းချက်ကမျှ ထိုသို့ ကြွေးမြီအဆင့်သီးခြားသတ်မှတ်ခြင်းကို ထိခိုက်စေခြင်း မရှိစေရ။

အာမခံပဋိညာဉ်စာချုပ်များမှရှိငွေများကို လျှောက်ထားခြင်း

၁၉၉။ (က) ကုမ္ပဏီသည် စာရင်းရှင်းလင်းဖျက်သိမ်းခြင်းမပြုမီ တတိယပုဂ္ဂိုလ်အတွက် သူတစ်ပါးထိခိုက်မှုအာမခံကို အာမခံကုမ္ပဏီနှင့်အာမခံစာချုပ် ချုပ်ဆိုခဲ့ပြီးနောက် ယင်းအာမခံပဋိညာဉ်စာချုပ်အရ ကုမ္ပဏီကဖြစ်စေ၊ စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိကဖြစ်စေ၊ အာမခံကုမ္ပဏီမှပေးလျော်သည့် အာမခံကြေးကို လက်ခံရရှိပါက ထိုအာမခံကြေးကို ရရှိနိုင်ရန်အတွက်ကုန်ကျခဲ့သော ကုန်ကျစရိတ်ကို နုတ်ပယ်လျက် စာရင်းရှင်းလင်းဖျက် သိမ်းရေးအရာရှိသည် အဆိုပါထိခိုက်နစ်နာသည့် တတိယပုဂ္ဂိုလ်ထံ ပေးဆပ်ရန် တာဝန်ရှိသည့် ပမာဏအား ပုဒ်မ ၁၉၆ ပါ အခြားကြွေးမြီများထက် ဦးစားပေး၍ ပေးချေရမည်။

(ခ) အာမခံကုမ္ပဏီက ကုမ္ပဏီသို့ပေးရန်တာဝန်ရှိသော လျော်ကြေးပမာဏသည် ကုမ္ပဏီကထိခိုက်နစ်နာသည့်တတိယပုဂ္ဂိုလ်ထံပေးရန် တာဝန်ရှိသည့် ပမာဏထက် လျော့နည်းနေပါက ပုဒ်မခွဲ(က) ပါ ပြဋ္ဌာန်းချက်သည် ထိုတတိယ ပုဂ္ဂိုလ်မှရရန် ကျန်ရှိသည့် ငွေအားရပိုင်ခွင့် အခွင့်အရေးကို ပိတ်ပင်ခြင်း မရှိစေရ။

ကြွေးမြီနှင့်တောင်းဆိုမှုများကို စီရင်ခြင်း

သက်သေခံအထောက်အထားပြသရန်ခွင့်ပြုသည့် ကြွေးမြီ သို့မဟုတ် တောင်းဆိုမှုများ

၂၀၀။ (က) စာရင်းရှင်းလင်းဖျက်သိမ်းမှုတိုင်းတွင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းမှု စတင်ခြင်းမပြုမီ ဖြစ်ပွားပေါ်ပေါက်ခဲ့သည့် အခြေအနေများနှင့် စပ်လျဉ်း၍ ကုမ္ပဏီကပေးဆပ်ရန်ရှိသည့် ကြွေးမြီများနှင့် တောင်းဆိုမှုများသည် လက်ရှိ သို့မဟုတ် အနာဂတ်အတွက် ဖြစ်သည်၊ တိကျသေချာမှုရှိသည် မရှိသည်၊ စုံစမ်းပေါ်ပေါက်သည် သို့မဟုတ် နစ်နာကြေးအတွက် ခိုင်လုံသောအနေအထားရှိသည် စသည်တို့ကို သက်သေခံအထောက်အထားအဖြစ် တင်ပြရန် ခွင့်ပြုနိုင်သည်။

(ခ) ကုမ္ပဏီကပေးရန်ရှိသည့် ကြွေးမြီများ သို့မဟုတ် ကုမ္ပဏီအပေါ် တောင်းဆိုမှုများသည် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းခြင်း စတင်ချိန် သို့မဟုတ် စတင်ပြီးနောက်ပိုင်းမှ ပေါ်ပေါက်လျှင် ဖျက်သိမ်းမှုပြုနေသည့် ကုမ္ပဏီနှင့်ပတ်သက်၍ ကြွေးမြီ သို့မဟုတ် တောင်းဆိုမှုကို သက်သေခံအထောက်အထားအဖြစ် အောက်ပါအခြေအနေများတွင် တင်ပြခွင့်ပြုနိုင်သည်-

(၁) ပြန်လည်ထူထောင်ရေးဆောင်ရွက်ခဲ့သည့်အချိန် သို့မဟုတ် ကုမ္ပဏီသည် အပိုင်း(၅) သို့မဟုတ် အပိုင်း(၆) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပြန်လည်ထူထောင်ရေးအစီအစဉ်ကို ဆောင်ရွက်နေသည့်အချိန်တွင် အခြေအနေတစ်ရပ်ရပ်ပေါ်ပေါက်ခဲ့လျှင်၊ ထို့ပြင်

(၂) ကုမ္ပဏီအား စာရင်းရှင်းလင်းဖျက်သိမ်းစေရန် ဆုံးဖြတ်ချက်မချမီ သို့မဟုတ် တရားရုံးက ကုမ္ပဏီကို စာရင်းရှင်းလင်းဖျက်သိမ်းစေသည့် အမိန့်ချမှတ်ခြင်း မပြုမီ တစ်ဆက်တည်းအချိန်တွင် ကုမ္ပဏီသည် ထိုပြန်လည်ထူထောင်ရေးကို ဆောင်ရွက်ခဲ့လျှင် သို့မဟုတ် ပြန်လည်ထူထောင်ရေး အစီအစဉ်ကို ဆောင်ရွက်နေဆဲဖြစ်လျှင်၊ ထို့ပြင်

(၃) ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ် ဆောင်ရွက်နေစဉ်အတွင်း ထိုတောင်းဆိုမှု သို့မဟုတ် တာဝန်ရှိမှုကို ပေးချေခဲ့ခြင်းမရှိလျှင်။

(ဂ) ကုမ္ပဏီတွင်ပါဝင်သူသို့မဟုတ် ကြွေးမြီပေးဆပ်ရသူတို့က ကုမ္ပဏီသို့ ပေးရန်တာဝန်ရှိသည့် ကြွေးမြီပမာဏအားလုံးကို ကုမ္ပဏီ သို့မဟုတ် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံသို့ပေးချေခြင်း မပြုရသေးပါက ယင်းကြွေးမြီနှင့်ပတ်သက်ပြီး ကုမ္ပဏီကိုဆန့်ကျင်၍ သက်သေခံအထောက်အထားတင်ပြခွင့် မပြုနိုင်။

ကြွေးမြီများ သို့မဟုတ် တောင်းဆိုမှုများနှင့်ပတ်သက်၍ သက်သေခံအထောက်အထား တင်ပြခြင်း

၂၀၁။ (က) စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိက မြီရှင်များအားလုံး သို့မဟုတ် တစ်ဦးဦးကို ကုမ္ပဏီအပေါ်ရှိ ၎င်းတို့၏ ကြွေးမြီများ သို့မဟုတ် တောင်းဆိုမှုများကို သက်သေထင်ရှားပြသရန် ဆင့်ခေါ်သည့် အခါတွင် နည်းဥပဒေပါ ပြဋ္ဌာန်းချက်နှင့်အညီ အဆိုပါ ဆင့်ခေါ်ခြင်းခံရသည့် ထိုမြီရှင်များသည် နည်းဥပဒေအရ သတ်မှတ်ထားသည့်ပုံစံတွင် ကြွေးမြီ သို့မဟုတ် တောင်းဆိုမှုနှင့် သက်ဆိုင်သည့်သက်သေခံအထောက်အထားကို သတ်မှတ်ထားသည့် စာရွက်စာတမ်းများ ပူးတွဲလျက်သတ်မှတ်သည့်အချိန်အတွင်း စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ၎င်းတို့၏ ကြွေးမြီများ သို့မဟုတ် တောင်းဆိုမှုများကို သက်သေထင်ရှားပြသစေရမည်။

(ခ) ပုဒ်မခွဲ(က)ပါ မည်သည့်အချက်ကမျှ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိက ဆင့်ခေါ်ခြင်းမရှိသဖြင့် ကြွေးမြီ သို့မဟုတ် တောင်းဆိုမှုအား သက်သေထင်ရှားပြသခွင့်ကိုပိတ်ပင်ခြင်းမရှိစေရ။ ထို့ပြင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် ပုဒ်မခွဲ (က) အရ သက်သေထင်ရှားပြသရန်မဆင့်ခေါ်ခဲ့ခြင်းကြောင့် ယင်းကြွေးမြီ သို့မဟုတ်တောင်းဆိုမှုကို ငြင်းပယ်ခြင်း မပြုရ။

(ဂ) စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် နည်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကုမ္ပဏီနှင့် ပတ်သက်သည့် ကြွေးမြီများ သို့မဟုတ် တောင်းဆိုမှုများကို ဆုံးဖြတ်ပေးရမည်။

(ဃ) တစ်ဦးတစ်ယောက်၏ ကြွေးမြီ သို့မဟုတ် တောင်းဆိုမှုတစ်ရပ်နှင့် စပ်လျဉ်း၍ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိမှ ဤပုဒ်မနှင့်အညီ ဆုံးဖြတ်ချက်ချပြီးနောက်တွင် ထိုသူက စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ ဆုံးဖြတ်ချက်ကို မကျေနပ်လျှင် နည်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီတရားရုံးသို့ လျှောက်ထားနိုင်သည်။

အပြန်အလှန်သွင်းငွေနှင့်ခနှိမ်ခြင်း

၂၀၂။ (က) စာရင်းရှင်းလင်းဖျက်သိမ်းခြင်း ဆောင်ရွက်နေသည့် ကြွေးမြီမပေးဆပ်နိုင်သော ကုမ္ပဏီနှင့်ယင်းကုမ္ပဏီထံမှကြွေးမြီရရန်ရှိသူ သို့မဟုတ် တောင်းဆိုမှုတစ်ရပ် ပြုလုပ်ထားသူပုဂ္ဂိုလ်တို့အကြား အပြန်အလှန်ပေးသွင်းမှု အပြန်အလှန်ငွေထုတ်ယူမှု သို့မဟုတ် အခြားသော အပြန်အလှန်ဆက်သွယ်ဆောင်ရွက်မှုများရှိသည့် အခါတွင်-

(၁) ငွေစာရင်းဆိုသည်မှာ ထိုအပြန်အလှန်ဆက်သွယ်ဆောင်ရွက်မှုများနှင့်ပတ်သက်၍ တစ်ဖက်မှ အခြားတစ်ဖက်သို့ ပေးရမည့် အရာဟု မှတ်ယူရမည်။

(၂) တစ်ဖက်မှ ပေးချေရမည့်ပမာဏသည် အခြားတစ်ဖက်မှ ပြုလုပ်ပေးရမည့် ပမာဏတစ်ခုခုမှ ခုနှိမ်ရမည်။

(၃) ငွေစာရင်း၏ လက်ကျန်ငွေကို ကုမ္ပဏီက ပေးရန် သို့မဟုတ် ရရန်ရှိသည်တို့အတွက် သက်သေခံအထောက်အထားအဖြစ် တင်ပြစေနိုင်သည်။

(ခ) လူတစ်ဦးသည်ကုမ္ပဏီသို့ငွေပေးသွင်းချိန် သို့မဟုတ် ကုမ္ပဏီမှငွေရရှိချိန်၌ ကုမ္ပဏီသည်ကြွေးမြီမပေးဆပ်နိုင်သူဖြစ်ကြောင်း သိရှိပြီးဖြစ်လျှင် ထိုသူသည် ဤပုဒ်မအရ ခုနှိမ်ပေးရန် တောင်းဆိုခွင့်မရှိစေရ။

အချိန်မီ သက်သေထင်ရှားမပြနိုင်သည့်မြီရှင်များကို ဖယ်ထုတ်ရန်အခွင့်အာဏာ

၂၀၃။ တရားရုံးသည် မြီရှင်များက ၎င်းတို့၏ကြွေးမြီများ သို့မဟုတ် တောင်းဆိုမှုများကိုသက်သေထင်ရှားပြရန် အချိန်ကာလ သတ်မှတ်ပေးနိုင်သည်။ သတ်မှတ်ကာလအတွင်း သက်သေထင်ရှားမပြနိုင်လျှင် ယခင်က သက်သေထင်ရှားပြီးဖြစ်သော ကြွေးမြီများကို ခွဲဝေပေးရာတွင် ထိုမြီရှင်အား ဖယ်ထုတ်ရမည်။

အာမခံအကျိုးခံစားခွင့်ရမြီရှင်က ကြွေးမြီအတွက် သက်သေခံအထောက်အထား တင်ပြခြင်း

၂၀၄။ (က) ဤပုဒ်မသည် ကြွေးမြီမပေးဆပ်နိုင်သည့် ကုမ္ပဏီတစ်ရပ် စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် အာမခံအကျိုးခံစားခွင့်ရှိသော ကြွေးမြီအပေါ် သက်သေခံအထောက်အထားတင်ပြမှုနှင့် သက်ဆိုင်စေရမည်။

(ခ) ကြွေးမြီမပေးဆပ်နိုင်သည့် ကုမ္ပဏီတစ်ရပ် စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် အာမခံအကျိုး ခံစားခွင့်ရမြီရှင်သည် ဤပုဒ်မပါ ပြဋ္ဌာန်းချက်၊ ဤဥပဒေ၏ အခြားသောပြဋ္ဌာန်းချက် သို့မဟုတ် ကြွေးမြီတစ်ရပ်အား သက်သေထင်ရှားပြသခြင်းနှင့် သက်ဆိုင်သည့် နည်းဥပဒေပါ ပြဋ္ဌာန်းချက်မှလွဲ၍ အာမခံအကျိုးခံစားခွင့်ရှိသည့် ကြွေးမြီတစ်စိတ်တစ်ပိုင်း သို့မဟုတ် အားလုံးကို အခြားနည်းအားဖြင့် သက်သေခံအထောက်အထား တင်ပြနိုင်ခွင့် မရှိစေရ။

(ဂ) အာမခံအကျိုးခံစားခွင့်ရမြီရှင်သည် ကြွေးမြီနှင့် ပတ်သက်သည့် သက်သေခံအထောက်အထားတင်ပြရာတွင် စာဖြင့်ရေးသားတင်ပြရမည်။

(ဃ) ယေဘုယျအားဖြင့် အာမခံအကျိုးခံစားခွင့်ရ မြီရှင်က မြီရှင်များ အကျိုးအတွက် ၎င်း၏ အာမခံအကျိုးခံစားခွင့်ကို စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ စွန့်လွှတ်ပေးအပ်ခဲ့လျှင် အဆိုပါမြီရှင်သည် အာမခံထားသည့်ကြွေးမြီ၏ ပမာဏတစ်ခုလုံးအတွက် သက်သေခံအထောက်အထား တင်ပြနိုင်သည်။

(င) အာမခံအကျိုး ခံစားခွင့်ရမြီရှင်က အာမခံပစ္စည်းကို ထုခွဲရောင်းချခဲ့ပြီး အဆိုပါ ထုခွဲရောင်းချမှုသည် သဘောရိုးဖြင့် သင့်တော်သည့် နည်းလမ်းများအရ ဆောင်ရွက်ခဲ့ကြောင်းကို စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိက ကျေနပ်လျှင် မြီရှင်သည် ထုခွဲရောင်းချခဲ့ရာမှ ရရှိခဲ့သည့် အသားတင်ပမာဏကို နုတ်ပြီးနောက် ကျန်ရှိသည့် ပမာဏအတွက် သက်သေခံအထောက်အထားပြနိုင်သည်။

(စ) မြီရှင်သည် အာမခံပစ္စည်းကိုထုခွဲရောင်းချခြင်း သို့မဟုတ် လွှဲပြောင်းပေးအပ်ခြင်း မပြုရသေးပါက ယင်း၏တန်ဖိုးကို ခန့်မှန်းတင်ပြနိုင်ပြီး ထိုသို့ခန့်မှန်းထားသည့် တန်ဖိုးကိုနုတ်ပြီးနောက် ကျန်ရှိသည့် ပမာဏအတွက်ကိုသာ သက်သေခံအထောက်အထားပြနိုင်သည်။

(ဆ) ပုဒ်မခွဲ(စ)အရ ကြွေးမြီအတွက် သက်သေခံအထောက်အထား တင်ပြရာတွင် အာမခံပစ္စည်း၏ အသေးစိတ်အချက်အလက်များနှင့် ခန့်မှန်းတန်ဖိုးပါဝင်ရမည်။

(ဇ) အာမခံအကျိုးခံစားခွင့်ရမြီရှင်၏ ကြွေးမြီအတွက် သက်သေခံအထောက်အထားတင်ပြရာတွင် မြီရှင်သည် အာမခံပစ္စည်း၏ ခန့်မှန်းတန်ဖိုးကို နုတ်ပြီးကျန်ရှိသည့် ပမာဏကိုသာ တင်ပြခဲ့ခြင်းဖြစ်ပါက မြီရှင်သည် ခန့်မှန်းတန်ဖိုးကို ပြောင်းလဲပြင်ဆင်ရန်အလို့ငှာ ကြွေးမြီနှင့် ပတ်သက်သည့် သက်သေခံအထောက်အထားကို နောင်တွင် ပြောင်းလဲပြင်ဆင်တင်ပြနိုင်သည်။

(ဈ) ကုမ္ပဏီကို စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ပုဒ်မခွဲ(ဇ)အရ ကြွေးမြီသက်သေခံအထောက်အထားပြင်ဆင်ခဲ့သည့် မြီရှင်သည် ရပိုင်ခွင့်ရှိသည့် ပမာဏထက်ပို၍ ရရှိပါက နောင့်နေးမှုမရှိဘဲ ပိုနေသည့် ပမာဏကို စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ ပြန်ပေးရမည်။

(ည) ကုမ္ပဏီကိုဖျက်သိမ်းရာတွင် ကြွေးမြီသက်သေခံ အထောက်အထားပြင်ဆင်ခဲ့သည့်မြီရှင်သည် ထိုပြင်ဆင်ထားသည့် ပမာဏထက်နည်း၍ ရရှိပါကခွဲဝေပေးပြီး ကျန်ရှိနေသည့်ငွေပမာဏနှင့် နောင်လာမည့်ခွဲဝေမှုများတွင် အကျုံးဝင်သော လျှောနည်းသည့် ပမာဏတို့ကို ဖြည့်စွက်ရပိုင်ခွင့်ရှိသည်။ သို့ရာတွင် မြီရှင်သည် ကြွေးမြီအထောက်အထားပြင်ဆင်ချက်မတိုင်မီက ပြုလုပ်ခဲ့သည့်ခွဲဝေမှုတွင် အကျိုးသက်ဆိုင်ခွင့် မရှိစေရ။

(ဋ) အာမခံအကျိုးခံစားခွင့်ရမြီရှင်က ကြွေးမြီသက်သေခံအထောက်အထားတင်ပြရာတွင် အာမခံခန့်မှန်းတန်ဖိုး ထုတ်နုတ်ပြီးနောက် ကျန်ရှိသည့် ပမာဏကို တင်ပြခဲ့ခြင်းဖြစ်ပြီး အဆိုပါအာမခံပစ္စည်းကို ထုခွဲရောင်းချရာ၌ ခန့်မှန်းတန်ဖိုးအတိုင်း ရရှိခဲ့ခြင်းမရှိလျှင် ထိုခန့်မှန်းတန်ဖိုးနေရာ၌ အမှန်တကယ်ရောင်းချခဲ့သည့် အသားတင်ငွေကို အစားထိုးရမည်ဖြစ်ပြီး ထိုဆောင်ရွက်ချက်သည် ပုဒ်မခွဲ (ဇ) နှင့် (ည)တို့အရ ကြွေးမြီသက်သေခံအထောက်အထားပြင်ဆင်ခဲ့ပြီးဖြစ်သည်ဟု မှတ်ယူရမည်။

အာမခံပစ္စည်းများအနက်မှ ဆက်စပ်ဝန်ထမ်းများ၏ ဦးစားပေးမူအစဉ်

၂၀၅။ ကုမ္ပဏီသည် စာရင်းရှင်းလင်းဖျက်သိမ်းခြင်း ပြုလုပ်သည်ဖြစ်စေ၊ မပြုလုပ်သည်ဖြစ်စေ ဤပုဒ်မနှင့် သက်ဆိုင်စေရမည်ဖြစ်ပြီး ပုဒ်မ ၁၉၆ ပါ သက်ဆိုင်သည့် ဝန်ထမ်းများမှ ရရန်ရှိသောဦးစားပေးရပိုင်ခွင့်များကို အခြားနည်းဖြင့် ပေးချေနိုင်ခြင်း မရှိပါက အာမခံအကျိုးခံစားခွင့်ရှိသူ၏ အာမခံကို ထုခွဲရောင်းချ၍ရရှိသော အသားတင်ငွေအနက်မှ အဆိုပါဝန်ထမ်းများ ရရန်ရှိသောငွေကို အာမခံအကျိုးခံစားခွင့်ရှိသော ပုဂ္ဂိုလ်ထက် ဦးစားပေး၍ ပေးချေရမည်။

ဝန်ထုပ်ဝန်ပိုးဖြစ်သည့်ပစ္စည်းကို တာဝန်မယူကြောင်း ထုတ်ဖော်ကြေညာခွင့်

၂၀၆။ (က) ကုမ္ပဏီ၏ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် ဝန်ထုပ်ဝန်ပိုးဖြစ်သည့်ပစ္စည်းကိုလက်ရောက်ရယူထားခဲ့လျှင် သို့မဟုတ် ရောင်းချရန် ကြိုးစားခဲ့လျှင် သို့မဟုတ် ယင်းပစ္စည်းနှင့်စပ်လျဉ်း၍ ပိုင်ရှင်၏ အခွင့်အရေးများကို အခြားနည်းဖြင့် အသုံးပြုခဲ့ပြီး ဖြစ်လျှင်ပင် ဤပုဒ်မအရ ဝန်ထုပ်ဝန်ပိုးဖြစ်သည့်ပစ္စည်းတစ်ခုခုကို တာဝန်မယူကြောင်း နည်းဥပဒေဖြင့် သတ်မှတ်ထားသည့် ပုံစံနှင့်အညီ အကြောင်းကြားစာပေးပို့ ငြင်းဆိုနိုင်သည်။

(ခ) ဤပုဒ်မ၏ ရည်ရွယ်ချက်များအလို့ငှာ အောက်ပါတို့သည် ဝန်ထုပ်ဝန်ပိုးဖြစ်စေသော ပစ္စည်းဖြစ်သည်-

(၁) အကျိုးအမြတ်မရှိသော ပဋိညာဉ်စာချုပ်၊ နှင့်

(၂) မရောင်းချနိုင်သော သို့မဟုတ် အလွယ်တကူရောင်းချခြင်း မပြုနိုင်သောကုမ္ပဏီပိုင်ပစ္စည်းများ သို့မဟုတ် ငွေကြေးပေးရန် တာဝန်တင်ရှိလာစေနိုင်သည့် သို့မဟုတ် အခြားဝန်ထုပ်ဝန်ပိုးဖြစ်လာစေသည့် ပြုလုပ်မှုတစ်ခုခု။

စာမျက်နှာ ၂၁ သို့

စာမျက်နှာ ၂၀ မှအဆက်

(၇) ဤပုဒ်မအရ တာဝန်မယူကြောင်း ကြေညာချက်သည်-

(၁) တာဝန်မယူကြောင်း ထုတ်ဖော်ကြေညာသည့်နေ့မှစ၍ ကုမ္ပဏီတွင်ရှိမည့် အခွင့်အရေးများ၊ အကျိုးစီးပွားများနှင့် တာဝန်ရှိမှုများသည် ယင်းသို့ ထုတ်ဖော်ကြေညာသည့်ပစ္စည်းသို့မဟုတ် ပစ္စည်းနှင့်ဆက်နွယ်၍ စတင်အကျိုးသက်ရောက်စေရမည်။ သို့ရာတွင်

(၂) ကုမ္ပဏီအား တာဝန်ရှိမှုတစ်ခုခုမှ စွန့်လွှတ်ရန် ရည်ရွယ်ချက်အလို့ငှာ လိုအပ်သည့်အခါမှတစ်ပါး အခြားပုဂ္ဂိုလ်တစ်ဦးဦး၏ အခွင့်အရေးများ သို့မဟုတ် တာဝန်ရှိမှုများကို မထိခိုက်စေရ။

(ဃ) အောက်ပါအခြေအနေများတွင် ပစ္စည်းတစ်ခုခုနှင့် ပတ်သက်၍ တာဝန်မယူကြောင်း အကြောင်းကြားစာအား ထုတ်ဆင့်ပေးပို့ခြင်း မပြုရ-

(၁) ပစ္စည်းတွင်အကျိုးသက်ဆိုင်သူသည် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ သို့မဟုတ် ၎င်းမတိုင်မီ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ဆောင်ရွက်ခဲ့သူများထံသို့ စာဖြင့်ရေးသား၍ ၎င်းက တာဝန်ရှိ မရှိ ဆုံးဖြတ်ပေးရန် လျှောက်ထားခဲ့လျှင်၊ ထို့အပြင်

(၂) ဤပုဒ်မအရ ပစ္စည်းတစ်ရပ်နှင့်စပ်လျဉ်းပြီး ထိုသို့လျှောက်ထားမှုကို ပြုလုပ်သည့်နေ့မှစတင်၍ ၂၈ ရက် ကာလ သို့မဟုတ် တရားရုံးကထပ်မံတိုးမြင့်သော အချိန်ကာလကို ကျော်လွန်ကုန်ဆုံးခဲ့သည့်တိုင်အောင် တာဝန်မယူကြောင်း ကြေညာချက်အား ထုတ်ဆင့်ခဲ့ခြင်း မပြုခဲ့လျှင်။

(၈) ဤပုဒ်မအရ တာဝန်မယူကြောင်း ကြေညာချက်ထုတ်ပြန်ခြင်းကြောင့် ဆုံးရှုံးမှု သို့မဟုတ် နစ်နာမှုရှိသူ မည်သူ့ကိုမဆို ၎င်းဆုံးရှုံးခဲ့မှု သို့မဟုတ် နစ်နာမှု၏ အတိုင်းအတာတစ်ခုအထိ ၎င်းအား ကုမ္ပဏီ၏မြီရှင်အဖြစ် မှတ်ယူရမည်ဖြစ်ပြီး ထိုသူ၏ ဆုံးရှုံးမှု သို့မဟုတ် နစ်နာမှုအတွက် ကုမ္ပဏီစာရင်း ရှင်းလင်းဖျက်သိမ်းရာတွင် သက်သေခံအထောက်အထားအဖြစ် တင်ပြနိုင်သည်။

ငှားရမ်းသည့်ပစ္စည်းအပေါ် တာဝန်မယူကြောင်းကြေညာချက်

၂၀၇။ (က) ပုဒ်မ ၂၀၆အရ ငှားရမ်းထားသည့် ပစ္စည်းတစ်ခုခုအပေါ်တာဝန်မယူကြောင်း ကြေညာချက်သည် ထပ်ဆင့်အငှားချထားခံရသူ သို့မဟုတ် အပေါင်ခံသူအသီးသီးထံသို့ တာဝန်မယူကြောင်း ကြေညာချက်မိတ္တူကို ပေးပို့ထားခြင်းမရှိပါက အကျိုးသက်ရောက်မှုမရှိစေရ။ ထို့ပြင်အောက်ပါအခြေအနေတစ်ရပ်ရပ်တွင် အကျိုးသက်ရောက်မှု မရှိစေရ-

(၁) ဤပုဒ်မခွဲအရ နောက်ဆုံးအကြောင်းကြားစာ ပေးအပ်သည့်နေ့မှ စတင်ရေတွက်လျှင် ၁၄ ရက် ကာလမကုန်ဆုံးမီ ထိုပစ္စည်းနှင့်ပတ်သက်၍ ပုဒ်မ ၂၀၉ အရ တင်ပြလျှောက်ထားခြင်း မရှိလျှင်၊ သို့မဟုတ်

(၂) ယင်းကဲ့သို့ လျှောက်လွှာကို ပြုလုပ်ပြီးသော်လည်း တာဝန်မယူကြောင်းငြင်းဆိုခြင်းသည် အကျိုးသက်ရောက်လိမ့်မည်ဟု တရားရုံးက ညွှန်ကြားလျှင်။

(ခ) တရားရုံးက ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၂) အရ ညွှန်ကြားသည့်အခါ ပုဒ်မ ၂၀၉ အရ ချမှတ်ပေးသည့် အမိန့်တစ်ခုခုအစား သို့မဟုတ် ယင်းအမိန့်တွင် ထည့်သွင်းလျက်အငှားချထားခြင်းနှင့် စပ်လျဉ်းသည့် အမြဲစွဲကပ်ထားသည့်ပစ္စည်းများ၊အိမ်ငှား၏တိုးတက်အောင်ဆောင်ရွက်မှုနှင့် အငှားချထားမှုမှ ပေါ်ပေါက်လာသည့် အခြားကိစ္စများအပေါ်တွင် အမိန့်ချမှတ်နိုင်သည်။

တာဝန်မယူကြောင်း ငြင်းဆိုခြင်းနှင့် ပတ်သက်၍ တရားရုံး၏ သာမန်အခွင့်အာဏာများ

၂၀၈။ (က) စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိက ပုဒ်မ ၂၀၆ အရ ပစ္စည်းကို တာဝန်မယူကြောင်းငြင်းဆိုခဲ့သည်နှင့် တစ်ပြိုင်နက် ဤပုဒ်မနှင့် ပုဒ်မ ၂၀၉ ပါ ပြဋ္ဌာန်းချက်များသည် သက်ဆိုင်စေရမည်။

(ခ) ဤပုဒ်မအရ တရားရုံးသို့ အောက်ပါပုဂ္ဂိုလ်တစ်ဦးဦးက လျှောက်ထားနိုင်သည်-

(၁) တာဝန်မယူကြောင်း ငြင်းဆိုထားသည့်ပစ္စည်းတွင် အကျိုးသက်ဆိုင်မှု ရှိသည်ဟု တောင်းဆိုသူတစ်ဦးဦး၊ သို့မဟုတ်

(၂) တာဝန်မယူကြောင်း ငြင်းဆိုထားသည့်ပစ္စည်းနှင့် စပ်လျဉ်း၍ ကြေညာချက်အရ ကင်းလွတ်ခွင့်ရသည့် တာဝန်မျိုးမဟုတ်သော တာဝန်တစ်ရပ်ရပ်တင်ရှိနေသူတစ်ဦး။

(ဂ) တာဝန်မယူကြောင်း ငြင်းဆိုသည့်ပစ္စည်းကို အောက်ပါပုဂ္ဂိုလ်တစ်ဦးဦးထံအပ်နှင်းရန် သို့မဟုတ် လွှဲပြောင်းပေးအပ်ရန်အတွက် ဤပုဒ်မအရ လျှောက်ထားသည့်အခါ တရားရုံးသည်သင့်သည် ထင်မြင်သည့် စည်းကမ်းချက်များသတ်မှတ်၍ အမိန့်ချမှတ်နိုင်သည်-

(၁) ယင်းပစ္စည်းကို ပိုင်ဆိုင်ခွင့်ရှိသူ သို့မဟုတ် ထိုသူ၏ ယုံမှတ်အပ်နှံခံရသူ၊ သို့မဟုတ်

(၂) ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၂) တွင် ဖော်ပြထားသည့် တာဝန်ရှိမှုကို လိုက်နာရသူ သို့မဟုတ် ထိုသူ၏ ယုံမှတ်အပ်နှံခံရသူ။

(ဃ) တာဝန်မယူကြောင်း ကြေညာချက်နှင့် ပတ်သက်ပြီး လိုက်နာရသူ တစ်ဦးကို လျော်ကြေးပေးရန်ရည်ရွယ်၍ ပြုလုပ်ပါက တရားမျှတမည်ဟု ထင်မြင်သည်မှတစ်ပါး၊ တရားရုံးသည် ပုဒ်မခွဲ (ဂ) အရ အမိန့်ချမှတ်ခြင်း မပြုရ။

(င) တာဝန်မယူကြောင်း ငြင်းဆိုမှုကြောင့် တစ်ဦးတစ်ယောက် ခံစားရသည့် ဆုံးရှုံးမှု သို့မဟုတ် နစ်နာမှု၏ အတိုင်းအတာကို ပုဒ်မ ၂၀၆၊ ပုဒ်မခွဲ (င) ၏ ရည်ရွယ်ချက်အလို့ငှာ ဆန်းစစ်ရာတွင် ဤပုဒ်မအရ ချမှတ်သည့်အမိန့်တစ်ရပ်၏ အကျိုးသက်ရောက်မှုကို ထည့်သွင်းစဉ်းစားရမည်။

(စ) ဤပုဒ်မအရ ပုဂ္ဂိုလ်တစ်ဦးဦးထံပစ္စည်းအပ်နှင်းထားသည့် အမိန့်သည် ဥပဒေနှင့်အညီ တရားဝင်ရရှိသောပစ္စည်းဖြစ်ပြီး ပေးကမ်းခြင်း၊ တာဝန်ပေးခြင်း သို့မဟုတ် လွှဲပြောင်းပေးခြင်းတို့ဖြင့် ဆောင်ရွက်ရန် မလိုအပ်စေရ။

ငှားရမ်းထားသည့်ပစ္စည်းကို တာဝန်မယူကြောင်း ငြင်းဆိုခြင်းနှင့် ပတ်သက်၍ တရားရုံး၏ အခွင့်အာဏာများ

၂၀၉။ (က) အောက်ပါသတ်မှတ်ချက်များ ပြုလုပ်သည်မှတစ်ပါး၊ တရားရုံးသည် ထပ်ဆင့်အငှားချထားခံရသူ သို့မဟုတ် အပေါင်ခံသူအနေဖြင့် ကုမ္ပဏီကိုအမှီပြု၍ ဆက်ခံတောင်းဆိုသူတစ်ဦးဦးအား အငှားချထားသည့် ပစ္စည်းအားအပ်နှံစေရန် ပုဒ်မ ၂၀၈ အရ အမိန့်ချမှတ်ခြင်း မပြုရ။ ထိုသူသည်-

(၁) စာရင်းရှင်းလင်းဖျက်သိမ်းမှုစတင်သည့်အချိန်တွင် အငှားစာချုပ်အရ ကုမ္ပဏီက တာဝန်ရှိသည့်အတိုင်း တူညီသောတာဝန်ရှိမှုများ၊ တာဝန်ယူမှုများကို မဆန့်ကျင်စေရ၊ သို့မဟုတ်

(၂) လိုအပ်ပါက စာရင်းရှင်းလင်းဖျက်သိမ်းမှု စတင်သည့်အချိန်တွင် အငှားစာချုပ်အား တစ်ဦးတစ်ယောက်ကို တာဝန်ပေးပါက ထိုသူက တာဝန်ရှိလာမည့် တူညီသောတာဝန်ရှိမှုများနှင့် တာဝန်ယူမှုများကို မဆန့်ကျင်စေရ။

(ခ) အငှားစာချုပ်တွင် ပါဝင်သည့်ပစ္စည်းတစ်ခုခု၏ တစ်စိတ်တစ်ဒေသအပေါ်တွင် ပုဒ်မ ၂၀၈ အရ ချမှတ်သော အမိန့်ပါရည်ရွယ်ချက်များအလို့ငှာ ပုဒ်မခွဲ(က)ပါ ပြဋ္ဌာန်းချက်များသည် အမိန့်နှင့် ပတ်သက်သည့်ပစ္စည်းကိုသာ ပါဝင်သကဲ့သို့ အကျိုးသက်ရောက်သည်။

(ဂ) ပုဒ်မခွဲ (က)နှင့် သက်ဆိုင်ပြီး ကုမ္ပဏီကိုအမှီပြု၍ ထပ်ဆင့်အငှားချထားခံရသူ သို့မဟုတ် အပေါင်ခံသူအနေဖြင့် တောင်းဆိုနေသူတစ်ဦးသည် ထိုပုဒ်မခွဲအရ လိုအပ်သည့်သတ်မှတ်ချက်များနှင့်အညီ ချမှတ်သော ပုဒ်မ ၂၀၈ အရအမိန့်ကိုလက်ခံရန် ဆန္ဒမရှိသည့်အခါ တရားရုံးသည် ထိုပုဒ်မအရ ချမှတ်သည့်အမိန့်ဖြင့် ကုမ္ပဏီပိုင်မြေနှင့် ပစ္စည်းအပေါ် အကျိုးအမြတ်များအား အငှားစာချုပ်ရှိ ငှားရမ်းသူ၏ သဘောတူညီချက်ကိုဆောင်ရွက်ရန် တာဝန်ရှိသူတစ်ဦးဦးထံ ကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ်အနေဖြင့်ဖြစ်စေနှင့် တစ်ဦးတည်းဖြစ်စေ၊ ကုမ္ပဏီနှင့် ပူးတွဲ၍ဖြစ်စေ အပ်နှင်းနိုင်သည်။

(ဃ) ကုမ္ပဏီကြောင့် ဖြစ်ပေါ်လာသည့်ပစ္စည်းများ၊ အခွင့်အရေးများ၊ တာဝန်များနှင့် အကျိုးခံစားခွင့်များအားလုံးမှ ကင်းလွတ်စေလျက် အဆိုပါ ပစ္စည်းနှင့် ယင်းအပေါ် အကျိုးခံစားခွင့်ကို တရားရုံးသည် ထိုသူထံသို့ အပ်နှင်းနိုင်သည်။

(င) ပုဒ်မခွဲ (က)နှင့်သက်ဆိုင်ပြီး ကုမ္ပဏီကို အမှီပြု၍ ထပ်ဆင့်အငှားချထားခံရသူ သို့မဟုတ် အပေါင်ခံသူအနေဖြင့် တောင်းဆိုနေသူ မည်သူမဆို ပုဒ်မ ၂၀၈ အရ ချမှတ်သည့် အမိန့်ကိုလက်ခံရန် ငြင်းဆိုသည့်အခါ ထိုသူအား ပစ္စည်းတွင်ရှိသည့် အကျိုးခံစားခွင့်အားလုံးမှ ဖယ်ထုတ်စေရမည်။

တရားရုံးက ပဋိညာဉ်စာချုပ်များကို ပယ်ဖျက်ခြင်း

၂၁၀။ (က) ကုမ္ပဏီနှင့် ပဋိညာဉ်စာချုပ်တစ်ရပ်ချုပ်ဆိုပြီး ထိုစာချုပ်အရ အကျိုးအမြတ်ခံစားခွင့်ရှိသူကဖြစ်စေ သို့မဟုတ် ထိုစာချုပ်ကြောင့် တာဝန်တင်ရှိနေသူကဖြစ်စေ လျှောက်ထားလာပါက တရားရုံးသည် ပဋိညာဉ်အတိုင်းဆောင်ရွက်ရန် ပျက်ကွက်ခြင်းအတွက် နစ်နာကြေးပေးစေရန်ဖြစ်စေ သို့မဟုတ် တရားမျှတသည်ဟု ယူဆသော နည်းလမ်းဖြင့်ဖြစ်စေ စည်းကမ်းချက်များ သတ်မှတ်လျက် ပဋိညာဉ်စာချုပ်အား ပယ်ဖျက်စေရန် အမိန့်ချမှတ်နိုင်သည်။

(ခ) အထက်ပါ အမိန့်အရ တစ်ဦးတစ်ယောက်အား ပေးအပ်ရမည့်နစ်နာကြေးကို ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ပေးချေရမည့် ကြွေးမြီတစ်ရပ်အဖြစ် ထိုသူက သက်သေထင်ရှားပြသနိုင်သည်။

အပြီးသတ် စာရင်းရှင်းလင်းခြင်းနှင့် ဖျက်သိမ်းခြင်း

ကုမ္ပဏီဖျက်သိမ်းခြင်းမပြုမီ နောက်ဆုံးအစည်းအဝေး

၂၁၁။ (က) ကုမ္ပဏီ၏ကိစ္စရပ်များအား အပြည့်အဝစာရင်းရှင်းလင်းဖျက်သိမ်းပြီးသည်နှင့် တစ်ပြိုင်နက် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် မည်သို့ဆောင်ရွက်ခဲ့သည်နှင့် ကုမ္ပဏီ၏ ပစ္စည်းကို မည်သို့အပြီးသတ်စီမံခန့်ခွဲခဲ့သည်ကို ဖော်ပြသည့်စာရင်းရှင်းလင်းဖျက်သိမ်းခြင်း စာရင်းကို ပြုစုပြီးနောက် ရှင်းလင်းတင်ပြရန် ကုမ္ပဏီ၏ မြီရှင်များ အစည်းအဝေး (ကုမ္ပဏီတွင် ပါဝင်သူများ၏ ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းခြင်းဖြစ်ပါက ကုမ္ပဏီတွင်ပါဝင်သူများ၏ အစည်းအဝေး) ကို ခေါ်ယူကျင်းပရမည်။

(ခ) အစည်းအဝေးကျင်းပပြီးနောက် ရက်သတ္တတစ်ပတ်အတွင်း စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် မှတ်ပုံတင်အရာရှိထံ စာရင်းရှင်းလင်းဖျက်သိမ်းခြင်းစာရင်း၏ မိတ္တူကိုလည်းကောင်း၊ အစည်းအဝေးမှတ်တမ်းကိုလည်းကောင်းပေးပို့ရမည်။အစည်းအဝေးအထမြောက်ရန်လိုအပ်သော အနည်းဆုံးတက်ရောက်သူအရေအတွက် မပြည့်မီပါက ထိုစာရင်းနှင့်အတူ လိုအပ်သောအရေအတွက် မပြည့်မီကြောင်းအတည်ပြုဖော်ပြသည့်စာကိုလည်း ပူးတွဲပေးပို့ရမည်။

ကုမ္ပဏီအားအပြီးသတ်ဖျက်သိမ်းခြင်းနှင့် ကုမ္ပဏီအားပြန်လည်တည်ရှိစေခြင်း

၂၁၂။ (က) ဤပုဒ်မသည် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိက မှတ်ပုံတင်အရာရှိထံ ပုဒ်မ ၂၁၁(၂) တွင် ပြဋ္ဌာန်းပါရှိသည့် အချက်အလက်များ ပေးပို့သည့်ကိစ္စနှင့် သက်ဆိုင်စေရမည်။

(ခ) ထိုပေးပို့သော သတင်းအချက်အလက်များကိုရရှိသည်နှင့် တစ်ပြိုင်နက် မှတ်ပုံတင်အရာရှိသည် မှတ်ပုံတင်စာရင်းတွင် ရေးသွင်းရမည်။ ထိုသို့မှတ်ပုံတင်ပြီးသည့် နေ့မှစတင်လျက် ၃ လပြည့်မြောက်သည့်နေ့တွင် ကုမ္ပဏီသည် အပြီးသတ်ဖျက်သိမ်းပြီးဖြစ်သည်ဟု မှတ်ယူရမည်။

(ဂ) သို့သော် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိက ဖြစ်စေ၊ အကျိုးသက်ဆိုင်သူဟု တရားရုံးက ထင်မြင်ယူဆသူက ဖြစ်စေ လျှောက်ထားလာပါက တရားရုံးသည် ကုမ္ပဏီအား အပြီးသတ်ဖျက်သိမ်းပြီးဖြစ်သည့် ကုမ္ပဏီအား ပြန်လည်အသက်သွင်းသည့် အမိန့်ကို သင့်လျော်သည့် စည်းကမ်းချက်များ သတ်မှတ်လျက် ချမှတ်နိုင်ပြီး စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိကိုလည်း ခန့်ထားနိုင်သည်။

(ဃ) အဆိုပါ တရားရုံး၏ အမိန့်မိတ္တူကို အလုပ်လုပ်ကိုင်ရက် ၅ ရက်အတွင်း မှတ်ပုံတင်အရာရှိထံပေးပို့ရန် တာဝန်သည် ထိုအမိန့်ချမှတ်ပေးစေရန် လျှောက်ထားသူ၏တာဝန်ဖြစ်ပြီး ထိုသို့ဆောင်ရွက်ရန် ပျက်ကွက်ပါက မှတ်ပုံတင်အရာရှိသည် ထိုသူအား ကျပ်တစ်သိန်းထက်မပိုသော ဒဏ်ကြေးငွေ တပ်ရိုက်နိုင်သည်။

ဆောလျင်စွာ ဖျက်သိမ်းခြင်း

၂၁၃။ (က) စာရင်းရှင်းလင်းဖျက်သိမ်းရာ၌ ကုန်ကျခဲ့သည့် စရိတ်များအား ပေးချေရန်ကုမ္ပဏီသည် လုံလောက်သည့် ထုခွဲရောင်းချနိုင်သော ပစ္စည်းများမရှိဟု ကုမ္ပဏီ၏ စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိကဖြစ်စေ သို့မဟုတ် ပုဒ်မ ၁၆၈ အရ ခန့်အပ်သော တရားဝင်ပစ္စည်းထိန်းကဖြစ်စေ ထင်မြင်ယူဆလျှင် မည်သည့်အချိန်တွင်မဆို ကုမ္ပဏီအား ဆောလျင်စွာ ဖျက်သိမ်းရန်အတွက် မှတ်ပုံတင်အရာရှိထံ လျှောက်ထားနိုင်သည်။

(ခ) ထိုသို့ လျှောက်ထားခြင်းမပြုမီ ကုမ္ပဏီ၏ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ သို့မဟုတ် တရားဝင်ပစ္စည်းထိန်းသည် ထိုသို့ လျှောက်ထားရန်ရည်ရွယ်ကြောင်းကို ကုမ္ပဏီ၏ မြီရှင်များနှင့် ကြွေးမြီပေးဆပ်ရန် တာဝန်ရှိသူများထံ ၁၄ ရက်ထက် နောက်မကျစေဘဲ ကြိုတင်အကြောင်းကြားရမည်။ ကုမ္ပဏီမှ ပစ္စည်းထိန်းခန့်ထားပါက ထိုပစ္စည်းထိန်းထံသို့ အကြောင်းကြားရမည်။

(ဂ) ထိုအကြောင်းကြားစာကို ပေးပို့ချိန်မှစ၍ ကုမ္ပဏီ၏ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ သို့မဟုတ် တရားဝင်ပစ္စည်းထိန်းသည် ကုမ္ပဏီနှင့်ပတ်သက်၍ ပုဒ်မခွဲ (က) အရ လျှောက်ထားရန် တာဝန်မှလွဲ၍ ကုမ္ပဏီ၊ မြီရှင်နှင့်ကြွေးမြီဆပ်ရန်တာဝန်ရှိသူများနှင့်ပတ်သက်၍ ၎င်းထမ်းဆောင်ရမည့် တာဝန်များရပ်စဲပြီးဖြစ်သည်ဟု မှတ်ယူရမည်။

(ဃ) ကုမ္ပဏီ၏ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ သို့မဟုတ် တရားဝင်ပစ္စည်းထိန်းထံမှ ပုဒ်မခွဲ (က) အရ ပေးပို့သော ထိုအကြောင်းကြားစာကို လက်ခံရရှိသည်နှင့် တစ်ပြိုင်နက် မှတ်ပုံတင်အရာရှိသည် ယင်းစာကို မှတ်ပုံတင်စာရင်းရေးသွင်း ရမည်ဖြစ်ပြီး ထိုသို့ရေးသွင်းပြီးသည့်နေ့မှ စတင်ရေတွက်လျက် ၃ လကုန်ဆုံးသည့်နေ့တွင် ကုမ္ပဏီသည် အပြီးသတ်ဖျက်သိမ်းပြီးဖြစ်သည်ဟု မှတ်ယူရမည်။

(င) ကုမ္ပဏီ၏ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ သို့မဟုတ် တရားဝင်ပစ္စည်းထိန်း သို့မဟုတ် ကုမ္ပဏီ၏မြီရှင်တစ်ဦးဦး သို့မဟုတ် ကုမ္ပဏီတွင်ပါဝင်သူ သို့မဟုတ် ပစ္စည်းထိန်း မည်သူမဆို ပုဒ်မခွဲ (က) အရ အကြောင်းကြားစာပေးပို့ပြီးပါက တရားရုံးမှ အောက်ပါညွှန်ကြားသည့်အမိန့်များ ရရှိနိုင်ရန် လျှောက်ထားနိုင်သည်-

(၁) ပုဒ်မခွဲ (က) အရ အကြောင်းကြားစာပေးပို့ခဲ့ခြင်း မရှိဘဲ သကဲ့သို့ ကုမ္ပဏီအား စာရင်းရှင်းလင်းဖျက်သိမ်းနိုင်စေရန်အတွက် သတ်မှတ်ညွှန်ကြားပေးရန်၊ နှင့်

(၂) ကုမ္ပဏီအပြီးသတ်ဖျက်သိမ်းခြင်း စတင်အသက်ဝင်မည့်နေ့ကို ရွေ့ဆိုင်းကြောင်း ညွှန်ကြားပေးရန်။

(စ) ပုဒ်မခွဲ(ဃ)ပါ ကာလကျော်လွန်သော်လည်း အကျိုးသက်ဆိုင်သူ လျှောက်ထားလာလျှင် တရားရုံးသည် ကုမ္ပဏီအား ကုမ္ပဏီများ မှတ်ပုံတင်စာရင်းတွင် ပြန်လည်အသက်သွင်းသည့် အမိန့်ကိုသင့်လျော်သည့် စည်းကမ်းချက်များ သတ်မှတ်လျက် ချမှတ်နိုင်သည့် အပြင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိကိုလည်း ခန့်ထားနိုင်သည်။

(ဆ) ပုဒ်မခွဲ (ဃ) ပါ ကာလကျော်လွန်ပါက အကျိုးသက်ဆိုင်သူလျှောက်ထားလာလျှင် ကုမ္ပဏီကို မှတ်ပုံတင်စာရင်းတွင် ပြန်လည်ဖော်ပြရန် သင့်လျော်သည့် အခြားအကြောင်းများရှိကြောင်း တွေ့ရှိရလျှင် တရားရုံးသည် ကုမ္ပဏီ၏အမည်ကို မှတ်ပုံတင်စာရင်းတွင် ပြန်လည်ဖော်ပြရန် အမိန့်တစ်ရပ် ချမှတ်နိုင်သည်။ ၎င်းနောက် ကုမ္ပဏီသည် ယင်း၏ အမည်အား ပယ်ဖျက်ခြင်း မရှိသကဲ့သို့ ဆက်လက် ရပ်တည်လျက်ရှိသည်ဟု မှတ်ယူရမည်။

(ဇ) ကုမ္ပဏီတစ်ခုနှင့်ပတ်သက်၍ ညွှန်ကြားသည့် အမိန့်ချမှတ်ခဲ့ပါက ထိုအမိန့်ချမှတ်ပေးရန် လျှောက်ထားခဲ့သူသည် အမိန့်ချမှတ်သည့် နေ့မှစ၍ အလုပ်လုပ်ကိုင်ရက် ၅ ရက်အတွင်း အမိန့်မိတ္တူကို မှတ်ပုံတင်အရာရှိထံ မှတ်ပုံတင်နိုင်ရန်အတွက် ပေးပို့ရမည်။

(ဈ) ပုဒ်မခွဲ(ဆ)ပါ ပြဋ္ဌာန်းချက်ကို ခိုင်လုံသောအကြောင်းပြချက်မရှိဘဲ လိုက်နာရန်ပျက်ကွက်ပါက မှတ်ပုံတင်အရာရှိသည် ထိုသူအား ကျပ်တစ်သိန်းထက်မပိုသည့် ဒဏ်ကြေးငွေကို တပ်ရိုက်နိုင်သည်။

(ဆက်လက်ဖော်ပြပါမည်)

လာလည်စေချင်တန်ဆောင်တိုင်ပွဲတော်နှင့် မြို့တည်နန်းတည် ၅၀၈ နှစ်ပြည့် ပွဲတော်ဆီ

ကေတုမတီ(တောင်ငူ) မြို့တည်နန်းတည်ပွဲတော်ကို ၂၀၁၀ ပြည့်နှစ် နှစ် ၅၀၀ ပြည့်နှစ်မှ စတင်ကျင်းပခဲ့ပြီး ယခင်နှစ်တစ်နှစ်သာ ကျင်းပခဲ့ခြင်းမပြုခဲ့ဘဲ ယခုနှစ်ထိ ရှစ်နှစ်တိုင်အစဉ်အလာမပျက် CB Bank ဥက္ကဋ္ဌ၏ ဦးဆောင်ပုံပိုးမှုဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ခြင်းဖြစ်သည်။ ထို့နည်းတူ သမိုင်းဝင်နှစ်ကျိပ်ရှစ်ဆူဘုရားများ ပူဇော်လှည့်လည်ပွဲကိုလည်း အစဉ်အလာမပျက် ကျင်းပခဲ့သည်မှာ ယခုနှစ်ဆိုလျှင် (၈၇)ကြိမ်မြောက်ခဲ့ပြီဖြစ်သည်။

၂၀၁၆ ခုနှစ်က ကေတုမတီ(တောင်ငူ) မြို့တည်နန်းတည် ပွဲတော်ကျင်းပမှုကို တွေ့ရစဉ်။

“တောင်ငူခေတ်ယဉ်ကျေးမှုထီးနန်း ရိုးရာအစဉ်အလာအတိုင်း ရာဇဝင်းခင်းသဘင်ကြီးကို တောင်ငူခေတ် မြန်မာ့ရိုးရာ အသုံးအဆောင် အဆင်အယင်များ၊ ဝတ်စားဆင်ယင်ထုံးဖွဲ့မှုများကို အနီးစပ်ဆုံး ကိုက်ညီအောင် ရာဇဝင်ပါ မင်းကြီးညိုတပ် ခင်းခြင်းသရုပ်ဖော်ပုံများ ထည့်သွင်းကျင်းပမည်”

တောင်ငူမြို့တန်ဆောင်တိုင် နှစ်ကျိပ်ရှစ်ဆူ ဘုရားများ ကိန်းဝပ်စံပယ်တော်မူရာ မဟာမုနိ ကေလဇာတီဘုရားကြီးမှ ရပ်ကွက်များက မဲပေါက်သော ဘုရားအမှတ်စဉ်အလိုက် ပင့်ဆောင်ပြီး ယာယီစံကျောင်းတော်အတွင်း သတ်မှတ်နေရာများတွင် ခမ်းနားစွာ စနစ်တကျ ပူဇော်ထားရှိကာ နိုဝင်ဘာလ ၂၁ ရက် ညနေ ၃ နာရီမှ စတင်၍ တောင်ငူမြို့အတွင်းသို့ ဒေသစာရီကြွချီလှည့်လည် အပူဇော်ခံရန် အလှပြပူဇော်ယာဉ်များကို ဘုရားသမိုင်း ဖော်ကျူး၍ ပြင်ဆင်ကြသည်။

ယခုနှစ်တွင် ဘုရားပူဇော်ယာဉ်များကို အကဲဖြတ် အမှတ်ပေးစည်းမျဉ်းနှင့်အညီ အမှတ်ပေးနိုင်ရန် ဒိုင်အဖွဲ့ကိုလည်း စနစ်တကျကျွမ်းကျင်သော ပညာရှင်များဖြင့် ဖွဲ့စည်းထားကြောင်း သိရသည်။

အမှတ်ပေးဆုချီးမြှင့်မည်

နှစ်ကျိပ်ရှစ်ဆူဘုရား လှည့်လည်ပင့်ဆောင်ပူဇော်ရာတွင် ကြည်ညိုဖွယ်ရာ ပင့်ဆောင်မှု၊ မြန်မာ့ရိုးရာဝတ်စားဆင်ယင်မှု၊ သိုက်သိုက်ဝန်းဝန်း အဖွဲ့ဝင်များပါဝင်ပြီး အတီးအမှုတ်ဖြင့် ဆောင်ရွက်မှု၊ သတ်မှတ်နေရာများတွင် ခမ်းနားစွာ စနစ်တကျ ပူဇော်မှု၊ ဘုရားသမိုင်းဖော်ကျူးမှု၊ ပွဲတော်နှင့် အညီ နောက်ခံကားချပ်များ ပြင်ဆင်ထားမှု၊ ဓမ္မပူဇာရွတ်ဖတ်ရာတွင် အသံကောင်းခြင်း၊ ဆွဲဆောင်မှုရှိခြင်းတို့အပေါ် မူတည်၍ အမှတ်ပေးစည်းမျဉ်းနှင့် အညီ ဒိုင်အဖွဲ့က အမှတ်ပေးသွားမည်ဖြစ်ပြီး ပထမဆု ငွေကျပ်သိန်း ၁၀၀၊ ဒုတိယဆု ငွေကျပ် ၇၅ သိန်း၊ တတိယဆု ငွေကျပ် သိန်း ၅၀ နှင့် နှစ်သိမ့်ဆု ငွေကျပ် ၂၅ သိန်း ဆုသုံးဆုကိုချီးမြှင့်သွားမည်ဖြစ်သည်။

ကေတုတောင်ငူသို့ဆိုရာတွင် တောင်ငူမင်း ၂၉ ဆက်မြောက် မင်းကြီးညိုသည် သက္ကရာဇ် ၈၄၇ ခုနှစ်တွင် တောင်ငူထီးနန်းကို စိုးစံပြီး မြဝတီ၊ ဒွါရဝတီ၊ မြို့သစ်များကို တည်ထောင်ခဲ့သည်။ ဒွါရဝတီနန်းတွင် စိုးစံနေစဉ်အတွင်း မင်းကြီးညို၏ ဘုန်းတန်ခိုးသည် အုံ့သြလောက်အောင် ကြီးမားခဲ့၍ လာရောက်မှီခိုသူများပြားလာပြီး ဆင်၊ မြင်းလက်နက်အင်အားသည်လည်း တိုးပွားလာခဲ့သည်။ ထို့ကြောင့် ဒွါရဝတီမြို့တော်သည် ကျဉ်းမြောင်းနေသောကြောင့် နေရာရွှေးချယ်ပြီး ၈၇၂ ခုနှစ် တန်ဆောင်မုန်းလပြည့် အင်္ဂါနေ့တွင် ကေတုမတီ မြို့တော်ကြီးကို စတင်ပန္နက်စိုက်ထူ၍ တည်ထောင်ခဲ့သည်မှာ ယခုနှစ်ဆိုလျှင် နှစ်ပေါင်း ၅၀၈ နှစ်ပြည့်တော့မည် ဖြစ်သည်။

ကေတုမတီ(တောင်ငူ)မြို့တည်နန်းတည်

ကေတုမတီ(တောင်ငူ)မြို့တည်နန်းတည် ၅၀၈ နှစ်ပြည့် ပွဲတော်ကြီးကို ယခုနှစ် နိုဝင်ဘာလ ၂၀ ရက်မှစတင်၍ ၂၂ ရက်(တန်ဆောင်မုန်းလပြည့်နေ့) အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

အထိမ်းအမှတ်ပွဲတော်ကြီးတွင် ယခင်နှစ်များနည်းတူ တောင်ငူခေတ်ယဉ်ကျေးမှု ထီးနန်း ရိုးရာအစဉ်အလာအတိုင်း ရာဇဝင်းခင်းသဘင်ကြီးကို တောင်ငူခေတ် မြန်မာ့ရိုးရာ အသုံးအဆောင် အဆင်အယင်များ၊ ဝတ်စားဆင်ယင်ထုံးဖွဲ့မှုများကို အနီးစပ်ဆုံး ကိုက်ညီအောင် ရာဇဝင်ပါ မင်းကြီးညိုတပ် ခင်းခြင်းသရုပ်ဖော်ပုံများ ထည့်သွင်းကျင်းပမည်ဖြစ်ရာ မြန်မာ့ယဉ်ကျေးမှုကို မြတ်နိုးသူများ၊ မြန်မာ့သမိုင်းကို လေ့လာလိုက်စားသူ၊ သမိုင်းအမွေကောင်းကို လက်ဆင့်ကမ်းပေးလိုသူများအနေဖြင့် အလွန်ကြည့်ရှုသင့်သည့်ပွဲဖြစ်ပြီး မြန်မာ့ရိုးရာယဉ်ကျေးမှုအရ ကျင်းပသည့်ပွဲများတွင် တွေ့မြင်ရခဲသော ပွဲကြီးဖြစ်သည်။

တောင်ငူတက္ကသိုလ်မှ သမိုင်းပညာရှင်များနှင့် တောင်ငူဒေသခံပညာရှင်များ ပူးပေါင်းပြီး ရာဇဝင်ကျမ်းဂန်၊ သမိုင်းစာပေ၊ ပုရပိုက်များကို အခြေခံ၍ တောင်ငူခေတ် မြန်မာ့ထီးနန်းရိုးရာ အသုံးအဆောင်များ၊ အဝတ်အစားများ၊ ဝတ်စားဆင်ယင်ထုံးဖွဲ့မှုများကို အနီးစပ်ဆုံးကိုက်ညီအောင် ရာဇဝင်ပါ မင်းကြီးညိုတပ် ခင်းကျင်းသရုပ်ဖော်ပုံများ၊ မင်းတုန်းမင်းကြီးကျောက်တော်ကြီးဘုရားသို့ ထွက်တော်မူပုံ ပုရပိုက်ပန်းချီပုံများကို ပေါင်းစပ်၍ စီစဉ်တင်ဆက်သွားမည်ဖြစ်သည်။

ဝင်းခင်းသဘင်ပွဲများ

အစဉ်အလာမပျက် ကျင်းပခဲ့သော ကေတုမတီ(တောင်ငူ) မြို့တည်နန်းတည် ဝင်းခင်းသဘင်ပွဲများတွင် ဆင်ငါးကောင်၊ မြင်းအကောင်ရေ ၃၀၊ လူအင်းအား ၃၀၀ ကျော်ပါဝင်ပြီး ကျိုင်းကိုင်၊ သိုဏ်ကိုင်း၊ ဆင်စစ်သူကြီး၊ ဆင်ခြေဖုံသူရဲ၊ အရှေ့မြင်းသည်တော်၊ တံခွန်ဖြူကိုင်၊ ဒိုင်းဝိုင်းကိုင်၊ ဓားကိုင်၊ လေးဆွဲသူရဲ၊ တူရိယာလုလင်၊ စစ်သူကြီး၊ မင်းခဏ်းတော်ကိုင်၊ ဘုရင်နှင့်မိဖုရား၊ အိမ်ရှေ့မင်းသားနှင့်မိဖုရား၊ သမီးတော်၊ အမတ်ကြီးနှင့် အမတ်ကတော်၊ ပုဏ္ဏား၊ မင်းညီမင်းသား စသည်ဖြင့် ဝင်းအမျိုးအစားပေါင်း ၃၀ ကျော်ကို ထည့်သွင်းဆင်ယင်ကျင်းပမည်ဖြစ်ရာ ပွဲတော်ကြီး၏အထိမ်းအမှတ်အဖြစ် မြို့တည်နန်းတည်သမိုင်းနောက်ခံတေးသီချင်းဆိုပြိုင်ပွဲများ၊ အားကစားပြိုင်ပွဲများ တောင်ငူဒေသ ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက် အထောက်အကူပြုဒေသအလှ All Myanmar ဓာတ်ပုံပြိုင်ပွဲနှင့် ဒေသခံဓာတ်ပုံဆရာများ၏ ဓာတ်ပုံပြပွဲများကိုလည်း ထည့်သွင်းကျင်းပမည်ဖြစ်သည်။

နိုဝင်ဘာ ၂၁ ရက်တွင် ကေတုမတီ(တောင်ငူ) သီတဂုဗုဒ္ဓတက္ကသိုလ် ဘွဲ့နင်းသဘင်ခန်းမဆောင်ဖွင့်ပွဲ၊ ရေစက်ချလှုပ်ရှားပွဲနှင့် ရှင်အပေါ်း ၅၀၈ ပါးကို ရှင်ပြုအလှူတော်မင်္ဂလာအခမ်းအနားကျင်းပမည်ဖြစ်သည်။ နိုဝင်ဘာ ၂၂ ရက်ညတွင် မီးကြာခွက်မျှောခြင်း၊ နိုင်ငံကျော်အနပညာရှင်များ၏ တေးသီချင်းများ လှည့်လည်သီဆိုဖျော်ဖြေမည်ဖြစ်ကာ ဖိုးချစ်ဇာတ်သဘင်ဖြင့်လည်း ညလုံးပေါက် ကပြဖျော်ဖြေမည်ဖြစ်ရာ ဒေသန္တရဗဟုသုတအဖြစ် လာလည်စေချင်ကြောင်း ဖိတ်ခေါ်လိုက်ရပါသည်။ ။

သူရ(တောင်ငူ)

ရန်ပုံငွေ ကျပ်သန်း ၄၀၀၀ ကျော်ဖြင့် ကန့်ဘလူမြို့နယ် ဖွံ့ဖြိုးရေးဆောင်ရွက်မည်

ကန့်ဘလူ အောက်တိုဘာ ၂၅

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကန့်ဘလူမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် တိုင်းဒေသကြီးအစိုးရအဖွဲ့၏(ငွေလုံးငွေရင်း) ခွင့်ပြုရန်ပုံငွေကျပ်သန်း ၄၀၃၉ ဒသမ ၇၉၆ ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ် စီမံကိန်းရေးဆွဲရေးဦးစီးဌာနမှ သိရသည်။

ကန့်ဘလူမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအနေဖြင့် ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများ တည်ဆောက်ခြင်း၊ ကျေးရွာချင်းဆက်ကျောက်ချောလမ်းခင်းခြင်း၊ လမ်း(မြေ + ဂျင်း)ခင်းခြင်း၊ ဆည်တမံများ၏မြောင်းမကြီးများ ကျောက်လိုင်နင်စီခြင်း၊ ရေဝင်ပေါက်တည်ဆောက်ခြင်း၊ ရေကျအဆောက်အအုံတည်ဆောက်ခြင်း၊ မြောင်းခွဲတူးဖော်ပြုပြင်ခြင်း၊ OMC တစ်လျှောက်လိုအပ်သောနေရာများတွင် ဂျင်းခင်းခြင်း၊ မြောင်းဖြတ်ကူး/လမ်းဖြတ်ကူး တံတားများ တည်ဆောက်ခြင်း/ပြုပြင်ခြင်း၊ လျှပ်စစ်ရေတင်လုပ်ငန်းအတွက် မြေယာလျော်ကြေးပေးခြင်း၊ ကျေးရွာများတွင် သောက်သုံးရေရရှိရေးအတွက် တွင်းနက်တူးဖော်ခြင်း၊ ရုံးအဆောက်အအုံအသစ်များ တည်ဆောက်ခြင်း၊ ကန့်ဘလူမြို့နယ်အတွင်း ရွှေဘုံ-မြစ်ကြီးနား မဟာဗျူဟာလမ်းကို တိုးချဲ့ကတ္တရာခင်းခြင်း၊ လမ်းပခုံးများပြုလုပ်ခြင်း၊ တန်ပိုထိန်းသိမ်းရေဂိတ် တည်ဆောက်ခြင်း၊ တန်ပိုကတ္တား ဝယ်ယူခြင်း၊ ရပ်ကွက်နှင့်ကျေးရွာများတွင် လျှပ်စစ်ဓာတ်အားလိုင်းများတည်ဆောက်ခြင်း၊ ထရန်စဖော်မာများ တည်ဆောက်ခြင်း၊ သစ်သားဓာတ်တိုင်များအစား ကွန်ကရစ်တိုင်များဖြင့် အစားထိုးလဲလှယ်ခြင်း၊ သံလက်တန်းများတပ်ဆင်ခြင်း၊ ရပ်ကွက်နှင့် ကျေးရွာတွင်းလမ်းများ ခင်းကျင်းပြုပြင်ခြင်း၊ ကျေးရွာများ၌ ပျံကျဈေးများ တည်ဆောက်ခြင်း စသည့်လုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အောင်ဝင်းငြိမ်း(ကန့်ဘလူ)

တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများအတွက် ညကျောင်းဖွင့်လှစ်မည်

စစ်ကိုင်း အောက်တိုဘာ ၂၅

စစ်ကိုင်းမြို့တွင် ပြင်ပမှ တက္ကသိုလ်ဝင်စာမေးပွဲကို ဝင်ရောက်ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများအတွက် ညကျောင်း ဖွင့်လှစ်၍ အခမဲ့သင်ကြားပေးသွားမည်ဖြစ်ကြောင်း စစ်ကိုင်းမြို့မိမြို့ဖွံ့ဖြိုးရေးအဖွဲ့မှ သိရသည်။

အဆိုပါ ညကျောင်းကို စစ်ကိုင်း မြို့မိမြို့ဖွံ့ဖြိုးရေးအဖွဲ့နှင့် မြို့နယ်ပညာရေးဌာနမှ (အငြိမ်းစား)အဖွဲ့တို့ ပူးပေါင်း၍ ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ပြီး လက်ရှိတွင် တက်ရောက်ပညာသင်ကြားမည့် ကျောင်းသား ကျောင်းသူများကို ခေါ်ယူလျက်ရှိကြောင်း စစ်ကိုင်း မြို့မိမြို့ဖွံ့ဖြိုးရေးအဖွဲ့ အတွင်းရေးမှူး ဦးဇော်ဝင်းက ပြောသည်။

“လက်ရှိတော့ ကျောင်းသားတွေ ခေါ်ယူနေဆဲပါ။ ကျောင်းသား ကျောင်းသူ ၃၀ ရှိပြီဆိုရင် ညကျောင်းဖွင့်ပြီးသင်ကြားပေးတော့မှာပါ။ ညကျောင်းဖွင့်ဖို့အတွက် ယာယီသတ်မှတ်ထားတာက အမှတ် (၁)အခြေခံပညာအထက်တန်းကျောင်းမှာ သင်ကြားပေးဖို့ လျာထားပါတယ်။ ဆယ်တန်းရောက်ပြီး အလုပ်လုပ်နေတဲ့ ကလေးတွေ။ ပြင်ပရောက်ပြီး ကျူရှင်မတက်နိုင်တဲ့ကလေးတွေ ၊ ဒီကလေးတွေအတွက် သုံးလေးလလောက်နဲ့ စာတွေ သင်ကြားနိုင်အောင် ၊ နောက်ပြီးတော့ ဒီနှစ်မှာ မေးခွန်းပုံစံတွေ ပြောင်းတယ်။ အဲဒါလေးတွေလည်း ကလေးတွေစိမ်းမနေအောင် ဒီသင်တန်းလေးလုပ်ပေးတာပါ” ဟု ၎င်းကပြောသည်။

ဖွင့်လှစ်သင်ကြားမည့် ညကျောင်းတွင် လက်ရှိအခြေခံပညာအထက်တန်းကျောင်းများတွင် သင်ကြားပေးနေသည့် ဘာသာရပ်အလိုက် ကျွမ်းကျင်ဆရာ ဆရာမများ၊ ပြင်ပကျူရှင်များမှ ဘာသာရပ်အလိုက် ကျွမ်းကျင်ဆရာ ဆရာမများက ဝိုင်းဝန်းကူညီသင်ကြားပေးသွားမည်ဖြစ်ပြီး ညနေ ၅ နာရီမှ ည ၈ နာရီအထိ သင်ကြားပေးသွားရန် စီစဉ်ထားကြောင်း သိရသည်။ တက်ရောက်လိုသည့် ကျောင်းသား ကျောင်းသူများ အနေဖြင့် ဝင်ခွင့်လျှောက်လွှာများကို ဖုန်း- ၀၉- ၇၈၇၉၂၆၀၈၈ ထံသို့ ဆက်သွယ်၍ အခမဲ့ ထုတ်ယူနိုင်ပြီဖြစ်ကြောင်း ကျောင်းသား ကျောင်းသူဦးရေ ၃၀ ပြည့်ပါက ညကျောင်း ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ကိုမင်း(အင်းတော်)

မြန်ပြည်တစ်ခွင် ယာဉ်အန္တရာယ်ကင်းဝေးစေရေး ဝိုင်းဝန်းပါဝင်ကူညီပေး

"ခရီးသွားလုပ်ငန်း အောင်မြင်ဖွံ့ဖြိုးတိုးတက်ခြင်းနှင့်အတူ ခရီးသွားမိဘပြည်သူများ ယာဉ်အန္တရာယ်ကင်းရှင်းစွာဖြင့် သွားလာနိုင်စေရေးအတွက် သက်ဆိုင်ရာနှင့် အများပြည်သူတစ်ရပ်လုံး အတူတကွ ပူးပေါင်းပါဝင်ကာ ယာဉ်အန္တရာယ်ကင်းရှင်းစေရေးလုပ်ငန်းများ အထူးအလေးပေး လုပ်ကိုင်ဆောင်ရွက်လျက်ရှိပေသည်။

အမြဲမပြတ်ကြည့်ရှုစစ်ဆေးသင့်

ယာဉ်မတော်တဆမှုများ လျော့ပါးကင်းဝေးစေရေးအတွက် ယာဉ်မောင်းများသာမက လမ်းနှင့် လမ်းအသုံးပြုသူ ခရီးသွားအများပြည်သူ တစ်ရပ်လုံး ယာဉ်စည်းကမ်း လမ်းစည်းကမ်းတို့ကို တိကျစွာ လိုက်နာကြမှသာလျှင် ယာဉ်အန္တရာယ်ဘေးမှ ကင်းဝေးကြပေလိမ့်မည်။ ယာဉ်မတော်တဆမှုများတွင် ယာဉ်ကြံ့ခိုင်မှု၊ ယာဉ်မောင်း၊ လမ်းနှင့် ရာသီဥတုဟူသည့် အခြေခံအကြောင်းရင်းတို့ကြောင့် ယာဉ်မတော်တဆမှုများ ဖြစ်ပေါ်လျက်ရှိရာ ယာဉ်ကြံ့ခိုင်မှုရှိစေရေးအတွက် မိမိအသုံးပြုယာဉ်အား အမြဲမပြတ်ကြည့်ရှုစစ်ဆေးသင့်ပေသည်။

ယာဉ်ကြံ့ခိုင်မှုရှိရုံမျှသာမက ယာဉ်မောင်းသူအနေဖြင့် ရှိသင့်ရှိထိုက်သည့် ကျန်းမာရေးကောင်းမွန်မှုရှိရန် လိုအပ်သည့်အပြင် ဆင်ခြင်သတိနှင့် ကျွမ်းကျင်စွာ မောင်းနှင်နိုင်သည့် ယာဉ်မောင်းကောင်းတစ်ဦးဖြစ်ရန်လည်း အထူးလိုအပ်လှပေသည်။ သို့မှသာ အများပြည်သူတို့၏ ယာဉ်အန္တရာယ်ဘေးမှ ကာကွယ်စောင့်ရှောက်ရာ ရောက်ပေလိမ့်မည်။ မိမိ၏ မဆင်မခြင်မောင်းနှင်ခြင်း၊ မူးယစ်သောက်စား မောင်းနှင်ခြင်းတို့ကြောင့် မလိုလားအပ်သည့် ယာဉ်အန္တရာယ်များ မဖြစ်ပေါ်စေရန် ယာဉ်မောင်းသူအနေဖြင့် မိမိတွင် မျှားစွာတာဝန်ရှိကြောင်း အမှန်တကယ်သိရှိမှသာလျှင် မိမိကောင်းကျိုး၊ သူတစ်ပါးကောင်းကျိုးတို့ကို သယ်ပိုးရာရောက်ပေလိမ့်မည်။ ဆင်ခြင်သတိ အမြဲရှိနေခြင်းသည် ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် များစွာအဓိကကျသည့် အကြောင်းအချက်တစ်ရပ်ပင်ဖြစ်ပေသည်။

ရာသီဥတုဆိုးရွားမှု သတိပြု

အဝေးပြေးလမ်းမည်မျှပင်ကောင်းစေကာမူ သတ်မှတ်မိုင်နှုန်းထက်ကျော်လွန်ကာ မဆင်မခြင်မောင်းနှင်ခြင်းသည် ယာဉ်အန္တရာယ်ကို လက်ယပ်ခေါ်သကဲ့သို့ ဖြစ်ပေလိမ့်မည်။ သို့အတွက် အရှိန်လွန်မောင်းနှင်ခြင်းအား အထူးသတိပြုရှောင်ရှားသင့်ပေသည်။ ဆင်ခြင်သတိအမြဲရှိခြင်းသည် အစစအရာရာ အောင်မြင်ခြင်း၏ အကြောင်းရင်းတစ်ရပ်ပင်ဖြစ်၏။ အခါအားလျော်စွာ ကြုံတွေ့ရတတ်သည့် ရာသီဥတုဆိုးရွားမှုကို အထူးသတိပြုကာ သွားလာမောင်းနှင်တတ်ခြင်းသည်လည်း ယာဉ်မောင်းတစ်ဦး၏ ရှိသင့်ရှိထိုက်သည့် အရည်အချင်းတစ်ရပ်ပင် ဖြစ်ပေသည်။

ကြိုတင်ကာကွယ်ခြင်းသည် ပိုမိုထိရောက်သည့် လုပ်ဆောင်မှုဖြစ်ရာ အများပြည်သူတို့အား ခရီးသွားအတွေ့အကြုံရှိစေမည့် အသိပညာပေးလုပ်ငန်းစဉ်များ ချမှတ်လုပ်ဆောင်ခြင်း၊ အဝေးပြေးလမ်းတစ်လျှောက် သတိပေးဆိုင်းဘုတ်၊ လမ်းညွှန်ဆိုင်းဘုတ်၊ အချက်ပြမီး၊ မိုင်နှုန်းပြကိရိယာ စသည့် တပ်ဆင်မှုများ ပြုလုပ်လျက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းတို့ကို တိကျစွာ လိုက်နာမှုရှိ မရှိ အထူးစောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်းဖြင့် ယာဉ်အန္တရာယ်ကြုံတွေ့ကျရောက်မှုများ နည်းပါးကျဆင်းစေသည်မှာ ကြိုတင်ကာကွယ်ခြင်း၏ ထိရောက်ကောင်းမွန်သည့် လုပ်ဆောင်ချက်များပင် ဖြစ်ပေသည်။

ယာဉ်အန္တရာယ်ကင်းရှင်းရေး ကူညီ

သို့ဖြစ်၍ ခရီးသွားမိဘပြည်သူတစ်ရပ်လုံးအနေဖြင့်လည်း ယာဉ်အန္တရာယ်ကင်းရှင်းရေး လုပ်ငန်းစဉ်များ၌ အတူတကွ ပူးပေါင်းပါဝင် ကူညီခြင်း၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းတို့ကို တိကျစွာ လိုက်နာခြင်းဖြင့် ဘက်စုံဖွံ့ဖြိုးတိုးတက်၍ လှပသာယာသော အမြန်မာနိုင်ငံတော်ကြီး၏ ခရီးသွားလုပ်ငန်း အောင်မြင်တိုးတက်ခြင်းနှင့် အတူ ယာဉ်မတော်တဆမှုများ တစ်နေ့တခြား လျော့ပါးကင်းဝေးလျက် ကျန်းမာချမ်းသာစွာဖြင့် မိမိတို့လိုရာခရီးသို့ ဘေးအန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ကြစေရန် ရည်သန်ရေးသားလိုက်ရပေသည်။

အောင်မြင့်စိုး(ရေစကြို)

ဒလ၌ သောက်သုံးရေမပြတ်ရေး သောက်သုံးရေကန်များအား ရေဖြည့်သွင်း

ရန်ကုန် အောက်တိုဘာ ၂၅

ဒလမြို့နယ် အုံ့ကြီးအနောက်ရပ်ကွက်တွင် နွေရာသီသောက်သုံးရေ ရှားပါးမှုမရှိစေရေး ရေချိုချိန်ကာလ သောက်သုံးရေကန်များအား ရေဖြည့်သွင်းခြင်းလုပ်ငန်းကို ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးလှမြင့်နှင့် ရပ်မိရပ်ဖများက ဦးဆောင်၍ ရာအိမ်မှူး၊ ဆယ်အိမ်မှူးများ မီးသတ်တပ်ဖွဲ့ဝင်များ ပါဝင်လျက် နတ်စင်သောက်သုံးရေကန် အတွင်းသို့ ရေသွင်းဆောင်ရွက် လုပ်ကိုင်နေခြင်းကို အောက်တိုဘာလစတုတ္ထပတ်က ပြုလုပ်ခဲ့သည်။

ရန်ကုန်မြို့၏ တစ်ဖက်ကမ်းရှိ ဒလမြို့နယ်တွင် နွေရာသီရောက်ရှိလာတိုင်း ရေရှားပါးခြင်း အခက်အခဲများနှင့်ကြုံတွေ့နေရပြီး ရပ်ကွက်၊ ကျေးရွာများမှ မိမိတို့ဒေသရှိ ရေကန်များကို နွေရာသီ မရောက်မီ ယခုလိုရေချိုရသည့် အချိန်မှသာ ရေသွင်းဆောင်ရွက်ကြရကြောင်း၊ အုံ့ကြီးအနောက်ရပ်ကွက်တွင် သောက်သုံးရေကန် ၁၀ ကန်ရှိသည့်အနက် အနော်ရထာရေကန်၊ စိမ်းလဲ့ကန်သာရေကန်၊ နတ်စင်ရေကန်နှင့် ဗန္ဓုလ ၂ လမ်းရှိ ဦးရဲသန်း ရေကန်တို့ကို နှစ်စဉ်မပြတ် အဓိကထား ရေသွင်းပေးရကြောင်း၊ ရေကန်များ ရေပြည့်တင်းနေပါက မိသားစုများ ရေကိုဖူလုံစွာ သုံးစွဲရနိုင်သလို မီးရေးထင်းရေး ကိစ္စများကိုပါ ပူပင်စရာမရှိသည့် ကောင်းကျိုးရလဒ်များရရှိကြောင်း ရပ်မိရပ်ဖဦးမျိုးဝေက ပြောသည်။ **အုံ့ကြီးမောင်(ဒလ)**

မြိတ်မြို့၌ ကလေးကမ္ဘာ စာပေဟောပြောပွဲကျင်းပ

မြိတ် အောက်တိုဘာ ၂၅

သီတင်းကျွတ်ကျောင်းပိတ်ရက် အားလပ်ချိန်တွင် ကျောင်းသား ကျောင်းသူများနှင့် လူငယ်များအား အသိပညာဗဟုသုတရရှိစေရန် အောက်တိုဘာလ စတုတ္ထပတ်က မြိတ်မြို့ မြိတ်တောင်ကျေးရွာ အောင်မင်္ဂလာရပ် မူလတန်းကြီးကျောင်းတွင် ကလေးကမ္ဘာ စာပေဟောပြောပွဲ ကျင်းပခဲ့ကြောင်း သိရသည်။

စာပေဟောပြောပွဲတွင် ကျောင်းသား ကျောင်းသူများနှင့် လူငယ်များအား ဦးလွင်အောင်(ကဗျာဆရာ နရီ-မြိတ်)က စဉ်းစားတွေးခေါ်ခြင်းအနုပညာနှင့် အရည်ပျော်နေသော ဦးနှောက်များကို ဖယ်ရှားခြင်းခေါင်းစဉ်ဖြင့် လည်းကောင်း၊ ဒေါက်တာတင်စိုးမိုး(စာရေးဆရာ - ကိုရိုးဆေး)က လူငယ်နှင့် အနာဂတ် အတွေး/အရေးခေါင်းစဉ်ဖြင့် လည်းကောင်း ပညာပေးဟောပြောခဲ့သည်။

စာပေဟောပြောပွဲကို အောင်မင်္ဂလာ လူငယ်များစာကြည့်တိုက်ကော်မတီ၊ World Vision ၊ ရပ်ကွက် စေတနာရှင်အဖွဲ့တို့ ပူးပေါင်း၍ ကျင်းပခြင်းဖြစ်သည်။

ခိုင်ထူး (ပြန်/ဆက်)

တစ်ဦးတည်းဖြစ်ကြောင်း

ရွှေဘိုမြို့၊ အထက(၅)၊ တက္ကသိုလ်ဝင်တန်း(D)မှ မထက်ထက်အောင်၏ ဖခင်သည် ဦးမျိုးထွန်းဝင်း(ခ)ဦးအောင်မျိုးထွန်း ၅/မရန(နိုင်)၀၀၃၀၃ ဖြစ်ပါကြောင်း။

ဦးမျိုးထွန်းဝင်း(ခ)ဦးအောင်မျိုးထွန်း

မွေးသက္ကရာဇ်အမှန်

ဦးလင်းကျော်သူစိုး-ဒေါ်ချိုချိုတို့၏သမီး ကျိုက်ထိုမြို့ အထက(၂) ကော့စံနိုင် တက္ကသိုလ်ဝင်တန်း(A)မှ ကျောင်းဝင်အမှတ် (၀၃၅၈)ဖြစ်သူ မမေဟာနီနီထူး၏ မွေးသက္ကရာဇ်အမှန်မှာ ၂၈-၃-၂၀၃၃ ဖြစ်ပါကြောင်း။

ဖခင်အမည်မှန်

မန်စီမြို့နယ် အထက(ဟန်ထက်) ပဉ္စမတန်း(B)မှ မောင်မျိုးဟေမာန်၏ ဖခင်အမည်မှန်မှာ ဦးမြင့်ဦး ၁/မစန(နိုင်)၀၁၀၄၄ဖြစ်ကြောင်း။

ဦးမြင့်ဦး

အမည်မှန်

ဦးမျိုးမင်းသန်း၏သမီး နောင်ချိုမြို့ အထက(၁) ပဉ္စမတန်း(B)မှ မမေသဇင်စံ၏ အမည်မှန်မှာ မနန်းခမ်းနောင့် ဖြစ်ပါကြောင်း။

မနန်းခမ်းနောင့်

ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 11/5849 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

ရွှေတိုဂုံစေတီတော် (စနေထောင့်)
ရခိုင်တန်ဆောင်း ထိန်းသိမ်းစောင့်ရှောက်ရေးအသင်း
(၂၁)ကြိမ်မြောက် စုပေါင်းမဟာဘုံကထိန်ဆက်ကပ်လှူဒါန်းပွဲအခမ်းအနား
ဖိတ်ကြားလွှာ

ရွှေတိုဂုံစေတီတော်(စနေထောင့်)ရှိ ရခိုင်တန်ဆောင်းထိန်းသိမ်းစောင့်ရှောက်ရေးအသင်း၏ (၂၁)ကြိမ်မြောက် စုပေါင်းမဟာဘုံကထိန်ဆက်ကပ်လှူဒါန်းပွဲကို အောက်ပါအစီအစဉ် အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ မပျက်မကွက်ကြွရောက်ခီးမြှင့်ကြပါရန် ခင်မင်လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

နေ့ရက် - ၃-၁၁-၂၀၁၈ရက် (စနေနေ့)
အချိန် - နံနက် ၉း၀၀နာရီ
နေရာ - ရခိုင်ပြည်နယ်ဓမ္မာရုံ အာဇာနည်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့

အမှူဆောင်အဖွဲ့

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၅)၊ မြေကွက်အမှတ်(၁၄၀)၊ ဧရိယာ ၀ဒသမ၀၅စက၊ စတုရန်းပေ(၂၅၂၀)ရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် အမှတ်(၁၄၀)၊ ဧဧ၀ေါလမ်း၊ (၃၅)ရပ်ကွက်ဟုခေါ်တွင်သော မြေနှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဂရန်အမည်ပေါက် ခေါ်မြင့်မြင့်ရှိန် ၁၂/မရက(နိုင်)၀၁၉၄၀၃ထံမှ အထူးကိုယ်စားလှယ်လွှဲစာရယူထားသူ ဦးမင်းဇော် ၅/ခဥန(နိုင်)၀၇၁၇၅၀ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက အပြီးအပိုင် ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက တရားဝင်နိုင်လုံသော စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှ ခုနှစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်းကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးဘူမောင်(LL.B)(စဉ်-၂၂၇၄၇)၊ ဒေါ်ဖြိုးဖြိုးအောင်(LL.B)(စဉ်-၄၈၄၃၁)
အထက်တန်းရှေ့နေများ
အမှတ်(၅/၁၁)၊ မြေညီ၊ ဗျိုင်းရေအိုစင်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၉-၅၁၁၀၀၀၇၊ ၀၉-၅၁၁၃၃၅၆၊ ၀၉-၂၂၄၂၇၃၃၃၆

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း
တင်ဒါအမှတ်စဉ်(၁/၂၀၁၈-၂၀၁၉)

မအူပင်ခရိုင်၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် လမ်းလုပ်ငန်းများဆောင်ရွက်ရန်လိုအပ်သည့် လုပ်ငန်းသုံးပစ္စည်းများကိုသက်ဆိုင်ရာ လမ်းပိုင်းအလိုက် လုပ်ငန်းခွင်အရောက် (မြန်မာငွေကျပ်ဖြင့်) ဝယ်ယူလိုပါသည်။

တင်ဒါပုံစံရောင်းချမည့်ရက် - ၉-၁၁-၂၀၁၈ရက်
တင်ဒါပုံစံပိတ်မည့်ရက်/အချိန် - ၂၀-၁၁-၂၀၁၈ရက် ၁၂:၀၀နာရီ
တင်ဒါဖွင့်မည့်ရက်/အချိန် - ၂၃-၁၁-၂၀၁၈ရက် ၁၃:၀၀နာရီ
တင်ဒါဖွင့်မည့်နေရာ - ခရိုင်လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ မအူပင်မြို့၊

အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံစည်းကမ်းချက်များ စံချိန်စံညွှန်းသတ်မှတ်ချက်များ၊ အသေးစိတ်အချက်အလက်များကို ကျေးလက်လမ်းဖွံ့ဖြိုးဦးစီးဌာန၊ မအူပင်ခရိုင်ရုံး ဖုန်း-၀၄၅-၃၀၈၄၅၅၊ ၀၉-၅၁၁၃၃၀၉၅၅ တွင် ၉-၁၁-၂၀၁၈ရက်မှစ၍ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းဝယ်ယူနိုင်ပါသည်။

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး-၁၂၊ ကွင်းအမှတ်(ရေချမ်းအိုး-E)
ဦးပိုင်အမှတ် (N-၇၅)ဧရိယာ ၅.၅ဧကအကျယ်အတွင်းရှိ
မြေကွက်အမှတ် C13၊ C14 နှင့်ပတ်သက်၍
ကျွန်မဒေါ်တင်အေးဟ်မှ
အများသိစေရန် အသိပေးကြေညာခြင်း

အထက်ဖော်ပြပါမြေကွက်အမှတ် C13 နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကိုတရားဝင် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုသူ ဒေါ်မြင့်မြင့်မိုး ၉/မရမ(နိုင်)၀၁၃၂၇၁ထံမှ ကျွန်မဒေါ်တင်အေးဟ် ၁၂/ရကန(နိုင်)၀၆၆၇၂၆ကအပြီးအပိုင် ဝယ်ယူပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ ဆက်လက်၍ မြေကွက်အမှတ် C14 နှင့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကိုလည်း တရားဝင်ရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုသူ ဒေါ်မြင့်မြင့်မိုး ၉/မရမ(နိုင်)၀၁၃၂၇၁ထံမှ ကျွန်မဒေါ်တင်အေးဟ်က အပြီးအပိုင်ဝယ်ယူမည်ဖြစ်၍ ကြိုတင်ငွေအားပေးချေထားပြီး ကျွန်ရှိငွေအား ၃၁-၁၀-၂၀၁၈ရက်တွင် အပြီးငွေချေမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဒေါ်တင်အေးဟ် ၁၂/ရကန(နိုင်)၀၆၆၇၂၆
အမှတ် ၉၉၈(B)၊ ၄၉တောင်သစ္စာလမ်း၊ (၃၅)ရပ်ကွက်၊
မြောက်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၁)၊ မြေကွက်အမှတ်(၃၆-က)၊ စတုရန်းပေ(၁၂၀၀)ရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် အမှတ်(၃၆-က)၊ မေတ္တာလမ်း၊ (၁၁)ရပ်ကွက်ဟုခေါ်တွင်သော မြေနှင့်အိမ်အပါအဝင် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဂရန်အမည်ပေါက် ခေါ်မြင့်မြင့် ၁၂/ဥကတ(နိုင်)၀၁၆၅၀ (ကွယ်လွန်)သူ၏ အမွေဆက်ခံပိုင်ဆိုင်ခွင့်ရှိသူ ဦးမြင့်လွင်ဦး ၁၂/ဥကတ(နိုင်)၀၁၆၇၀ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက အပြီးအပိုင် ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက တရားဝင်နိုင်လုံသော စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှ ခုနှစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးဘူမောင်(LL.B)(စဉ်-၂၂၇၄၇)၊ ဒေါ်ဖြိုးဖြိုးအောင်(LL.B)(စဉ်-၄၈၄၃၁)
အထက်တန်းရှေ့နေများ
အမှတ်(၅/၁၁)၊ မြေညီ၊ ဗျိုင်းရေအိုစင်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၉-၅၁၁၀၀၀၇၊ ၀၉-၅၁၁၃၃၅၆၊ ၀၉-၂၂၄၂၇၃၃၃၆

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2L/9546 FORD F250 P/U Open(Cab)(4x4)ယာဉ်လက်ဝယ်ရှိသူ ဒေါ်နော်ခင်သီတာဦး ၁၂/တတန(နိုင်)၁၄၁၃၀ (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)၊ သန်လျင်မြို့

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လမ်းမတော်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၂ အိန်စ် ၂)၊ မြေကွက်အမှတ်- V Class ၁၄၅၊ လမ်းမတော်မြို့နယ်၊ မြေကွက်တည်ရေးနာအမှတ်(၅၆)၊ (၆)လမ်း၊ (၂)ရပ်ကွက်၊ ဒေါတင်မြ-MMN-၀၁၂၅၅၆၊ အမည်ပေါက် နှစ် ၆၀ ဂရန်(သက်ကန်)မြေအား အမည်ပေါက် ဒေါတင်မြသည် (၅-၄-၂၀၁၆)ရက်တွင်လည်းကောင်း၊ ခင်ပွန်းဖြစ်သူ ဦးဘကင်းမှာ (၁၄-၂-၁၉၆၆)ရက်တွင် အသေသီးကွယ်လွန်ခဲ့ပြီး ၎င်းတို့သားသမီးများဖြစ်ကြသော (၁) ဒေါသန်းနွယ်ဦး ၁၂/လမတ(နိုင်)၀၁၂၂၃၊ (၂) ဦးအုန်းမြင့်ဖ�နှစ်ဦးသာ မွေးဖွားခဲ့ပြီး ၎င်းတို့အနက် ဦးအုန်းမြင့်သည် (၇-၉-၁၉၉၇)ရက်တွင် ကွယ်လွန်ခဲ့သဖြင့် ဦးအုန်းမြင့်၏အစုအား သား သမီးများဖြစ်ကြသော (၁) ဒေါမေသူအောင် ၁၂/လမတ(နိုင်)၀၃၁၆၄၄၊ (၂)ဒေါပြည်ဘုံဖြူးဟန့် ၁၂/လမတ(နိုင်)၀၃၂၅၁၄၊ (၃)ဦးအောင်မြင့်ဖြူး၁၂/လမတ(နိုင်)၀၃၄၃၆ဝ၆ဖြင့်နှင်ဆာတူ ဒေါသန်းနွယ်ဦးတို့မှ ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ၊ အိမ်ထောင်စုစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်များ၊ ဦးဘကင်းသေဆုံးကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနစု၏ ထောက်ခံစာ၊ ရပ်ကွက်ထောက်ခံစာ၊ ရန်ကုန်တိုင်းဒေသကြီး၊ ကျန်းမာရေးဦးစီးဌာနပြန်ကြားစာ၊ ဒေါတင်မြ၊ ဦးအုန်းမြင့်တို့၏ သေစာရင်း၊ နှစ် ၆၀မြောင်းစာချုပ်၊ မြေနှန်းပြစာတို့ကိတင်ပြ၍ ပိုင်ဆိုင်ကြောင်း မေပြဝကူး လျှောက်ထားလာရာ တရားဝင်နိုင်ငံလုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနှစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြစ်ဝကမ်းနုံ့ခွဲဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ပညာရေးဝန်ကြီးဌာန
နည်းပညာ၊သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန
၂၀၁၈-၂၀၁၉ပညာသင်နှစ်အတွက် A.G.T.I ဒီပလိုမာညနေပိုင်း ပထမနှစ်သင်တန်း ဝင်ခွင့်လျှောက်လွှာများခေါ်ယူခြင်း

၁။ အစိုးရစက်မှုလက်မှုသိပ္ပံ(အင်းစိန်)တွင် ၂၀၁၈-၂၀၁၉ပညာသင်နှစ် A.G.T.I ဒီပလိုမာ ညနေပိုင်းသင်တန်းအတွက် ပထမနှစ်သင်တန်းသားများခေါ်ယူမည်ဖြစ်ပါသည်။

၂။ လျှောက်ထားသူသည်-
(က) နည်းပညာနှင့်သက်မွေးလုပ်ငန်းသဘောသဘာဝအရ ကျန်းမာရေးကောင်းမွန်သူဖြစ်ပြီး လက်တွေ့လုပ်ငန်းနှင့် စက်ရုံ/ကုမ္ဏီများသို့ ကွင်းဆင်းဆောင်ရွက်နိုင်သူဖြစ်ရမည်။
(ခ) တက္ကသိုလ်ဝင်စာမေးပွဲတွင် သရုံး၊ ရူပဗေဒ၊ ဓာတုဗေဒဘာသာတွဲများပါဝင်သော မည်သည့်ဘာသာတွဲများဖြင့် အောင်မြင်သည်ဖြစ်စေ လျှောက်ထားနိုင်သည်။
(ဂ) တက္ကသိုလ်ဝင်စာမေးပွဲတွင် ရရှိခဲ့သည်အင်္ဂလိပ်စာနှင့်သချာဂုစုစုပေါင်းရမှတ်အပေါ် မူတည်၍ ရွေးချယ်မည်ဖြစ်သည်။
(ဃ) အစိုးရနည်းပညာအထက်တန်းကျောင်း အောင်မြင်ပြီးသူများလည်း လျှောက်ထားနိုင်သည်။

၃။ ဖွင့်လှစ်သင်ကြားပေးမည့်သင်တန်းများမှာ အောက်ပါအတိုင်းဖြစ်သည်-
(က) မြို့ပြအင်ဂျင်နီယာ
(ခ) အီလက်ထရွန်နစ်အင်ဂျင်နီယာ
(ဂ) လျှပ်စစ်စွမ်းအားအင်ဂျင်နီယာ
(ဃ) စက်မှုအင်ဂျင်နီယာ

၄။ သင်တန်းကာလမှာ သုံးနှစ်ဖြစ်သည်။ သင်တန်းပြီးဆုံးပါက A.G.T.I ဒီပလိုမာအောင်လက်မှတ် ပေးအပ်မည်ဖြစ်သည်။

၅။ ဝင်ခွင့်လျှောက်လွှာများကို အစိုးရစက်မှုလက်မှုသိပ္ပံ(အင်းစိန်)၌ ၂၆-၁၀-၂၀၁၈ရက်တွင် စတင်ထုတ်ယူနိုင်သည်။ လျှောက်လွှာများကို (၁၄-၁၁-၂၀၁၈)ရက်နောက်ဆုံးထားရှိ ပြန်လည်တင်သွင်းရမည်။

၆။ လျှောက်လွှာနှင့်အတူ အောက်ပါအချက်အလက်များကို ပူးတွဲတင်ပြရမည်-
(က) လျှောက်ထားသူ၏ နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)။
(ခ) ကျန်းမာရေးကောင်းမွန်ကြောင်း ထောက်ခံစာကို မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ထောက်ခံစာ(မူရင်း)။
(ဂ) သက်ဆိုင်ရာမှတရားဝင်ထုတ်ပေးထားသော တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သည့် အမှတ်စာရင်း(မူရင်း)။
(ဃ) လျှောက်ထားသူ၏အမည်ပါရှိသော အိမ်ထောင်စုစာရင်းဇယား(မိတ္တူ)။
(င) ပတ်စ်ပို့အရွယ်ရောင်စုံဓာတ်ပုံ(၃)ပုံ။
(စ) အစိုးရနည်းပညာအထက်တန်းကျောင်း အောင်မြင်သူဖြစ်ပါက သက်ဆိုင်ရာကျောင်းမှတရားဝင်ထုတ်ပေးထားသည့် အောင်လက်မှတ်(မူရင်း)နှင်အမှတ်စာရင်း(မူရင်း) (သို့မဟုတ်)အောင်လက်မှတ်မရရှိသေးပါက အောင်မြင်ကြောင်းထောက်ခံစာ(မူရင်း)။

၇။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အစိုးရစက်မှုလက်မှုသိပ္ပံ(အင်းစိန်) ဖုန်း-၀၉-၄၄ဂ၇၃၆၀၆၊ ၀၉-၂၆၄၂၇၃၂၂ သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန

ကယားပြည်နယ်အစိုးရအဖွဲ့
နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
ကယားပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး
ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ကယားပြည်နယ်အတွင်း ကယားပြည်နယ် အစိုးရအဖွဲ့ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်သော မြေလမ်း (၆)လမ်း၊ ကျောက်လမ်း(၁၄)လမ်း၊ ကတ္တရာလမ်း(၄)လမ်း၊ ကွန်ကရစ်လမ်း(၆)လမ်း၊ ကွန်ကရစ်တံတား(၅)စင်း၊ Box Culvet (၁၆)စင်း၊ Pipe Culvert (၂)စင်း၊ စက်ရေတင်ခြင်းလုပ်ငန်း(၁)ခု၊ အုတ်ရေကန်(၅)လုံး၊ ရေသန့်စက်တပ်ဆင်ခြင်း(၁)ခု၊ လက်တူးတွင်း(၁)ခု၊ သာသနာရေးလုပ်ငန်း(၆)ခု၊ တန်ဖိုးနည်းအိမ်ရာ(၂၅)လုံး၊ ကျောင်းသားအိပ်ဆောင်(၁)လုံးစသည့် လုပ်ငန်းများကို ဆောင်ရွက်နိုင်ရေး ပြည်တွင်းလုပ်ငန်းရှင်များအား အောက်ပါအတိုင်း အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) **အိတ်ဖွင့်တင်ဒါစတင်ရောင်းချ တင်သွင်းရမည့်ရက်** - ၂၆-၁၀-၂၀၁၈ ရက် (သောကြာနေ့)ရုံးချိန်အတွင်း
(ခ) **အိတ်ဖွင့်တင်ဒါပိတ်မည့်ရက်နှင့် အချိန်** - ၂၆-၁၁-၂၀၁၈ ရက် (တနင်္လာနေ့) ၁၆း၃၀ နာရီ
(ဂ) **အိတ်ဖွင့်တင်ဒါရောင်းချ/ တင်သွင်းရမည့်နေရာ** - ကယားပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး၊ (လျှိုင်ကော်)

အသေးစိတ်သိရှိလိုပါက ကယားပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး၊ သီဟလမ်း၊ မင်းစုရပ်ကွက်၊ လျှိုင်ကော်မြို့၊ ဖုန်း-၀၈၃-၂၂၂၁၆၄၄၊ ၀၈၃-၂၂၂၁၆၄၆ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါခေါ်ယူရေးနှင့်စိစစ်ရွေးချယ်ရေးအဖွဲ့

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန၊ မွန်ပြည်နယ်စီမံကိန်းဦးစီးရုံး ဝန်ထမ်းအိမ်ရာ(၄၅'×၃၅'×၂၄') သံကူကွန်ကရစ်သုံးခန်းတွဲ နှစ်ထပ်ဆောက်လုပ်ရန်အတွက် အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်ပါသည်။

၂။ (က) **တင်ဒါစတင်ရောင်းချမည့်ရက်** - ၁-၁၁-၂၀၁၈ ရက် (ကြာသပတေးနေ့)
(ခ) **တင်ဒါပိတ်မည့်ရက်/အချိန်** - ၂၀-၁၁-၂၀၁၈ ရက် (အင်္ဂါနေ့) ညနေ ၁၆း၃၀နာရီ

၃။ တင်ဒါကိစ္စနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက စီမံကိန်းရေးဆွဲရေးဦးစီးဌာန၊ မွန်ပြည်နယ်စီမံကိန်းဦးစီးရုံး၊ မွန်ပြည်နယ်၊ မော်လမြိုင်မြို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

တင်ဒါလက်ခံရေးနှင့်စိစစ်ရွေးချယ်ရေးကော်မတီ
မွန်ပြည်နယ်စီမံကိန်းဦးစီးရုံး
အရာတော်လမ်း၊ မောင်ငရပ်၊ မော်လမြိုင်မြို့
ဖုန်း-၀၅၇-၂၄၉၀၁၊ ၂၄၆၁၁

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန
ချင်းပြည်နယ် ဟားခါးမြို့နယ် ဘုံဇုံးဒေသတွင် ဘိလပ်မြေစက်ရုံတည်ဆောက်ရန်အတွက် ထုံးကျောက်စမ်းသပ်တိုင်းတာရေးနှင့် ဖြစ်မြောက်နိုင်စွမ်းလေ့လာရေးလုပ်ငန်းဆောင်ရွက်ရန် စိတ်ဝင်စားမှုဖော်ပြခြင်း အဆိုပြုလွှာ (Expression of Interest-EoI) ခေါ်ယူခြင်း

၁။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာနသည် ချင်းပြည်နယ် ဟားခါးမြို့နယ် ဘုံဇုံးဒေသတွင် ဘိလပ်မြေစက်ရုံတည်ဆောက်ရန်အတွက် ထုံးကျောက်စမ်းသပ်တိုင်းတာရေးနှင့် ဖြစ်မြောက်နိုင်စွမ်းလေ့လာရေးလုပ်ငန်းများကို ပြည်တွင်း၊ ပြည်ပကုမ္ဏီများနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်ရန် စိတ်ဝင်စားမှုဖော်ပြခြင်း အဆိုပြုလွှာ (Expression of Interest-EoI)တင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ စိတ်ဝင်စားသည့် ကုမ္ဏီများသည် စိတ်ဝင်စားမှုဖော်ပြခြင်း အဆိုပြုလွှာပုံစံ(EoI)ကို ဝန်ကြီးဌာန Website (www.mining.gov.mm) တွင် အခမဲ့ Download ရယူ၍ ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန၊ မြန်မာ့ကျောက်မျက်ရတနာပြတိုက်၊ ရာဇသင်္ဘောလမ်း၊ ဓနပြည်တော်သို့ လိပ်မူလျက် ၂၀၁၈ ခုနှစ် နိုဝင်ဘာလ ၂၇ ရက် ညနေ ၄း၃၀ နာရီ နောက်ဆုံးထား၍ ပေးပို့ရမည်ဖြစ်ပါသည်။ တင်ပြရမည့် ကုမ္ဏီဆိုင်ရာအထောက်အထားများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-
(က) ကုမ္ဏီမှတ်ပုံတင် (ပြည်ပကုမ္ဏီဖြစ်ပါက သက်ဆိုင်ရာနိုင်ငံရှိ ကုမ္ဏီမှတ်ပုံတင်)
(ခ) ကုမ္ဏီနှင့်သက်ဆိုင်သည့် အချက်အလက်များ (Company Profile)
(ဂ) ထုံးကျောက်စမ်းသပ်တိုင်းတာရေးနှင့် ဖြစ်မြောက်နိုင်စွမ်းလေ့လာရေးလုပ်ငန်းဆောင်ရွက်မည့် အစီအစဉ်များ
(ဃ) ချင်းပြည်နယ်တွင် ဆောင်ရွက်မည့် ဘိလပ်မြေထုတ်လုပ်သည့် စက်ရုံတည်ဆောက်မည့်အစီအမံ
(င) ရင်းနှီးမြှုပ်နှံလိုသူ၏ လုပ်ကိုင်မည့်လုပ်ငန်းအတွက် အတွေ့အကြုံ
(စ) ကုမ္ဏီနှင့် ဆက်သွယ်နိုင်ရန်အတွက် Contact Person ၏ အမည်၊ ရာထူး၊ လိပ်စာ၊ ဖုန်း၊ အီးမေးလ်
အသေးစိတ်သိလိုပါက ဆက်သွယ်ရန် ဖုန်း-၀၆၇-၄၁၄၅၅၁၊ ၀၆၇-၄၁၄၅၀၃၅၊
e-mail-dgsejvsec@gmail.com

ဘူမိဗေဒလေ့လာရေးနှင့်ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန၊ နေပြည်တော်

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း
ရခိုင်ပြည်နယ်အစိုးရအဖွဲ့
စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့်သတ္တုတွင်းဝန်ကြီးဌာန
ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန(ဆည်မြောင်း)

၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်း ရခိုင်ပြည်နယ်အစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေ(ငွေလုံးငွေရင်း)ဖြင့် ဆောင်ရွက်မည့် ဆည်/တာတမံပြုပြင်တည်ဆောက်ခြင်းလုပ်ငန်း(၁၄)ခုအတွက် အိတ်ဖွင့်တင်ဒါတင်သွင်းရန် အောက်ပါအတိုင်း ဖိတ်ခေါ်အပ်ပါသည်။

၁။	**တင်ဒါပုံစံ စတင်ရောင်းချမည့်ရက်**	- ၁၅-၁၀-၂၀၁၈ ရက်
၂။	**တင်ဒါနောက်ဆုံး တင်သွင်းရမည့်ရက်နှင့်အချိန်**	- ၁၅-၁၁ -၂၀၁၈ ရက် ညနေ ၄း၃၀ နာရီ
၃။	**တင်ဒါပုံစံ ရောင်းချမည့်နေရာ**	- ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ဆည်မြောင်း) ရခိုင်ပြည်နယ်၊ စစ်တွေမြို့
၄။	**တင်ဒါတင်သွင်းရန်နေရာ**	- ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ဆည်မြောင်း) ရခိုင်ပြည်နယ်၊ စစ်တွေမြို့

အသေးစိတ်သိရှိလိုပါက ဖုန်း-၀၄၃-၂၀၂၂၂၁ နှင့် ၀၄၃-၂၀၂၄၃၁၈ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန
ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ဏီများ ညွှန်ကြားမှုဦးစီးဌာန
မန္တလေးတိုင်းဒေသကြီး၊ တိုင်းဦးစီးမှူးရုံး
အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ဏီများ ညွှန်ကြားမှုဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး တိုင်းဦးစီးမှူးရုံး၊ မန္တလေးမြို့တွင် အောက်ဖော်ပြပါ လုပ်ငန်းများကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဆောင်ရွက်မည်ဖြစ်ပါ၍ မြန်မာနိုင်ငံသားလုပ်ငန်းရှင်ကုမ္ဏီများအား အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်-
(က) ၄၈ပေ×၄၄ပေ (၂)ထပ် ရုံးအဆောက်အအုံအား အကြီးစားပြင်ဆင်ခြင်း (ရေ/လျှပ်စစ်မီး)
(ခ) ၈၀ပေ×၈၀ပေ (၀.၁၄ဖိုး ဧက)ရုံးမြေနေရာအား မြေဖို့ခြင်း၊ ကွန်ကရစ်အကြမ်းခင်းခြင်း

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၂၆-၁၀-၂၀၁၈ ရက်မှ ၁၄-၁၁-၂၀၁၈ရက်အထိ မန္တလေးတိုင်းဒေသကြီး၊ တိုင်းဦးစီးမှူးရုံး၊ မန္တလေးမြို့တွင် တစ်စောင်လျှင် ၁၀၀၀၀/-နှုန်းဖြင့် ရောင်းချပေးသွားမည်ဖြစ်ပါသည်။

၃။ ရုံးအဆောက်အအုံ အကြီးစားပြင်ဆင်ခြင်းအတွက် အဆောက်အအုံပြင်ပမီးသွယ်တန်းခြင်း ပါဝင်ရမည်ဖြစ်ပါသည်။

၄။	**အိတ်ဖွင့်တင်ဒါပုံစံစတင်ရောင်းချမည့်ရက်နှင့်အချိန်**	- ၂၆-၁၀-၂၀၁၈ ရက် နံနက် ၉း၃၀ နာရီမှ ၄း၃၀ နာရီအထိ ရုံးချိန်အတွင်း
	အိတ်ဖွင့်တင်ဒါပိတ်မည့်ရက်/အချိန်	- ၁၆-၁၁-၂၀၁၈ ရက် ညနေ ၄း၃၀ နာရီ
	တင်သွင်းရမည့်နေရာ	- မန္တလေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ဏီများ ညွှန်ကြားမှုဦးစီးဌာန၊ ဈေးချို မြရှေ့ဘက်တိုက်တန်း တတိယအထပ်၊၈၄ လမ်းနှင့် ၂၆ လမ်းထောင့်၊ မန္တလေးမြို့
	တင်ဒါဖွင့်လှစ်မည့်ရက်နှင့်အချိန်	- ၂၀-၁၁-၂၀၁၈ ရက် (အင်္ဂါနေ့) မွန်းလွဲ ၁၄း၀၀ နာရီ

၅။ အသေးစိတ်သိရှိလိုပါက ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ဏီများညွှန်ကြားမှုဦးစီးဌာန၊ မန္တလေးတိုင်းဦးစီးမှူးရုံးသို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်းဖြင့်ဖြစ်စေ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
ဖုန်း-၀၂-၄၀၈၆၆၆၂၊ ၀၂-၄၀၈၆၆၆၁

တပ်မတော်ရိက္ခာအတွက် စပါးဝယ်ယူရန် တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၉-၂၀၂၀ ခုနှစ် တပ်မတော်ရိက္ခာအတွက် ဧည့်မထအမျိုးအစားစပါးကို ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် တင်ဒါစနစ်ဖြင့် အောက်ဖော်ပြပါနေရာများ၌ ၂၀၁၈ ခုနှစ် နိုဝင်ဘာလ(၁၂)ရက်နေ့မှ စတင်ဝယ်ယူပါမည်-

(က) **မွန်ပြည်နယ်**
(၁) မော်လမြိုင် (၂) သထုံ (၃) ပေါင် (၄) မုဒုံ (၅) သံဖြူဇရပ် (၆) ချောင်းဆုံ (၇) ကျိုက်မရော (၈) ရေး (၉) ဘီးလင်း (၁၀) ကျိုက်ထို
(ခ) **ရန်ကုန်တိုင်းဒေသကြီး**
(၁) သံလျင် (၂) ခရမ်း (၃) လှည်းကူး (၄) တိုက်ကြီး (၅) ထန်းတပင် (၆) ရွှေဘို (၇) ရေဦး (၈) ခင်ဦး (၉) ဒီပဲယင်း
(ဂ) **ရခိုင်ပြည်နယ်**
(၁) စစ်တွေ (၂) ကျောက်တော် (၃) မြောက်ဦး
(ဃ) **စစ်တိုင်းတိုင်းဒေသကြီး**
(၁) ကန့်ဘလူ (၂) ကသာ (၃) တန့်ဆည် (၄) ဝန်းသို့
ရန်ကုန်၊ မြောက်-၉ဝုံ၊ (၄၂)ရပ်ကွက်၊ ကိုးဘွဲ့ရ သာသနာပြု ကျောင်းတိုက်၊ အဝင်တွင် ဝါကျွတ်ပါက 'အရဟံ စေတီ' တည်ပါမည်။ တပေါင်းလပြည့်နေ့ ထီးတင်ပါမည်။ တစ်ဦးလျှင် ကျပ်တစ်သိန်းမျှသာ ကုသိုလ်ပါဝင်ပါက လွယ်ကူစွာ ပြီးပါလိမ့်မည်။ ဆန္ဒကုသိုလ် ပါဝင်လိုပါက ဆရာတော်ထံ နာမည်စာရင်းသာ ပေးပို့၍ အလှူတော်ငွေကို မြောက်ဥက္ကလာပ ကမ္ဘောဇဘက် အကောင့်အမည်-အရှင်အာစာရာလက်ခရ - 0 70 30 10 1600 51 400 1 သို့သာ တိုက်ရိုက် လွှဲပို့စေလိုပါသည်။

[အဖေးစိတ်သိရှိလိုပါက Ph: 09 78 78 77 969 သို့ ဆက်သွယ်နိုင်ပါသည်။]

နယူးနီလာဗုဒ္ဓဂယာဘုရားဖူးအဖွဲ့ အသက်သာဆုံးခရီးစဉ် ဖွားပွင့်ဟော၊

စံ(၄)ဌာန+ကိုးလ်ကတ္တားဈေးဂယ် စရံ (2)သိန်း+US 500 (၁၀)ရက်/US 600(၁၅)ရက်ဒေလီ

ဗုဒ္ဓဂယာခရီးစဉ်အား (၁၂) နှစ် ထမ်းဆောင်ခဲ့သော ဒေါ်နီလာ၏ သားကြီး ဦးအောင်ဌေး မှ နယူးနီလာဘုရားဖူးအဖွဲ့.အား ဒေါ်စန္ဒာဂင်းနှင့်အတူ ဖွင့်လှစ်လိုက်ပါသည်။ B(1), (101), ကမ်းနားလမ်း၊ အလုံမြို့.နယ်၊ ရန်ကုန်။
နယူးနီလာ Account (06230406201337301) KBZ ဘဏ်၊ အလုံ၊
ဟိုတယ်မှ (၂)မိနစ်လမ်းလျှောက်ပြီး ဘုရားကြီးကို ဖူးနိုင်မည့်အခွင့်အရေး။
(Email/Facebook: newnilar)/Viber: 5052973, 5069624, 5071583
Office: /899060007/799422740/786337158/9694964952,
အောက်တိုဘာ (၃၀)ရက်မတိုင်မီ စရံပေးသွင်းပါက စရံ (၂)သိန်းထဲမှ Discount (၅)သောင်း+US 750 (၁၅)ရက်/US 550 (၁)ပတ် (၉)ဦး (၁)ဦး အခမဲ့
အိန္ဒိယလိပ်စာ-(မူဟော်လီ)၊ ပချက်တီ၊ ဘီဟား။ No.7, ဗုဒ္ဓဂယာ (မြန်မာကျောင်းအနီး) 00917091999395

ဖခင်အမည်မှန်

မန်စီမြို့နယ်၊ မန်သာကျေးရွာ၊ အထက၊ အဋ္ဌမတန်းမှ မောင်ယာကု၏ဖခင်အမည်မှန်မှာ ဦးဇီဂူ ၁/ဗမန(နိုင်)၀၆၃၄၇၈ ဖြစ်ပါကြောင်း။
ဦးဇီဂူ

ဆရာအာသာ ၏သင်ကြားမှု(၂၇)နှစ်ပြည့်(1991-2018)အထိမ်းအမှတ် အထူးအစီအစဉ်
SUCCESS Language Academy
ကျောင်းသားသစ် (15% Discount) နှင့် ကျောင်းသားဟောင်း (ပုံမှန် Discount + 15%)
(မြို့လယ်ကျောင်း) Ph:392048,256954,202046
အမှတ်(၁၀၉)Y.W.C.A ဘိုကလေးဈေးလမ်း၊
ဦးထွန်းလင်းခြံလမ်း၊ အမှတ် ၅(B-3) ဒုတိယထပ်၊ (လှဆန်းယဉ်တိုက်)
Ph: 09 443001453,01-503472, 09 30775232

BASIC ENGLISH SPEAKING
3:30 - 5 (Mon ~Thurs) 29 Oct
1 - 4:00 (Sat + Sun) 3 Nov
9 - 12:00 (Sat + Sun) 17 Nov
1 - 2:30 (Mon ~Thurs) 19 Nov

BASIC FOUR SKILLS ENGLISH
9 - 12:00 (Sat + Sun) 27 Oct
10-11:30 (Mon ~ Thurs) 29 Oct
1 - 4:00 (Sat + Sun) 3 Nov
6 - 7:30 (Mon ~ Thurs) 5 Nov
2 - 5:00 (Sat + Sun) 10 Nov

PRE-INTERMEDIATE (4-SKILL ENGLISH)
1 - 4:00 (Sat + Sun) 25 Nov
7:30 - 9 (Mon~Thurs) 26 Nov

INTERMEDIATE (ACADEMIC ENGLISH)
2 - 5:00 (Sat + Sun) 25 Nov

VOCAB ENRICHMENT
3:30 - 5 (Mon~Thurs) 29 Oct
9 - 12:00 (Sat + Sun) 11 Nov

BASIC GRAMMAR
3:30 - 5 (Mon~Thurs) 19 Nov

BASIC WRITING
9 - 12:00 (Sat + Sun) 3 Nov

BASIC ENGLISH SPEAKING
10-11:30 (Mon~Thurs) 5 Nov
1 - 4:00 (Sat+Sun) 10 Nov
1 - 2:30 (Mon~Thurs) 19 Nov

IELTS (Preparation)
1 - 4:30 (Sat + Sun) 17 Nov
7:30-9:30 (Mon~Thurs) 10 Dec

IELTS (Reading+Vocab)
1 - 3:00 (Mon~Thurs) 29 Oct

IELTS (Speaking+Vocab)
10-11:30 (Mon~Thurs) 10 Dec

IELTS (Writing+Grammar)
7:30-9:30 (Mon~Thurs) 29 Oct

BASIC FOUR SKILLS ENGLISH
7:30 - 9 (Mon~Thurs) 29 Oct
3:30 - 5 (Mon~Thurs) 29 Oct
1 - 2:30 (Mon~Thurs) 12 Nov

BASIC GRAMMAR
7:30-10:30 (Sat + Sun) 17 Nov

VOCAB ENRICHMENT
10-11:30 (Mon~Thurs) 27 Nov

PRE-INTERMEDIATE (4-SKILL ENGLISH)
1 - 2:30 (Mon~Thurs) 12 Nov
7:30-10:30 (Sat + Sun) 17 Nov

INTERMEDIATE (ACADEMIC ENGLISH)
3:30 - 5 (Mon~Thurs) 29 Oct
12 - 3:00 (Sat + Sun) 17 Nov

နေပြည်တော်
ကားမောင်း(အတတ်သင်)သင်တန်း
ပ-(154)၊ မြို့မစေ့း ၊ ပွဲရုံတန်း ၊ နေပြည်တော်
Ph:067-421755 ,09-73011078 ,09-73041277
စေတ်မီကားမျိုးစုံဖြင့် Manual & Auto
နှစ်မျိုးစလုံးသင်ကြားပေးပါသည်။

ကန့်ကွက်နိုင်ပါကြောင်း

ဖြစ်ကြီးနားခရိုင်၊ ဝိုင်းမော်မြို့နယ်၊ ကန်ပိုက်တီမြို့၊ (၁)ရပ်ကွက်ရှိ မြို့လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားရုံး၊ ကွင်းအမှတ် OSS၊ မြေရိယာ ၀၃သမ ၈၀၆ဧကရှိ မြေနေရာအား အစိုးရ မြေဌားကျလျှောက်ထားခြင်းနှင့်ပတ်သက်၍ မြေနေရာအား စတင်ကြော်ငြာသည့်ရက်မှစ၍ တစ်လအတွင်း တရားဝင်စာရွက်စာတမ်း အထောက်အထားပြည့်စုံစွာဖြင့် ကန်ပိုက်တီမြို့ အထွေထွေအုပ်ချုပ်ရေးရုံးသို့လာရောက် ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ကန့်ကွက်နိုင်ပါကြောင်း

ဖြစ်ကြီးနားခရိုင်၊ ဝိုင်းမော်မြို့နယ်၊ ကန်ပိုက်တီမြို့၊ (၁)ရပ်ကွက်ရှိ လမ်းဦးစီးမှူးဌာနရုံး ကွင်းအမှတ် OSS၊ ဦးပိုင်အမှတ်(၁)၊ မြေရိယာ ၁၆သမ ၀၁၀ဧကရှိ မြေနေရာအား အစိုးရ မြေဌားကျလျှောက်ထားခြင်းနှင့်ပတ်သက်၍ မြေနေရာအား စတင်ကြော်ငြာသည့်ရက်မှစ၍ တစ်လအတွင်း တရားဝင်စာရွက်စာတမ်း အထောက်အထားပြည့်စုံစွာဖြင့် ကန်ပိုက်တီမြို့ အထွေထွေအုပ်ချုပ်ရေးရုံးသို့ လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ကန့်ကွက်နိုင်ပါကြောင်း

လှိုင်သာယာမြို့နယ်၊ မြေတိုင်းရုပ်ကွက်အမှတ်(သကမ-၁)၊ မြေကွက်အမှတ်(၂၂၀/ခ)၊ မြေကွက်တည်နေရာအမှတ်(၂၂၀/ခ)၊ နှင်းဆီလမ်း၊ (၁၀)ရပ်ကွက်၊ လှိုင်သာယာမြို့နယ် (ဦးတင်အောင်) အမည်ပေါက်ပါမစ်မြေအား အမည်ပေါက် ဦးတင်အောင်ထံမှ အရပ်ကတ်စာချုပ် အဆက်အစပ်ဖြင့် ဝယ်ယူပိုင်ဆိုင်သူ ဒေါ်စန်းစန်းထွေး ၁၂/အစန(နိုင်)၁၄၅၆၀၆ မှ မြေချေပါမစ်တွင် စုတ်ပြဲနေသော ရွှေတောင်မည့်သူများ၏ ရာဇဝင် အကျဉ်းချုပ်၊ အိမ်ရာဆောက်လုပ်ရေးထိုင်ခွင့်၊ မြေနေရာချထားပေးခံရသူများ၏ မှီခိုသူများစာရင်း စာရွက်တို့ကို တင်ပြပြီး ဓာတ်ပုံမူရင်း တင်ပြနိုင်ခြင်းမရှိဘဲ (ပါမစ်ဓာတ်သင်္ဘော) နှစ်(၆၀)ဂရန်သစ် လျှောက်ထားလာရာ တရားဝင်နိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနှစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း နှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးနေပြီးဖစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။
ဖြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေး
ကော်မတီ

အစာကြေဆေးကောင်းကောင်း သုံးစွဲလိုသူများအတွက်
လပြည့်သစ္စာတိုင်းရင်းဆေးဝါးထုတ်လုပ်ရေးမှ ထုတ်လုပ်လိုက်သော...

သုခအောင် အမှတ်တံဆိပ်
အစာကြေဆေးပြား
တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် TMR 012356 (0919) တဆဝက စာနယ်ဇင်း ၂၂၄/၀၈၁၈
- ပင်ရင်း -
လပြည့်သစ္စာ တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးအမှတ် ၄၄၉ (၅)လွှာ ၊ ပြည်လမ်း ၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၄၉၂၃၅၈၈ ၊ ၀၉ ၂၆၁၉၉၃၆၅ ၊ ၀၉ ၄၂၂၄၄၃၈၅

ကန့်ကွက်နိုင်ကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရုပ်ကွက်အမှတ် ၁၁၀၊ မြေကွက်အမှတ် ၅၃၀၊ ဦးအောင်လင်း အမည်ဖြင့် မှတ်သားတည်ရှိသော ပါမစ်မြေအမျိုးအစား အလှူး(ပေ၄၀×အန်ပေ၆၀)ရှိ မြေကွက်၊ မြေကွက်လိပ်စာအမှတ် ၅၃၀၊ ကနောင်မင်းသားကြီးလမ်း၊ (၁၁၈)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်ဟု ခေါ်တွင်သော မြေကွက်နှင့် ယင်းမြေကွက်၏ အကျိုးခံစားခွင့်အရပါရပ်အား စာချုပ်အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်သည်ဆိုသော ဦးကွန်ကျိုင်း ၁၃/တကန(နိုင်)၀၆၈၅၄၀ ထံမှ ကျွန်ပ်မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ၂၀-၁၀-၂၀၁၈ ရက်စွဲပါ နှစ်ဦးသဘောတူ မြေကွက်အရောင်းအဝယ် စရန်ပေးကတိစာချုပ်ဖြင့် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ပိုင်ဆိုင်မှု စာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့်အတူ ယနေ့မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လူကိယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။
လွှဲအပ်ညွှန်ကြားချက်အရ-
ဦးယုတင်(LL.B,D.B.L) (စဉ်-၆၂၃၀)
ဒေါ်ဖြူသွယ်ယု (LL.B,D.B.L) (စဉ်-၁၁၂၀၂)
တရားလွတ်တော်ရှေ့နေများ
ဒေါ်ဝသုနှင်ဦး (LL.B,D.B.L)
ဒေါ်တင်တင်စိုး (LL.B)
အထက်တန်းရှေ့နေများ
အမှတ် ၁၅၊ မြေညီထပ်၊ ဗဟန်း ၃လမ်း၊ မြို့မရပ်ကွက်၊
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၃၉၀၉၀၈၊ ၀၉-၄၂၁၀၇၄၆၀၂

တစ်ဦးတည်းဖြစ်ပါကြောင်း

တန့်ဆည်မြို့နယ်၊ နဘက်ကြီး အထက၊ အဋ္ဌမတန်း(A)မှ မနှင်းဝေဦး၏ဖခင် ဦးထွန်းထွန်းနိုင် ၅/တဆန(နိုင်)၀၇၉၉၈၆ နှင့် ဦးထွန်းမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။
ဦးထွန်းထွန်းနိုင်(ခ)ဦးထွန်း

မြေကွက်များရောင်းကောင်းပေးဝယ်လိုသည့် ဒဂုံမြို့သစ်၊ (အရှေ့ပိုင်း၊ မြောက်ပိုင်း၊ တောင်ပိုင်း၊ ဆိပ်ကမ်း) တို့တွင် မြေကွက်များဝယ်လိုသည်။
အိမ်အရောက် ငွေချေစနစ်၊ ငွေခေးရန်စလို
မည်နှင့် 01-2339310,01-2339355,
Ph:01-578044 ,01-570721

အများသိစေရန်

Myeik Future Development Public Company Limited အား ၂၀၁၄ခုနှစ်ကတည်းက မူလဒါရိုက်တာများဖြစ်ကြသည့် ဦးအောင်မျိုးလတ်၊ ဦးဘုန်းဝင်း၊ ဦးထိန်လင်း၊ ဦးခင်မောင်ဝင်းချို၊ ဦးမင်းအောင်မိုး၊ ဦးသိန်းစော်ဝင်း၊ ဦးသက်စိုးအောင်၊ ဦးတင်နိုင်ဝင်း၊ ဒေါ်တန္တာလင်း၊ ဦးဝင်းမင်းလွင်နှင့်ဦးရဲနောင်တို့(၁၁)ဦးဖြင့် စတင်တည်ထောင်ခဲ့ပါသည်။ ကုမ္ဗဏီအတွင်း ဥပဒေနှင့်မညီသည့်ကိစ္စရပ်များ ပေါ်ပေါက်ခဲ့သဖြင့် တရားရုံးတော်၏ စီရင်ဆုံးဖြတ်မှုကိုခံယူရန် တရားစွဲဆိုဆောင်ရွက်မှုများကို ရုံးတော်များ၌ ဆောင်ရွက်ထားပြီးလည်းဖြစ်ပါသည်။

၂၀၁၇ခုနှစ်၊ မြန်မာနိုင်ငံကုမ္ဗဏီများဥပဒေအရ ကုမ္ဗဏီများ ပြန်လည်မှတ်ပုံတင်ရမည်ဖြစ်သဖြင့် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ဗဏီများညွှန်ကြားမှုဦးစီးဌာန၏ လမ်းညွှန်မှုများကိုခံယူ၍ လျှောက်ထားပိုင်ခွင့်ရှိသူများမှ ကုမ္ဗဏီအား ပြန်လည်မှတ်ပုံတင်ပေးရန်နည်းလမ်းတကျ လျှောက်ထားခဲ့ရာတွင် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ဗဏီများညွှန်ကြားမှုဦးစီးဌာနကလည်း လျှောက်ထားမှုအပေါ် ဥပဒေအရ လိုအပ်ချက်များကို ပြည့်စုံစွာ ဆောင်ရွက်ထားခြင်းရှိ မရှိ စိစစ်ပြီးနောက် အထက်အမည်ပါ ဒါရိုက်တာ (၁၁)ဦး စာရင်းနှင့်အတူ ၂၀-၉-၂၀၁၈ရက်တွင် မှတ်ပုံတင်အမှတ်(၁၀၄၉၂၄၆၁၁)ဖြင့် မှတ်ပုံတင် ခွင့်ပြုခဲ့ပြီးဖြစ်ပါသည်။ အထက်အမည်ပါ ဒါရိုက်တာများသည် ကုမ္ဗဏီ၏ မှတ်ပုံတင်စာရင်းပါ ဒါရိုက်တာများ ဖြစ်လာကြပါသည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံကုမ္ဗဏီများဥပဒေနှင့်အညီ ကုမ္ဗဏီ၏စီးပွားရေးလုပ်ငန်းများအား ဒါရိုက်တာအဖွဲ့၏ ညွှန်ကြားချက်ဖြင့်သာ ဆောင်ရွက်မည်ဖြစ်၍ ကုမ္ဗဏီနှင့် ချုပ်ဆိုသည့် ပဋိညာဉ်အရပ်ရပ်တို့အား ချုပ်ဆိုခြင်း၊ ပြောင်းလဲပြင်ဆင်ခြင်း၊ အတည်ပြုခြင်း သို့မဟုတ် အကောင်အထည်ဖော် ဆောင်ရွက်ခြင်းများ ကုမ္ဗဏီကိုယ်စားပြုလုပ်ခွင့် မရှိပါကြောင်း၊ အကယ်၍ ဆောင်ရွက်ခွင့်မရှိသည့် ဆောင်ရွက်ချက်အား လက်မှတ်ရေးထိုး၍ဖြစ်စေ၊ ရုံးတံဆိပ်ခတ်နိပ်၍ဖြစ်စေ ပြုလုပ်ဆောင်ရွက်ခဲ့ပါက ထိုသို့ဆောင်ရွက်ခွင့်မရှိဘဲ ဆောင်ရွက်သူအား ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ထိုသူနှင့်ချုပ်ဆိုသည့် ပဋိညာဉ်ပါ တာဝန်ရှိမှုများမှာ MFD ကုမ္ဗဏီနှင့် မသက်ဆိုင်စေရဘဲ ထိုသူကိုယ်တိုင်နှင့် ၄င်းနှင့်ချုပ်ဆိုသူတို့၏ တာဝန်သာဖြစ်မည်ဖြစ်ကြောင်း ကုမ္ဗဏီနှင့် ဆက်သွယ်လုပ်ကိုင်ဆောင်ရွက်မည့် ပုဂ္ဂိုလ်များနှင့်တကွ အများပြည်သူတို့သိရှိနိုင်ပါရန် အသိပေးကြေညာအပ်ပါသည်။

(၂၀၁၇ခုနှစ်၊ မြန်မာနိုင်ငံကုမ္ဗဏီများဥပဒေအရ ပြန်လည်မှတ်ပုံတင်ခွင့်ရှိထားသော MFD ကုမ္ဗဏီ၏ မှတ်ပုံတင်စာရင်းပါ ဒါရိုက်တာအဖွဲ့အစည်းအဝေးဆုံးဖြတ် ချက်ဖြင့် တာဝန်ပေးအပ်ခြင်းခံရသူ၏ လွှဲအပ်ညွှန်ကြားချက်အရ ကြေညာခြင်းဖြစ်ပါသည်။)
လွှဲအပ်ညွှန်ကြားချက်အရ-
ဦးနိုင်လင်းဇော် (LL.B,LL.M)၊ တရားလွတ်တော်ရှေ့နေ (စဉ်-၁၀၃၅၄)
အမှတ် ၅၆၊ ပထမထပ်(အေ)၊ ဇလွန်လမ်း၊ စမ်းချောင်းမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၁-၂၃၀၅၉၃၅၊ ၀၉-၅၀ဝ၆၅၀

အများသိစေရန်

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရုပ်ကွက်အမှတ် ၅၁၀၊ မြေကွက်အမှတ် ၈၂+၈၃/B၊ မြေကွက်တည်နေရာအမှတ် ၈၂+၈၃/B၊ မြတ်ဝီမင်းကြီး ၁လမ်း၊ (၅၁)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ သိဂ်ဂွာရကျောင်း အမည်ပေါက် အခွန်လွတ်သာသနာမြေအား ဆရာတော် ဦးဗိမလ ၁၂/ဒဂန(သ)၀၀၀၁၃၈ ၏ အထွေထွေကိုယ်စားလှယ်လွှဲစာ အမှတ်(၄၈၄/၁၂-၁-၂၀၁၈) ဖြင့် လွှဲအပ်ခံရသူ ဆရာတော် ဦးကုမ္ဘ ၉/တသန(သ)၀၀၀၆၄၇ မှ မြို့နယ်သံဃနာယကအဖွဲ့၏ ထောက်ခံချက်၊ ရဲစခန်း ထောက်ခံချက်၊ (၅၁)ရပ်ကွက်/ သံဃနာယကထောက်ခံချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ထောက်ခံချက်၊ ကျမ်းကျိန်လွှာ၊ ကိုယ်တိုင်ဝန်ခံချက်တို့တင်ပြ၍ ၉-၂-၂၀၁၇ ရက်တွင် ဂရန်မိတ္တူ လျှောက်ထားလာပါသည်။ ဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ မြေပြင်ကွင်းဆင်းစစ်ဆေးခြင်း၊ သတင်းစာကြော်ငြာပြီး ကန့်ကွက်မှုမရှိပါသဖြင့် GP ဆရာတော် ဦးကုမ္ဘ၏ ဂရန်မိတ္တူ လျှောက်ထားခြင်းကို ခွင့်ပြုပြီးဖြစ်ပါသဖြင့် မြို့/မြေစာရင်း(TLR)တွင် အမှုတွဲအမှတ်- ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ (၃-၉-၁၉၉၈)ရက်စွဲပါ အမိန့်ကြော်ငြာ အမှတ် ၂၀၀/၂-၇/ဦး-၁ နှင့် မြေနှင့်အခွန်ဌာန၏ မစ/မအခ/ဒဂမ-၅၁/သသမ/၉၆(၂၅၅)ရက်စွဲ(၉-၁၀-၁၉၉၈)ဖြင့် ထုတ်ပေးထားသည့် အခွန်လွှတ် သာသနာ့ဂရန်မူရင်းစာအုပ်အား ရုံးအမိန့်ထုတ်ပယ်ဖျက်ပြီးဖြစ်ပါကြောင်းနှင့် ဂရန်မိတ္တူ လျှောက်ထားခြင်းအား ခွင့်ပြုပြီးဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။
ဖြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေး
ကော်မတီ

မိဘအမည်မှန်

ဝါးခယ်မမြို့နယ်၊ အလက ကွင်းချောင်းဗျားကျောင်း အဋ္ဌမတန်းမှ မနှင်းယုမေ၏ မိဘအမည်မှန်မှာ ဦးတင်မြင့် ၁၄/ဝခမ(နိုင်)၂၉၈၆၀၀ နှင့် ဒေါ်လှသန်း WKA-၁၂၂၆၉၈ ဖြစ်ပါကြောင်း။

ပျောက်ဆုံးကြောင်း

ယာဉ်အမှတ် AA/4227 ၏ ဖောင်းကြွန်ပါတ်ပြား ပျောက်ဆုံးသွားပါသဖြင့် အကြောင်းကြားအပ်ပါသည်။

ဦးအောင်မျိုးထွန်း
၁၄/ဝခမ(နိုင်)၁၃၂၂၆၃
တာမွေ
ဖုန်း-၀၉-၄၂၁၀၃၈၆၃၁

၂၂-၁၀-၂၀၁၈ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ
ဒေါ်မြတ်ကေနိုင်(ခ)ဒေါ်ခိုင်မိုးနှင့် ဒေါ်နင်းဝင်းအောင်
(တရားလွတ်တော်ရှေ့နေ)စဉ်-၈၀၄၆/၂၀၁၂တို့၏
ကြေညာချက်မှာ မှန်ကန်မှုမရှိကြောင်း

ပြန်လည်ရှင်းလင်းကြေညာခြင်း

ကျွန်တော် ဦးလှိုင်ဝင်းဇော်သည် ဒေါ်မြတ်ကေနိုင်(ခ)ဒေါ်ခိုင်မိုး၏ကြေညာချက်ပါ လက်လှည့်ဌေကျပ်သိန်း(၄၀၀၀)ဆိုသည်ကို မည်သည့်အခါမှ ရယူခဲ့ခြင်း မရှိသည့်အတွက် ပြန်လည်ပေးအပ်မည်ဟု နှုတ်ကတိပြုခဲ့ခြင်းမရှိသလို ထိုဌေနှင့် ပတ်သက်သည့် မည်သည့်စာချုပ်မျိုးမှ ချုပ်ဆိုခဲ့ခြင်းလည်းမရှိပါ။ မမှန်မကန်စွပ်စွဲနေခြင်းသာ ဖြစ်ပါသည်။

ဒေါ်မြတ်ကေနိုင်(ခ)ဒေါ်ခိုင်မိုးမှ ဦးစွာ ကျွန်တော်၏မိသားစု ဂုဏ်သိက္ခာ ညှိုးနွမ်းစေရန် Facebook မှလည်းကောင်း၊ မိတ်ဆွေများထံ Messenger မှ ပေးပို့၍လည်းကောင်း၊ အကြိမ်ကြိမ်ပြုလုပ်ဆောင်ရွက်နေခြင်းအပေါ် ကျွန်တော်မှ ပြန်လည်ချေပခဲ့ခြင်းဖြစ်ကြောင်းနှင့် ဒေါ်မြတ်ကေနိုင်(ခ) ဒေါ်ခိုင်မိုးကသာ ကျွန်တော်ပိုင် 2I/4019 VOXY မော်တော်ကားကို ကျွန်တော်မသိအောင် ရောင်းစားခဲ့သည်အတွက် ကျွန်တော်နှင့် (၇)ဦးအတွင်း လာရောက်ဖြေရှင်းရန်နှင့် ပျက်ကွက်ပါက တည်ဆဲဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြန်လည်ရှင်းလင်း ကြေညာအပ်ပါသည်။

ဦးလှိုင်ဝင်းဇော် ၅/ခတန(နိုင်)၀၁၄၃၃၉
အမှတ်(၆၄)၊ သုခမြိုင်(၄)လမ်း၊ ရှမ်းစုရပ်ကွက်၊ တိုက်ကြီးမြို့

ဦးစိုင်းအိုက်ပီးနှင့် အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ၈/ရပ်ကွက်၊ စက္ကတတ် (၆)လမ်း၊ အမှတ် (၅၈)နေ့ ဦးအောင်မြင့်၏သမီး ဒေါ်ဇင်မာဦး ၁၃/လခန(နိုင်)၀၃၃၈၄၈၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ဦးစိုင်းအိုက်ပီးနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်ပ်၏မိတ်ဆွေ ဒေါ်ဇင်မာဦးသည် ရှမ်းပြည်နယ်တောင်ပိုင်း၊ လဲချားမြို့၊ ဗိုလ်ချုပ်လမ်း၊ အမှတ်(၄၂)နေ့ ဦးစိုင်းအိုက်ပီးနှင့် လွန်ခဲ့သော (၁၈)နှစ်ဝန်းကျင်ကတည်းက အိမ်ထောင်ကျခဲ့ကြ ပြီး ကလေးလေးဦးထွန်းကားခဲ့ပါသည်။ ဦးစိုင်းအိုက်ပီးသည် လွန်ခဲ့သောနှစ်အနည်းငယ်မှစ၍ ကျွန်ပ်၏မိတ်ဆွေ ဒေါ်ဇင်မာဦးပေါ် လင့်ဝတ္ထရားငါးပါးမကျေပွန်သည့်အပြင် ဒေါ်ဇင်မာဦး အပေါ် စိတ်ဆင်းရဲ ကိုယ်ဆင်းရဲဖြစ်အောင် အမြဲလိုလို ပြုလုပ်ခြင်း၊ ဒေါ်ဇင်မာဦး ဦးစီးလုပ်ကိုင် လျက်ရှိသော အရောင်းအဝယ် စီးပွားရေးလုပ်ငန်းများအား လိုက်လံနှောင့်ယှက်ခြင်း၊ ပိတ်ဆို့ တားဆီးခြင်းများ အမြဲပြတ်ပြုမူခဲ့ခြင်းများကြောင့် ကျွန်ပ်၏မိတ်ဆွေမှ လူကြီးမင်း ဦးစိုင်းအိုက်ပီးအား ဆက်လက်ပေါင်းသင်းရန် ဆန္ဒမရှိတော့ဘဲ မိဘများနေထိုင်ရာ ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပနေအိမ်သို့ အပြီးအပိုင် ဆင်းလာခဲ့ပြီးဖြစ်ပါသည်။ နောက်နောင် ဦးစိုင်းအိုက်ပီးအနေဖြင့် ကျွန်ပ်၏မိတ်ဆွေ ဒေါ်ဇင်မာဦးကိုဖြစ်စေ၊ ဒေါ်ဇင်မာဦး ဦးစီးလုပ်ကိုင်နေသည့် စီးပွားရေးလုပ်ငန်းများတွင် ဖြစ်စေ နှောင့်ယှက်တားဆီး ပိတ်ဆို့မှုများ မပြုလုပ်ရန်နှင့် ပြုလုပ်ခဲ့ပါက ဥပဒေအရ ထိရောက်စွာ တရားစွဲဆိုသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးဌေးလွင် (LL.B)အထက်တန်းရှေ့နေ(စဉ်-၂၃၄၀၈) ဒေါ်သဇင်လှိုင် (L.LB) တရားလွတ်တော်ရှေ့နေ(စဉ်-၁၄၃၂၉)
အမှတ် (၆၀၁)၊ (၂၁)ရပ်ကွက်၊ ပေါက်ကံလမ်း၊ ရွှေပေါက်ကံမြို့သစ်၊ မြောက်ဥက္ကလာပမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၀၁၅၅၉၀၈၁

ဖခင်အမည်မှန်

လားရှိုးမြို့၊ အထက(၆)၊ အဋ္ဌမတန်း(ခ)မှ မောင်လွင်မိုး၏ ဖခင်အမည်မှန်မှာ ဦးစိုးနိုင် ၁၃/မဆန(နိုင်)၀၂၁၅၁ ဖြစ်ပါသည်။

ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၁၂)၊ နယ်မြေ(၃)၊ အကွက်(၅/ကောင်းခါးရပ်)၊ ဦးပိုင်(၃၇)၊ ဧရိယာ ၀ဒသမ ၁၅ ဧကရှိ မြေဂရန်အတွဲအမှတ်၊ ၆၂-၅/၁၈၉၅-၁၉၉၆(အေ)ဖြင့် ဒေါ်ဟွမ်းကျိုရဲ ၁၃/ကလတ(နိုင်)၀၂၂၆၅၅ အမည်ပေါက်ပိုင်ဆိုင်ပြီး ၄င်း၏မြေဂရန်မူရင်းမှာ နေအိမ်ပြောင်းရွှေ့စဉ်တွင် ပျောက်ဆုံးသွားပါသဖြင့် မိတ္တူမှန်လျှောက်ထားမည်ဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်ရက်မှစ၍ ရက်(၂၀)အတွင်း ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ အထောက်အထား နိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်း ကန့် ကွက်ရက်ကျော်လွန်ပါက လုပ်ထုံးလုပ်နည်းနှင့်အညီ မိတ္တူမှန်ဆောင်ရွက်မည်ဖြစ်ကြောင်းကြေညာအပ်ပါသည်။

ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့

ငြင်းချက်ထုတ်ရန်ဆင့်စာ

(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံးတော်၌
၂၀၁၈ ခုနှစ် တရားမကြီးမှုအမှတ်-၄၁

ဦးသက်နိုင်လွင် နှင့် ၁။ ဦးမောင်မောင်ထွန်း
၂။ ဒေါ်လွင်လွင်ထွန်း
၃။ ဒေါ်အေးမြကျော
တရားလို **တရားပြိုင်များ**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၅)ရပ်ကွက်၊ ပင်လုံလမ်း၊ အမှတ်(၁၂၆၇/၁၂၆၈) နေထိုင်သူများဖြစ်ကြသော ဦးမောင်မောင်ထွန်း၊ ဒေါ်လွင်လွင်ထွန်းနှင့် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၈)ရပ်ကွက်၊ ပြင်ဦးလွင်လမ်း၊ အမှတ် (၅၈၁-က) နေထိုင်သူ ဒေါ်အေးမြကျော (ယခုနေရပ်လိပ်စာမသိသူများ) သိစေရမည်။

သင်တို့အပေါ်၌ တရားလိုက ပဋိညာဉ်ပါ မြေနှင့်အိမ်အား အရောင်းမှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်တို့ကိုယ်တိုင် ဖြစ်စေ၊ ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၁၈ ခုနှစ် နိုဝင်ဘာ ၉ ရက် (၁၃၈၀ ပြည့်နှစ် တန်ဆောင်မုန်းလဆန်း ၂ရက်) မွန်းမတည့်မီ ၁၀း၀၀နာရီတွင် အထက်ကအမည်ပါသူတို့က တရားလိုဒေါ်ဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၄င်းအပြင် အထက်ပါနေ့ရက်တွင် သင်တို့ မလာရောက် ဖျက်ကွက်ခဲ့လျှင် သင်တို့မျက်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်တို့က ထုချေတင်ပြအမှီပြု လိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင်တို့ကိုယ်စားလှယ်ရှေ့နေ လက်တွင် ထည့်အပ်လိုက်ရမည်။ သင်တို့က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်ကတင်သွင်းရမည်။

၂၀၁၈ခုနှစ် အောက်တိုဘာ ၂၂ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ပ် လက်မှတ်ရေးထိုးပေးလိုက်သည်။

(အဲမွန်သန့်)
တွဲဖက်မြို့နယ်တရားသူကြီး (၁)
ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံး

မိဘ အမည်မှန်

အထက၊ ဖိုင်းကောင်၊ ဆဋ္ဌမတန်း(က)မှ နန်းထွေးအိမ်၏ မိဘအမည်မှန်မှာ ဦးစိုင်းဆွေ ၁၃/တယန(နိုင်)၀၃၃၉၆၆နှင့် ဒေါ်နန်းခင် ၁၃/တယန(နိုင်)၀၃၃၆၄၄ ဖြစ်ပါသည်။

ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ သိမ်၊ ကျောင်းဒါယကာကြီး
ဦးမောင်မောင်ခင်
အသက်(၈၅)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၁)ရပ်ကွက်၊ ဦးပြိုးချိုလမ်း၊ အမှတ် ၁၀၂၆ နေ ဦးနန္ဒာအောင်-ဒေါ်စုစုသန်း (ညွှန်ကြားရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန)၏ ဖခင်သည် ၂၄-၁၀-၂၀၁၈ ရက် နံနက် ၇း၀၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

ညွှန်ကြားရေးမှူးချုပ်နှင့်
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဝန်ထမ်းများ

တစ်ဦးတည်းဖြစ်ပါကြောင်း

သုဝဏ္ဏ၊ (၂၄)ရပ်ကွက်၊ နီလာလမ်း၊ တိုက် ၁၀၀/၂နေ မောင်ဝေဖြိုးအောင်၏ဖခင်အမည်မှန်မှာ ဦးကျော်ကျော်အောင် (ခ)ဦးကျော်ကျော်မျိုး ၃/လဘန(နိုင်)၀၃၀၈၀၃ ဖြစ်ပါကြောင်း။

ဦးကျော်ကျော်အောင်(ခ)ဦးကျော်ကျော်မျိုး

အမြန်ပြန်လာပါ

ဒေါ်မျိုးသီရိမောင်(ခ)ဒေါ်တင်တင်ဝင်း(ခ)မကြူ ၉/မမန(နိုင်)၀၀၂၂၅၈ ကိုင်ဆောင်သူသည် ၂၉-၉-၂၀၁၈ရက်တွင် နေအိမ်မှ ထွက်သွားပါသဖြင့် ရောက်ရာအရပ်မှ အမြန်ပြန်လာပါရန်။ လက်ခံထားရှိသူအား တည်ဆဲဥပဒေနှင့် အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း။

တွေ့ရှိကဆက်သွယ်ရန်-ဖုန်း-၀၉-၄၃၁၁၀၃၁၊ ၀၉-၄၃၀၆၃၁၄၀
၀၉-၄၂၅၈၃၄၂၀

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃီန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်-ရန်ကုန်သစ်၊ မြေကွက် အမှတ်-၆၁၇/က ဟုခေါ်တွင်သော ပေအကျယ်(၂၀×၆၀)ရှိ မြေနှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်-၂၉/ခ၊ အောင်ဧရယ(၂)လမ်း၊ ရန်ကုန်သစ် ရပ်ကွက်၊ သဃီန်းကျွန်းမြို့နယ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အား ဦးမြင့်ဆွေ(W/RGN-000417) ၁၂/သဃက(နိုင်)၀၈၃၄၈၂ မှ ဝယ်ယူပိုင်ဆိုင်ခဲ့ပြီးနောက် ၄င်းကွယ်လွန်ခဲ့သဖြင့် ဇနီး ဒေါ်မာမာလွင် ၁၂/သဃက(နိုင်)၀၈၃၄၈၃ မှ အမွေဆက်ခံပိုင်ဆိုင်၍ တရားဝင်လွှဲပြောင်း၊ ရောင်းချပိုင်ခွင့်ရှိကြောင်း ဖွင့်ဟဝန်ခံ၍ ရောင်းချသဖြင့် ကျွန်ပ်၏မိတ်ဆွေမှ အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်မည့်သူမရှိပါက ပိုင်ရေးပိုင်ခွင့်ရှိသူ မည်သူမဆို ကျွန်ပ်ထံသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကြေညာပါသည့်ရက်မှ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ တရားဝင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ငိုးအိမ်စံ (LL.B)(LL.M) တရားလွတ်တော်ရှေ့နေ၊ စဉ်(၈၀၅၀) ၆-၃-၂၀၁၂
အမှတ်-၂၆၊ နတ်မောက်(၇)လမ်း၊ ၁၈ ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)
မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၂၅၀၆၄၃၄၃၊ ၀၉-၇၉၆၃၈၉၇၉၆

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

လားရှိုးမြို့၊ အမှတ်(၁)ရပ်ကွက်၊ အကွက်အမှတ်(နမ့်ခိုက်တိုးချဲ့-VIP)၊ ဦးပိုင်အမှတ်(၁၉)၊ ဧရိယာ(၀.၂၉)ဧက၊ မြေဌားလိုင်စင်အမှတ်-၁၃-၅/၂၀၁၁-၂၀၁၂(စီ)၊ ဦးစိုင်းဆမ်ဆာ အမည်ပေါက်မြေကွက်သည် သက်တမ်းကုန်ဆုံးသွားပြီးဖြစ်သဖြင့် ဦးစိုင်းဆမ်ဆာ၏ဇနီးဖြစ်သူ ဒေါ်နန်းစံဟွမ်မှ မြေဌားဂရန်အသစ်လျှောက်ထားမည်ဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက အထောက်အထားနိုင်လုံစွာဖြင့် သတင်းစာပါသည့်ရက်မှစ၍ ရက်ပေါင်း(၂၀)အတွင်း ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့သို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာပါသည်။

ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
လားရှိုးမြို့

အများသိစေရန်ကြေညာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၄)၊ နယ်မြေ(၈)၊ အကွက်အမှတ်(၆၂/က)၊ တရုတ်ဘုရားကျောင်းကွက်)၊ ဦးပိုင်(၁၃)၊ ဧရိယာ(၀.၀၇၅)ဧကရှိ မြေဌားဂရန်အမှုတွဲအမှတ်၊ ၁၅၄-၅/၂၀၀၅-၂၀၀၆(အေ)ဖြင့် ဒေါ်စန်းမြင့် အမည်ပေါက် ပိုင်ဆိုင်သော မြေကွက်ကို ၄င်းကွယ်လွန်သဖြင့် (၂၁-၂-၂၀၁၈)တွင် စာချုပ်အမှတ် (၁၂၅၂/၂၀၁၈)ဖြင့် မောင်နေမများဖြစ်သော ဦးကိုလေး (၁၃/လရန(နိုင်)၀၆၈၆၁၇၊ ဒေါ်ခင်မည်ဦ (၁၃/လရန(နိုင်)၀၆၈၆၁၃)၊ ဦးပြုံးချို (၁၃/လရန(နိုင်)၀၆၈၆၁၅)၊ ဦးစိုးမင်း (၁၃/လရန(နိုင်)၀၈၄၀၀၂)တို့မှ အမွေဆက်ခံပိုင်ဆိုင်ကြောင်းကြေညာပြီး အမည်ပြောင်း၊ ထပ်မံအသစ်လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများရှိပါက ရက်ပေါင်း (၂၀)အတွင်း အထောက်အထားခိုင်လုံစွာဖြင့် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရက်ကျော်လွန်ပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊
လားရှိုးမြို့

အများသိစေရန်ကြေညာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၄)၊ နယ်မြေ(၁၆)၊ အကွက်အမှတ် (၆၅/ဂ၊ ဟိန္ဒူဘုရားကျောင်းကွက်)၊ ဦးပိုင်(၄၄+၄၅)၊ ဧရိယာ(၀.၀၉၃)ဧကရှိ မြေဌားလိုင်စင်အမှုတွဲအမှတ်၊ ၇၈၁-၅/၂၀၀၀-၂၀၀၁(စီ)ဖြင့် ဒေါ်စန်းမြင့် အမည်ပေါက် ပိုင်ဆိုင်သော မြေကွက်ကို ၄င်းကွယ်လွန်သဖြင့် (၂၁-၂-၂၀၁၈)တွင် စာချုပ်အမှတ် (၁၂၄၂/၂၀၁၈)ဖြင့် မောင်နေမများဖြစ်သော ဦးကိုလေး (၁၃/လရန(နိုင်)၀၆၈၆၁၇၊ ဒေါ်ခင်မည်ဦ (၁၃/လရန(နိုင်)၀၆၈၆၁၃)၊ ဦးပြုံးချို (၁၃/လရန(နိုင်)၀၆၈၆၁၅)၊ ဦးစိုးမင်း (၁၃/လရန(နိုင်)၀၈၄၀၀၂)တို့မှ အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာပြီး အမည်ပြောင်း၊ ထပ်မံအသစ်လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများရှိပါက ရက်ပေါင်း (၂၀)အတွင်း အထောက်အထားခိုင်လုံစွာဖြင့် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရက်ကျော်လွန်ပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊
လားရှိုးမြို့

ဘောက်ဖော်ပြပါ ပဋိုလ်များမှ ဤဌာနသို့ ဆောက်လုပ်ခွင့်လျှောက်ထားလာသည့်အတွက် ကန့်ကွက်လိုပါက ခိုင်လုံသောပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်းများနှင့်တကွ ကြေညာချက်ပါရှိသည့် ရက်မှစ၍ ရက်ပေါင်း(၁၅)ရက်အတွင်း ဤဌာနသို့လျှောက်ထားကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာအပ်ပါသည် -

စဉ်	အမည်	မှတ်ပုံတင်	လိပ်စာ	မြေတိုင်း	မြေကွက်	မြေအမည်ပေါက်
၁	ဒေါ်ခင်မာဆွေ	၃/ဘအန(နိုင်)၀၁၃၅၂	၄၃၆၊ ဇီဝကလမ်း၊ ၄၇-ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)	၄၇	၄၃၆	ဒေါ်တင်ရွှေ
၂	ဒေါ်ခိုင်ဇာသောင်း	၁၂/၁၇မ(နိုင်)၀၁၀၅၁	၁၀၃၀၊ ဘုရင့်နောင်လမ်း၊ ၄၀-ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)	၄၀	၁၀၃၀	ဒေါ်အေးအေးသိန်း
၃	ဒေါ်စန်းစန်းဝေ	၈/ပဖန(နိုင်)၀၇၆၂၂၅	၁၇၃၃၊ သမာဓိလမ်း၊ ၆-ရပ်ကွက်၊ လှိုင်သာယာ	၃/၄	၁၇၃၃	ဒေါ်ခင်မာချို
၄	ဒေါ်ဝင်းဝင်းမော်	၁၁/ဂမန(နိုင်)၀၁၅၉၈၂	၆၀၈/ခ၊ ယုဇနလမ်း၊ ၇-ရပ်ကွက်၊ လှိုင်သာယာ	သောင်ကြီးခွင် ၁	၆၀၈/ခ	ဒေါ်စန်း
၅	ဒေါ်ကြင်သန်း	၁၂/လမန(နိုင်)၁၁၁၉၃၃	၂၆၁/က၊ တေးဥယျာဉ်(၁)လမ်းနှင့်ကျောင်းလမ်းထောင့်၊ ၇-ရပ်ကွက်၊ လှိုင်သာယာ	သကတ-၁	၂၆၀/က	ဒေါ်ထွေရီ
၆	ဦးဝင်းမြင့်	၁၂/ကတန(နိုင်)၁၅၆၀၀၅	၂၆၉/က၊ မုဇွာလမ်း၊ ၁၀-ရပ်ကွက်၊ လှိုင်သာယာ	သကမ-၂	၂၆၉/က	ဒေါ်မီနာသီ
၇	ဦးခင်မောင်အေး	၅/မမန(နိုင်)၀၃၉၆၃၃	၁၂၆၄၊ မြရတနာလမ်း၊ ၂၄-ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)	၂၄	၁၂၆၄	မောင်စော
၈	ဦးဇော်မင်းထွေး	၇/ပတန(နိုင်)၁၀၂၃၃၇	၁၃၂၈၊ ရွှေဟင်သာ(၁)လမ်း၊ ၂၀-ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)	၂၀	၁၃၂၈	ဦးကျော်မျိုးအောင်
၉	ဦးပန်ဇော်ဝဲန်း	၄/ဟခန(နိုင်)၀၂၁၈၄၁	၁၅/ခ၊ မရမ်းမြိုင်လမ်း၊ ၇-ရပ်ကွက်၊ လှိုင်	၁၆	၂၉/ဂ-၁	အပ္ပဒုဒ္ဓတ္ထား
၁၀	ဦးအောင်ဇော်လတ်	၁၂/ကတန(မြို)၀၀၁၄၇၁	၁၁၀၁ $\frac{3}{4}$ ၊ ပြည်ထောင်စုလမ်း၊ ၂၁-ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)	၂၀	၁၁၀၁	ဦးမြင့်ရွှေ ဦးမျိုးသိန်း
၁၁	ဒေါ်လှလှဝင်း	၁၂/ဗဟန(နိုင်)၀၀၅၇၆၀	၈၃၀/ခ၊ မြရည်နန္ဒာလမ်း၊ ၁၉-ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)	၁၉	၈၃၀/ခ	ဦးထွန်းလှ
၁၂	ဒေါ်နွယ်နီအောင်	၁၂/ရပသ(နိုင်)၁၀၅၅၅၉	၁၆၇၄/ခ၊ အောင်ဧရယ္ဒလမ်း၊ ၁၆-ရပ်ကွက်၊ ရွှေပြည်သာ	တ/၄၃	၁၆၇၄/ခ	ဒေါ်ခင်ဝင်း
၁၃	ဦးလှရွှေ	၁၂/ကတတ(နိုင်)၀၀၂၂၅၁	၁၄၁၊ ဦးအေးလမ်းသွယ်(၅)လမ်း၊ ၁၆-ရပ်ကွက်၊ လှိုင်	၂၀/က+ခ	၄၄၀	ဒေါ်တင်အေး
၁၄	ဒေါ်ခင်မြန့်	၁၁/စတန(နိုင်)၀၀၈၀၉၀	၁၁၃၆၊ သရဖီ(၇)လမ်း၊ ၃၄-ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)	၃၄	၁၁၃၆	ဦးဥက္ကာဝင်း
၁၅	ဦးမောင်ဝမ်းထွန်း	၁၂/ကမရ(နိုင်)၀၀၀၆၅၉	၁၀၃၅၊ ရာလဓိရာဇဝီလမ်း၊ ၄၁-ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)	၄၁	၁၀၃၅	ဦးလှအောင်
၁၆	ဦးမိုးခိုင်	၉/သစန(နိုင်)၀၉၃၂၂၉	၂၆/က၊ ရွှေလီလမ်း၊ ၆-ရပ်ကွက်၊ ရွှေပြည်သာ	၁၃	၂၆/က	ဒေါ်သန်းမြ
၁၇	ဒေါ်သကြီးစိုး	၈/နမန(နိုင်)၁၃၁၈၄၃	၃၃၄/က၊ မန္တလေးလမ်း၊ ၁၃-ရပ်ကွက်၊ ရွှေပြည်သာ	၃၃	၃၃၄/က	ဦးမောင်သိန်း
၁၈	ဦးကျော်ကျော်နိုင်	၁၂/လသယ(နိုင်)၀၀၃၀၈၃	၂၃၂/ခ၊ အင်ကြင်းပန်းခြံလမ်း၊ ၅-ရပ်ကွက်၊ ရွှေပြည်သာ	၂၆	၂၃၂/ခ	ဒေါ်မြင့်မြင့်ဦး
၁၉	ဦးကျော်ညွှန့်	၁၄/ညတန(နိုင်)၀၂၁၁၂၃	၅၁၁/ခ၊ ဖိုးရာဇလမ်း၊ ၇-ရပ်ကွက်၊ လှိုင်သာယာ	သကတ-၂	၅၁၁-ခ	ဦးမျိုးမြင့်
၂၀	ဦးမြင့်မိုး	၁၂/မရက(နိုင်)၀၂၆၇၆၃	၅၈၈/က၊ ကျန်စစ်သားလမ်း၊ ၁၅-ရပ်ကွက်၊ လှိုင်သာယာ	သကမ-၁၄	၅၈၈/က	ဦးတင်လှ

ဌာနမှူး၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဘောက်ဖော်ပြပါ ပဋိုလ်များမှ ဤဌာနသို့ ဆောက်လုပ်ခွင့်လျှောက်ထားလာသည့်အတွက် ကန့်ကွက်လိုပါက ခိုင်လုံသောပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်းများနှင့်တကွ ကြေညာချက်ပါရှိသည့် ရက်မှစ၍ ရက်ပေါင်း(၁၅)ရက်အတွင်း ဤဌာနသို့လျှောက်ထားကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာအပ်ပါသည် -

စဉ်	အမည်	မှတ်ပုံတင်	လိပ်စာ	မြေတိုင်း	မြေကွက်	မြေအမည်ပေါက်
၁	ဒေါ်ဆုပြိုးဝေ	၁၂/တခန(နိုင်)၀၆၃၂၅၉	၁၃၇၃/က၊ ဖျာပုံဝတ်လမ်း၊ ၁၈-ရပ်ကွက်၊ ရွှေပြည်သာ	၃၄	၁၃၇၃/က	ဒေါ်ရွှေးရွှေဝင်း
၂	ဦးဟန်ရွှေ	၁၂/မဘန(နိုင်)၀၁၀၂၄၄	၁၉/က၊ မန္တလေးလမ်း၊ ၁၄-ရပ်ကွက်၊ လှိုင်သာယာ	သကမ-၈	၁၉/က	ဦးသောင်းညွှန့်
၃	ဦးမြင့်လွင်ဦး+၁	၁၂/သဃက(နိုင်)၀၄၄၆၈၈	၄၇၅/ဂ၊ အနော်ရထာလမ်း၊ ၂၀-ရပ်ကွက်၊ လှိုင်သာယာ	သကမ-၁၃	၄၇၅/က	ဦးလှမြင့

ရဟန်း၊ ကျောင်း၊ဒါယိကာမကြီး

ဒေါစန်းရှင် (မုဒုံ)၊
မင်္ဂလာတောင်ညွှန့်၊
ကျန်းမာရေးဦးစီးဌာန(ငြိမ်း)
အသက်(၇၈)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၇)ရပ်ကွက်၊ ဂန္ဓာရုံလမ်း၊ အမှတ် ၂၃၀နေ (ဦးစံဝင်း-ဒေါ်ငြိမ်းလှ)တို့၏သမီး၊ (ဦးစန်း-ဒေါ်စောရှင်)တို့၏သမီးချေးမ၊ ဦးစိုးသိန်း၏ဇနီး၊ ဦးထွန်းထွန်းအောင်-ဒေါ်ချောမွန်လှိုင်၊ ဦးသူရိန်စိုး-ဒေါ်သူဇာင်း၊ ဦးကျော်သူစိုး၊ ဦးကျော်ဝေ-ဒေါ်ခင်ကောင်ဆက်၊ မှန့်ဦးယဉ်၊ မောင်ကောင်းဆက်၊ ရွှန်စကားဝါညီ၊ သဲသဲဟံသာတို့၏ အဘွားသည် ၂၅-၁၀-၂၀၁၈ရက် (ကြာသပတေးနေ့) နံနက် ၆း၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၁၀-၂၀၁၈ရက် (စနေနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုဿာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၃၁-၁၀-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့နယ်၊ချောင်းသာမြို့၊ ကွင်းအမှတ်(၁၉၉၀) ချောင်းသာကွင်း၊ ဦးပိုင်အမှတ်(၈-၂၀၀)၊ဧရိယာ ၀၁သမ ၀၃၀ ဧကရှိ မြေကို ဦးမင်းထွေးအမည်ဖြင့် မြေပေးမိန့်ထုတ်ပေးပါရန် လျှောက်ထားခြင်းနှင့်ပတ်သက်၍ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ကန့်ကွက်ရန်ရှိပါက ပုသိမ်မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးသို့ အကျိုးအကြောင်းဖော်ပြ၍ လာရောက် ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။ **မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ ပုသိမ်မြို့နယ်**

ကန့်ကွက်နိုင်ပါကြောင်း

လားရှိုးမြို့၊ ရပ်ကွက်(၁၁)၊ အကွက် (ကျန်ယျူတာတိုးချဲ့-၂)၊ ဦးပိုင်(၃၈)၊ ဧရိယာ ၀ ဒသမ ၀၈၂ ဧက မြေဌားဂရန် အမှုတွဲအမှတ်[(၆၅၆-၅/၂၀၁၅-၂၀၁၆ (အေ)]ဖြင့် ဒုတိယဖိုလ်မျူးကြီးဝင်းထွန်း အမည်ပေါက်ပိုင်ဆိုင်ပြီး ၄င်း၏အထူးကိုယ်စားလှယ်လွှဲအပ်စာ ရရှိထားသူ ဦးအောင်ခိုင်စိုးမှ (၂၂-၆-၂၀၁၅)ရက်နှင့် အရောင်းအဝယ်စာချုပ်အမှတ်(၂၁၆၁/၂၀၁၈)အရ ဒေါ်ခင်ခင်မျိုးစ် ၁၃/နခတ (နိုင်)၀၁၉၃၈၀မှ အပြီးအပိုင်ဝယ်ယူခဲ့ပြီးဖြစ်၍ အမည်ပြောင်းမြေဌားဂရန်လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ရက် ၂၀ အတွင်း ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်း ကန့်ကွက်ရက်ကျော်လွန်ပါက လုပ်ထုံးလုပ်နည်းနှင့်အညီ အမည်ပြောင်း မြေဌားဂရန် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့

ကန့်ကွက်နိုင်ပါကြောင်း

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်၊ ဘုရင့်နောင်၊ မြေကွက်အမှတ် က-၈၆၊ မြေကွက်တည်နေရာအမှတ် က-၈၆၊ ကံကော်လမ်းသွယ်(၂)၊ ဘုရင့်နောင်ပွဲရုံတန်း၊ (၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ် ဦးမျိုးလွင် ၃/ကကရ(နိုင်)၀၁၃၀၆၊ ဒေါ်တင်အိန်း ၃/ကကရ(နိုင်)၀၁၃၀၅၅ အမည်ပေါက် ၂၅နှစ် မြေဌားဂရန်မြေအား အမည်ပေါက် နှစ်ဦးအနက် မိခင်ဖြစ်သူ ဒေါ်တင်အိန်းမှာ ၁၉-၁၀-၂၀၁၅ ရက်တွင် လည်းကောင်း၊ ဖခင်ဖြစ်သူ ဦးရော်ကျော်မှာ ၂၂-၅-၂၀၀၅ရက်တွင်လည်းကောင်း အသီးသီးကွယ်လွန်သွားပါသဖြင့် ၄င်းတို့၏သားတစ်ဦးဖြစ်ပြီး အမည်ပေါက်တစ်ဦးဖြစ်သူ ဦးမျိုးလွင် ၃/ကကရ(နိုင်)၀၁၃၀၆နှင့် ကျန်သားသမီးများဖြစ်ကြသည့် ဦးမျိုးညွှန့်၊ ၃/ကကရ(နိုင်)၀၁၃၀၆၊ ဦးမျိုးသန့်၊ ၃/ကကရ(နိုင်)၀၁၃၀၃ (၂၇-၈-၂၀၁၈) (ကော့ကရိတ်မြို့နယ်) ရှရိပြီး ကိုယ်တိုင်ပါဝင်သူ ဒေါ်စန်းစန်းမြင့် ၃/ကကရ(နိုင်)၀၁၃၀၀၊ ဒေါ်စန်းစန်းအေး(ခ)ဒေါ်စန်းခင် ၃/ကကရ(နိုင်)၀၁၃၀၂ တို့မှ သားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ G/P အထောက်အထား G/P အတွက် ကျမ်းကျိန်လွှာ၊ ထပ်ဆင့် ကျမ်းကျိန်လွှာ၊ သေစာရင်း၊ ၂၅နှစ်မြောင်းဂရန် မြေကွက်ပြေစာတို့ကို တင်ပြ၍ အမေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း၊ ဓမ္မာရုံ ဒါယိကာမကြီး (ရဟန်းမယ်တော်ကြီး)

ဒေါ်ကြည်ဝင်းလွင်(ခ)ဒေါ်ခင်စ (ဂန့်ဂေါ)
အသက် (၇၈) နှစ်

မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါမြို့နေ (ဦးဟန်-ဒေါ်မြို့ဟန်)တို့၏ သမီး၊ (ဦးဘိုးလှ-ဒေါ်ဖွားညွှန့်)တို့၏ သမီးချေးမ၊ ဦးဘိုသိန်း (သမဦးစီးဌာန-ငြိမ်း)၏ ဇနီး၊ ဂန့်ဂေါမြို့ကြက်ရိုးရွာ၊ အဘယာရာမကျောင်းတိုက်ဆရာတော် ဦးကေသရ (ဗိုလ်မှူးကျော်သူ-ငြိမ်း)၏ မယ်တော်ကြီး၊ ဒေါနန်းထိပ်တင်၊ ဦးမြတ်သွင်-ဒေါ်ငွေးငွေးကို၊ ဦးခင်မောင်ချို (ဒုတိယဗိုလ်မှူးကြီး၊ ငြိမ်း) (ညွှန်ကြားရေးမှူး)၊ ခရိုင်အုပ်ချုပ်ရေးမှူး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန)-ဒေါ်သီသီစိုး (Gems Lovers' collection)တို့၏ မွေးသမီခင်ကျေးဇူးရှင်၊ ဗိုလ်မှူးနေမျိုးကျော်-ဒေါ်မြနန်းအိမ်၊ မောင်အောင်ပိုင်ချို (Vape Secret and Myanmar Magic Store)၊ မမိုးစံကို၊ မောင်ကောင်းထက်၊ မောင်အောင်မျိုးခန့်၊ မကျော်ဌာနီတို့၏ အဘွား၊ မောင်ငြိမ်းချမ်းစံ၏ ဘွားဘွားကြီး ဒေါ်ကြည်ဝင်းလွင်(ခ)ဒေါ်ခင်စသည် ၂၅-၁၀-၂၀၁၈ရက် ညနေ ၅း၀၉နာရီတွင် Grand Hantha International Hospital ၌ ကွယ်လွန်သွားပါကြောင်း ရပ်ဝေးရပ်နီးမှဆွေမျိုးမိတ်သင်္ဂီဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ (သင်္ဂြိုဟ်မည့်ရက်အား ထပ်မံကြေညာပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း၊ ဓမ္မာရုံ ဒါယိကာမကြီး (ရဟန်းမယ်တော်ကြီး)

ဒေါ်ကြည်ဝင်းလွင်(ခ)ဒေါ်ခင်စ(ဂန့်ဂေါ)
အသက် (၇၈)နှစ်

မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါမြို့နေ (ဦးဟန်-ဒေါ်မြို့ဟန်)တို့၏သမီး၊ (ဦးဘိုးလှ-ဒေါ်ဖွားညွှန့်)တို့၏ သမီးချေးမ၊ ဦးအောင်ကြည်-ဒေါ်အုံးကြင် (ဟန်သစ်တည်းခိုခန်း၊ ဂန့်ဂေါမြို့)၊ ဦးဘိုသိန်း (သမဦးစီးဌာန-ငြိမ်း)၏ ဇနီး၊ (ဦးညိုကုင်း)-ဒေါ်မေရီလွင် (ကျောင်းအုပ်ကြီး-ငြိမ်း၊ ကလေးမြို့)၊ ဦးလှသိန်း-[ဒေါ်မကြည်လွင် (ဦးစီးအရာရှိ-ငြိမ်း၊ သမဦးစီးဌာန)၊ ဦးအုန်းလွင် (လက်ထောက်ညွှန်ကြားရေးမှူး၊ အကောက်ခွန်ဦးစီးဌာန)-ဒေါ်ညွှန့်ညွှန့်ကြည်၊ [ဦးစန်းလွင် (ကျန်းမာရေးမှူး-ငြိမ်း)]-ဒေါ်လှကျော်၊ (ဦးမြင့်သန်း)၊ ဒေါ်ဝင်းဝင်းလှ၊ ဦးခိုင်တင်ထွန်း (သစ်အုပ်၊ ကလေးမြို့)-ဒေါ်ထွန်းထွန်းနိုင် (အထက်တန်းပြ၊ ကလေးမြို့)၊ ဦးယဉ်ထွေး(သစ်အုပ်၊ ဂန့်ဂေါမြို့)-ဒေါ်သီတာအေးတို့၏အစ်မကြီး ဒေါ်ကြည်ဝင်းလွင်(ခ)ဒေါ်ခင်စသည် ၂၅-၁၀-၂၀၁၈ရက်(ကြာသပတေးနေ့) ညနေ ၅း၀၉နာရီတွင် Grand Hantha International Hospital ၌ ကွယ်လွန်သွားပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂီဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ (သင်္ဂြိုဟ်မည့်ရက်အား ထပ်မံကြေညာပါမည်။)

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း
ဦးမောင်မောင်ကျော်
အသက်(၈၉)နှစ်

ဗိုလ်ကြီးကျော်သူရိန်(ငြိမ်း)နှင့် ဇနီး ဒေါ်ခင်သန်းနွယ် တို့၏ဖခင် ဦးမောင်မောင်ကျော်သည် ၂၃-၁၀-၂၀၁၈ရက်တွင် ကွယ်လွန်ကြောင်း သိရပါသဖြင့် သူငယ်ချင်း မိသားစုနှင့်ထပ်တူထပ်မျှ၀မ်းနည်းကြေကွဲရပါသည်။

တေဇ(၁၅)မှသူငယ်ချင်း၊ မိသားစုများ

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ဒါယိကာကြီး

ဦး၀င်းမြင့် (ဝေါ၊ မြစ်ကျိုး)
အသက်(၆၅)နှစ်

ပဲခူးတိုင်းဒေသကြီး၊ ဝေါမြို့နယ်၊ မြစ်ကျိုးကျေးရွာနေ (ဦးခင်ညွှန့်-ဒေါ်တင်နု)တို့၏သား၊ ဦးကြည်စိုး-ဒေါ်ရင်မြတ်(၏) ညီ/မောင်၊ ဒေါ်ရင်မြင့်၊ မဝင်းဝင်းမော်တို့၏ အစ်ကိုသည် ၂၄-၁၀-၂၀၁၈ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁၂၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၁၀-၂၀၁၈ရက် (သောကြာနေ့) မွန်းတည့် ၁၂ နာရီတွင် မြစ်ကျိုးရွာသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂီဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၃၀-၁၀-၂၀၁၈ ရက် (အင်္ဂါနေ့) နံနက် ၆ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း

Tresa Tin @ ဒေါ်နုနုတင် @ စနေမ
အသက်(၅၇)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၄)ရပ်ကွက်၊ ရန်နိုင်(၃)လမ်း၊ တိုက် ၁၂၄၊ အခန်း စနေ (ဦးတင်-ဒေါ်အုန်းမေ)တို့၏သမီး၊ [ဦးသန်းမောင်(ခ)စတီဗင်]၊ ဦးစိန်ထွန်း(ခ) John -ဒေါ်ခင်သီတာ၊ [ဦးပြည်သိန်းတင်(ခ)အကီး၊] ဦးကြီးမြင့်တင်(ခ)ဝီတာတို့၏ညီမ၊ တူ၊တူမသုံးယောက်တို့၏အဘေါ်၊ မြေးလေးယောက်တို့၏အဘွားသည် ၂၅-၁၀-၂၀၁၈ရက် (ကြာသပတေးနေ့) ညနေ ၄း၄၅ နာရီတွင် နေအိမ်တွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂၇-၁၀-၂၀၁၈ရက်(စနေနေ့)နံနက် ၁၁နာရီတွင် ခရစ်ယာန်ဂိုဏ်းပေါင်းစုံဝယျာဥ်တော်၌ ဝတ်ပြုဆုတောင်းမည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဒေါ်လှိုင်ကြူ(ခ)ရှိလန်ချောင်
အသက်(၈၂)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ရွှေစပယ် ရိပ်မွန်၊ ရွှေလပ်လမ်း၊ တိုက်(O)၊ အခန်း(၂)၊ ပုဇွန်တောင်မြို့နယ်၊ လမ်း ၅၀၊ အမှတ် ၇၂ (ပ)ထပ်ယာနေ (ဦးတင်အေင်)၏ ဇနီး၊ (ဦးဇော်ဝင်း)-ဒေါ်အေးအေးမူ၊ ဒေါ်မြင့်မြင့်ဝင်း၊ ဦးစိန်ဝင်း-ဒေါ်လဲ့လဲ့ဝင်း၊ ဦးသန်းဝင်း-ဒေါ်ချိုချိုဝင်း၊ ဦးကြည်ဝင်း-ဒေါ်ယုယုကြည်၊ ဒေါ်အေးအေးဆင့်၊ ဒေါ်လှလှဝင်း၊ ဦးကျော်မင်းလွင်-ဒေါ်ခင်လှလှဝင်း၊ ဦးကိုကိုမောင် တို့၏မိခင်၊ မြေးခြောက်ယောက်တို့၏အဘွားသည် ၂၄-၁၀-၂၀၁၈ ရက် (ဗုဒ္ဓဟူးနေ့) ည ၇း၁၂ နာရီတွင် ဗဟိုစည်ရံဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၈-၁၀-၂၀၁၈ ရက်(တနင်္ဂနွေ နေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုဿနသင်္ချိ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (လမ်း ၅၀ နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃၀-၁၀-၂၀၁၈ ရက်(အင်္ဂါနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အမှတ် ၇၂၊ လမ်း ၅၀၊ ပုဇွန်တောင်မြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဦးညိုလုံး(ပုဂံ) အသက်(၈၀)

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွှန့်မြို့နယ်၊ တောင်လုံးပြန့်ရပ်ကွက်၊ အထက်ပုဇွန်တောင်လမ်း၊ အမှတ်(၈၄)နေ (ဒေါ်ငွေးငွေး)၊ ဒေါ်လှလှစိန်တို့၏ ခင်ပွန်း၊ ဦးမြင့်အောင်-ဒေါ်တင်တင်မာအေး၊ ဦးမောင်မောင်စော-ဒေါ်မော်မော်အောင်၊ ဦးမောင်မောင်အေး-ဒေါ်နင်းဝေဖြိုး၊ ဦးသူရဝင်း-ဒေါ်နှင်းဆီဝေ၊ ဦးသန်းထိုက်စိုး-ဒေါ်ကျော်သူဇာစိုးတို့၏ဖခင်၊ မြေးခုနစ်ယောက်တို့၏အဘိုးသည် ၂၅-၁၀-၂၀၁၈ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့တွင်ပင် သင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း။ ကွယ်လွန်သူအားရည်စူး၍ ၃၀-၁၀-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့)တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဦးထပ်ပို
ကထိက(ငြိမ်း)စိုက်ပျိုးရေးတက္ကသိုလ်
အသက်(၇၀)

မကွေးတိုင်းဒေသကြီး၊ စလင်းမြို့နယ်၊ မြေနကျေးရွာနေ (ဦးစံသိန်း-ဒေါ်အေးမယ်)တို့၏သား၊ ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၃)ရပ်ကွက်၊ ပုလဲဂေဟာလမ်း၊ အမှတ်(၇)နေ (ဦးလှမောင်-ဒေါ်ခင်ညွှန့်)တို့၏ သားသမက်၊ ဒေါ်ခင်အေးမူ [လယ်/ပြ(ငြိမ်း)၊ အထက(၄)ရေဆင်း၊ နေပြည်တော်]၏ ခင်ပွန်း၊ မခင်လွင်လွင်ပို(ဓေတ္တာ-စင်ကာပူ)၊ မောင်မင်းသူရဝိုင်(ဓေတ္တာ-စင်ကာပူ)၊ မောင်လင်းဇော်ဝင်း-မခိုင်ဇာပို(KZT-ကိုရီးယားဘာသာသင်တန်းကျောင်း)တို့၏ ဖခင်သည် ၂၅-၁၀-၂၀၁၈ရက် (ကြာသပတေးနေ့) နံနက် ၉း၅၈နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါဖြင့် ၂၇-၁၀-၂၀၁၈ ရက် မွန်းလွဲ ၂ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။ ကွယ်လွန်သူအားရည်စူး၍ ၃၀-၁၀-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဒေါ်ခင်ယုံ
အလက(၂)အလုံ(ငြိမ်း)
အသက်(၇၄)နှစ်

ကရင်ပြည်နယ်၊ လှိုင်းဘွဲ့မြို့နယ်နေ (ဦးသာဇံ-ဒေါ်သန်းရုံ)တို့၏သမီး၊ ရန်ကုန်မြို့၊ အလုံမြို့နယ်နေ (ဦးချစ်မောင်-ဒေါ်အေးကြည်)တို့၏ သမီးချေးမ၊ ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ၄၀၊လမ်း၊ အမှတ်(၁၇၆)နေ [ဦးလှကြည်(ခ) ဦးမောင်မောင်ကြည်-ကုန်သွယ်လယ်ယာ(ငြိမ်း)]၏ ဇနီး၊ ဒေါက်တာသီသီဦး (ညွှန်ကြားရေးမှူး၊ အဏုမြူစွမ်းအင်ဌာန၊ ပညာရေးဝန်ကြီးဌာန)-ဒေါက်တာဇေလတ်ထွန်း(MD,Open Logisk Bits and Atoms Engineering Co.,Ltd)၊ ဒေါက်တာထားထားဦး(ကထိက၊ ရူပဗေဒဌာန၊ ဒဂုံတက္ကသိုလ်)၊ မန္တနဲ့ဦးတို့၏ မိခင်သည် ၂၅-၁၀-၂၀၁၈ ရက် (ကြာသပတေးနေ့) နံနက် ၂း၄၀ နာရီတွင် SSC ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၁၀-၂၀၁၈ရက် (စနေနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ပို့ ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂီဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။

ကျန်ရစ်သူမိသားစု

သင့်သွေးဖြင့် အသက်ကယ်ပါ

ဦးမောင်ထွန်းအောင်
တိုင်းစာရင်းကိုင်(ငြိမ်း)ဆသရ
မြို့နယ်တရားသူကြီးအဖွဲ့ဝင်(ငြိမ်း)
စစ်တွေမြို့
အသက်(၁၀၀)

စစ်တွေမြို့၊ မိဇံရပ်နေ(ဦးကျော်ဇံလှ-ဒေါ်ရှမ်းမ)တို့၏သား၊ (ဒေါ်လှမေ)၏ ခင်ပွန်း၊ ဦးဦးသန်းအောင်(ညွှန်မှူး-ငြိမ်း DISI)-ဒေါ်သာနုအေး၊ ဦးစောရွှေ-ဒေါ်မတင်အောင်၊ ဦးအောင်မြင့်-ဒေါ်ဦးသန်းရီတို့၏ဖခင်၊ မြေးကိုးယောက်တို့၏ အဘိုး၊ မြစ် ၁၁ ယောက်တို့၏အဖေသည် ၂၅-၁၀-၂၀၁၈ရက် (ကြာသပတေးနေ့) နံနက် ၁၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၁၀-၂၀၁၈ရက် (သောကြာနေ့) မွန်းလွဲ ၂ နာရီတွင် အာကျိတ်တော်ကုန်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂီဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေကန် ဒါယိကာမကြီး

လင်စီကျင်း(ခ)ဒေါ်ချင်းရင် (လပွတ္တာ၊ ကံဘဲ့ရွာ)
အသက်(၉၈)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဦးချစ်မောင်လမ်း၊ အမှတ် ၁၄၇/၁၇၉၊ မိုးမခ(စတိုး)နေ ဦးမြင့်စိန်၏ဇနီး၊ ဦးကျော်ဦး-ဒေါ်ယဉ်ယဉ်၊ ဦးခင်နိုင်-ဒေါ်မြမြင်း၊ ဦးရစ်ခ်ီ(ဦးမြင့်ဝင်း)-ဒေါ်မွေးမွေး၊ ဦးသိန်းရွှေ-ဒေါ်ယဉ်ယဉ်မြင့်၊ ဦးကြည်ဝင်း-ဒေါ်တင်တင်ဝင်း၊ ဒေါ်စန်းစန်းလွင်၊ ဒေါ်မြင့်မြင့်လွင်တို့၏မိခင်၊ မြေး ၁၁ယောက်၊ မြစ်ငါးယောက်တို့၏အဘွားသည် ၂၅-၁၀-၂၀၁၈ရက်(ကြာသပတေးနေ့) နံနက် ၁း၂၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၁၀-၂၀၁၈ရက် (စနေနေ့) နံနက် ၁၀ နာရီတွင်ရေဝေးသုဿနသို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသည်။(နေအိမ်မှကားများ နံနက် ၈ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း

ဦးသိန်း
အသက်(၈၉)နှစ်

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ (၁၄)ရပ်ကွက်၊ မလိခ ၄လမ်း၊ အမှတ် ၇၉၆နေ (ဦးစိန်ပွင့်-ဒေါ်အေးကျင်)တို့၏သား၊ ညီအစ်ကိုမောင်နမ ငါးယောက်တို့၏အစ်ကို၊ ဒေါ်မြရွှေ၊ ဒေါ်မြမြွေး၊ သိက္ခာတော်ရဆရာ ဦးဇာနည်ကျော်လင်း-သိက္ခာတော်ရဆရာမ ဒေါ်နီနီတို့၏ဖခင်၊ မြေးခုနစ်ယောက်တို့၏အဘိုး၊ သိက္ခာတော်ရဆရာမကြီး ဒေါ်စန်းဒြေဘ်၏ခင်ပွန်းသည် ၂၄-၁၀-၂၀၁၈ ရက် ညနေ ၄နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂၆-၁၀-၂၀၁၈ ရက် နံနက် ၁၀နာရီတွင် ထိန်ပင်ခရစ်ယာန်ဂိုဏ်းပေါင်းစုံသုသာန်၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။) အောက်မေဖွယ်ဝတ်ပြုဆုတောင်းခြင်းကို ၄-၁၁-၂၀၁၈ရက် ညနေ ၄နာရီတွင် အထက်ပါနေအိမ်၌ ပြုလုပ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း

ဆရာမနော်ပုလဲရီး **အသက် (၆၆)နှစ်**
(ချောင်းသာ ကရင်ခရစ်ယာန် မမ္မရိပ်သာ တာဝန်ခံ)(ငြိမ်း)

ရန်ကုန်မြို့၊ အရှေ့အင်းစိန်၊ ကြို့ကုန်း၊ ဦးအောင်ကျော်လမ်း၊ အမှတ် ၁၇နေ (သိက္ခာတော်ရ ဆရာစောစိန်ဖေ-နော်ဂရီးစနှား)တို့၏သမီး၊ သိက္ခာတော်ရ ဆရာ လယ်ဝါးရှိုး-ဆရာမနီကခွီး၊ သိက္ခာတော်ရဆရာ လယ်လားရှီး-ဆရာမ အက်စတာလေ၊ ဆရာမ နော်ရီးကပေါ် တို့၏ညီမ၊ (ဦးစောရေးဖိုး-နော်ဘီစလ)တို့၏သမီးချေးမ၊ ဦးစောဒီးလယ်(YGN Airways ၊ ငြိမ်း)၏ချစ်လှစွာသောဇနီး၊ နော်လယ်ဘလုဖိုး- Mr. Benjamin Rowse၊ စောလယ်ဘလေးဖိုး-နော်ဆဲဒိုရှ၊ စောလယ်လူ ပွေဒိုဖိုးတို့၏ မိခင်၊ Zeke နှင့်စောအိုင်ဇိုင်းယားတို့၏အဘွားသည် ၂၄-၁၀-၂၀၁၈ရက် ညနေ ၅း၁၅နာရီတွင် အထက်ပါ နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၁၀-၂၀၁၈ရက်နံနက် ၉နာရီတွင် ဖုးသာဖြူနန်းမဆောင် ကရင်နှစ်ခြင်း ခရစ်ယာန်ကျမ်းစာကျောင်းဝင်း၊ အင်းစိန်မြို့၌ ဝတ်ပြုဆုတောင်းပြီးရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံ ဥယျာဉ်တော်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်းအသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ဒါယိကာကြီး

ဦးအောင်စိုးခိုင် **အသက်(၅၃)နှစ်**

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ စောရန်ပိုင်အရှေ့ရပ်ကွက်၊ ဒုတိယသီရိရိပ်သာ၊ အမှတ် ၁၆၀/၆နေ (ဦးလှခိုင်)-ဒေါ်စန်းစန်းမြင့်တို့၏သား၊ (ဦးဘထွန်း)-ဒေါ်ခင်ရွှေတို့၏သားသမက်၊ ဦးအောင်ကျော်လင်း(ညွှန်ကြားရေးမှူး၊ နိုင်ငံခြားရေးဝန်ကြီးဌာန)-ဒေါ်မိုးသီတာအေးတို့၏အစ်ကို၊ ဒေါ်ညွှန့်ညွှန့်စန်း(ပါမောက္ခဌာနမှူး/ဇီဝဗေဒဌာန၊ မန္တလာဒီဂရီကောလိပ်)၊ ဒေါ်ရီရီနွဲ့တို့၏မောင်၊ ဒေါ်သီတာဟန်၊ ဦးနေလင်းအောင်၊ ဦးခိုင်ဝိုးကျော်၊ ဦးကျော်ဝင်းထွန်ကြီး၏ မောင်/အစ်ကို၊ ဒေါ်နွယ်နွယ်ဝင်း၏ ချစ်လှစွာသောခင်ပွန်း၊ မမြတ်သုနန္ဒာ၏ ချစ်လှစွာသောဖခင်သည် ဦးအောင်စိုးခိုင်

(၂၅၈၂) ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော် အကြိမ် (၃၀)မြောက် ဆီမီး ၉၀၀၀ ကပ်လှူပူဇော်ပွဲ ကျင်းပသည့် မကွေးမြို့သမိုင်းဝင် မြသလွန်စေတီတော်မြတ်ကြီးအား သီတင်းကျွတ်လပြည့်ညက ကြည်ညိုသပ္ပာယ်စွာ ဖူးတွေ့ရစဉ်။ (သတင်း စာ - ၉)

နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် အောက်တိုဘာ ၂၅

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့နေရာ ကွက်ကျားမိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာမည်။

ရှမ်းပြည်နယ်(အရှေ့ပိုင်း)နှင့် ကယားပြည်နယ်တို့တွင် နေရာအနှံ့အပြား၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ် (တောင်းပိုင်း)၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်တို့တွင် နေရာ စိပ်စိပ်။

နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

မိုး/ဇလ

မြန်မာနှင့် လာအို ယူ-၁၉ အမျိုးသမီးအသင်း ယနေ့ကစားမည်

ရန်ကုန် အောက်တိုဘာ ၂၅

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိသည့် ၂၀၁၉ အာရှယူ-၁၉ အမျိုးသမီးခြေစစ်ပွဲ အုပ်စု (စ) ဒုတိယနေ့ကို အောက်တိုဘာ ၂၆ ရက် (ယနေ့) ညနေ ၆ နာရီတွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး အိမ်ရှင်မြန်မာ ယူ-၁၉ အမျိုးသမီး အသင်းနှင့် လာအို ယူ-၁၉ အမျိုးသမီးအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

အိမ်ရှင်မြန်မာ ယူ-၁၉ အမျိုးသမီးအသင်းသည် ပထမပွဲအဖြစ် ယှဉ်ပြိုင်ကစားရ ခြင်းဖြစ်ပြီး အဖွင့်ပွဲတွင် ရှုံးနိမ့်ထားသည့် လာအိုအသင်းအတွက်မူ ဒုတိယပွဲအဖြစ် ယှဉ်ပြိုင်ကစားရခြင်းဖြစ်သည်။ လာအိုအသင်းသည် ပထမပွဲအဖြစ် အောက်တိုဘာ ၂၄ ရက်က အီရန်အသင်းနှင့် ယှဉ်ပြိုင်ကစားရာ လေးဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည်။ ထို့ကြောင့် ယနေ့ပွဲမှာ လာအိုအသင်းအတွက် အရေးပါနေပြီး ရှုံးပွဲထပ်မံကြုံတွေ့ပါက ခြေစစ်ပွဲအောင်မြင်ခွင့် ဆုံးရှုံးမည်ဖြစ်သည်။

မြန်မာ ယူ-၁၉ အမျိုးသမီးအသင်း၏ အနေအထားမှာ လာအိုအသင်းထက် များစွာသာလွန်နေသောကြောင့် အမှတ်ပြည့် ရယူနိုင်မည်ဖြစ်ပြီး ဂိုးပြတ်သွင်းယူ နိုင်ခြင်းရှိ၊ မရှိသာ စောင့်ကြည့်ရမည်ဖြစ်သည်။

မြန်မာ ယူ-၁၉ အမျိုးသမီးအသင်းသည် ယခုခြေစစ်ပွဲအတွက် ဇွန်လကတည်းက စခန်းဝင်လေ့ကျင့်ခဲ့ခြင်းဖြစ်ပြီး နိုင်ငံတကာ ခြေစမ်းပွဲများအဖြစ် ထိုင်း၊ စင်ကာပူ အသင်းတို့နှင့် ယှဉ်ပြိုင်ကစားခဲ့သည်။

မြန်မာ ယူ-၁၉ အမျိုးသမီးအသင်းသည် ယနေ့ပွဲအနိုင်ရပါက နောက်တစ်ဆင့် တက်ရောက်ခွင့်ရရန် အခွင့်အရေးကောင်းသွားမည်ဖြစ်ပြီး အနိုင်ရလဒ်အပြင် ဂိုးပြတ် သွင်းယူနိုင်ရန်လည်း လိုအပ်နေသည်။

ညီမြတ်သော်တာ

မြန်မာ့လက်ရွေးစင်အသင်း ကာတာခရီးစဉ် ဒုတိယခြေစမ်းပွဲတွင် သရေကျ

နေပြည်တော် အောက်တိုဘာ ၂၅

၂၀၁၈ အာဆီယံဆူဇူကီးဖလားပြိုင်ပွဲအကြို ပြင်ဆင်မှုအဖြစ် ကာတာနိုင်ငံ၌ လေ့ကျင့်မှုပြုလုပ်နေသည့် မြန်မာ့လက်ရွေးစင်အသင်းသည် ဒုတိယမြောက် ခြေစမ်းပွဲအဖြစ် ကာတာတပ်မတော်လက်ရွေးစင်အသင်းနှင့် အောက်တိုဘာ ၂၄ ရက် ညပိုင်းက ယှဉ်ပြိုင်ကစားရာ နှစ်ဂိုးစီသရေကျခဲ့သည်။

မြန်မာ့လက်ရွေးစင်အသင်းသည် ဆူဇူကီးပြိုင်ပွဲမတိုင်မီ အကြိုခြေစမ်းပွဲများတွင် ရှုံးပွဲဆက်နေမှုကို အဆုံးသတ်နိုင်ခဲ့သော်လည်း နိုင်ပွဲမရသေးဘဲ သရေရလဒ်ဖြင့်သာ ကျေနပ်ခဲ့ရသည်။ မြန်မာ့လက်ရွေးစင်အသင်းသည် နောက်ကျဂိုးကြောင့် နိုင်ပွဲပျောက်ဆုံးခဲ့ခြင်းဖြစ်ပြီး ကာတာခြေစမ်းခရီးစဉ်နှစ်ပွဲတွင် တစ်ပွဲသရေ၊ တစ်ပွဲရှုံးထားသည်။ မြန်မာ့လက်ရွေးစင်အသင်းသည် ပွဲထွက်လူစာရင်းကို အပြောင်းအလဲလုပ်ခဲ့ပြီး အားဖြည့်ရွေးချယ်ထားသည့် ဇော်မင်းထွန်းကို ပွဲထွက်လူစာရင်း၌ အသုံးပြုပြီး ပြည့်ဖြိုးဇော်၊ မြတ်ကောင်းခန့်၊ ရန်နိုင်ဦးတို့ကို ပွဲထွက်လူစာရင်းတွင် ပထမဆုံးအသုံးပြုကာ ဒေးဗစ်ဒန်း၊ လှိုင်းဘိုဘို၊ ကျော်ဇင်ထက် (ဂိုး)၊ စည်သူအောင်၊ ကောင်းဆက်နိုင်၊ ဝင်းမိုးကျော်၊ လွင်မိုးအောင်တို့ဖြင့် ပွဲထွက်ခဲ့သည်။ မြန်မာအသင်းသည် ပထမပိုင်းတွင် တစ်ဂိုးဖြင့် ရှုံးနိမ့်နေပြီး မိနစ် ၆၀ တွင် ပြိုင်ဘက်အသင်း၏ ကိုယ့်ဝိုးကိုယ်သွင်းယူမှုကြောင့် ချေပဂိုးပြန်ရကာ ၆၅ မိနစ်တွင် ဇင်မင်းထွန်းက ဦးဆောင်ဂိုးထပ်မံသွင်းယူခဲ့သည်။ ကာတာတပ်မတော်အသင်းအတွက် ချေပဂိုးကို ပွဲပြီးခါနီး နာကျင်အချိန်ပိုတွင် သွင်းယူခဲ့သည်။

စာမျက်နှာ ၁၂ ကော်လံ ၅ ❐

ရေကျော်သီတင်းကျွတ် မီးထွန်းပွဲတော် နောက်ဆုံးည အေးချမ်းပျော်ရွှင်စွာဖြင့် ကြိတ်ကြိတ်တိုးစည်ကား
စာမျက်နှာ-၉

ပြည်ပအလုပ်အကိုင်ဆိုင်ရာ အကျိုးဆောင်လိုင်စင်မရှိဘဲ တရုတ်နိုင်ငံသို့ ပို့ဆောင်ပေးနေသူများအား အရေးယူထား
စာမျက်နှာ-၁၀

ကော့သောင်းမြို့နယ်၌ လက်နက်ခဲယမ်းများနှင့် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ
စာမျက်နှာ-၁၁